www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၈၈၁၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၁၇၇၀၃၁၂ |
| အဖုံးဒီဇိုင်း | - L လင်း |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၀)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံယင်းအော့ဖ်ဆက်<br>၆၈၊ ဓကားဝါလမ်း<br>အလုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - ၂၀၁၂ ခုနှစ် ဧပြီ<br>ပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀၀ ကျပ် |

၈၉၅ - ၈၃

ဆုအဥ္ဇလီ

ချစ်သစ္စာ / ဆုအဥ္ဇလီ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၂

၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ချစ်သစ္စာ


## အခန်း (၁)

''အဆင်း…ညည်းက အဝေးသင်ပြောင်းတော့၊ ကိုယ့်ဘဝကိုယ်သိ၊ ညည်းတို့မှာ အရင်ကလို ရှာဖွေပေးမဲ့ ဖအေလည်း မရှိတော့ဘူး၊ ဘာဖြစ်ဖြစ် ကာကွယ်ပေးမဲ့ မအေလည်း မရှိတော့ဘူး၊ ဒီအချိန်မှာ ညည်းဦးလေးနဲ့ ပတ်သက်ပြီး ငါနဲ့ အမျိုးတော်ရတယ်ဆိုပေမဲ့ ဒီအိမ်မှာ ငါက အမိကအုပ်ထိန်းသူ''

'ငါ့အိမ်နဲ့ပဲ ဒီမှာတည်တာလို့' မပြောရုံတမယ်။ အဆင်းက ရင်ထဲမျိုသိပ်ထားတဲ့ စကားလုံးတွေ ထွက်ကျလာမှာစိုးလို့ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ထားသည်။ မျက်လွှာလည်း ငုံ့မကြည့်ချင်။ စူးရှတောက်ပတဲ့ ကိုယ့်မျက်ဝန်းအရောင်ကြောင့် ဒေါ်မိမိ ပြာကျမှာ စိုးရိမ်ပါသည်။ အဆင်းသောနှား ထိုင်နေတဲ့ အချစ်ထံမှ ကျိတ်မနိုင်ခဲမရတဲ့ သက်ပြင်းချသံက ဆောင့်အောင့်ထွက်လာ၏။ တားမြစ်ရန် မျက်ဝန်းတွေနဲ့ အဆင်းက လှမ်းကြည့်

www.burmeseclassic.com



သည်။ ဒါပေမဲ့ အချစ် အကြည့်တွေက ဒေါ်မိမိထံ ဆိုက်ရောက်နေတာများ စူးရဲတောက်ပစွာ။

"အချစ်...ညည်းက ဒီနှစ်ဆယ်တန်းဆိုတော့"

"တက်လက်စဝိုင်းပဲ ဆက်တက်မယ်၊ Guide တစ်ယောက်ငှားရမယ် အန်တီမိ၊ အချစ်က ကျက်စာတွေမှာ အားနည်းတယ်၊ Guide နဲ့ကျက်မှ အဆင်ပြေမှာ"

ဦးအောင် ပြောပစ်သည်။ ပြောချင်ရာပြောပြီး မေးဖျားကို ဆတ်ခနဲ ပင့်ချီထားတဲ့ အချစ်ရုပ်က တကယ့်ဘာမထီ။ ဒေါ်မိမိရော အနားမှာရှိနေတဲ့ သမီးနှစ်ယောက်စလုံးက ဆွေ့ဆွေ့ခုန် ဒေါသကိုယ်စီနဲ့ ဖြစ်သွားပြီး...

"ဟဲ့...ဒီမှာ ရှူကြီးစကား ဆုံးအောင်နားထောင်လေ"

"နင့်ပါးစပ်ပိတ်ထား သက်မာ၊ ဒီနှစ်မှ နင် ကိုးတန်းတက်မှာ၊ ငါက ဆယ်တန်း၊ နင့်ထက်စာ ငါက လူကြီး"

"အချစ်"

ဒေါ်မိမိက ဝမ်းခေါင်းသံကြီးနှင့် အော်သည်။ အချစ်က အမှုမထား၊ အရေးမစိုက်တဲ့ရုပ်နဲ့...

"အချစ်ပြောတဲ့အတိုင်း လုပ်ပေးပါ အန်တီမိ"

"မလုပ်ပေးဘူး"

အာခေါင်ခြစ်အော်သည့် ဒေါ်မိမိအသံနှင့်ထပ်တူ အချစ်က ပြန်အော်သည်။

"လုပ်ပေးရမယ်၊ အချစ်တို့အိမ်ကြီး ရောင်းရတဲ့ငွေ၊ ဖေဖေ





တို့ ဘဏ်မှာစုထားတဲ့ငွေတွေ၊ အချစ်တို့ကား ရောင်းတဲ့ငွေ၊ ဒီငွေတွေနဲ့ အချစ်တောင်းသမျှ လုပ်ပေးရမယ်၊ မမအဆင်းလည်း ဘာမှ အလေးသင်ပြောင်းစရာမလိုဘူး၊ အေးပဲဆက်တက်၊ ဖေဖေတို့ထားခဲ့တဲ့ အမွေတွေက အချစ်တို့ညီအစ်မ လူ့လောကမှာ ကောင်းကောင်းရပ်တည်လို့ရတယ်"

"အချစ်ပို...နင့်ပါးစပ် ပိတ်ထားစမ်း"

"မပိတ်ဘူး၊ ဘာလဲ အမှန်ပြောလို့ နင်တို့ အရှက်ကွဲကုန်ပြီလား၊ ထပ်ပြောဦးမယ်၊ ငါတို့ငွေနဲ့ အခုမှ ပြောင်ရောင်လာတာ၊ ငါတို့ညီအစ်မအပေါ် မာန်လာမတက်နဲ့"

"အချစ်...တော်ပြီ ညီမလေး၊ တော်ပြီ"

အဆင်းက တားရုံမက လက်ကပါ ဆွဲခေါ်သည်။ ခေါင်းမာလွန်းတဲ့ ညီမဟာ အဲဒီနားမှာ ပေကပ်ကပ်ရပ်နေတုန်းမှာဝင်...

"ဖြောင်း"

ခနဲ အသံကျယ်ကြီး။ အချစ်မျက်နှာလေး လည်ထွက်သွားသည်။ သည်းခံစိတ် မှိုင်ကုန်သွားတဲ့ အဆင်း အချစ်နဲ့ ဒေါ်မိမိကြားဝင်ရပ်သည်။ အားကုန်သုံး၍ ဒေါ်မိမိရင်ဘတ်ကို ဆောင့်တွန်းပစ်သည်။

"အား...သေပါပြီ"

"မေမေ"

ဖင်ထိုင်ရက် လဲကျတဲ့ မိခင်ကို သက်မာက ပြေးပွေ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မပြေတဲ့ခေါသကြောင့် အဆင်းသည် နတ်ဆိုးတစ်ကောင် ဝင်ပူးသလို တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ရင်း…

“လိုချင်သလောက် ယူထားပြီးရင် ကျေနပ်တော့ အန်တီမိ၊ အဆင်းညီမရဲ့ အသားကို မထိပါနဲ့”

“အရိုင်းအစိုင်းတွေ၊ မိဘမရှိလို့ ငါက စောင့်ရှောက်ထားတာ ပြန်စော်ကားတယ်”

“စောင့်ရှောက်တာတွေ၊ စော်ကားတာတွေ မပြောနဲ့ အန်တီမိ၊ အန်တီမိပြောသလောက် အဆင်းလည်း ပြောတတ်တယ်၊ အဆင်းတို့ မရောက်ခင်က ဒီပတ်ဝန်းကျင်မှာ ဘယ်လိုရှင်သန်ရတယ်ဆိုတာ အန်တီမိ အသိဆုံးဖြစ်မှာပါ”

“ဟင်…မလောက်လေးမလောက်စားက အမလေးကိုထွန်းညိုရဲ့၊ အဲဒါကြောင့်ပြောတာ ခြေနှစ်ချောင်း မကယ်နဲ့ဆိုတာ၊ အခု ရှင်ကယ်ထားတဲ့ ခြေကလေးချောင်း၊ တိုင်မယ်၊ နင်တို့ ရိုင်းစိုင်းပုံကို နင့်ဦးလေးနဲ့တိုင်မယ်”

ငိုတစ်ခါ ခြောက်တစ်လှည့် ဖြစ်နေတဲ့ အန်တီမိကို အချစ်က မုန်းတီးစက်ဆုပ်စွာ ကြည့်ရင်း…

“အဲဒီလောက် နှာင်တရနေလည်း ငိုချင်းချမနေနဲ့၊ ကိုယ့်ကိုယ်ကို သတ်သေလိုက်”

မကြားတကြား ပြောသည်။ အဆင်းက သွေးပူလှုပ်ရှားတတ်တဲ့ အချစ်လက်ကို ဆွဲထားရင်း…

“မှန်တဲ့လူက ဘယ်သူ့မှမကြောက်ဘူး အန်တီမိ၊ အချစ်





ဖြစ်စေချင်တဲ့အတိုင်းသာ လုပ်ပေးလိုက်ပါ”

အချစ်လက်ကိုဆွဲပြီး ညွှန်ခန်းကို ကျော်ခိုင်းသည်။ တီးတိုးရေရွတ်သံက ကျိန်စာလား။ ပြောစွာလားမသိ။ အဆင်း စိတ်မဝင်စားနိုင်။ အချစ်ပါးပေါ်က လက်ဝါးရာကို ပျောက်ကင်းအောင် လုပ်ရန်သာ အဆင်းအတွက် အရေးအကြီးဆုံး။ အဆင်း ဆွဲခေါ်ရာနောက်သို့ ပါလာပေမဲ့ အချစ်ကတော့ ပါးစပ်မပိတ်စတမ်း ကြိမ်းဝါးခေါသကြီးဆဲပင်။

“အချစ်ကို ပါးရိုက်တာ မကျေဘူး မမ၊ အချစ်ကို တစ်ချက်ရိုက်ရင် အဲဒီမိန်းမကြီးကို နှစ်ချက် ပြန်ရိုက်မယ်၊ ဖေဖေတို့ရှိတုန်းက ရိုက်ဖို့မပြောနဲ့၊ အရှုယ်တောင်မခံရတဲ့ ဒီပါးက ဒီမိန်းမကြီးနဲ့မှ”

“တော်ပါတော့ အချစ်ရယ်”

စိတ်မကောင်းကြီးစွာ တားမြစ်ခြင်းပါ။ ဒါပေမဲ့ တားမြစ်သံက သနားစဖွယ် တောင်းပန်သံနှင့် တူသွားသလားမသိ။ အချစ်က ဘာတစ်ခွန်းမှ ထပ်မပြောတော့။ ညီအစ်မနှစ်ယောက်အတွက် ပေးထားသော အခန်းကို ရောက်ပြီမို့ တံခါးဖွင့်ဝင်သည်။ အရင်က စတိုခန်းဖြစ်ဟန်တူသော အခန်းရဲ့ အောက်သိုးသိုးအနံ့က ဆီးကြိုၓ၏။ ပြတင်းပေါက် တစ်ပေါက်တည်းသာရှိ၍ အလင်းရောင်က လုံလောက်စွာ မရပေ။

အခန်းရဲ့ထောင့်တစ်ဖက်မှာ သစ်သားကွပ်ပျစ်တစ်လုံးချထား၏။ အဲဒီအပေါ်မှာ ခပ်နွမ်းနွမ်း ဖျာတစ်ချပ်နှင့် ခေါင်းအုံး

www.burmeseclassic.com



နှစ်လုံး။ အဆင်းရင်ထဲ အောင့်တက်လာ၏။ ဒါပဲလား။ သူ့ဧွေးကြီး ဦးသစ်ညိုနဲ့ အန်ကော်ပိုင်ရှင် ဒေါ်ခင်ထားရဲ့ သမီးနှစ်ယောက်ရဲ့ အိပ်ခန်းဟာ ဒါတင်ပဲလား။ တားမရတဲ့ မျက်ရည်တွေက ပါးပြင်ပေါ် တလိမ့်ချင်း စီးကျသည်။ ဝမ်းနည်းစိတ်က ရင်ထဲ တမံကျိုးသလို။

"သမီးကြီးက အသားလေးညိုတယ်၊ ဒါပေမဲ့ ပျားရည်ရောင် အိအိလေးနဲ့၊ ဒီတော့ အစ်ကိုနာမည်လည်း ပါရအောင် လှလည်းလှအောင် အဆင်းညိုလို့ ပေးမယ်"

"ဟား…ဟား၊ ကောင်းတာပေါ့၊ ဒါဆို ဒီသမီးငယ်လေးက အားလုံးရဲ့ အချစ်ကိုရထားတဲ့ အချစ်ပိုပေါ့"

မိသားစုစကားဝိုင်းလေးကနေ အတည်ဖြစ်သွားတဲ့ အမည်တွေဟာ ကျောင်းတက်ချိန်အထိ မပြောင်းလဲဘဲ ရှိခဲ့သည်။ သုံးနှစ်သာခြားတဲ့ ညီမလေးဟာ အမည်နဲ့လိုက်အောင်ကို တစ်မိသားစုလုံးရဲ့ အချစ်ပိုခြင်း ခံရတာအမှန်။ အခုတော့ အားလုံး အချစ်ပိုအလိုလိုက်ခဲ့တဲ့ ညီမလေးဟာ။ အဆင်းက တွေးရင်း ညီမလေး ပါးပြင်ကို လက်နဲ့ဖွဖွသပ်ပေးမိသည်။ အချစ်ဟာ သူမရင်ခွင်ထဲ အလိုက်သင့်တိုးဝင်လာရင်း…

"ဖေဖေနဲ့မေမေကို လွမ်းတယ် မမရယ်"

ငိုချတာ ရှိုက်ကြီးတငင်။

"မငိုနဲ့လေ ညီမလေးရဲ့၊ မငိုပါနဲ့ အချစ်ရယ်၊ မမ တစ်ယောက်လုံး ရှိသေးတာပဲ၊ အချစ် အဲဒီလိုငိုနေရင် ဖေဖေနဲ့





မေမေလည်း တမလွန်က ဘယ်စိတ်ကောင်းပါ့မလဲ"

အချစ်ဟာ ငိုရင်းရှိုက်ရင်း မျက်ရည်တွေကို လက်ခုံနှင့် ပွတ်ဆွဲသုတ်သည်။ ရှိုက်သံမစဲသော အသံတုန်တုန်နှင့်…

"အချစ်…အချစ် ဒီအိမ်မှာ မနေချင်တော့ဘူး မမရယ်"

"ဩော်…ညီမလေးရယ်"

အဆင်းက ဒါပဲ ရေရွတ်နိုင်သည်။ တတ်နိုင်တာဆို၍ အချစ် ဦးခေါင်းလေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းတင်းကြပ်ကြပ် ထွေးဖက်ထားရုံသာ။ အဆင်းတို့အဖြစ်ဟာ ပြန်တွေးတောင် မနေ့တစ်နေ့ကလို။ အတိတ်လို့ဆိုပေမဲ့ အဆင်းနှလုံးသားထဲ လတ်ဆတ်ဆဲပင်။ အဲဒီနေ့က ဖေဖေနဲ့မေမေ ရန်ကုန်ဆင်းမည့်နေ့။ အဆင်းက ဒုတိယနှစ်စာမေးပွဲ ဖြေပြီးတဲ့နေ့။

"သမီးကြီး စာမေးပွဲပြီးလို့ဆိုပြီး ဘယ်မှလျှောက်မလည်နဲ့နော်၊ မေမေတို့ ရန်ကုန်ပွဲရုံတွေကို ဆင်းရမယ်၊ အိမ်တန်းပြန်လာ၊ ညီမလေးကို ကျူရှင်ပို့ပေးရမယ်နော်၊ ကြားလား"

မနက်ကတည်းက မေမေ မှာတာကြောင့် အဆင်းက အိမ်ပဲ တန်းပြန်လာခဲ့တာ။ အိမ်ရောက်တော့ ဖေဖေနဲ့မေမေက ရန်ကုန်သွားရန် အသင့်ဖြစ်နေပြီ။

"ကဲ…သွားပြီနော်၊ သမီးကြီး ဆိုင်ကယ်ဖြည်းဖြည်းစီး"

"ဟုတ်…မေမေ"

"အေး…ပြောလိုက်ရင် တဟုတ်ဟုတ်နဲ့၊ ပြီးရင် ထင်သလိုလုပ်ရော၊ ဆယ်တန်းအတွက် အကြိုကျူရှင်ပေမဲ့ အရေးကြီးတယ်

www.burmeseclassic.com



နော် အချစ်''

''ဟုတ်···ပါ···မေမေရဲ့''

မပြီးဆုံးနိုင် မှာတမ်းခြွေနေတဲ့ မေမေ့ကြောင့် ဖေဖေက ကားစက်နှိုးရင်း···

''ကဲပါ ခင်ရယ်၊ သမီးကြီးကို တစ်ခွန်းတည်းမှာရင်ရပြီ၊ သမီးညီမလေးကို ဂရုစိုက်၊ အချစ် မမစကားကို နားထောင်၊ ဒါဆို ပြီးပြီပေါ့''

မေမေက နှုတ်ခမ်းကို အချိုးညီစွာမဲ့ရင်း···

''ဟွန်း···နားထောင်ပါ့မယ်၊ အားကြီးကြီး၊ အစ်ကို့သမီး အချစ်ကလေ နောက်ကလူ အာပေါက်မတတ်ပြောပြောပဲ၊ သူထင်ရာ သူကြိုက်ရာလုပ်တာ၊ အဆင်းကျတော့ အေးတိအေးစက်နဲ့''

''ကဲပါကွာ၊ အခါတိုင်းလည်း ဒီလိုပဲထားခဲ့ရတာ၊ အိမ်မှာ အရီတို့လည်းရှိတာကို''

ကူဖော်လောင်ဖက် အရီဆိုတာ အသက်လေးဆယ်ကျော်ပြီ။ အဆင်းတို့ညီအစ်မ မွေးပြီးကတည်းက ဒီအိမ်မှာ နေခဲ့သူမို့ မိသားစုလိုဖြစ်နေပြီ။

''ဟုတ်ပါတယ် မခင်ထားရယ်၊ စိတ်ချပါ၊ အရီ သေချာ ထိန်းသိမ်းစောင့်ရှောက်ပါ့မယ်''

''အရီကို စိတ်မချလို့ မဟုတ်ပါဘူး၊ ဒီတစ်ခါ ဘယ်လို ဖြစ်မှန်းကို မသိတာ၊ အဆင်းနဲ့အချစ်ကို အလိုလိုနေရင်း စိတ်မချ ဖြစ်နေတာ''



အဲဒီကတည်းက မေမေ့စိတ်ထဲ အဆင်းတို့နှင့် ခွဲခွာရတော့မည့် နိမိတ်ပုံတွေ ထင်ဟပ်နေပြီလား မပြောတတ်ပါ။ မေမေ့ အကြည့်တွေက ဆွေးဆွေးမြေ့မြေ့ ရှိလှ၏။ အဆင်းတို့ကတော့ ဘာမှမရိပ်မိသူတွေပီပီ ဖေဖေ့ကားနောက်မြီးလေး ပျောက်ကွယ်သွားတဲ့အထိ ကြည့်ပြီးမှ အိမ်ထဲဝင်ခဲ့တာ။ အဲဒီနောက် အချစ်ကို ကျူရှင်ပို့၊ ကျူရှင်ကြိုနှင့် အလုပ်တွေရှုပ်တာ ညနေစောင်းအထိ။ ညနေထမင်းစားဝိုင်းကျမှ ဖုန်းဝင်လာတာဖြစ်သည်။

''ဦးသစ်ညိုနဲ့ ဒေါ်ခင်ထားတို့ စီးလာတဲ့ ကားနံပါတ် (   )က တစ်ဖက်က ဘရိတ်ပေါက်လာတဲ့ ကွန်တိန်နာနဲ့ ခေါင်းချင်းဆိုင်တိုက်မိပြီး ဦးသစ်ညိုတို့ ဇနီးမောင်နှံက နေရာမှာတင် ပွဲချင်းပြီး ကွယ်လွန်သွားပါတယ်''

အမင်္ဂလာသတင်းဆိုးကြီးက အဆင်းတို့ ဒီဘဝရောက် အောင် တွန်းပို့လိုက်သလိုပင်။ အဆင်းဟာ တက္ကသိုလ်ကျောင်းသူ ဆိုပေမဲ့ ဒါမျိုးကိစ္စလည်း မကြုံဖူး၊ ကြုံရတော့လည်း ဝမ်းနည်း ဖွယ်ရာအဖြစ်ဆိုးရဲ့ ကာယကံရှင်။ မျက်ရည်လည်ရွှဲ ဖြစ်နေတဲ့ အချစ်ကို ချော့ရ၊ ကိုယ်တိုင်လည်း ငိုရနှင့် ဗျာများနေတဲ့ အဆင်း တို့ထံ ဖေဖေ့ညီ ဦးထွန်းညို ရောက်လာခဲ့ပါသည်။ နာရေးနဲ့ ရက်လည်ကိစ္စမှန်သမျှ စီစဉ်ပေးတဲ့အပြင် အဆင်းတို့ညီအစ်မရဲ့ ဘဝရေးရေးပါ စီစဉ်ပေးမယ်ဆိုတော့ ယုံကြည်အားကိုးခဲ့ကြတာ ပြောဖွယ်ရာမရှိ။ ရှိသမျှပစ္စည်းတွေ ထိုးအပ်ပြီး မန္တလေးမှ ရန်ကုန် ထိ ဆင်းလာတဲ့အထိပင်။ အခု ဒီအခြေအနေရောက်ခါမှ···

www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင်…အင်း"

ချိုးကိုဖက်၍ လှုပ်ယမ်းခေါ်တဲ့ အချစ်ကြောင့် သူမက ထူးလိုက်ရသည်။

"အချစ်တို့ပစ္စည်းတွေ သူတို့လက် အပ်လိုက်တာ မှားပြီနဲ့တူတယ်နော် မမ"

မေးလာသည့် ဆယ့်ခြောက်နှစ်အရွယ် ညီမလေးကို အဆင်းက အသာပွေ့ဖက်ထားရင်း…

"မှားလည်း ပြန်ယူလို့မှ မရတော့တာ အချစ်ရယ်၊ အခုချိန်မှာ မတို့လုပ်နိုင်တာ တစ်ခုတော့ရှိတယ်"

"ဘာလဲဟင် မမ"

မျှော်လင့်ချက်ကြောင့် အချစ်ရဲ့ မျက်ဝန်းလှလှလေးတွေ ရောင်စဉ်ဖြာသွားသည်။ အဆင်းက ညီမလေးရဲ့ မေးဖျားကို ဆွဲယူပင့်မော့စေကာ အကြည့်ချင်းဆုံအောင် ကြည့်သည်။ အဆင်းရင်ထဲက အားတွေ ညီမလေး မြင်စေချင်သည်။ မျက်ဝန်းတွေထဲက တစ်ဆင့်ပေါ့။

"အချစ်…ဒီနှစ်ဆယ်တန်းကို နှစ်ချင်းပေါက်အောင် အောင်သာ ကြိုးစား၊ မမက အဝေးသင်ပြောင်းမယ်၊ အလုပ်တစ်ခု ရအောင်လုပ်မယ်"

"မမက အလုပ်လုပ်မယ်၊ ဘာအလုပ် လုပ်မှာလဲ"

"သင့်တော်ရာတစ်ခုခုပေါ့ အချစ်ရယ်၊ ကိုယ့်ခြေထောက်





ပေါ် ကိုယ်ရပ်တည်နိုင်တဲ့တစ်နေ့ ဒီအိမ်ကြီးထဲကနေ မမတို့ ထွက်ကြမယ်၊ ကြားလား"

"ဟုတ်"

အချစ်က လေးလေးပင်ပင် ခေါင်းညိတ်ပြသည်။

"ဒီကြားထဲမှာ သူတို့နဲ့ အတိုက်အခံမဖြစ်အောင်နေပါ အချစ်ရယ်၊ ဖြစ်ရင် ညီမလေးပဲ အသားနာမှာ"

အချစ်က အဲဒီစကားကိုတော့ ခေါင်းမညိတ်ပါ။ အောက်နှုတ်ခမ်းကို သွားနှင့် ခပ်ဖိဖိကိုက်ရင်း…

"သူနာကိုယ်နာပဲ မမရေ၊ နိုင့်ထက်စီးနင်း လုပ်လာရင်တော့ အချစ်က အရှုံးမပေးနိုင်ဘူး"

"ဟဲ့…သူတို့က မိသားစုသုံးယောက်၊ ပြီးတော့ လေးလေးထွန်းက ရှိသေးတယ်"

"ဟွန်း"

အချစ်က မဲ့တဲ့တဲ့ရယ်သည်။ ပြီးတော့ ပြောတဲ့စကားက ကျော့ချမ်းစရာ။

"ပေါ်တင်ချလို့မနိုင်ရင်၊ အချစ်က ချောင်းရိုက်မှာ"

တဲ့လေ။ အချစ်ပိုရဲ့ဗီဇက အဲဒီလိုမျိုးဆိုတော့လဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ဝီယံ"

"ဘာလဲ"

ခေါ်သံနှင့်ထူးသံက သံစဉ်ညီနေသလို ခေါ်မိုးသီတာ ထွင့်က အသံလာရာဆီ သွက်သွက်လျှောက်သွားသည်။ ပိတ်ထားသော တံခါးရှေ့ရပ်ကာ…

"ဒေါက်…ဒေါက် ဟဲ့ ဝီယံ၊ တံခါးဖွင့်စမ်း"

ရေကျသံ တိခနဲ ရပ်သွား၏။ ဒါပေမဲ့ တံခါးက ပွင့်မလာ။

"ရေချိုးတာ မပြီးသေးဘူး မေထွင့်"

"မပြီးလည်း လက်စသတ်ပြီး ထွက်ခဲ့ ကိုယ်တော်ရေ၊ ရှင့်အကြောင်းတွေ မေးရမှာ တစ်ပုံကြီးပဲ၊ အကြောင်းရင်းတွေက ထူးဆန်းလွန်းလို့ မျိုသိပ်ထားလို့တောင် မရဘူး"

"ကျစ်…ဒီဂေါ်တမိနဲ့တော့ ကွိုင်ပဲ"

ဝီယံက ရေချိုးရင်းတန်းလန်းက သဘက်ကို ဆွဲပြီး ခါးမှာဖက်သည်။ ရေချိုးခန်းက ထွက်တာနဲ့ ဝီယံ ခုတင်ပေါ်ထိုင်





နေတဲ့ မေထွင့်။ ရှုပ်ရှုပ်စူးစူးရဲတဲ့ အကြည့်က ဝီယံထံ ဒိုင်းခနဲဝင်ရောက်လာ၏။ အဲဒီအကြည့်ကို ဝီယံကလည်း ဂရုမစိုက်အား။ တိုကပ်ကပ် ဆံပင်မှာရှိနေတဲ့ ရေစက်တွေကို ခေါင်းငုံ့ခါချသည်။

"ဟဲ့…စွတ်မခါနဲ့လေ၊ ဒီမှာ ငါ့ကိုစင်ကုန်ပြီ"

"ရေပဲဗျာ၊ ကျည်ဆံမှ မဟုတ်တာ၊ စင်လည်း မသေပါဘူး"

တမင်ကို ရွဲ့ပြောတာ။ အနီရောင်ပေါ် အနက်တုံးလေးတွေပါတဲ့ ပါတိတ်ဝမ်းဆက်။ ပခုံးကျော်ရုံရှိတဲ့ ဆံပင်တွေကို အဖျားနား အခွေတွေဖြစ်အောင် ကောက်ထားပြီး နားသယ်စပ်နားက ကျောက်စီကလစ်နဲ့ သိမ်းတင်ထားသည်။ အမြဲတစေ ကော့ရှုံ့အောင် ပြုပြင်ထားတဲ့ မျက်တောင်နဲ့ ပန်းနုရောင် ဆေးဆိုးထားတဲ့ နှုတ်ခမ်းလွှာ။ အိစက်ပြည့်တင်းတဲ့ ခန္ဓာကိုယ်အချိုးအစားကြောင့် တွေ့သမျှလူတိုင်းဟာ မေထွင့်ကို အသက်လေးဆယ်လို့ မထင်ရ။ ဒါတွေကြောင့်လည်း မေမေက။ အင်း…ဝီယံ ဆက်မတွေးတော့။ နှုတ်ခမ်းဖျားတွေကတော့ ပြုံးတေ့တေ့ဖြစ်သွားတာ ဖုံးဖိမရ။

"ဟွန်း…ပြောလိုက်ဆိုလိုက်တာတော့ ငါ့အပေါ် ရှိသောတာ တစ်စက်မှ ရှာမရဘူး၊ မေထွင့်လို့ခေါ်တာလေးကိုပဲ ကျေးဇူးတင်ပြီး ထိုင်ရှိခိုးရမဲ့ပုံ ပေါက်နေပြီ ဝီယံ"

"လိုရင်းပြော မေထွင့်ရာ"

ရေစင်အောင် မသုတ်ဘဲ စွပ်ကျယ်တစ်ထည် ပြီးစလွယ်ကာ ဆွဲဝတ်လိုက်ပြီး တိုက်တွန်းမိသည်။ အခုနကတော့ ပြောစရာမအောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရေချိုးခန်းထဲက ထွက်လာခဲ့သည်။ လှကအပြင်ရောက်တော့ မဆီမဆိုင်တွေ ပြောနေတဲ့ မေထွဋ်ကို ပီယံက သိပ်စိတ်မရှည်တော့။ မိန်းမသဘာဝဆိုတာ အဲဒါမျိုးပဲလားလို့တောင် တွေးချင်လာတဲ့အထိ။

"ပြောမှာပါ၊ ငါမှာတော့ ရပ်ကွက်ရုံးက လူ့ရေးပြဿနာ လာရှင်းပါဆိုလို့ ပြေးရတာ အမောတကော၊ ဟိုရောက်တော့ နင့်ပြဿနာ ပီယံရဲ့၊ တစ်ခြံကျော်က အသက် (၁၈)နှစ်ပဲရှိသေးတဲ့ ကောင်မလေးကို နင်စာလိုက်ပေးတယ်ဆို"

"အဲဒီကောင်မလေးက ပြောတာလား"

မှန်ကြည့်ရင်း မေးပုံက အလေးအနက်ထားတာမျိုးမရှိ။ ထွဋ်ဟာ ပီယံကို ကြည့်ပြီး ကြိမ်လုံးနဲ့ ဆွဲရိုက်ချင်တဲ့အထိ ဒေါသက ဒီဂရီမြင့်လာသည်။

"သူ့အစ်ကိုတွေက ပြောတာပေါ့ဟဲ့၊ အဲဒီကောင်မလေးက ရုံးအထိ လိုက်မလား"

"မေးလိုက်ပါလား မေထွဋ်ရာ၊ ကျွန်တော်ပေးတဲ့စာ ဘယ်မှာလဲလို့၊ သက်သေပြလို့"

"အောင်မယ်…နင်က တပြန်စီး၊ အဲဒါဆိုလည်း ရုံးမှာ နင့်ဟာနင် သွားရှင်းပါလား"

"ရပ်ကွက်ရုံးတောင် သွားစရာမလိုဘူး၊ ဟိုနေ့ကတည်းက ရှင်းလာပြီးသား"

"သိတယ်လေ၊ နင့်ရှင်းနည်းကို၊ လူမိုက်နည်းနဲ့ရှင်းတာ။ ဟိုဘက်က နဖူးကွဲတဲ့လူနဲ့၊ သွားကျိုးတဲ့လူနဲ့၊ အဲဒီလောက်အထိ





လုပ်စရာလား ပီယံရယ်၊ တစ်လမ်းတည်းသားချင်းကို၊ အစ်ကိုတွေပဲဟဲ့၊ ညီမကို စာပေးတာမြင်ရင် ဘယ်သူက သည်းခံမှာလဲ"

"ကျစ်…ဘယ်သူမှ စာမပေးဘူး၊ သူ့ညီမက ပေးတာ"

"ဘာ"

ထွဋ်က တအံ့တသြနှင့် ရင်ဘတ်ဖိသည်။ ပီယံစကားကို မယုံ၍ မဟုတ်ပါ။ ဒီကလေးက ထွဋ်မျက်စိအောက်တွင် ကြီးပြင်းလာတာ။ မလိမ်မညာတတ်။ အမှန်အတိုင်းပြောတတ်လွန်း၍တောင် လူတိုင်းနှင့် မသင့်မြတ်။ ထိုလူတိုင်းထဲမှာ ထွဋ်အပါအဝင်ပင်။ ဒါပေမဲ့ ကိုယ်က သူ့ဖအေကိုချစ်မိတော့လည်း ဆိုးသမျှ သည်းခံမယ်လို့ ရည်ရွယ်ထားတာမျိုးတော့ မဟုတ်ပေ။ ကိုယ်မခံနိုင်တာရှိလျှင် အော်ဟစ်ဆူပွက်ပစ်သည်။ ဒါပေမဲ့ သူ့ဒုက္ခရောက်တာမျိုးကျတော့လည်း မျက်နှာလွှဲပြီး မနေနိုင်။ ထွဋ်နဲ့ပီယံဟာ ရန်ဖြစ်ဖော်ရန်ဖြစ်ဖက်။

"ဟုတ်တယ် မေထွဋ်၊ သူ့ညီမကပေးလို့ ကျွန်တော်က မယူဘူးဆိုပြီး ပြန်ပေးတာ၊ အဲဒါကို သူတို့မြင်သွားပြီး ထင်ရာပုဒ်မတပ်တာလေ၊ အမှန်အတိုင်းရှင်းရင် သူတို့တောင် အရှက်ကွဲမှာ"

"အမလေး မရှင်းပါနဲ့ ကိုယ်တော်၊ အခု ကျုပ်ရှင်းခဲ့ပြီးပြီ၊ ရန်စမများအောင်လည်း တောင်းပန်သင့်တာ တောင်းပန်ပြီးပြီ၊ ပေးသင့်တာလည်း ပေးပြီးပြီ၊ ရှင် ငြိမ်ငြိမ်လေးသာနေတော့"

"ကိုယ့်ဟာကိုယ်က ငြိမ်တယ်လေ၊ ကိုယ့်လာထိရင်တော့ ပြန်ထိပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဂျင်း(န်)ဘောင်းဘီတစ်ထည်ဆွဲပြီး အိပ်ခန်းထဲက ထွက်သည်။

"ဟဲ့…ဒါ ဘယ်လဲ"

"ဘောင်းဘီ သွားဝတ်မလို့"

"သြော်…ပြောပေါ့ဟယ်၊ ငါ အခန်းအပြင် ထွက်ပေးမှာပေါ့၊ တကတည်း"

ဆောင့်ကြီးအောင့်ကြီးနဲ့ ထသွားတဲ့အပြင် မျက်စောင်းပါ အဆစ်ထိုးသွားသေးတာ။ ပီယံက အခန်းတံခါးပိတ်ပြီး ဘောင်းဘီဝတ်မယ်အပြင်မှာ လော့(ခ်)ချမထားတဲ့ တံခါးဟာ ဖျတ်ခနဲ ပြန်ပွင့်လာပြီး…

"ပီယံ"

"ဘာလဲဗျာ"

"အပြင်မထွက်ခင် ဖအေကို နှုတ်ဆက်သွားဦး၊ မောနင်းလို့ နှုတ်ဆက်မနေနဲ့ဦး၊ နင် အိပ်ရာနိုးတဲ့အချိန်က ဆယ့်တစ်နာရီကျော်နေပြီ"

"သိတယ်"

"ပြီးရော"

တံခါးကို ဒုန်းခနဲ ပိတ်သွားသည်။ ပီယံက စိတ်ချရအောင် လော့(ခ်)ပြေးချသည်။

"ဟင်း…မပြောချင်ဘူး၊ ညအိမ်ပြန်ရောက်တော့ သန်းခေါင်ကျော်မှ၊ အိပ်ရာနိုးတော့ နေ့လယ်၊ မနက်စာစားတဲ့အချိန်





က ညနေခြောက်နာရီတဲ့၊ ကိုကိုရေ ထွန့်တော့ ရှူးချင်တာပဲ"

အခန်းအပြင်မှ ရေရွတ်သွားသံကို အတိုင်းသားကြားရသည်။ ပီယံက စိတ်ရှုပ်ရှုပ်နှင့် ဆံပင်တွေ ထိုးမွှေမိ၏။ ဒီမိထွေးဟာ ပီယံ ကြားသိထားတဲ့ မိထွေးမျိုးတော့မဟုတ်ပါ။ ပီယံ တစ်နှစ်သားအရွယ်မှာ မေမေ ဆုံးပါးသွားခဲ့သည်။ ဖေဖေက အသက်သုံးဆယ်။ သားတစ်ယောက်အဖေ မှဆိုးဖိုပေမဲ့ နုပျိုဆဲအရွယ်။ အဲဒီအချိန်မှာ မေထွင့်နဲ့ ဆုံခဲ့ကြတာဖြစ်၏။

ဖေဖေနှင့် ယူမည်ဆိုတုန်းက မေထွင့်ဆွေမျိုးတွေဘက်က အကြီးအကျယ် ကန့်ကွက်ခဲ့ကြသည်တဲ့လေ။ ဒါကိုပဲ မေထွင့်က လက်မခံ။ ရှုးတိုးပြီး ဖေဖေ့အား လက်ထပ်၏။ ဖေဖေနဲ့ သူ့ဘဝထဲ မေထွင့်ဝင်လာတော့ ပီယံက သုံးနှစ်သား။

"မေထွင့်ဟာ သားအတွက် အစားရတဲ့ မိခင်ပဲသား၊ အပြောဆိုးတဲ့လူတိုင်းဟာ စိတ်ရင်းကောင်းဖို့ မသေချာဘူး၊ ဒါပေမဲ့ မေထွင့်ထားတဲ့ စိတ်ရင်းဟာ ဖေဖေတို့အပေါ် ကောင်းခဲ့တာ တကယ်ပဲ၊ သားလည်း ခံစားတတ်ရင် မြင်လာမှာပါ"

ဖေဖေက အဲဒီလိုထောက်ခံချက် အပြည့်အဝ ပေးခဲ့သည်။ တကယ်လည်း မေထွင့်ဟာ သူတို့သားအဖအပေါ် ကောင်းတာ သူသိ၏။ ပီယံ ငယ်စဉ်ကတည်းက အခုချိန်ထိ မိခင်မဲ့လို့ဆိုပြီး မျက်နှာငယ်ခဲ့တာမရှိ။ သားတစ်ယောက်အပေါ် မိခင်လုပ်ပေးရမည့် တာဝန်ဝတ္တရားတွေအတိုင်း အကုန်ကျေပွန်ခဲ့သည်။ ဒီအရွယ်ရောက်လာတော့လည်း ဖြစ်သမျှရန်ပွဲ တချို့ချို့အား မေထွင့်က ဒိုင်ခံ



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းပေးခဲ့တာပင်။

"ဝိယံက စိတ်ဆတ်တယ်၊ သည်းမခံတတ်တဲ့ ဗီဇက သူ့မှာ အရိုးစွဲသွားလို့ပါ"

အများသူငါရှေ့မှာ ဝိယံအလွန်မဖြစ်ရအောင် ပြောပေးတတ်သည်။ အများကွယ်ရာ အိမ်ကျရင်တော့…

"နင့်မှာ တခြားနည်းလမ်း မရှိတော့ဘူးလား ဝိယံ၊ ထစ်ခနဲရှိရင် ထိုးမယ်သတ်မယ်ပဲ၊ လှကြည့်လိုက်လည်း ဘယ်တော့မှ စိတ်ချမ်းသာစရာမရှိဘူး၊ လည်ပင်းတွေ၊ လက်တွေမှာ ကြိုးပေါင်းစုံ၊ နားမှာလည်း နားကပ်နဲ့၊ အဝတ်အစားဝတ်လည်း လူအောင့်မီမီမရှိ၊ ဂျင်းဘောင်းဘီက ပြဲလိုပြဲ၊ အမွှာရာတွေ ထွက်လိုထွက်၊ ဒီကြားထဲ ကားချင်းတိုက်တဲ့ အမှုတွေက တသီကြီး"

ဝိယံ ပြစ်မှုတွေပေါ်အောင် ဖော်ပြပါတော့မည်။ ဝိယံတို့ကလည်း အဲဒီလို ဩဇာတွေ အာဏာတွေ ပြလာရင် တစ်စက်ကလေးမှ မကြိုက်။ မကြိုက်တာတွေ ရင်ထဲ စုဆောင်းမိတော့ သည်းမခံနိုင်။ ဒီအခါကျတော့…

"တော်ပါဗျာ၊ မိတွေးဟာ မိတွေးပဲ၊ ရှေ့တစ်မျိုး နောက်တစ်မျိုးနဲ့၊ ပါဝါတွေပြပြီး နှိပ်ကွပ်ဖို့မကြိုးစားနဲ့၊ ဝိယံက အုပ်ချုပ်ခံလူတန်းစားမဟုတ်ဘူး၊ သဘောပေါက်"

ရိုင်းရိုင်းကို တုံ့ပြန်ပစ်တာ။ မိတွေးလို့ မှန်ရာပြောရင် နာတတ်တဲ့ မေထွေးကတော့ ထိုအခါမျိုးဆို ဆွေ့ဆွေ့ခုန်ပြီ။ အငိုအရှိုက်တွေနှင့်…





"ငါ့မှာ ငါ့အသိုင်းအဝိုင်းကို စွန့်လွှတ်လာရတာ၊ နင့်ကို ဆုံးမတာမှ မရရင် ငါ စွန့်လွှတ်လာတာ အလကားပေါ့ဟဲ့၊ ဖအေက ယဉ်ကျေးသလောက် နင့်ကျမှ ရိုင်းတာကမ်းကုန်ရော"

"အဲဒါဆိုလည်း လိမ္မာတဲ့သားလေးမွေးပေါ့"

"မွေးမရလို့ပေါ့၊ မွေးရရင် တစ်ယောက်မဟုတ်ဘူး၊ တစ်ပြုံလုံး မွေးပြီး နင့်ကိုသတ်ခိုင်းမှာ"

'ကလေးမရနိုင်'ဟူ၍ ချွတ်ယွင်းချက်ရှိသော မေထွေးကို သူက နိုင်ကွက်ကိုင်တိုင်း မေထွေးက အရှုံးမပေး။ အမြဲပြန်ချေပတတ်သည်။ ဖေဖေကတော့ ဝိယံတို့နှစ်ယောက်အကြား ဘယ်တော့မှ ဝင်မပါတတ်။ ဒါပေမဲ့ ပြီးခဲ့တဲ့တစ်နှစ်မှာ ဖေဖေ့ကျန်းမာရေးက ဆိုးလာ၏။ နှလုံးသွေးကြောကျဉ်းသည်။ ကျောက်ကပ်မကောင်း။ ဒီကြားထဲ သွေးတိုး၊ ဆီးချိုဝင်သည်။ ရှိသမျှ အလုပ်တွေပစ်ရမယ့်ကိန်းမှာ မေထွေးက တာဝန်ယူသည်။ ဖေဖေ့လုပ်ငန်းတွေ လည်ပတ်နိုင်တာနှင့်အမျှ အရင်ကထက် ဦးမော့လာအောင် မေထွေးက ကြိုးစားသည်။

"တခြားဟာတွေ မကြည့်နဲ့သား၊ မေထွေးဟာ ဖေဖေ့ကို ယူခဲ့တာ စည်းစိမ်ကြောင့်လည်း မဟုတ်ဘူး၊ ဖေဖေတို့ရှိသလောက် သူတို့အသိုင်းအဝိုင်းလည်း ရှိကြတာပဲ၊ သူ့ရဲ့ အပျိုဘဝကိုစွန့်ပြီး ယူခဲ့တယ်၊ ဖေဖေ မကျန်းမာတဲ့အချိန်မှာလည်း လာသမျှ အခက်အခဲကို လက်တွဲရင်ဆိုင်ဖြေရှင်းပေးတယ်၊ ဒါမျိုးကိုမှ အဖော်ကောင်းလို့မခေါ်ရင် ဘယ်လိုလူကို အဖော်ခေါ်ရမလဲ၊ ဒါတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မေထွဋ်ကို လေးစားပါ၊ သည်းခံပါ"

ဖေဖေကတော့ မေထွဋ်ကို အတော်လေးစားပုံရသည်။ ကိုယ့်ထက် ဆယ်နှစ်ကျော်တာတောင် မေထွဋ်တဲ့။ ဝီယံတို့ကတော့ ရှင်းရှင်းပင်။ လေးစားတာနှင့် ရှိသေတာ သူ့အကန့်နဲ့သူ။ နေရာတကာ ဩဇာအာဏာပြလို့ကတော့ ပုန်ကန်ဆန့်ကျင်ရုံ အသင့်ပြင်ထားတာမို့ သူ့ကို ခေါ်ကြသည်။

လူ့ရမ်းကားတဲ့။ ခေါ်ပါစေ။ ပညတ်သွားရာ ဓာတ်သက်ပါလေ။ ဝီယံတို့ တကယ်ရမ်းကားပစ်ရင်တော့။

◆ ◆ ◆



## အခန်း (၂)

"SUNDAY အမှတ်တံဆိပ် Skin Care တွေကို Paris ကနေ တင်သွင်းတာ၊ SUNDAY မှာ whitening အတွက် ရည်ရွယ်ထုတ်တဲ့ skin care set တွေ၊ အရေးအကြောင်းတွေကို တင်းရင်းလှပစေမဲ့ make up နဲ့ cleanser တွေ၊ sun cream Hair treatment တွေထုတ်တယ်၊ အမျိုးသားတွေအတွက်က"

အဆင်းက ဓာတ်လှေကားကို စောင့်ရင်း နှုတ်မှ တတွတ်တွတ်ရွတ်သည်။ ဘေးဘီဝဲယာလည်း ငဲ့တောင်မကြည့်။ ကိုယ်ကျက်မှတ်ထားတာတွေ မေ့သွားမှာစိုး၍ပါ။ အလုပ်တစ်ခုလည်း အသည်းအသန်လိုချင်၊ ထိုအလုပ်ဟာ အဆင်းနဲ့လည်းလိုက်ဖက်ပြီး လှတပတလေး သွားရမည့်အလုပ်ဆိုပြီး ဆန်ကာစစ်ချတော့ ဒီအလှကုန်လုပ်ငန်းဆိုတာကို ရွေးချယ်မိတာပင်။ ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



SUNDAY Cosmetic မှ ဝန်ထမ်းခေါ်ယူခြင်းဆိုတဲ့ ကြော်ငြာလည်းပါရော။

"သွားလျှောက် မမ၊ အဲဒီ SUNDAY ဆိုတာ တကယ့် Brand အကြီးစားပဲ၊ သူက Paris ကပစ္စည်းတွေသွင်းတာ။ မင်းသမီးတွေတောင် Skin care ကို အဲဒီပစ္စည်းတွေချည်းသုံးတာ မမရဲ့၊ မေမေတောင် တစ်ခါ နှုတ်ခမ်းနီတစ်တောင့် ဝယ်လာတာလေ၊ သုံးသောင်းကျော် ပေးရပြီး တန်တယ်၊ ငါ့နှုတ်ခမ်းက အရေးအကြောင်းတွေတောင် ပျောက်သွားပြီလို့ အော်နေတာလေ၊ အဲဒါ SUNDAY ကဝယ်တာပေါ့၊ ပြီးတော့ သူတို့ကောင်တာတွေက Shopping Mall တွေမှာပဲ ဖွင့်ထားတာလေ၊ အချစ်တောင် စိတ်ဝင်စားတယ်၊ အဲဒီအလှကုန်ရောင်းတဲ့ မမတွေက နှုတ်ခမ်းနီတွေ၊ အိုင်းရှဲဒိုးတွေခြယ်လားတာ အရမ်းလှတာ မမရဲ့၊ သွားလျှောက်၊ မမရပြီးရင် အချစ် ဆယ်တန်းအောင်တာနဲ့ အချစ်ပါ ဝင်လုပ်မယ်"

တိုက်တွန်းချက်ကလည်းပါ။ အဆင်းကိုယ်တိုင်ကလည်း မိန်းကလေးပီပီ အလှပြင်ရတာလည်း ဝါသနာပါမို့ အဲဒီ SUNDAY ကောင်တာမှ ဖောင်ဝယ်ဖြည့်ပြီး အင်တာဗျူးဖြေရန် လာခဲ့ခြင်းပင်။ အင်တာဗျူးသာ ဖြေရမည်ဆိုပေမဲ့ အဆင်းက အဲဒီ Brand အကြောင်း ရေရာစွာမသိပါ။ အသက် (၁၉)နှစ်သာရှိပြီး အလှပြင်ပစ္စည်းတွေ ဘာတွေလည်း မဝယ်ဖူး၍ cosmetic ရဲ့ အားသာချက်ကို မသိပေ။ သာမန်သုံးစွဲသူအနေဖြင့်တော့ ဈေးကြီးပေးဝယ်ရတဲ့ ပစ္စည်းကွာလတီက ကောင်းမည်။ ဒါလောက်ပါပဲ။ မေမေ့ရှိ





တုန်းက ဝယ်ပေးဖူးဟာတော့ ရှိသား။ whitening set ပါ။ အဆင်းက အသားညိုသူမို့ အသားဖြူတဲ့သူတွေကို သဘောကျတတ်သည်။ SUNDAY Brand က ထုတ်တဲ့ ထိုပစ္စည်းတစ်မျိုးပဲ သုံးဖူးတဲ့ အဆင်းအတွက်တော့ ဒီအင်တာဗျူးဟာ မလွယ်ကူပေ။

ဒါပေမဲ့ အလုပ်တစ်ခု အမြန်လိုချင်တဲ့ အဆင်းအတွက်တော့ ဝန်ထမ်းခေါ်တဲ့ ဒီလုပ်ငန်းနှင့် အံကိုက်ပင်။

"အင်း…အမျိုးသားတွေက"

ဘေးနား အရိပ်မိုးလာ၍ ရွတ်ထားတာတွေ မေ့သွား၏။ အမှတ်တမဲ့ မော့ကြည့်တော့ နူးညံ့တဲ့ မျက်ဝန်းတွေနှင့် အရင်ဆုံသည်။ အဆင်းထက် အသက်အနည်းငယ်ကြီးကာ လူကြီးလူကောင်းဟန် ပေါက်နေတဲ့ ယောကျ်ားတစ်ယောက်။ သေသပ်ပိရိစွာ နောက်လှန်ဖြီးထားတဲ့ ထိုလူဆံပင်တွေကို ကြည့်ပြီး…

"သြော်…သိပြီ၊ Hair Cream"

"ဗျာ"

တစ်ခုခုပြောတယ်လို့ ထိုလူက ထင်သွားဟန်တူသည်။ သူ့အရပ်ရှည်ကြီးကို ကိုင်းကာ အဆင်းနား ငုံ့ချရင်း…

"မင်း…ကိုယ့်ကို တစ်ခုခုပြောလိုက်သလား"

"မပြောပါဘူး၊ ကျစ်…ဒီမှာမေ့ကုန်ပြီ၊ တိတ်တိတ်နေဆေးပါ"

ရုပ်တည်နှင့် သူ့ကိုပိတ်ဟောက်တဲ့ ချာတိတ်မကို ကြည့်ပြီး နေရိပ် မျက်ခုံးပင့်သွားရ၏။ ကြည့်တော့ဖြင့် တကယ့် မလောက်



www.burmeseclassic.com

www.burmeseclassic.com



လေးမလောက်စား ဒီဖိုင်းနှင့်။ နေရိပ်က ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်ရသည်။ သူ့ဝတ်စားထားပုံကများ အထင်ကြီးစရာပုံ မပေါက်လို့လားလို့။ သူ့ပုံက ပုံမှန်ပင်။ ရှပ်လက်ရှည် အဖြူပေါ် အပြာစင်းပါတဲ့ အင်္ကျီကို စတိုင်ပင်(န်)အနက်နှင့် တွဲဝတ်ထားသည်။ အပေါ်ကကုတ်အနက်။ ဒါ သူ့ရုံးတက်လျှင် အမြဲဝတ်နေကျစတိုင်။ သူ့ရုံးခန်းဖွင့်ထားတဲ့ ကွန်ဒိုတစ်ခုလုံးရှိ ဝန်ထမ်းတွေဟာ နေရိပ်ဆိုလျှင် ဟျာဟျာသလဲ ကြိုဆိုတတ်စမြဲ။ အခု မျက်စိရှေ့က ဒီကလေးမကျမှ ဝန်ထမ်းလို့လည်း အမည်တပ်မရ။ သူမဟာ ဂျင်းပင်(န်)ကို ခြေသလုံးနားအထိ အပြားလိုက် ခေါက်တင်ထားသည်။ အဖြူရောင်တီရှပ်ကိုယ်ကြပ်နှင့် မိုးကာသားပါတဲ့ အိတ်အရှည်ကို စလွယ်သိုင်းလွယ်ထားတဲ့ သူမဟာ နေရိပ်ရဲ့ ရုံးဝန်ထမ်းမဖြစ်နိုင်။ နေရိပ်ရဲ့ဝန်ထမ်းအားလုံးဟာ ယူနီဖောင်းဝတ်ရသည်လေ။

သူမကို ငေးနေဆဲမှာပင် ဓာတ်လှေကားက ရောက်လာပြီ။ နေရိပ်ထက် အရင် သူမက အပြေးဝင်ပြီးမှ…

"ဒီမှာရှင့်"

'ပြော'ဆိုတဲ့ပုံစံနဲ့ နေရိပ်က မေးဆတ်ပြီး လှမ်းကြည့်၏။

"ကျွန်မက SUNDAY Cosmetic ရဲ့ ရုံးခန်းသွားမှာရှင့်၊ ရှင့်အတွက် အပန်းမကြီးဘူးဆိုရင် ကျွန်မသွားမဲ့အထပ်ကို အရင်နှိပ်လိုက်မယ်နော်၊ နောက်ကျနေပြီမို့လို့"

နေရိပ် မျက်ခုံးတွေက တစ်တန်းတည်း ပင့်တက်သွား၏။ အဲဒီနောက် ပြုံးချင်ချင်ဖြစ်သွားတဲ့ နှုတ်ခမ်းကို အတင်းဆွဲနေကာ…





"ရပါတယ်၊ သွားလေ"

ခေါင်းတစ်ချက်ဆတ်ပြီး ခွင့်ပြုလိုက်သည်။ အဲဒီတော့မှ သူမက စိတ်အေးသွားဟန်နှင့် ထုံးစံအတိုင်း နှုတ်ခမ်းတို့ကိုလှုပ်ကာ ဘာတွေရွတ်နေမှန်းမသိ။ ပွစိစိလုပ်နေ၏။ နေရိပ်ကတော့ ဆေးတိုက်မြင်နေရတဲ့ အဲဒီချာတိတ်မကို အသာပဲ ငေးနေမိသည်။ ဆံပင်ရှည်တွေက ပခုံးလောက်အထိပဲရှိကာ အိအိစင်းစင်းလေးမို့ ခေါင်းတစ်ခါ ငုံ့တိုင်း ဝေါခနဲပြိုဆင်းကာ မျက်နှာကို ကွယ်သွားလေ့ရှိသည်။ ဒါကိုပဲ သူမက လက်ငါးချောင်းနှင့် သပ်တင်လိုက်တိုင်း နုတဲ့ချွန်ချွန်လေးနှင့် နှုတ်ခမ်းစုစုလေးတွေဟာ နေရိပ်ရင်ကို လှုပ်ခတ်စေတာအမှန်။

"ဟော…ရောက်ပြီ"

သူမက နှုတ်မှ အဲဒီလိုရေရွတ်ပြီး ဓာတ်လှေခါးထဲမှ အရင်ထွက်သည်။ နောက်မှ နေရိပ်က လိုက်ထွက်တော့ မယုံသင်္ကာအကြည့်နှင့် သူ့ကိုငဲ့ကြည့်၏။ အကြည့်က ဂျစ်ကန်ကန်နှင့်။ ဒါကိုပဲ နေရိပ်က မလုံမလဲဖြစ်ကာ…

"အင်း…ကိုယ်သွားမဲ့ ရုံးခန်းကလည်း ဒီအထပ်ပဲ"

မလုံမလဲ ဖြေရှင်းရသေးသည်။ ဒီတော့မှ ထိုချာတိတ်မက ဘဝင်ကျသွားဟန်ဖြင့်….

"သြော်"

ရေရွတ်ပြီး ခြေလှမ်းသွက်သွက်နဲ့ လျှောက်သွားသော သူ့ရုံးခန်းဆီ။ နေရိပ်က နောက်မှာကျန်ခဲ့ပြီး ခေါင်းယမ်းပြုံးရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိ။ သြော် SUNDAY ရဲ့ အရှင်သခင်ကိုမှ သူမဆက်ဆံသွားပုံက မတူမတန်သလို။ နေရိပ်က ပြုံးရင်း သူမပျောက်ကွယ်သွားတဲ့အထိ ငေးနေတာ မျက်စိတဆုံး။ ရင်ထဲရိုက်ခတ်တဲ့ စကားသံကတော့…

"မင်းနဲ့ထပ်ဆုံချင်သေးတယ် ချာတိတ်"

◆ ◆ ◆



"အမှတ်နှစ်ဆယ့်ကိုး အဆောင်းညို"

"လာပြီ…လာပြီ"

အဆောင်းက အသည်းအသန် ထရပ်သည်။ အင်တာဗျူးဖြေတဲ့ အယောက်သုံးဆယ်မှာ အဆောင်းနံပါတ်စဉ်က နှစ်ဆယ့်ကိုး။ ကိုယ့်ကိုယ်ကို သပ်ရပ်အောင် အကျီတွေ ဘာတွေ ဆွဲဆန့်ရင်း အခန်းထဲဝင်သည်။ အခန်းဝက အမည်ခေါ်ပေးသူ အစ်မက ပြောင်သလင်းခါနေတဲ့ အဆောင်းမျက်နှာကို ကြည့်ရင်း…

"မျက်နှာပြောင်ကြီးနဲ့ဟယ်၊ နည်းနည်းပါးပါး ကာလာတင်လာတာမဟုတ်ဘူး"

အဆောင်းရဲ့ဖောင်ကို ကမ်းပေးရင်း ညည်းညူသလိုပြောသည်။ အဆောင်းက ယောင်ရမ်းပြီး ကိုယ့်မျက်နှာကိုယ် ပြန်စမ်းမိသည်။ ဟုတ်ပါရဲ့ အဆောင်းလို အင်တာဗျူးလာဖြေတဲ့ သူတွေရော၊ ဒီတဝန်ထမ်းတွေအားလုံးရဲ့ မျက်နှာဟာ မှန်မှန်လေးနဲ့ လှနေတာမျိုး။ ဒါကြောင့် ထွက်ခါနီးမှာ အချစ်ကတောင် ပြောသေးတာ။

"နည်းနည်းပြင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကသာ အန်တီမိရဲ့ စပ်စုမဲ့အကြည့်ကို မခံချင်တာရယ်၊ ပြီးတော့ မျက်နှာပေါ် အဲဒီအရောင်တွေတင်ရမှာ စိတ်အိုက်တာရယ်ကြောင့် ဘာမှမခြယ်သခဲ့။ အခုတော့…

"ကဲပါ…ဝင်တော့၊ အထဲမှာ အင်တာဗျူးမဲ့ Supervisor မမက နည်းနည်းတော့ စည်းကမ်းကြီးတယ်၊ ကြည့်ဖြေပါ"

သံ့ရှိပေးစကားပေမဲ့ အတွေ့အကြုံမရှိတဲ့ အဆင်းအတွက်တော့ ထိတ်လန့်ချင်စရာ။ အခန်းထဲဝင်တာနဲ့ စားပွဲရှည်ကြီးနောက်မှာ ထိုင်နေသူက သုံးဦး။ အလယ်က မိန်းမဟာ Supervisor ပဲဖြစ်လိမ့်မည်။ ဘေးနှစ်ဖက်မှာက အသက်ကြီးကြီး ယောကျ်ားနှစ်ဦး။

"ဖောင်ပေးပါ"

အလယ်က အမျိုးသမီးက တောင်းသည်။ တမင်ကော့ထားတဲ့ မျက်တောင်အောက်မှ မျက်ဝန်းအကြည့်တွေက စူးစူးရှရှ။ အဆင်းမျက်နှာ ကိုယ်ပေါ် စုန်ချည်ဆန်ချည် ပျံ့ဝဲလို့။

"နာမည်က အဆင်းညို၊ ပညာအရည်အချင်းက"

"အီးမေဂျာ နောက်ဆုံးနှစ်ပါ"

"အင်း…မင်းကို အလုပ်ကိုနဲ့ပတ်သက်တဲ့ မေးခွန်းမေးမယ်"

"ဟုတ်…မေးပါ"

"မိတ်ကပ်လိမ်းခြယ်နည်း အဆင့်ဆင့်"





"ရှင်"

အဆင်းစိတ်ထဲမှာ 'သွားပြီ' လို့ အော်မိတာ အကျယ်ကြီး။ ကိုယ်က ဒီ Brand က ထုတ်ကုန်တွေအကြောင်းလောက်ပဲ လေ့လာထားတာ။ အခုမေးခွန်းက ကိုယ်မသိတဲ့ အကြောင်းအရာတွေ။

"အတိအကျကြီး မဟုတ်ဘူး သမီး၊ အခြေခံလောက်ဆိုရပြီ"

အဆင်းရဲ့ အခက်အခဲကို ရိပ်မိဟန်တူသည်။ ဘေးနားက လူကြီးက ဝင်ပြောၡ။

"အခြေခံက"

အဆင်းစကားတွေ ထစ်ကုန်ပြီ။ အေးစိမ့်သော အဲယားကွန်းအခန်းထဲမှာ အဆင်းက ချွေးတွေပြန်ထွက်လာ၏။ Supervisor ရဲ့ မျက်ဝန်းတွေထဲ စိတ်ပျက်ခြင်းအရိပ်တွေ ဖြတ်ပြေးသွားသလို အဆင်းကို ရှုံ့ချသလို ခပ်စိုက်စိုက်ကြည့်ပြီး…

"ထားတော့၊ SUNDAY Brand ရဲ့ skin care က ဘယ်ပစ္စည်းကို အခြေခံသလဲ၊ သဘာဝပစ္စည်းလား၊ သိပ္ပံနည်းကျ ဓာတ်ထွင်ထားတာလား"

"ဟို…အဲဒါက"

"နောက်ဆုံးမေးခွန်း Sale promoter တွေ ဒီ SUNDAY နဲ့ပတ်သက်တဲ့ promoter တွေက ဘယ်လိုနေထိုင်ကျင့်ကြံရမလဲ သိသလား"



www.burmeseclassic.com

www.burmeseclassic.com



အဆင်း ခေါင်းပဲယမ်းပြသည်။ အားလျော့ခြင်းတွေက ရင်ထဲ အလုံးအရင်းလိုက်ဝင်ဆောင့်၏။ Supervisor က အဆင်းကို သေချာစိုက်ကြည့်ရင်း…

"ရပြီ…သွားတော့၊ ဩော် တစ်ခုတော့ မှတ်သွားဦး၊ နောက် ဘာအလုပ်ပဲလျှောက်လျှောက် အဲဒီအလုပ်အကြောင်းကို သေချာသိအောင် လုပ်ထား"

[illegible]ည်းလေးစွာ ထွက်သွားတဲ့ ခြေလှမ်းပိုင်ရှင် သူမအား အကဲဖြတ်အဖွဲ့က လိုက်မကြည့်နိုင်။ နောက်ဆုံးတစ်ယောက်ကိုခေါ် အင်တာဗျူးပြီးမှ Supervisor ရာထူးရထားသူ ဝင့်ဝါက ဖိုင်တွေ ခွဲထားတာကို ကောက်သိမ်းရင်း…

"MD ဆီ ဝင့်ပဲ ဝင်အစီရင်ခံလိုက်မယ် အန်ကယ်၊ အယောက်သုံးဆယ်မှာ ဆယ်ယောက် ရွေးထားတယ်ဆိုတာ"

"အေး…အေး သမီးဝင်ပြောတာ ပိုအဆင်ပြေမယ်၊ တော်ကြာ မောင်ရိပ်က ပယ်တဲ့လူတွေအကြောင်း အကြောင်းပြချက်တောင်းရင် အန်ကယ် ပြောနိုင်မှာမဟုတ်ဘူး"

နေရိပ်ရဲ့ လူယုံဖြစ်သူ ဦးညီကို ဝင့်ဝါက ပြုံးပြရင်း လှည့်ထွက်ခဲ့သည်။ MD အခန်းတံခါးကို ဖွဖွခေါက်တော့…

"ဝင်ခဲ့ပါ"

ခွင့်ပြုချက်ရပြီး အခန်းတံခါးဖွင့်တော့ နေရိပ်အကြည့်က laptop ပေါ် စူးစိုက်လျက်။

"အခြေအနေ ဘာထူးလဲ ဝင့်ဝါ"



"ဆယ်ယောက်ရွေးထားတယ် MD၊ တစ်ချက်စစ်ကြည့်ပါဦး"

"ရတယ်၊ မင်း အဆင်ပြေရင်ပြီးတာပဲ၊ ဩော် ဒါပေမဲ့"

"ပြောပါ MD"

အခုမှ အကြည့်က ဝင့်ဝါထံ ရောက်သည်။ ကြည့်ပေမဲ့ ခြင်ဟန်မတူသော မျက်လုံးတွေနှင့်…

"အင်တာဗျူးဖြေတဲ့ထဲမှာ မျက်နှာပြောင်သလင်းခါပြီး အသားညိုညိုနဲ့တစ်ယောက်"

"ဟုတ်…ဝင့်ဝါ ပယ်တယ် MD၊ သူ့မှာ SUNDAY နဲ့ပတ်သက်တဲ့ ဗဟုသုတ ဘာမှမရှိတာနဲ့"

ဝင့်ဝါစကားအဆုံးမသတ်သေး။ နေရိပ်က…

"သူ့ကိုရွေးလိုက်ပါ"

"ရှင်"

"ဆယ့်တစ်ယောက်ပေါ့၊ လောလောဆယ် လုပ်ငန်းခွင်ထဲ [illegible]ာ ဝင်နိုင်းလို့ရမှာ မဟုတ်ဘူး"

"MD…သူက"

"ကိုယ်ပြောတဲ့အတိုင်းလုပ်ပါ ဝင့်ဝါ၊ ဦးညီကို လွှတ်လိုက်ဦး ကိုယ်ပြောစရာရှိလို့"

"ဟုတ်ကဲ့ MD"

ဒါပဲပြောပြီး အခန်းထဲက ထွက်ခဲ့သည်။ မျက်လုံးထဲ [illegible]ခင်ညိုဆိုတဲ့ ကောင်မလေးကို မြင်ယောင်တော့ ဝင့်ဝါမှာ

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းအလိုလိုရှုံ့ပြီးသွား။ ဒါပေမဲ့ မတတ်နိုင်။ ကိုယ်က အရည်အချင်းရှိသူကိုသာ ရွေးချင်သည်။

ဆုံးဖြတ်ခွင့်ကျတော့ ကိုယ့်လက်ထဲမှာမရှိ။ ဝင့်ဝါက သက်ပြင်းချရင်း စိတ်ဖြေရ၏။ နေရိပ်ဆိုတဲ့လူက MD ကိုး။

◆ ◆ ◆



## အခန်း (၃)

"ရော့...ဒီမှာ၊ သစ်သီးအစုံလေး ခွဲထားတာ၊ အချိုတည်းလိုက်ဦး ကိုကို၊ ဒီရာသီက ကြက်မောက်သီးပေါ်တာ ကိုကိုရဲ့၊ ထွန်း မနက်က ဈေးသွားတော့ အလုံးလှလှလေးတွေ တမင်ရွေးယူခဲ့တာ၊ ကိုကိုက ကြက်မောက်သီး ကြိုက်တယ်လေ"

ဦးကြည်လင်က ထွန်း ကမ်းပေးတဲ့ သစ်သီးပန်းကန်ကို လှမ်းယူရင်း...

"အထွန်းလည်း ပင်ပန်းလှပြီနော်"

"ဘာကိုပြောတာလဲ ကိုကို"

မျက်လွှာပင့်ပြီး မေးပုံက ပကတိရိုးစင်းတဲ့အသွင်ကိုဆောင်သည်။ ဦးကြည်လင်က ထွန်းကို ငေးရင်းက တပြုံးနက်စိတ်ထဲမှာလည်း ချီးကျူးမိ၏။ ကိုယ့်ထက် ဆယ်နှစ်လောက်ငယ်သော်လည်း အငယ်မို့ ဆိုးနွဲ့ခြင်းမရှိ။ အလိုလိုက်ရန်လည်း မလိုသော။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့လက်ထပ်ပြီးကတည်းက ဦးကြည်လင်က သူမအတွက် ဖြည့်ဆည်းပေးရတာ နည်းနည်း။ သူမကချည်း သူတို့သားအဖ အတွက် ဝါရမီဖြည့်ခဲ့တာပင်။ တာဝန်ယူ လုပ်ပေးရသမျှလည်း ဝုဏ်ဖော်တယ်ဆိုတာမရှိ။ ရင်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်းပြောရဲသူ။ ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တတ်သူ ထွေးပင်။ ဒါကို သားဖြစ်သူ ဝီယံက ဩဇာပေးချင်သည့်တဲ့။

"စားလေ…ကိုကို၊ ဘာတွေစဉ်းစားနေတာလဲ"

"သြော်…မထွေးအကြောင်းလေ၊ စီးပွားရေးလုပ်ငန်းတွေလည်း ဦးဆောင်ရ"

"ဦးဆောင်တယ်လို့ မပြောပါနဲ့ ကိုကိုရယ်၊ ကိုကိုဖောက်ပြီးသားလမ်းမှာ ထွေးက မှတ်တိုင်လေးစိုက်ရုံပါ၊ ဒီအတွက် ထွေးကတောင် ကျေးဇူးတင်ရဦးမှာ"

"ဟာ…အထူးအဆန်းပါလား၊ ကဲ ပြောပါဦး ကျေးဇူးတင်ရတဲ့ အကြောင်းရင်း"

ထွေးက စကားဆက်ရန် နှုတ်ခမ်းအပြင် ဘေးခုံ့ တင်ထားသော ဟင်း(နဲ့)ဖုန်းမှ အသံမြည်လာသည်။ ဖုန်းမြည်သံက ဆူညံပေါက်ကွဲနေသော ရော့(ခ်)သီချင်းတစ်ပုဒ်အသံ။ ဒီအသံကြားတာနှင့် ဒါ ကိုကို့ဖုန်းမဟုတ်ဘူးဆိုတာ ထွေး သိသည်။

"ဝီယံ…နမော်နမဲ့နဲ့ ဖုန်းချင်းမှားသွားတယ်နဲ့တူတယ် ကိုကို"

"မှားတာမဟုတ်ဘူး မထွေးရေ၊ တမင်လဲသွားတာ၊ သူ





အယန်းဖြေခရီးထွက်တာ ဝင်သမျှ ဖုန်းမကိုင်ချင်လို့တဲ့"

"ဟွန်း…စတုန်းက သူ့ဖာတ်ပဲလေ၊ သူမပေးဘဲ ဝီယံ ဖုန်းနံပါတ်ကို လူတိုင်းသိမလား၊ အခုလည်း လာဦးမယ်၊ အရှုပ်တ"

ထွေးက ဖုန်းဖွင့်ရင်း နားထောင်သည်။ စီးမျောလာတဲ့ အသံက ချွဲပျစ်ပျစ်။

"ယံ…ရက်စက်တယ်ကွာ၊ တို့ကို လာခိုးမယ်ချိန်းပြီး ဘာကြောင့်မလာတာလဲ ပြော၊ အိမ်ကပေးစားတဲ့လူကို မယူချင်တာ ထက် ယံနဲ့လက်တွဲချင်လို့ ဒီလိုချိန်းတယ်ဆိုတာ သိသိကြီးနဲ့"

နားထောင်နေတဲ့ ထွေးမျက်လုံးတွေပြူး၊ နားတွေထူလာတဲ့ အထိ။ ဒါ ဘာစကားလဲဆိုတာ သိရက်နဲ့ မချေပနိုင်။ အံ့ဩစိတ် က နှုတ်ကို ဆွံ့အစေသည်။

"ဟိတ်…ယံ၊ ဘာစကားမှ မပြောနိုင်တော့ဘူးမဟုတ် လား၊ ဘာလဲ တို့ရဲ့ သတ္တိကိုကြားတော့ ယံ သွေးမရှိတော့ဘူးပေါ့၊ ဟုတ်တယ်ဟုတ်၊ ယံသိအောင် ထပ်ပြောမယ်၊ တို့က ယံ့အတွက် ဆို"

"တော်စမ်း"

ထွေးအော်သံကြောင့် တစ်ဖက်က စကားသံတိတ်သွား သည်။ သစ်သီးစိတ်ကို ခက်ရင်းနဲ့ထိုးဖို့ ကြံစည်နေတဲ့ ဦးကြည်လင် တောင် လက်တွန့်သွားတဲ့အထိ။ ထွေးက ဖုန်းကို လက်တစ်ဖက်နဲ့ ပိတ်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ကိုကို"

တောင်းပန်ဆိုပြီးမှ တင်းမာခက်ထန်တဲ့ အသံနှင့် စကားဆက်တာ ဖုန်းထဲက သူထံသို့။

"မင်းဘယ်သူလဲ"

"အန်တီကရော"

တစ်စက်ကလေးမှ အကြောက်အရွံ့မရှိတဲ့ အသံနဲ့ ပြန်မေးပုံက ဒေါသထွက်ချင်စရာ။

"ငါ ဝီယံအမေ"

"ရှင်…အမေ၊ ဟုတ်လား"

"အေး…နောက်တစ်ခါ ဒီဖုန်းကို ထပ်မဆက်နဲ့တော့၊ ယောကျ်ားလေးက မခိုးချင်လို့ မင်းချိန်းတဲ့နေရာဆီ မလာတာ သဘောပေါက်တော့၊ ထပ်ပြောမယ်၊ ငါ့သားကို မျှော်လင့်မနေနဲ့တော့"

ပြောချင်ရာပြောပြီးမှ ဖုန်းကို ဦးအောင်ချပစ်သည်။ ဘေးလူအဖြစ် ကြားနေရတဲ့ ဦးကြည်လင်ကတော့…

"ဘာတဲ့လဲ…ထွန်း"

"ကိုကို့သားလေ၊ သူ့အရှုပ်ကို မရှင်းချင်လို့ ကိုကို့ဖုန်းနဲ့ လဲသွားတာနေမှာ၊ ကောင်မလေးကိုချိန်းပြီး လာမခိုးလို့တဲ့၊ ဟိုဘက်ကလည်း ထပ်နိုးပါ၊ မျှော်လင့်နေမယ်တဲ့၊ ခေတ်ကာလသားသမီးတွေများ အံ့ရောပဲ"

"ဟား…ဟား ဝီယံက တကယ်စွံတဲ့ကောင်ပဲ"





"ကိုကိုနော်…ဒါ ရယ်စရာမဟုတ်ဘူး၊ ကိုကို့သားက အဲဒီစွံတာကိုပဲ ဂုဏ်ယူနေတာမျိုး၊ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲနေတာ၊ ပွေတယ်၊ ရှုပ်တယ်၊ လက်မြန်တယ်ဆိုတဲ့ ဘွဲ့ထူးတွေနဲ့ လူလုပ်နေတာလေ၊ အခုကြည့်စမ်း ကောင်မလေးကလည်း ရဲတင်းလိုက်တာ၊ ဒါမျိုးနဲ့ညားပြီး အိမ်ပေါ်ရောက်လာလို့ကတော့ စိတ်ဆင်းရဲလိုက်မဲ့အဖြစ်"

"အဲဒါတွေသိလို့ သားက ရှောင်သွားတာနေမှာပေါ့ မထွန်းရဲ၊ သားလည်း မညံ့ပါဘူး"

ထွန်းက နှုတ်ခမ်းကို အချိုးကျအောင် မဲ့ရွဲ့ပစ်သည်။

"ဖအေရော သားပါ ဒီစကားတစ်ထပ်တည်းပဲ၊ ဒီမှာတော့ တစ်နေ့တစ်နေ့ သူ့အပြင်ထွက်သွားရင် ရင်တမမနဲ့၊ ပြန်လာရင် ဘာသတင်းကြားရမလဲဆိုပြီး"

ဦးကြည်လင် ကိုယ်ချင်းစာပါသည်။ ကိုယ့်သားကလည်း ပြောစရာဖြစ်နေတာကိုး။ ထစ်ခနဲရှိ သွေးဆူချင်တဲ့စိတ်ဟာ သူ့နဲ့လည်းမတူပါ။ မဟုတ်မခံစိတ်ရှိတာရော၊ ဝတ်စားပုံတွေကတော့ ထားတော့။ လူငယ်စိတ်ဆိုပြီး ဖြေသိမ့်လို့ရသည်။ ဆိုးတာက ရန်ပွဲဆင်နွှဲတတ်ခြင်းပင်။ ကိုယ့်သားထိတော့လည်း စိတ်မကောင်းဖြစ်ရ။ သူတစ်ပါးထိတော့လည်း ဖြေရှင်းရနှင့် ကောင်းကျိုးမရှိတဲ့ ရလဒ်က လူရမ်းကားလို့ အမည်တွင်လာခြင်းပင်။

"ခြေငြိမ်သွားအောင် မိန်းမပေးစားလိုက်ရင်ရော မထွန်း"

ထွန်းက မရယ်ချင်ဘဲ ရယ်သည်။ ရယ်သံရဲ့ အဖူးသတ်

www.burmeseclassic.com



က သာယာမှုမရှိ။

"ကိုကိုပြောတာ နောက်ကျနေပြီ၊ ထွင့် ကြိုးစားပြီးပြီ"

"ဟုတ်လား၊ သားက ဘာပြောလဲ"

ပြောတဲ့အတိုင်းသာ ဖောက်သည်ချလျှင် ထွင့်က မိထွေးမို့ ကုန်းတိုက်တယ်ဖြစ်ဦးမည်။ မပြောမဖြစ်မို့ တစ်ခွန်းတည်း ဦးကြည်လင်အား အသိပေးလိုက်၏။

"သူ့လွတ်လပ်ခွင့်ကို မပိတ်ပင်နဲ့တဲ့"

အပြောခံရတဲ့စကားက ဒီတစ်ခွန်းတည်းမဟုတ်။

"မိဘစီမံပေးတဲ့ အိမ်ထောင်ရေးဆိုတာ ခေတ်ကုန်နေပြီ မေထွင့်၊ ပြီးတော့ အသက်နှစ်ဆယ်ဆိုတာ လောကကြီးအကြောင်း စူးစမ်းဖို့ အကောင်းဆုံးအရွယ်"

"ဟဲ့…နင် မယောက်မရော်နဲ့ တွေ့မှာစိုးလို့ ပီယံ၊ ဒီဓာတ်ပုံထဲက မိန်းကလေးတွေအကုန်က ဘွဲ့ရပညာတတ်တွေချည်းပဲ၊ စည်းစိမ်ဥစ္စာ၊ မျိုးရိုးဆိုတာ ပြောစရာမရှိဘူး၊ နင် ဒီတစ်ခါပဲ ငါစီမံတာ နားထောင်ပါ ပီယံရယ်၊ နင် မနစ်နာစေရပါဘူး၊ ငါ အာမခံတယ်"

ထွင့်က စေတနာဗရပွနှင့် တိုက်တွန်းသောစကား။ သို့သော်ငြား ပီယံ ပြန်ပေးတာက ဝေဒနာ။

"မေထွင့်ရော လူကြီးတွေကို ကန့်ကွက်ပြီး မုန်တယ်ထင်တာ လုပ်ခဲ့တာမဟုတ်လား"

ထွင့်မှာ ဘာပြန်ပြောရမှန်းမသိ။ ရှေ့(ခ)အကြီးစားရသွား





ကာ လူက ငေးကြောင်သွားရတဲ့အထိ။ ဒင်းကတော့ သူတစ်ပါး ခံစားချက်ကို အလေးထားတတ်သူမှ မဟုတ်တာ။ ပြောချင်တာရှိရင် ရှေ့နောက်ချင့်ချိန်ရတာတွေလည်း နားမလည်တဲ့ အရိုင်းကောင်မို့။

"ကိုယ့်သမိုင်း ကိုယ့်စိတ်ကြိုက် ရေးကြတာပဲ၊ ဒါ သက်ဦးဆံပိုင်ခေတ် မဟုတ်ဘူး၊ ကျွန်တော်ပိုင်တဲ့ ကိုယ့်ဘဝမှာ ကိုယ်ကဘုရင်"

"လာမရှုပ်နဲ့၊ ကိုယ့်အကြောင်းကိုယ်သိ"လို့ ပြောပစ်လိုက်သလို။ အစအဆုံး ပြောချင်လျှင် ရောဂါသည် ကိုယ့်ခေါ်ပွန်းပဲ စိတ်ဆင်းရဲမည်။ ပတ်ဝန်းကျင်ကို ရင်ဖွင့်ရင်တော့ 'လင်ဝါသာနဲ့ မိထွေးရဲ့ ပဋိပက္ခကို ကြုံမြင်တတ်ဖို့ကောင်းတာ'လို့ ထွင့်က ဝေဖန်ခံရမည်။ ဒီတော့ ရင်ထဲကလာတဲ့ သယံဇာတကို ရင်ထဲမှာ မြှုပ်နှံထားတာ အကောင်းဆုံး။ ဦးကြည်လင်ကတော့ ဟန်ဆောင်ထားတဲ့ ထွင့်အပြုံးကို မချိုပြုံးလို့ မမြင်။ ခွင့်လွှတ်သည်လို့ပဲ ထင်နေတာ။

"သားက တကယ်ချစ်တဲ့သူ မတွေ့သေးလို့နေမှာပါ မထွင့်ရဲ့၊ အချစ်ရဲ့ကြီးမားတဲ့ အရှိန်အဝါနဲ့တွေ့ရင် ဘယ်လိုလူမှ ခံနိုင်ရည်မရှိဝါဘူး"

ထွင့်ကတော့ အချစ်ရဲ့ အရှိန်အဝါအောက်မှာ ကျဆုံးလို့ ထိုကိုနဲ့ လက်ထပ်ခဲ့တာ။

- ဒါပေမဲ့ ကိုကိုသားရဲ့ တော်လှန်ပုန်ကန်မှုအောက်မှာ ခံနိုင်ရည်မရှိအောင် ဖြစ်နေပြီလို့။

www.burmeseclassic.com



ဖွင့်မပြောရက်ခဲ့ပါ။ ထွင်ရွ ချစ်မြတ်နိုးရသော ခင်ပွန်းသည် စိတ်ဆင်းရဲမှာစိုး၍ မျိုသိပ်ရင်းနဲ့သာ။

◆ ◆ ◆



"အခုဖြစ်နေတာတွေကို မမတော့ ပုံမှန်မဟုတ်ဘူးထင်တာပဲ"

တွေဝေစွာပြောတဲ့ မမစကားကြောင့် အချစ်က သနိုပ်ရှာ တွက်ရင်း မော့ကြည့်သည်။ မီးလုံးရောင် ဝါကျင့်ကျင့်အောက်မှာ မမအသားက အဝါဖျော့လေးသမ်းနေ၏။ နဝိုကတည်းက အရမ်းတုတ်ပြီး ထူထဲတဲ့မျက်ခုံး၊ ခပ်စိပ်စိပ်ရှည်လျားနေတဲ့ မျက်တောင်တွေဟာ မီးရောင်မှိန်မှိန်အောက်မှာတောင် လင်းလက်နေသည်။ အချစ်ကတော့ SUNDAY တွင် မမအလုပ်ဝင်မှ ပိုလှလာတာကို မျက်ဝါးထင်ထင် တွေ့ရ၏။

"သိလား…အချစ်၊ မမ ပြောတာ"

"သိဘူးလေ၊ မမက အဆက်အစပ်မရှိ လာပြောတာကိုး"

အချစ်က ဘောပင်ကိုချ၍ မမထိုင်နေသည့် ကွပ်ပျစ်ပေါ် သွားထိုင်သည်။ ငေးရီရီထိုင်နေတဲ့ မမကို ပခုံးချင်းတိုက်ပြီးစိရင်း



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဘာတွေ ပုံမမှန်တာလဲ၊ ပြောဦး"

"SUNDAY မှာ အလုပ်ဝင်ရတာလေ"

"အယ်…ဒီလောက်ကောင်းတာကို"

အချစ်နှုတ်ဖျားမှ ထိုစကား လွယ်လင့်တကူ ထွက်ကျသွားသည်။ မမရတဲ့လစာဟာ အချစ်အရွယ်နဲ့ တွက်မယ်ဆို ဝင်ငွေကောင်းသည်။ ဒီကြားထဲ ဝန်ထမ်းတွေကိုပေးသည့် F.O.C ပစ္စည်းဆိုတာ SUNDAY Brand မှ product တွေချည်းပင်။ မမ ဒီတစ်လရတာ cleanser တစ်ဗူး၊ shampoo တစ်ဗူးနှင့် lip gloos တစ်ဗူးရဲ့ တန်ဖိုးပင် ငါးသောင်းနီးပါးရှိသည်။ ထိုပစ္စည်းတွေကို ဝန်ထမ်းက သုံးချင်သုံး၊ မသုံးချင်က ပြန်ရောင်းလို့ရသည်။ ဒါတောင် မမအလုပ်ဝင်တာ တစ်လပဲရှိသေးလို့။ မမထက် စီနီယာကျသူတွေဆို ဒီထက်ပိုရချင်တောင် ရမှာပင်။

"အဲဒီကောင်းတာကြီးကိုပဲ စိတ်ထဲ သံသယဝင်နေတာ အချစ်ရဲ့၊ ဒီနေ့ လစာထုတ်တော့ရော F.O.C ပစ္စည်းတွေထုတ်တော့ ရုံးကိုသွားရတယ်လေ၊ အဲဒီမှာ မမနဲ့အင်တာဗျူးတုန်းက တွေ့ခဲ့တဲ့ သူတွေနဲ့တွေ့တယ်"

"သူတို့ကရော လခလာထုတ်တာလား"

"အေးပေါ့ဟယ်၊ အင်တာဗျူးတုန်းက အခန်းဝမှာ ဆီးပြောတဲ့ အစ်မကြီးလေ၊ အချစ်ကို ပြန်ပြောပြပါတယ်၊ ဘာမှ မပြင်လာလို့ ပြောတဲ့သူလေ"

"အင်း…မှတ်မိပြီ"





"သူနဲ့လည်းတွေ့တယ်၊ သူက လစာထုတ်ပေးနေတာလေ၊ ဘေးက မမနဲ့ တစ်တန်းတည်း အလုပ်ဝင်တဲ့သူတွေက မေးတာပေါ့၊ ဘယ်ဆိုင်မှာ ကျလဲလို့"

"မမက ဆိုင်မှမဝင်ရသေးတာ"

"အေး…ထူးခြားချက်က အဲဒီမှာစတာ"

အဆင်းက ဒီနေ့ကြုံခဲ့သမျှကို အချစ်အား အိတ်သွန်ဖာမှောက် ရင်ဖွင့်မိပြီ။

"အဆင်းညို…ဘယ်ဆိုင်လဲ"

လို့ မေးလာတဲ့အခါ အဆင်းက ရိုးသားစွာပင်…

"အဆင်း သင်တန်းတက်နေတာ"

"ဘာသင်တန်းလဲ"

ဘေးကတစ်ယောက်က ထက်သန်စွာ ဝင်မေး၏။ တစ်ယောက်တည်း သီးသန့်တက်ရသော သင်တန်းမို့ အဆင်းမှာ စကားပြောဖော်မရှိ။ အလုပ်အကြောင်း ဆွေးနွေးမဲ့လူမရှိ။ ထို့ကြောင့် အခါအခွင့်သင့်တဲ့အခါ ဆွေးနွေးမေးမြန်းခြင်းရှိတာကိုပင် အဆင်းက ပျော်သွားပြီး…

"မိတ်ကပ်လိမ်းခြယ်နည်းတို့၊ စမတ်ကျအောင်နေထိုင်နည်းတို့ပေါ့"

"ဟယ်…တကယ်"

"တို့တွေကျတော့ မသင်ရပါဘူးနော်"

"အေးလေ…အင်တာဗျူးအောင်ပြီးတာနဲ့ လုပ်ငန်းခွင်



www.burmeseclassic.com

www.burmeseclassic.com



တန်းဝင်ရတာ''

''နေပါဦး၊ သင်တန်းသူ ဘယ်နှယောက်ရှိလဲ''

''အဆင်း တစ်ယောက်တည်း''

အားလုံးရဲ့အကြည့်က အဆင်းမျက်နှာပေါ်မှာ။ အဖြေရှာနေတဲ့ပုံမျိုး။ ပိုပြီးဆိုးတာက သူမတို့တွေဟာ လစာထုတ်ပြီး တန်းမပြန်ကြဘဲနဲ့ အောက်ထပ်က အဆင်းကို စောင့်နေခြင်းပင်။

''အဆင်းညို…လစာဘယ်လောက်ရလဲ''

''ရှစ်သောင်းခွဲလေ၊ အတူတူပဲမဟုတ်လား''

အဆင်းမေးတာ မဖြေ။ SUNDAY Brand တံဆိပ်ပါတဲ့ စက္ကူကြိုးတပ်အိတ်ကို စိုက်ကြည့်ပြီး…

''ဒီထဲကပစ္စည်းတွေ နင်ဝယ်လာတာလား''

''ဟင့်အင်း…တစ်လတစ်ခါပေးတဲ့ F.O.C တဲ့''

တစ်ယောက်နဲ့တစ်ယောက် အကြည့်က 'ကဲ…ငါ မပြောဘူးလား'ဆိုတဲ့ အဓိပ္ပာယ်တွေ ယှက်ဝင်နေပုံ။ အဆင်းက နားမလည်စွာ စိတ်ရှုပ်ထွေးလာရပြီး…

''ကဲ…ငါ့လည်း ပြောကြပါဦး၊ အားလုံးအတူတူပဲ မဟုတ်လားလို့''

''မတူဘူး အဆင်းညို''

ကြားရတဲ့အဖြေက အဆင်းအတွက် အံ့သြစရာ။

''ဟုတ်တယ်၊ တို့တွေရဲ့ လစာရင်းက သုံးသောင်း။ ပစ္စည်းရောင်းရတဲ့ကော်မရှင်ကို supervisor က twenty per-





cent ယူတယ်၊ တို့က ဆယ်ရာခိုင်နှုန်းရတယ်၊ ဒီတစ်လလုံး တို့တွေဆိုင်ခင်းရောင်းရတဲ့ငွေရော၊ လစာရောမှ ခြောက်သောင်းကျော်ပဲရှိတယ်၊ ပြီးတော့ F.O.C ပစ္စည်းဆိုတာ တို့လိုလူသစ်တန်းတွေအတွက် ခြောက်လတစ်ကြိမ်ရတာ၊ ဝင်တာ တစ်နှစ်ကျော်မှာ သုံးလတစ်ကြိမ်၊ မင်းလိုတစ်လတည်းနဲ့ မရဘူး၊ အဲဒါ တို့တွေအားလုံး သိထားတဲ့စည်းကမ်းပဲ''

အများနဲ့တစ်ယောက်မှာ အဆင်း သိထားခြင်းတွေက အလွဲကြီး လွဲနေပြီ။ ထိုအုပ်စုကပဲ အဆင်းအား ပြောသွားတဲ့ နောက်ဆုံးသတိပေးချက်က…

''နင့်ကံကောင်းမှုတွေကို ပြန်စစ်ဦး၊ ရိုးသားမှု ရှိမရှိဆိုတာ''

အဆင်း ပြောပြသမျှ နားထောင်ပြီး အချစ်က ခေါင်းကို ယမ်းသည်။

''ဒါဆို အင်တာဗျူးမအောင်ဘဲနဲ့ မမ အလုပ်ရတယ်၊ အလုပ်ရတော့လည်း လုပ်ငန်းခွင်မဆင်းရဘူး၊ ရတဲ့အခွင့်အရေးက သူများထက် ပိုသာတယ်၊ အဲဒီလိုမျိုးပေါ့''

''အေးပေါ့ဟယ်၊ သူတို့ပြောသလို ရိုးသားမှုမရှိရင်တော့ ဒုက္ခနော် အချစ်၊ အလုပ်ထွက်ပစ်လို့ကလည်း ရတဲ့ဟာက မက်လောက်စရာဆိုတော့''

''အဲဒီလောက်အထိ ဝါဒီပွားမနေနဲ့ မမ၊ မနက်ဖြန်ကစပြီး ဆိုင်ဆင်းရပြီဆို''



www.burmeseclassic.com

www.burmeseclassic.com



"အေး…Blazon တဲ့၊ အဲဒီက အရောင်းကောင်းတယ် ပြောတာပဲ"

"ကိုယ်လုပ်စရာရှိတာလုပ်ရင်း အခြေအနေ စောင့်ကြည့်ပေါ့၊ မမအတွက် အဆင်ပြေလွန်းနေတာတော့ ကိုယ့်ကံဇာတာ တက်တယ်လို့ သဘောထားလိုက်"

အချစ်က ပေါ့ပေါ့လေးပြောသည်။ အဆင်းရင်ထဲမှာတော့ လေးလံစူးနစ်ခြင်းများစွာနှင့် အော်ပြောမိတာက…

တက်တဲ့ကံဇာတာကလည်း ဒုံးပျံစီးလာသလိုပဲ၊ တရှိန်ထိုးကြီးလေ။

◆ ◆ ◆



## အခန်း (၄)

"အခြေအနေဘာထူးလဲ ဦးညီ"

"ထူးတာကတော့ အဆင်းညို ရိပ်မိသွားပြီဆိုတာပဲ"

"ကျွန်တော့်ကိုလား"

"အဲဒီအဆင့်အထိတော့ မရောက်သေးဘူးကွ၊ သူ့အလုပ်ဝင်တာ သုံးလရှိပြီ၊ ပုံမှန်မဟုတ်တဲ့ ဟာတွေကိုတော့ ရိပ်မိတာပေါ့၊ ဒါပေမဲ့ ဘာကြောင့်လဲဆိုတာတော့ သူ အဖြေရှာမရသေးဘူးနဲ့တူတယ်"

"သူ အဖြေမြန်မြန်ရအောင် ကျွန်တော်တက်က သဲလွန်စ တစ်ခုလောက် ပေးမှနဲ့တူတယ်"

ဦးညီက ခေါင်းညိတ်ထောက်ခံသည်။ သူ့မှာ မိဘတွေ မရှိတော့ကတည်းက ဦးညီဟာ နေရိပ်တို့ ညီအစ်ကိုရဲ့ လူယုံလည်းဖြစ်၊ အစစအရာရာ အားကိုးရတဲ့ ဆွေမျိုးရင်းခြာလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအသက်အရွယ်ထိ ရောက်လာပြီ။ မိဘလက်ငုတ်လက်ရင်း ဒီလုပ်ငန်းကို တိုးတက်အောင် ကြိုးစည်အားထုတ်တဲ့နေရာမှာ ဦးညီက တစ်ခန်းတကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့အပြင် အသက်ငယ်ငယ် အောင်မြင်မှုကြီးသော လုပ်ငန်းအရှိန်အဝါတွေကြားမှာ နေရိပ်ကို ပတ်သက်ဆက်စပ်ချင်သူတွေက အများသား။

"မင်းမှာ စည်းစိမ်ဥစ္စာပြည့်စုံပြီးသား၊ အောင်မြင်ကျော်ကြားမှုကလည်း ရှိပြီးသား၊ SUNDAY Brand ရဲ့ ပိုင်ရှင်ဟာ တကယ့်အနုပညာရှင်တွေလိုပဲ အောင်မြင်လာပြီ၊ လိုအပ်တာ မိသားစုဘဝပဲ၊ စစ်မှန်ခြင်းတွေကို ပေးနိုင်မဲ့ အမျိုးကောင်းသမီး တစ်ယောက်ကို မင်းလက်ထပ်ရမယ်၊ အဲဒီမိန်းကလေးမှာ ရွှေငွေ စည်းစိမ် ပညာတွေ မပါရင်နေ၊ ကိုယ်ကျင့်တရား ကောင်းရမယ်၊ စိတ်ထားဖြူရမယ်၊ အဲ···အရေးကြီးဆုံးက မင်းရင်ခုန်ရမယ် နေရိပ်"

အဲဒါ ဦးညီရဲ့ဩဝါဒ။ ဒါပေမဲ့ သူ့အသက်သုံးဆယ်ပြည့်ခဲ့ပြီ။ ဦးညီပြောတဲ့ ရင်ခုန်ခြင်းကို ရှာမတွေ့သေး။ ထိုအခါ ဦးညီက ထပ်သတိပေးလာပြန်၏။

"မင်းအသက် မငယ်တော့ဘူးနော် နေရိပ်၊ အခုချိန်မှာ မင်းအခြေကျမှ မင်းညီ လရိပ်အတွက် လမ်းကြောင်းပေးနိုင်မှာ"

တိုက်တွန်းစကားက ရင်ကိုထိတာမှန်ပေမဲ့ မချစ်တတ်သေးတဲ့ နှလုံးသားက အိပ်လို့ကောင်းဆဲ။ ဒါပေမဲ့ အခုတော့ နေရိပ်မှာ နှလုံးသားက နိုးထလာခဲ့ပြီ။ အချစ်နှင့် ရင်ခုန်ခြင်းက လိုက်ရှာစရာ မလို။ သူ့ထံ အလိုလိုဆိုက်ရောက်ခဲ့ပြီ။ ပျားရည်ရောင် အသား





ရောင်၊ စူးရှတဲ့အကြည့်နဲ့ ပါးလှပ်တဲ့ နှုတ်ခမ်းချွန်ချွန်လေးတွေပေါ် သူ့နှလုံးသားက အပြီးတိုင်ကြွေဆင်းသွားခဲ့တာဖြစ်သည်။ တတ်လေ့ ခါးစောင့်ရင်း ဆုံတွေ့မှုက ခဏတာဆိုပေမဲ့ စွဲမြဲခြင်းက ရင်ထဲမှာ တစ်ဘဝစာ။

"အဆင်းညိုမှာ ညီမတစ်ယောက်ရှိတယ်၊ မိဘတွေက တော့ အက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတာ မကြာသေးဘူး၊ သူ့ဦးလေး နဲ့ အဒေါ်အိမ်မှာနေတယ်"

သူမရဲ့ သတင်းအချက်အလက်တွေဟာ နေရိပ်အတွက် တော့ ကရုဏာဖြစ်စေတာအမှန်။

"မင်းရုပ်ရည်၊ အရည်အချင်း၊ ပိုင်ဆိုင်မှုတွေနဲ့ ဒီချာတိတ် မကို ဒီတိုင်းဝင်လုံးရင် လွယ်ပါတယ်"

ဦးညီ ပြောခဲ့တုန်းက သူ ခေါင်းယမ်းငြင်းဆန်ခဲ့သည်။

"သူ့မှာ မာနရှိတယ် ဦးညီ၊ ပြီးတော့ ကျွန်တော်ရင်ခုန်တဲ့သူ့ကို အရည်အချင်း ပြည့်ဝစေချင်တဲ့ စိတ်တစ်ခု ကျွန်တော့်မှာ ရှိတယ်၊ မိန်းမဆိုတာ ယောကျ်ားကို အားကိုးပြီး အိမ်တွင်းမှာပဲ တကုပ်ကုပ်စီမံနေတာမျိုး ကျွန်တော်မလိုချင်ဘူး၊ ကျွန်တော်နဲ့ ရင်ဘောင်တန်းပြီး မျက်စိဖွင့်နားစွင့်ပြီး လှုပ်ရှားတတ်တဲ့ မိန်းမမျိုး ဖြစ်မှ"

"လွယ်ပါ့မလား၊ အဆင်းညိုက ငယ်သေးတယ်"

"ပိုင်ဆိုင်ဖို့တောင် ရည်စူးထားပြီးပြီပဲ၊ ကျွန်တော်က အသေးစားကျေ(စ်)ပါ"



www.burmeseclassic.com

www.burmeseclassic.com



နေရိပ် ကြွေးကြော်ခဲ့တာဝါ။ တကယ်လည်း သူကြွေးကြော်တဲ့အတိုင်း ဖြစ်အောင်လုပ်ခဲ့သည်။ အခုတော့ နေရိပ်ပိုးသောပန်းဟာ အများအမြင်မှာ လန်းစွင့်ဝင့်ကြွားခဲ့ပြီ။ ထက်မြက်သော၊ သွက်လက်သော၊ ဖော်ရွေပျူငှာသော အခင်းညိုရဲ့ အမည်သည် SUNDAY Brand နှင့်အတူ ထင်ရှားလာခဲ့ပြီ။ အခင်းညိုကျသော ဆိုင်တွေကိုသာ သူမ customer တွေက ဝယ်ယူကြတာများ၏။ သူတို့အလှကုန်လောက၌ အရောင်းဝန်ထမ်းတွေဟာ တစ်နေရာတည်း တစ်ဆိုင်တည်း ပုံသေမရှိသလို အချိန်သတ်မှတ်ချက်ကလည်း တစ်လနှင့်တစ်လမကွာ။ SUNDAY Cosmetic ရဲ့ ကောင်တာကတော့ ထင်ရှားလှတဲ့ centre တွေမှာ ဖွင့်ထားတာချည်းပင်။ ဝန်ထမ်းများကိုလည်း တစ်လတစ်ကြိမ် ဆိုင်အလှည့်အပြောင်း လုပ်ပေးရတာမျိုး။ ဒီတစ်လ ဒီဆိုင်မှာ အခင်းညိုကိုတွေ့ရပြီး နောက်လ မတွေ့တဲ့အခါ customer တွေက မေးကြသည်။ အခင်းညိုရှိတဲ့ဆိုင်အထိ ဝယ်ယူ အားပေးကြ၏။ အဲဒါဟာ သူမရဲ့ ကြိုးစားအားထုတ်မှု အရည်အချင်းဆိုလျှင်။ ထိုအရည်အချင်းရှိတဲ့ အခင်းညိုကို နေရိပ် ရွေးရင်ခုန်ခဲ့တာ။ သူတော်သည်ဟုဆိုရမှာအမှန်။

◆ ◆ ◆

"စိတ်မရှိပါနဲ့ အန်ကယ်၊ ကျွန်မ လက်သင့်မခံနိုင်လို့ပါ"

အခင်း ပြန်တွန်းရွေ့လိုက်သော တိုက်ခန်းသော့တွဲမှာ ရှုတွေအားလုံးရဲ့ အကြည့်က ကပ်ပါသွား၏။ အဆိုးဆုံးက အန်တီခိုင်။

"အခင်းကလည်းအေ ကိုယ့်အရည်အချင်းရှိလို့ သူဌေးက ချောက်စားတာကိုပဲ ညည်းက ဘဝင်ကိုင်နေလို့ ဖြစ်မလား၊ ဒီခေတ်အခန်းတစ်ခန်းရဲ့ တန်ဖိုးက နည်းတာမှမဟုတ်တာ"

"အန်တီမိ"

အခင်းရဲ့ စူးရှတဲ့ခေါ်သံ။ သော့တွဲဆီ လက်လှမ်းနေတဲ့ ဒေါ်မိမိ လမ်းခုလတ်မှာ ရပ်တန့်သွား၏။

"လက်ခံ၏၊ လက်မခံ၏ဆိုတာ အခင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ အန်တီမိ မဆုံးဖြတ်ပါနဲ့"

မစွက်ဖက်နဲ့လို့ မပြောရုံတမယ်။ ဦးထွန်းညိုနှင့် သက်တူ ဒေါ်မိမိကို လက်ကုတ်သည်။ ငြိမ်ငြိမ်နေဆိုတဲ့သဘော။ ဒါပေမဲ့





www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းထဲက မည်သူမှ ထွက်သွားဖို့ ပြင်ဆင်တာမျိုးမရှိ။ စိတ်ဝင်စားစရာကောင်းတဲ့ မက်မောစရာ စကားဝိုင်းကိုး။

"အဆင်းညို့က SUNDAY ကို ရောက်လာတာ မကြာသေးဘူးဆိုပေမဲ့ SUNDAY ရဲ့ အကျိုးစီးပွားကို အတော်ကြီး တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဒါကို ဦးနေရိပ်ရောင်က အသိအမှတ်ပြုတဲ့အနေနဲ့ ပေးတာပါ၊ အန်ကယ် အာမခံပါတယ်၊ ဒီချီးမြှင့်မှုဟာ စေတနာသက်သက်ပါ၊ ဘာမှ မစွန်းထင်းဘူးဆိုတာလည်း ယုံစေချင်တယ်"

"စွန်းထင်းတာ၊ မစွန်းထင်းတာ အန်ကယ်တို့အပိုင်းပါ"

အဆင်းက ကုမ္ပဏီသူဌေးကြီးရဲ့ ကိုယ်စားလှယ်အဖြစ် ရောက်လာတဲ့ ဦးညီသွင်ဆိုသူကို ခပ်စေ့စေ့ကြည့်သည်။ မမှတ်မိစရာ အကြောင်းမရှိ။ အဆင်း အင်တာဗျူးဖြေတုန်းက အကဲဖြတ်အဖွဲ့မှာ ပါခဲ့တဲ့တစ်ယောက်။ အဆင်းက ရင်ထဲရှိ ပဟေဠိတွေကို ဒီမှာပဲဖွင့်ချရန် ဆုံးဖြတ်သည်။ ကိုယ်စားလှယ်ရဲ့ပါဝါဟာ သူဌေးလောက်နီးနီး ရှိနိုင်တဲ့အနေအထားပင်။

"ကျွန်မဘာက်ကလည်း လက်ခံတာ၊ ငြင်းဆန်တာ ကျွန်မအပိုင်းပါ၊ ဒီကုမ္ပဏီရောက်ကတည်းက ကျွန်မမှာ သာမန်ဝန်ထမ်းနဲ့မတူတဲ့ အခြေအနေတွေ ကြုံနေရတယ်၊ အများတကာက အခွင့်အရေးလို့ ယူဆပေမဲ့ ကျွန်မအတွက် ထောင်ချောက်ဖြစ်သွားမှာစိုးတယ် အန်ကယ်၊ အခွင့်ကြုံတိုင်းလည်း ကျွန်မအထက် လူကြီးတိုင်းကို မေးခဲ့ပါတယ်၊ အဖြေမရခဲ့ဘူး၊ အခုတော့ အန်ကယ့်ကိုပဲ မေးရတော့မယ်၊ အများနဲ့မတူဘဲ သင်တန်းပေးတာတို့၊ F.O.C အလှုကုန်တွေ လတိုင်းရတာ၊ ပင်ရင်းလစာ သူများထက် များနေတာ၊ အဲဒါဘာကြောင့်လဲ၊ ဘယ်သူ လုပ်နေတာလဲ၊ တစ်ခါတည်း အဖြေပေးသွားပါ အန်ကယ်"

ဦးညီသွင်က 'မလွယ်ဘူး'လို့ စိတ်ထဲက အော်ပစ်ချင်တော့သည်။ မာနကို မကြေညာပေမဲ့ နှုတ်ခမ်းနဲ့ မျက်ဝန်းတွေမှာ မာနရောင်က လက်လက်ထနေ၏။ ပြောတဲ့စကားက တိကျသည်။ မေးခွန်းမေးပြီး သူ့ကို ပြန်အကဲခတ်တဲ့ မျက်ဝန်းတွေမှာ 'မလိမ်နဲ့' လို့ ပြောနေသယောင်။ ဦးညီသွင်က လက်ဝါးနှစ်ဖက်ကို ပွတ်ရင်း စကားလုံးစီနေမိသည်။ အကြောင်းစုံသိပေမဲ့ ပြောပြလို့မဖြစ်။ အမိန့်တော်က သဲလွန်စပေးပြီး နေရိပ်ရှေ့အရောက် ပို့ပေးရန်သာ။

"အဟမ်း...ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကိုတော့ အန်ကယ် မဖြေပါရစေနဲ့၊ သမီးရဲ့ အခွင့်အရေးတွေ ဖန်တီးပေးတာကတော့ SUNDAY ရဲ့ MD ဦးနေရိပ်ရောင်ပါ၊ ဒီတိုက်ခန်းသော့လည်း သမီးပဲလက်ခံထားပါ"

"မဖြစ်နိုင်လို့ပါ အန်ကယ်"

"နားလည်ပေးပါ အဆင်းညို၊ အန်ကယ်က ကြားလူပါ၊ သမီး လက်သင့်မခံတာကို သူနဲ့တွေ့ပြီး ကိုယ်တိုင်ပြောပြတာ အဆင်ပြေပါလိမ့်မယ်"

အဆင်းရဲ့မျက်ဝန်းတွေ လက်ခနဲတောက်ပကုန်၏။ ရင်ခုန်မှုတွေ ကာယကံရှင်တွေ။ ဒါ နည်းလမ်းကျသည်။ အဆင်းက







www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ချက်ညိတ်ပြရင်း…

"ဒါဆို MD နဲ့ ဘယ်တော့တွေ့ရမှာလဲ"

"သူ ရုံးထိုင်မယ့်ရက်ကို အဆင်းညို့ရဲ့ စီနီယာကတစ်ဆင့် ဆက်သွယ်ပါ့မယ်၊ ကဲ…ခွင့်ပြုဦး"

နှုတ်ဆက်ပြီး ထွက်သွားသူရဲ့ ကျောနောက် အကြည့်တွေ တသီကြီး ကပ်ပါသွားသည်။ ခြံထဲက မောင်းထွက်သွားတဲ့ ငွေရောင် CYGINUS ကားကြီးကို ငေးမောကြတာ တအံ့တသြ။ အဆင်းက တိုက်ခန်းသော့ကို လှမ်းယူပြီး…

"အချစ်…အခန်းထဲသွားရအောင်"

ဒီတော့မှ အာရုံတွေက ဒီဘက်ပြန်လှည့်လာကာ…

"မမအဆင်း…အဲဒီလူကြီး ရှုတ်ပြတဲ့ ကွန်ဒိုက တကယ့် နာမည်ကြီးနော်၊ အဆိုတော်တချို့တောင် နေကြတာ၊ အောက်ဆုံး ထပ်က shopping centre ကြီး ဖွင့်ထားတာလေ"

"ဟုတ်ပ၊ ကေန္တ အဲဒီသူဌေးက ညည်းကို မျက်စိကျ နေသလားမသိဘူးနော်၊ ဒါပေမဲ့ သူ့လူယုံက အသက်ကြီးတော့ သူလည်း မငယ်နိုင်တော့ဘူး၊ အို…ဘာပဲဖြစ်ဖြစ် ကြီးရင်မှီတဲ့ တစ်သက်မှာ တစ်ခါကောင်းစားတာ အဆင်းရေ၊ စိတ်ကူးမလွဲနဲ့"

ထင်ကြေးနဲ့ စိတ်ကူးယဉ်နေတဲ့ သားအမိနှစ်ယောက်ကို အဆင်းက ကျောခိုင်းပစ်သည်။ လေးလေးထွန်းကတော့ ဘာတစ်ခွန်းမှမပြောရှာ။ ဒါပေမဲ့ ဦးလေးဖြစ်ပြီး အဆင်းတို့ရှေ့က ကာကွယ်ခဲ့တာမျိုးလည်းမရှိ။ အန်တီမိနှင့် သမီးရဲ့စကားတွေသာ



အတည်လို့ မှတ်ယူထားသော ဦးလေးဟာ ဒီအလုပ်စဝင်တုန်းက

"ညည်းယူနီဖောင်းက ဒါမျိုးကြီးလား၊ အင်္ကျီကလုံခြုံပေမဲ့ စကတ်က နောက်ကွဲကြီးနဲ့"

"နောက်ကွဲပဲ မြင်မနေနဲ့ ကိုထွန်းညို၊ ရှင့်တူမမျက်နှာ ကြည့်ဦး၊ ဆေးဆိုးပန်းရိုက်နဲ့၊ အရင်က အဆင်းညိုရဲ့ရုပ် ဘယ်ပျောက်သွားပြီလဲမသိဘူး၊ ဒီတိုင်းဆက်သွားလို့ကတော့ မြန်မြန် ချမ်းသာတာမဟုတ်ဘဲ လင်မြန်မြန်ရမှာ"

ဝေဖန်သံတွေက နားနှင့်မဆန့်။ ရင်ဘတ်ထဲ မျိုသိပ်ထား ရတာ ပြည့်လျှံလုနီးပါး။ အဆင်းကတော့ နှုတ်လှန်မထိုး။ ခုတို့ ငြိမ်တိတ်။ ဆတ်ဆတ်ကြဲ အချစ်သာ ကြားရင်တော့…

"အချစ်အစ်မ လင်မြန်မြန်ရတာ အရေးမကြီးဘူး၊ အန်တီ သမီး ရည်းစားပျောက်သောက်ထားတာမှ အရေးကြီးတာ၊ လင်ကဲ ရှုရင် တစ်ယောက်ပဲ၊ ရည်းစားကျတော့ အများကြီးထားလို့ရတာ မို့လေ"

ပက်ခနဲ ပြန်ပြောတတ်တာ။ အချစ်မှာ မျိုသိပ်တတ်တဲ့ စိတ်ဝါမယ။ အခုလည်း အဲဒီဇာက ပြလာပြီ။ ကိုယ့်အခန်းဆီတောင် မရောက်သေး။ ဒေါ်အချစ်ပိုတို့က အဆင်းလက်ထဲက သော့ကို ဆွဲယူပြီး…

"ကွန်ဒိုဆိုတော့ အချစ်တို့ မန္တလေးက တိုက်ထက်တောင် သာမှာနော် မမ၊ လက်ခံလိုက်ရင် ပြီးရော၊ အချစ်က ဒီအိမ်ကြီးမှာ မနေချင်တော့ဘူး၊ အရင်က ကျောင်းတက် ကျူရှင်သွားနဲ့ အချစ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်က အပြည့်ပဲ၊ အခု စာမေးပွဲပြီးသွားရော ဒီအခန်း မှိန်ကုပ်ကုပ်ထဲမှာ အချစ်တစ်ယောက်တည်း ပျင်းလည်းပျင်းတယ်၊ မနေချင်တာလည်း ပါတယ်”

ညီမဖြစ်သူက အဲဒီလို ရင်ဖွင့်တော့လည်း အဆင်းမှာ စိတ်မကောင်း။ ဒီညီမလေးကို စိတ်တိုင်းကျ မထားနိုင်လေခြင်းဆိုပြီး အားမရတာလည်း ပါသည်။ ဒါပေမဲ့ လက်ခံဖို့ကျပြန်တော့လည်း…

“မမ”

“ဟင်”

“အချစ်ပြောတာ မမအတွက် အခက်အခဲဖြစ်မယ်ဆိုခေါင်းထဲ ထည့်မနေနဲ့တော့၊ အချစ်က စာတွေထဲ ဖတ်ဖူးသလိုလေ အခွင့်အရေးသည် သင့်တံခါးကို နှစ်ကြိမ်မခေါက်ဆိုတာမျိုးဖြစ်မှာစိုးတာပါ၊ မမက လူကြီးပဲ၊ မမသဘော”

လိုချင်ပါတယ်ပြောရင် ငြင်းဖို့ပြင်ဆင်ပြီးသား။ ဒါပေမဲ့ ညီမက သိတတ်မှုနဲ့ ဆုံးဖြတ်ခွင့်ပေးတော့ ငြင်းရမှာ တွေဝေသွားသလို။ ဒါဟာ သူမရဲ့ ကံကြမ္မာတံခါးကို ခေါက်တဲ့ အခွင့်အရေးလား။ အခွင့်အရေးနောက်ကွယ်မှာ ဘာတွေရှိမလဲလို့ တွေးကြည့်တော့ မာနက ခေါင်းထောင်လာပြန်၏။ နောက်ဆုံးတော့ မရေရာသော ဆုံးဖြတ်ချက်က…

“MD နဲ့တွေ့ပြီး ကြည့်ရသေးတာပေါ့ အချစ်ရယ် မမလည်း ဒီအိမ်ကြီးထဲမှာ မနေချင်တော့တာ သေချာပါတယ်”





ဖြေသိမ့်စကားက အလိုလိုထွက်ကျသွားသည်။ တကယ်ဆို မပြတ်သားခြင်းရဲ့အစဟာ အဆင်းတို့ညီအစ်မရဲ့ အနာဂတ်အပြောင်းအလဲဆိုရင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒီမှာ တိုက်ခန်းသော့ပါ၊ ဘာလို့ လက်မခံတာလဲဆိုတာ တော့ ဦးညီသွင် ပြောထားပြီးသား ဖြစ်လိမ့်မယ်ထင်ပါတယ်"

အဆင်းက ရုံးခန်းကျယ်ကြီးရဲ့ ဆိုဖာပေါ် ခပ်တောင့် တောင့်ထိုင်သည်။ ပြောစရာရှိတာတွေ တလက်စတည်း ပြောချအေ မဲ့ ဦးနေရိပ်ရောင်ဆိုသူက တုန်လှုပ်ဟန်မပြ။ ပိုထူးခြားတာက အဆင်း ခန့်မှန်းထားသော အသက်အပိုင်းအခြား မရှိသေးသေ အသက်သုံးဆယ်တောင် မပြည့်သေးပေမဲ့ သူ့အသွင်ဟာ ခန့်ညား ရှိပြီး လူတစ်ဖက်သားကို ရှိန်သွားစေတဲ့ တင့်တယ်မှုမျိုးရှိနေတာ အမှန်။

"ကော်ဖီသောက်ပါဦး အဆင်းညို"

"ကျွန်မ သော့ပြန်လာပေးတာပါ၊ ခွင့်ပြုတယ်ဆိုရင် ကျွန်မ သိချင်တာလေးတွေ မေးချင်ပါတယ် ဦးနေရိပ်ရောင်"





"ခဏ…ကိုယ်အရင်ပြောမယ်၊ မင်း ကိုယ့်ကို မမှတ်မိ ဘူးလား"

စေ့စေ့ကြည့်ပြီး မေးသည်။ အဆင်းမှာ တအံ့တဩနှင့်

"ရှင်"

ယောင်အအနှင့် သူ့ကို ပြန်စိုက်ကြည့်နေမိတာ။ မျက်ခုံး ထူထူ၊ ကြည်စင်တဲ့မျက်ဝန်း၊ နှာတံစင်းစင်းနှင့် ထောင့်ချိုးညီတဲ့ နှုတ်ခမ်းတွေဟာ လူကြီးလူကောင်းတစ်ယောက်ရဲ့ ဥပမိမျိုး။ အပြာ ဖျော့ရှပ်အင်္ကျီနှင့် ပုံအိကျနေတဲ့ စတိုင်ပင်(န်)အညိုနုဟာ သူ့အသွင် ကို လတ်ဆတ်ရှင်းသန့်စေတာ အမှန်။

"သေချာစဉ်းစားပါဦး၊ မင်းနဲ့ကိုယ် တစ်နေရာမှာ ဆုံဖူး ပါတယ်"

"ဟို…အဲဒါကလေ"

အဆင်းက အခက်တွေ့သွားသလို။ မျက်ခုံးစပ်လေးအား လက်ညှိုးနှင့် ဖွဖွခြစ်ရင်း အဖြေရခက်နေသည်။ ဒါကိုပဲ နေရိပ် က သဘောတကျ ပြုံးပြီးကြည့်တော့ အဆင်းမှာ ရှက်ရှက်နှင့် ရှက်လွှာချပစ်ရ၏။ မေမေတို့ အသိမိတ်ဆွေတွေထဲကလား။ ဒါလည်းမဟုတ်နိုင်။ မေမေတို့လုပ်ငန်းနဲ့ ပတ်သက်သူတိုင်းဟာ အရွယ်ပိုင်ရှင်တွေမို့ ချမ်းသာတာမှန်ပေမယ့် သူ့လောက်တော့ ပေါ်လွင် ထင်ရှားတဲ့ ရုပ်ရည်မျိုးမရှိနိုင်။ အဆင်းဟာ အတွေးထဲ တစ်ယောက် ဆေါ်လာလိုက်၊ နှုတ်ခမ်းလေးကိုက်၊ ခေါင်းယမ်းထုတ်လိုက်နှင့် အာရုံများလျက်ရှိစဉ်…


www.burmeseclassic.com

www.burmeseclassic.com



"ကဲ…တော်ပါပြီ၊ မင်း memory ဒီလောက်ကောင်း မှန်းသိရင် ကျေနပ်ပါပြီ၊ မမှတ်မိတဲ့လူကို အစပြန်ဖော်ပေးရတာ ဖီး(လ်)အောက်စရာကြီးကွ"

"အဲဒီလိုတော့ သဘောမထားပါနဲ့ရှင်၊ ကျွန်မ တကယ် မမှတ်လို့ပါ"

နေရိပ်က အဆင်းကို ပြုံးစေ့စေ့နှင့် စိုက်ကြည့်သည်။ ချစ်စဖွယ်ကောင်းသော ကလေးငယ်အား အသည်းတယားယား ဖြစ်နေတဲ့ လူကြီးတစ်ယောက်ရဲ့ အကြည့်မျိုးနှင့်။

"ကောင်းပြီလေ…မင်း SUNDAY ကို စလာတော့ ဓာတ်လှေကားအတူတူစီးခဲ့တဲ့လူကို ရုပ်ပြန်ဖော်လို့ရလား"

အဆင်းက မျက်ခုံးနှစ်ခု ထိလုမတတ် ကွေးကာ စဉ်းစား ခန်းဝင်သည်။

"အင်း…အဲဒီတုန်းကတော့ လူတစ်ယောက်နဲ့အတူတူ ဓာတ်လှေကားစီးခဲ့တာ၊ အဆင်း သွားတဲ့အထပ်မှာပဲ သူလည်း"

စကားသံက တိခနဲပြတ်ကျသည်။ မျက်လွှာပင့်ပြီး နေရိပ် ထံ လှမ်းကြည့်တော့လည်း တစ်ထပ်တည်း။ ပြီးတော့မှ မျက်ခုံး နှစ်ဖက်ပင့်ရင်း…

"အဲဒီလူက ဦးနေရိပ်ရောင်"

နေရိပ်က လှစ်ခနဲပြုံးသည်။ အံ့သြနေသည့် နှုတ်ခမ်းပိုင် ပိုင်းလေးကို ရင်ခုန်စွာငေးရင်း…

"ဟုတ်တယ်…ကိုယ်ပဲ"





"ကြည့်စမ်း…ကျွန်မက SUNDAY ရဲ့ အကြီးအကဲ နဲ့ အတူလာပြီးမှ အဟောင်း အဲဒီတုန်းက အလုပ်ရဖို့ပဲ stress တွေ ဖိစီးနေတော့လေ"

"ဖြစ်တတ်ပါတယ်"

"ဒါဆို ဦးနေရိပ်ရောင်က ကျွန်မကို အလုပ်ရအောင် ကူညီတာပေါ့၊ အဲဒီလိုလား"

ကော်ဖီတစ်ကျိုက်မော့ရင်း ခေါင်းညိတ်ပြသည်။ ကြည်မွေ့ခြင်းတွေနဲ့ ဖြန့်ခင်းထားတဲ့ ဦးနေရိပ်ရောင်ရဲ့ မျက်နှာကို အဆင်းက ငေးရင်း ရင်ထဲမှာ အချက်ပေးခေါင်းလောင်းမြည်လာ သလို။ ရှိဝေတဲ့အကြည့်၊ ချိုရှတဲ့အပြုံးရဲ့ နောက်ကွယ်မှာ ဘာတွေ ရှိမလဲ။ ဦးနေရိပ်ရောင်ကိုငေးရင်း ရင်မောလာရတာ အလိုလို။ ဖျက်ဖျားမှာ တန်းစီထားတဲ့ မေးခွန်းတွေဟာ ဆွံ့အကုန်တာ အံ့သြ စရာ။

"ဆက်မေးစရာရှိရင် မေးပါ အဆင်းညို၊ မမေးတော့ ရင်လည်း ကိုယ်က ဖြေမှာပါ"

"ဟို…ကျွန်မ အလုပ်ရတာ၊ ပြီးတော့ ဒီတိုက်ခန်းနဲ့ အခြားအခွင့်အရေးတွေ ပေးတာက"

"တော်လွန်းတဲ့ ဝန်ထမ်းတွေကို အချိန်လပိုင်းအတွင်း အဲဒီလိုချီးမြှင့်တဲ့ ထုံးစံမရှိဘူး"

"ဒါဆို"

လည်ချောင်းပမှာ ပဟေဋ္ဌိက ဆို့တစ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးနေရိပ်ကတော့ အဆင်းလို တုန့်လှုပ်ခြင်းမရှိ။ ဆွံ့အခြင်းကင်းမဲ့စွာ။ ကြိုတင်ပြင်ဆင်ထားတဲ့ သူတစ်ယောက် ပီသစွာနှင့်...

"ကိုယ်...မင်းကို လက်ထပ်ချင်တယ် အဆင်းညို ကိုယ့်ဘဝမှာ ပထမဆုံး လက်ထပ်ခွင့်တောင်းရတဲ့ မိန်းကလေးက မင်းပါပဲ"

"ရှင်"

နွေခေါင်ခေါင်မှာ မိုးကြိုးအတွဲလိုက် ပစ်ချလိုက်သလို။ မယုံချင်စရာ ကံကြမ္မာက ပဥ္စလက်ပြကွက်ဆန်းဖြင့် အဆင်းထံ ဆိုက်ရောက်လာခဲ့ပြီ။ ဝမ်းသာရမှာလား၊ ပျော်ရမှာလား၊ လက်ခံရမလား၊ ငြင်းပယ်ရမလား အစရှိတဲ့ ဝေခွဲမရခြင်းတွေက အဆင်းခန္ဓာကိုယ် အနှံ့အပြားမှာ မြွှားတံတွေလို စူးဝင်လို့။

ပုံသေနည်းနဲ့ တွက်လို့မရတဲ့ ပုစ္ဆာတွေထဲမှာ ဘဝပုစ္ဆာက ထိပ်ဆုံးက ပါနေခဲ့သည်။

◆ ◆ ◆

"အာ...လက်မထပ်ချင်ဘူး၊ ဖေဖေ့အလုပ်တွေထဲ လာမိုင်းနဲ့၊ စိတ်မဝင်စားဘူး"

"ဟဲ့...နင့်ဟာက အမျိုးမျိုးပါလား ပီယံ၊ မိန်းမမယူရ ရင်ပြီးရော၊ ကြိုက်တာခိုင်းဆို"

"အင်းလေ...အဲဒီစကားထဲမှာ ဖေဖေ့အလုပ်တွေ ကူပါ ဆိုလို့ တစ်ခွန်းပါလား ပြော"

"နင် စကားကို ကပ်မပြောနဲ့"

"မေထွင့်လည်း အချုန်နဲ့မ,မနဲ့"

"ဟွဲ"

ပြောမယ်ပြင်တုန်း အခန်းထဲကို ကိုကိုက ဝင်လာသည်။ [illegible]မပေါတပါ ရွှန်းနှင့် ထမင်းဟင်းတွေကို စုပြုံဆမ်း၊ ပါးစပ်ထဲ [illegible]သလို မိကြိုတ်ဝါးရင်း ဖအေကို လှမ်းကြည့်ပုံက မျက်လွှာပင် [illegible]သား။ ထွင့်ကလည်း အဲဒါမျိုးတွေ မကြိုက်။ ရှိသေလေးစားမှု [illegible]တာ ဘယ်မှာနေမှန်းမသိ။ ဒါကို ထွင့်ကပြောလျှင် ရွှင့်အလွန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဦးမည်။

"မေမေ့အလုပ်တွေကို မင်း မေထွေးက တစ်ယောက်တည်း မနိုင်တော့ဘူး သား"

"မေမေကလည်း အလကားရတိုင်း တိုးချဲ့မဆုံးဖြစ်နေတာကိုး"

"သားကို ခြေငြိမ်စေချင်တာလည်း ပါပါတယ်"

"အခုလည်း ဘာဖြစ်နေလို့လဲ မေမေရာ၊ ပုံမှန်အတိုင်း သွားလာစားသောက်တာပဲ၊ ကြားစကားတွေ နားမယောင်နဲ့မေမေ အဲဒီကြားစကားတွေကြောင့် ချုပ်ချယ်တာတွေ လာမလုပ်နဲ့ ကျွန်တော် ကလေးမဟုတ်တော့ဘူး"

ပြောတာမှ ပြတ်ပြတ်သားသား။ ဘယ်သူ့မျက်နှာကို မထောက်။ ဦးကြည်လင်ကသာ ကြားထဲက ထွေးကို အားနာသွား ရသည်။ ထွေးကတော့ ကြားရဖန်များ၍ ထိုစကားမျိုးကို ခံစား တော့ဟန်မတူဘဲ…

"နင် ဘွဲ့တစ်ခုလည်းရပြီ၊ ဒီလိုပဲနေလို့ မဖြစ်တော့ နင့်ပြဿနာတိုင်းလည်း လိုက်မရှင်းပေးနိုင်ဘူး"

"ကျစ်…အဲဒါတွေ စိတ်ပျက်တာ၊ ဘွဲ့ရတာနဲ့ပဲ အ လုပ်၊ မိန်းမယူရမှာလား၊ ကဲ…ပြော၊ အဲဒါ ဘယ်သူထုတ် တဲ့ သီအိုရီလဲ၊ လိုက်နာဖို့မဟုတ်ဘူးနော်၊ ထုတ်တဲ့လူကို ရိုက် မလို့"

"သား"





မေမေ့ခေါင်းကြောင့် စကားကို တုန့်ပစ်ရသည်။ ပြောချင်တိုင်း ပြောခွင့်ရမည်ဆိုလျှင် ဘယ်လောက်ကောင်းမှာပါလိမ့်။ နေရာတကာ ဆရာကြီးလုပ်၊ အကွက်ချ စီမံတတ်သော မေထွေးဆို ဝိယံက အမြင်ကတ်ခြင်းနှင့် ရောထွေးကာ ဆန့်ကျင်ပြီးသား။ ထိုထဲ၌ ရောဂါသည် မေမေတော့မပါ။

"မင်းကို စီးပွားရေးတစ်ခုခု လုပ်စေချင်လို့ ပြောနေတာ"

"ကျွန်တော်လုပ်ချင်တာ ပြောရမလား မေမေ"

"ကဲ…ပြောကွာ"

ပြုံးပြီး မေမေက ခေါင်းညိတ်သည်။ 'ဘယ့်နှယ်ရှိစ' ဆိုတဲ့ အကြည့်မျိုးနဲ့ သူက မေထွေးကို လှမ်းကြည့်သည်။ အလကား ဘာသည်တာမဟုတ်တဲ့ အာဏာတွေ လိုက်ပေးနေတာ။

"အကျီဆိုင်ဖွင့်ချင်တယ်"

"ဘယ်လိုဆိုင်မျိုးလဲကွ"

မေမေက စိတ်ဝင်တစားမေးသည်။

"ယောကျ်ားလေးအသုံးအဆောင်တွေချည်း ရောင်းတာမျိုးပေါ့ မေမေ၊ ဦးထုပ်၊ မျက်မှန်ကစလို့ ဖိနပ်အထိပေါ့၊ ဘန်ကောက် ဘို့ ဂျပန်တို့က ပစ္စည်းတွေ တိုက်ရိုက်တင်ရောင်းမှာမျိုး"

"မင်း ဝါသနာပါရင် ချပေါ့ ငါ့သားရ၊ ဒီတိုင်းလည်း တိတ်ဝတ်လိုက်၊ ရည်းစားထားလိုက်နဲ့ လုပ်နေမဲ့အစား ဆိုင်လေး တစ်ဆိုင် ဖွင့်တော့လည်း ငါ့သား ဣန္ဒြေရသွားတာပေါ့"

ထွေးကတော့ အဲဒီသားအမကို စိတ်ကုန်စွာ စိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ကိုယ်မကျွမ်းကျင်တဲ့ လုပ်ငန်းတစ်ခုကို အစဖျိုးမဲ့အစား ကိုယ်ကျွမ်းကျင်တဲ့ မိဘလုပ်ငန်းထဲပဲ ပါဝင်စေချင်တာ။ ဒါပေမဲ့ သားက တစ်ခွန်းပြော၊ တစ်ခါခေါင်းညိတ်ဖို့ ဝန်မလေးတဲ့ ဦးကြည်လင်ကြောင့်။

"ဆိုင်မဖွင့်ခင်တော့ လေ့လာရေးသဘောမျိုးနဲ့ ဘန်ကောက်ကို ထွက်ဦးမှ ဖေဖေ"

"ဟာ…အဲဒီလောက်အထိ လိုသလားကွ"

"လိုတာ၊ မလိုတာက ကိုယ့်သတ်မှတ်ချက်လေ၊ လောလောဆယ်တော့ ခရီးသွားချင်တယ်၊ နေရာက ဘန်ကောက်"

ဦးကြည်လင်က မျက်နှာပေါ် သွေးရောင်လွှမ်းလာတဲ့အထိ ရယ်သည်။ ထွဋ်ကတော့ နှခေါင်းကို သိသိသာသာရှုံ့ပစ်ရင်း…

"ဗိုယံ…ဓာတ်လမ်းထွင်တာကိုကို"

မနေနိုင် မထိုင်နိုင် ဝင်ပြောမိသည်။ ဒါတောင် ဗိုယံတို့က ရုပ်တည်နဲ့ ပြောသွားသေးတာက…

"ကုသိုလ်ကံကိုက ထူးပြီးသား၊ အလုပ်တွေ ကျုံးလုပ်စရာမလိုဘူး၊ လုပ်ချင်စိတ်ရှိရုံနဲ့ နိုင်ငံခြားအထိ ခြေဆန့်လို့ရတယ်"

ဒီက ကျုံးလုပ်ပေးလို့ ဒင်း ခြေဆန့်လို့ရတာ ထည့်မပြော။ သူ့သားအပြောကို သူ့အဖေက သဘောကျသည်။ သူ့အဖေတို့ ထွဋ်က ချစ်ရတဲ့သူမို့ အံကြိတ်ကာ မျိုသိပ်ရင်း တစ်ခွန်းတော့ ပြောမိသေးတာ။





"လိုက်လည်းလိုက်တဲ့ သားအဖ"

ရယ်လို့လေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ပီယံ — အချစ်ပို — လရိပ်ရောင်



## အခန်း (၆)

"ဟာ…ဟော့လူ၊ စက်မသပ်နဲ့၊ မောင်း…မောင်း၊ အနောက်က လိုက်လာပြီ"

ရုတ်တရက်မို့ ပီယံ ကြောင်သွားသည်။ ကိုယ့်မာစီးဒီး အနောက်ခန်းကို အိခနဲ ပစ်ဝင်ထိုင်၊ ဇက်ကိုပုပြီး အော်နေတဲ့ ဆောင်မလေးကြောင့် သပ်ပြီးသားစက်ကို ပြန်နှိုးကာ မောင်းထွက်သည်။

"ဟာ…ဟိုမှာထွက်လာပြီ၊ မောင်းပါ သွက်သွက်လေး"

အော်တာကြောင့် ပီယံက အရှိန်တင်သည်။ သီးသန့် ဆောက်ထားတဲ့ ကားပါကင်ထဲမှ သူ့မာစီးဒီးက ဝေါခနဲ ဆောင့် ထွက်သွား၏။ နောက်ကြည့်မှန်က လှမ်းကြည့်တော့ ကားပါကင်ထဲ မှ ကိုကြည့်ဒီကြည့်နှင့် လူရှာနေဟန်တူသော လူရွယ်တစ်ယောက်။ ခိုးရောင်ကုတ်နှင့် စတိုင်ပင်(န်)ကို သေသပ်ကျနစွာ ဝတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မို့ လှူဆိုးလှူမိုက်ပုံလည်း မပေါ်ပါ။ ကားပါကင်ထဲမှ တော်တော်ဝေးဝေး ရောက်သွားတဲ့အခါ နောက်ခန်းက မရွှေချောက ခေါင်းထောင်ထသည်။ လှိုင်းအထပ်ထပ်ပေါ်အောင် ညှပ်ထားတဲ့ ဆံပင်ကတိုကပ်ကပ် ရွှေရောင်။ မျက်ခွံပေါ် တင်ထားတဲ့ ကာလာတွေကငွေရောင်လက်လက်ထကာ မျက်လုံးတစ်ဝိုက်က မည်းနေပြီးနှုတ်ခမ်းကျတော့ ဆိုးထားတာ အနီရဲရဲ။ နောက်ကြည့်မှန်က မျက်လုံးချင်းဆုံတော့ သူ့ကို ဟီးခနဲ ရယ်ပြသည်။ တစ်စုံတစ်ခုမေးရန်နှုတ်ခမ်းအပြင် ဆူညံစွာ မြည်လာတဲ့ ဖုန်းတီးလုံးသံ။ ဝီယံထံမှမဟုတ်။ နောက်ခန်းက မိန်းကလေးထံက။

"ဟွန်း…နှင်ကဆက်တယ်၊ ငါက ဝိတ်တယ်၊ ဘာဖြစ်လဲ၊ အလကားကောင် ဖုန်းဆက်တိုင်း ငါကိုင်ပါ့မယ်လို့ ထင်နေတယ်၊ အရူး"

စိတ်ရှုပ်ပေါက်သလို အနီရောင်နှုတ်ခမ်းတွေကို ချွန်ထော်ပြီး ပြောသည်။ သောဘီလည်း ဂရုစိုက်ဟန်မရှိ။ ဝီယံကတော့ တစ်သက်မှာတစ်ခါမှ မတွေ့ဖူးသည့် ကောင်မလေးကို စိတ်ဝင်စားစွာ ငေးရင်းက ကားကို လမ်းဘေးဆွဲရပ်သည်။

"ဟင်…ဘာလို့ရပ်လိုက်တာလဲ"

မေးပုံက ကိုယ်ကပဲ သူ့သွားရာ မောင်းပို့ပေးရမဲ့ဝတ္တရားတွေ ရှိနေသယောင်။ ဝီယံက ကိုယ်ကို တစောင်းလှည့်ပစ်သည်။ နောက်ခန်းက သူမနှင့်သူက အခုမှ မျက်နှာချင်းဆိုင်။

"ဆင်းတော့"



ခပ်ပြတ်ပြတ်တစ်ခွန်းတည်း ပြောမိသည်။

"ဟား…ရင့်လှချည်လား၊ ပို့မယ့်ပို့တော့ လမ်းမရောက်အောင်ပို့ပါ၊ ဒီကနေ လမ်းထိပ်အထိ အဝေးကြီးလျှောက်ရမှာညောင်းတယ်"

ကျူရှင်ပေါ် ပက်ခနဲ မှီထိုင်ပစ်တာများ သူ့ကိုယ်ပိုင်ကားသို့။ ဝီယံက ကုပ်ကပ်ပြီးနေတဲ့ ကောင်မလေးကို ကြည့်ကာစိတ်လည်းပျက်၊ ရယ်လည်းရယ်ချင်လာ၏။ တကယ်ဆို သူမပြောတာ သဘာဝကျသည်။ လမ်းမထိပ်အထိ မိနစ်နှစ်ဆယ်ကြာလမ်းလျှောက်ရမည်။ သူ့ကားနဲ့ဆို ငါးမိနစ်ပဲကြာမည်။ ဒါပေမဲ့ဝီယံမှာလည်း ချိန်းဆိုထားပြီးသား အလုပ်က အသင့်စောင့်နေ၏။ ဝီယံက တွေ့ခွင့်တောင်းထားပြီးမှ နောက်ကျတာမျိုး မဖြစ်ချင်ပါ။ အချိန်မလေးစားခြင်းဟာ ပထမဆုံးဆက်ဆံရေးမှာ ကသိကအောက်ဖြစ်သွားနိုင်၏။

"ငါ့မှာ အရေးကြီးတဲ့ appointment ရှိလို့ပါ၊ နို့မို့လမ်းထိပ်တင်မဟုတ်ဘူး၊ မင်းအိမ်အထိတောင် လိုက်ပို့လို့ရတယ်ကွ"

"ခင်ဗျား appointment က ဘယ်အချိန်နဲ့လဲ"

"ဆယ့်နှစ်နာရီ"

"ခင်ဗျား SUNDAY ကိုလာတာလား"

သူမပုံစံက သိလိုဇောများသွားပုံပင်၊ မှီထိုင်တာတွေတောင်ထပြီး ကိုယ်က ခပ်မတ်မတ်ဖြစ်လာ၏။





www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ…MD နဲ့ ချိန်းထားတာ"

"အာ…ခင်ဗျားက For Men Fancy Shop က ဦးဝီယံလား"

"အင်း…ဟုတ်တယ်၊ မင်းက ဘယ်လိုလုပ်သိလဲ"

ဝီယံက မျက်ခုံးထိလုနီးပါး ကျုံ့ရင်းမေးသည်။ ဒါကိုပဲ သူမက သဘောကျဟန်နှင့် တဟက်ဟက်ရယ်တာ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်လို့။

"ဟော့…ရယ်မနေနဲ့၊ မေးနေတာဖြေ"

"အင်း…ဒီလိုပါပဲ၊ ခင်ဗျား ဘယ်လိုထင်လဲ"

"မင်း ဝတ်စားထားပုံနဲ့ အကြားအမြင်ဆရာမ မဟုတ်တာ တော့ သေချာတယ်"

ဒူးအထက်နားထိ ရောက်တဲ့ ဂါဝန်တိုက အဖြူရောင်။ ခါးအောက်မှာ အတွန့်လေးတွေနှင့် အထပ်ထပ်မို့ ကလေးဆန်နေ သလို။ အောက်က အနက်ရောင်လည်ရှည် ဘွတ်ဖိနပ်နှင့် ဆံပင်ပေါ် ပင့်တင်ထားတဲ့ နေကာမျက်မှန်အကြီးစားကို ဝီယံက ရည်ရွယ်ပြီး ပြောသည်။ သူမကတော့ မျက်နှာကြီး နီမြန်းလာတဲ့အထိ ရယ် ကောင်းတုန်း။ ပြီးတော့ ရယ်ရှိန်မသေသောအသံနှင့်…

"ခင်ဗျား ခန့်မှန်းတာ မှန်သားပဲ"

"ဒါဆို ထပ်ခန့်မှန်းမယ်၊ မင်းက အဲဒီ MD ရဲ့ စက္ကူထရီ လား"

"ဟာ…ဟ၊ ဒီရုပ်က အဲလိုပေါက်နေလို့လား"





"ဟ…ဒီလောက်အတွင်းကျတဲ့ကိစ္စကို သိတာ ဒါပဲဖြစ် မှာပေါ့"

"ထပ်ပြီး အတွင်းကျတဲ့ ကိစ္စပြောမယ်၊ ခင်ဗျားလာတာ for men အတွက် အမျိုးသားသုံး SUNDAY က ထုတ်ကုန်ကို ကောင်တာချချင်လို့၊ ဈေးနှုန်းညှိမယ်၊ စာချုပ်ချုပ်မယ်၊ ဒါပဲမဟုတ် လား"

ဝီယံက ခေါင်းညိတ်ပြသည်။ သူ့ခေါင်းထဲ စက္ကန့်မလပ် တွေးနေတာက သူမ ဘယ်သူဖြစ်နိုင်မလဲဆိုတာပင်။ သူမကတော့ ဝီယံအတွေးကို ရိပ်မိဟန်တူသည်။

"လျှောက်စဉ်းစားမနေနဲ့၊ အချိန်တန်ရင် အဖြေပေါ်မှာပေါ့၊ ခင်ဗျား appointment လုပ်ထားတဲ့ကိစ္စလည်း အောင်မြင်ပြီသာ မှတ်လိုက်တော့၊ အောင်မြင်မှု အထိမ်းအမှတ်အနေနဲ့ ရုပ်ရှင်လိုက် ကြည့်ပါလား၊ လက်မှတ်က နှစ်စောင်ဖြတ်ထားတာ၊ လွှင့်ပစ်ရမဲ့ အတူတူ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

ဝီယံ မျက်ခုံးတွေ ပင့်တက်သွားသည်။ ရဲတင်းလွန်းတယ် လို့ ထင်ရအောင်လည်း မျက်နှာက အဖြူထည်။ သူမပြောသော စကားတွေက ယုံရခက်၊ မယုံရခက်နှင့်မို့ သူ တွေဝေနေစဉ် ဒတ်(ရှ်) ဘုတ်ပေါ်တင်ထားတဲ့ သူ့ဖုန်းက မြည်သံထွက်လာ၏။ နံပါတ် ကြည့်တော့ မေထွဋ်။ ဟားခနဲအော်ကာ သူ့ကုရှင်ပေါ် ခေါင်းမှီ ချသည်။

"ခင်ဗျား မကိုင်ချင်တဲ့ဖုန်းများ ဖြစ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်ချင်တာမဟုတ်ဘူး၊ ပေါက်ကွဲချင်နေတာ၊ ဘွားတော်လေ"

"ကူညီပေးရမလား"

မျက်လုံးလေးဝင့်ပြီး မေးပုံက ဗီယံအတွက် ထွက်ပေါက်ရသွားသလိုပင်။ ဗီယံက ကျေနပ်စွာ ဖုန်းလှမ်းပေးသည်။

"ဟဲလို"

"ဟဲ့…ဒါ ဗီယံဖုန်းလေ"

နားထဲ ဆောင့်ဝင်လာတဲ့ အသံက အော်ကြီးဟစ်ကျယ်။ သူမက မျက်နှာလေးရှုံ့ပြီး ဖုန်းကို နားမှခွာရင်း…

"ဘာလို့စွတ်အော်နေတာလဲ"

"အောင်မယ်…ရာရာစစ၊ ညည်းကများ ငါ့ကို ပြန်အော်လို့၊ ညည်းက ဘယ်သူလဲ"

"ဗီယံအချိန်တွေကို အပိုင်စားရထားတဲ့သူ"

ပြောပုံက အပိုင်အနိုင်။ ဗီယံက အသံတိတ် လက်မထောင်ပြသည်။ ကောင်းတယ်။ ဒါမှ မေထွဋ်ကြီး ခံရမှာ။ သူနဲ့တွဲသမျှ မိန်းကလေးတိုင်းဟာ မေထွဋ်ဆို အသံကြားတာနဲ့ လန့်ကြတာများသည်။ သူမကတော့ ဆန့်ကျင်ဘက်ပင်။ ရဲရဲရင့်ရင့် ပြန်ပြောနေပုံကိုက လူရှိန်ချင်စရာ။ ရပ်တည်ကြီးနဲ့။

"ဟော့…ညည်းဟာညည်း ဘာပဲစားစား စိတ်မဝင်စားဘူး၊ ဗီယံနဲ့ လက်ထပ်ပေးမဲ့မိန်းကလေး အိမ်ရောက်နေပြီ၊ အခုလာတွေ့လို့ပြောလိုက်"





"လက်ထပ်မဲ့ မိန်းကလေး"

သံယောင်လိုက်ပြီး ဗီယံကို မေးဆတ်ပြသည်။ ဗီယံက အသံတိတ် လက်ခါပြ၏။ မေထွဋ်အစီအစဉ်ကို အစောကြီးကတည်းက သူသိပြီးသား။ ဆိုင်မှာဆို အကြောင်းပြချက် မကောင်းတာနဲ့ လာခေါ်ရင် ပါသွားရမှာ။ ထို့ကြောင့် SUNDAY က Product ကိစ္စတွေနှင့် ရှောင်လွှဲရန် စီစဉ်ထားရတာ။ မေထွဋ် ဖုန်းဆက်ပြီး ခေါ်ခဲ့လျှင် ဗီယံ ဒီမှာအစည်းအဝေး ထိုင်နေသည်ပေါ့။ အခုတော့ အထူးတလည် လိမ်စရာမလိုတော့။ အဖြစ်အပျက်တို့သည် ဗီယံအတွက် ရေကန်အသင့် ကြာအသင့်လို့ ဆိုရမည်။ ဗီယံက သူ့အား နိုက်ကြည့်ပြီး အဖြေတောင်းနေသည့် ကောင်မလေးကို ခေါင်းခါပြလိုက်သည်။

"အဲဒီမိန်းကလေးကို ပြောလိုက်၊ ဗီယံက လက်လည်း မထပ်ချင်ဘူး၊ အဲဒီကိုလည်း ရောက်လာမှာ မဟုတ်ဘူးလို့၊ အဆင်ပြေ သင့်တော်မဲ့ သတို့သားတစ်ယောက် အချိန်ရှိတုန်း ထပ်ရှာပါလို့၊ OK...seee you"

ဟန်ပါပါနှုတ်ဆက်ပြီး ဖုန်းပိတ်ချသည်။ ဗီယံက သဘောကျကျေနပ်စွာပြုံးရင်း…

"ဒါနဲ့ မင်းနဲ့ငါ ပေါင်းလို့ရပြီ၊ ငါက နှလုံးသားကို အဲဒီလို ပြီးစလွယ် သူများလက်ထဲ ထိုးမအပ်ချင်ဘူး"

ပြောကာ လက်ဝါးဖြန့်ပေးလျှင် သူမက အထာကျစွာ သူ့လက်ဝါးကို ဖြောင်းခနဲ ရိုက်ချပစ်၏။ အဲဒီနေ့ကမှ စတင်သိကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ဝီယံတို့နှစ်ယောက်ဟာ အတူတကွ ဟာသရုပ်ရှင်တစ်ကား ကြည့်ခဲ့သည်။ သူမသည် ပွင့်လင်းလွှတ်လပ်သော မိန်းမပျိုတစ်ဦး က အပြစ်မှလွဲ၍ အထင်သေးစရာ အကြည့်မျိုးနှင့် ကြည့်လို့မရတာ အသေအချာ။ အဝတ်အစားနှင့် နေပုံထိုင်ပုံက နိုင်ငံကြီးသားပုံစံ ပေါက်နေသည်။ ရုပ်ရှင်အပြီး လမ်းခွဲကြတော့···

“ငါ လိုက်ပို့ရဦးမလား ချာတိတ်”

“ရတယ်၊ တက္ကစီပဲ ခေါ်သွားတော့မယ်၊ ဒီမှာ visiting card၊ ဖတ်ကြည့်ပြီးရင် ခင်ဗျား သဘောပေါက်မှာပါ”

သေးနားလာတဲ့ တက္ကစီတစ်စင်းကို ဖမ်းတားသည်။ ကားရပ်တာနဲ့ ဖွေ့ခနဲဝင်ထိုင်ပြီး···

“Good Luck ဦးဝီယံ”

လက်ချောင်းလေးတွေ လှုပ်ယမ်းနှုတ်ဆက်သွားသည်။ ကားက ဝီယံရပ်နေသည့်ရှေ့မှ လျှောခနဲ မောင်းထွက်သွား၏ ဒီတော့မှ ကဒ်ကလေးကို ဖတ်ကြည့်မိသည်။

အချစ်ပို

**SUNDAY Cosmetic**

**Managing Director**

ဝီယံ အံ့သြသွားသည်။ ဒီလောက်အသက်ကလေးနှင့် သူမကို ပြန်မြင်ယောင်ကြည့်တော့ နုနုငယ်ငယ် ရုပ်ကလေး။ အမြွက် ဆုံးရှိမှ အသက် (၁၉)နှစ်။ (၂၀) ပေါ့။ အခုရထားတဲ့ ဘွဲ့ထူးက အကြီးကြီး။





“အချစ်ပို”

ဝီယံက နာမည်ကို တိုးတိုးရွတ်ပြီး ပြုံးမိသည်။ ထူးဆန်းစွာ တွေ့ဆုံပေးသော ဝီယံနှင့် အချစ်ပိုတို့၏ ကံကြမ္မာသည် အချိုးအကွေ့များနှင့် စောင့်ကြိုနေမည်သာ။

စိတ်ဝင်စားဖို့ ကောင်းမှာလည်း အသေအချာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ကြည်ဖြူနိုင်ပါတယ် ××× ဘယ်လိုဆိုးဆိုး ××× ငြိမ်
မှာကိုလေ ××× ရင်မှာစိုးလို့ ××× ကြင်နာသူသာ စေခိုင်းလို့
ကွယ် ××× မငြင်းရက်ပါဘူး ×××ဒါဟာ ချစ်လွန်းလို့ပဲ"

ဖမ်နူးရဲ့ သီချင်းထဲက ဒီအပိုဒ်လေးကိုမှ နားထောင်နေ
နေသည်။ မြူးကြွတဲ့ စည်းချက်ဟာ အချစ်သွေးကြောတွေမှတစ်ဆင့်
နှလုံးအိမ်ဆီ တဒိတ်ဒိတ် တိုးနေသလို ခံစားရ၏။ လမ်းခွဲခဲ့
နာရီပိုင်းမျှ ကြာခဲ့ပြီ။ ဒါပေမဲ့ ရှုတတဲ့ရယ်သံ။ သူ့အနား သင်း
နေတဲ့ ချိုအီတဲ့ ကိုယ်သင်းရနံ့တွေက စိုးမိုးထားဆဲ။ မျက်ခွံ
ဖိမှိတ်ချတော့ သူ့အသွင်က မဖိတ်ခေါ်ဘဲ ရောက်လာ၏။

"ကြည်ဖြူနိုင်ပါတယ် ×××× ဘယ်လို"

သီချင်းသံက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်
မျက်ဝန်းတို့ကို ဖွင့်ကြည့်တော့ သူ့မျက်နှာပေါ် စိုးမိုးကြည့်နေ
လရိပ်မျက်နှာ။

"ဖယ်စမ်းပါ"





တွန်းဖယ်ပြီး ရီမုတ်(ထ်)ကို ရှာသည်။ လရိပ်က သူ့လက်
ထဲမှ ရီမုတ်(ထ်)ကို မြင်သာအောင်ပြရင်း…

"ဒီမှာ ဒါပေမဲ့ ပြန်မဖွင့်နဲ့တော့"

"ဟ…နင် ဗလိုင်းကြီး အမိန့်တွေ လာပေးနေပါလား
အရိပ်၊ ဒါ ငါ့အိမ်၊ နင့်အိမ်နင်သွားပြီး အာဏာတွေသုံး"

အချစ်က ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော
အရိပ်အိမ်ကို မေးငေါ့ပြသည်။ တစ်ခြံတည်းမှာ အိမ်နှစ်လုံးဆောက်
ထားပုံက ဆင်တူ။ တစ်ထပ်တိုက်ပြားပြားလေးတွေဖြစ်ကာ အချစ်
အိမ်ခေါင်မိုးက အနီရောင်။ သူ့အိမ်ခေါင်မိုးက အပြာရောင်။ တစ်ခြံ
တည်းမို့ ခြံတံခါးက တစ်ပေါက်တည်း။ လရိပ်က အချစ်အိမ်ရှေ့
က ဖြတ်သွားပြီးမှ သူ့အိမ်ကိုရောက်သည်။ အချစ်က ခြံတံခါးနှင့်
မျက်နှာချင်းဆိုင်ကို ယူထားတာကို။ လရိပ်ကတော့ အချစ်စကား
ကို မကျေနပ်တဲ့အပြင် ရှုတည်တည် ခါးထောက်ပြီး ကြည့်သည်။

"နင်နဲ့ငါပတ်သက်မှုက သူ့အိမ်ကိုယ်အိမ်ခွဲခြားစရာတောင်
မလိုဘူး အချစ်၊ အဲဒါကို သဘောပေါက်"

"ဘာမှသဘောပေါက်စရာမလိုဘူး၊ နင်ပြောတဲ့
ပတ်သက်မှုတွေလည်း ငါစိတ်မဝင်စားဘူး"

ဆတ်ခနဲ ထရပ်သည်။ ပခုံးချင်းတွန်းတိုက်ပြီး ထွက်သွား
တော့ လရိပ်တောင် ယိုင်ခနဲဖြစ်သွား၏။ အဲဒီ အချစ်ဆိုတဲ့
ကောင်မလေးဟာ အမြဲတမ်း ဒီပုံစံပင်။ အလိုလိုက် အကြိုက်
ဆောင်လျှင် ကျေနပ်သည်။ တစ်ခါလောက် ကန့်ကွက်ပြီဆို သူ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေလို ဆက်ဆံတတ်တာ သူ့မအကျင့်။ လရိပ်ကလည်း ထိုအကြောင်းတွေ သိသိကြီးနှင့် ဥပေက္ခာမပြုနိုင်တော့လေ။

"အချစ်"

ကျောခိုင်းရပ် လှမ်းခေါ်သည်။ အချစ်က မထူး။ ဒါဆေ့ သူ့နောက်ပါး၌ ရှိနေဆဲဆိုတာ လရိပ် သိသည်။

"နင် ဒီနေ့ ဘယ်ကားပေါ် တက်သွားတာလဲ၊ ဘယ်သွား တာလဲ"

အချစ်က ပခုံးတွန့်ရင်း...

"နင်မေးလို့ ငါဖြေတာမဟုတ်ဘူးနော်၊ နင် လိုက်ထ မှန်းသိလို့ တွေ့တဲ့ကားပေါ် ပြေးတက်သွားတာ၊ ရပ်ရှင်သွားကြည့် တာလေ၊ ဘာဖြစ်လဲ"

"နင်တစ်ယောက်တည်းလား"

"နီး...သိပ်လန်းတဲ့ကိုကိုတစ်ယောက်နဲ့"

"အချစ်"

အော်ပြီး ဒီဘက်လှည့်တော့ လရိပ်နဲ့အချစ်က မျက်နှာ ဆိုင်။ အချစ် အပြုံးက 'ကြိုက်တာပြောစမ်း' ဆိုပြီး စိန်ခေါ်နေတဲ့ လရိပ်က အနီတောက်တောက်နှုတ်ခမ်းပါးတွေကို ငေးရင်း ကြောင့်မှန်းမသိ ရင်ထဲဆွေးသွားသည်။ အချစ်ကို စတွေ့ကတ က ကိုကိုနှင့်အတူ ပါလာကတည်းက သူ စွဲလမ်းသွားခဲ့ အသက်ချင်းကလည်း မတိမ်းမယိမ်း။ ဟိုနိုင်ငံမှာလည်း အဖော်ဆိုတာ မြန်မာအချင်းချင်း ရှားပါးတာကြောင့် အချစ်နဲ့





တတွဲတွဲ။ ဖွဲ့တည်တဲ့ သံယောဇဉ်ဟာ လေးနှစ်တာကာလအတွင်း မှာ ချစ်မြတ်နိုးခြင်းကို ပြောင်းခဲ့တာ။ ဒါကို ဖွင့်ပြောဝန်ခံတော့ အချစ်က လက်မခံ။

"အနေနီးစပ်ပြီးမှ ရင်ခုန်တာ အဲဒါ အချစ်မဟုတ်ဘူး၊ သာယာတာ၊ ရူးနှင့်ပြင်းရှတဲ့ ခံစားချက်တစ်မျိုးနဲ့ ရင်အခုန်မြန်စေ မှ အချစ်စစ်တာ"

ကိုယ့်ဒဿနနဲ့ကိုယ် ရပ်တည်တဲ့အထဲမှာ အချစ်က သာသည်။ သူ့ကို ပြတ်ပြတ်ငြင်းပေမဲ့...

"သံယောဇဉ်ရှိပါတယ်"

စကားတစ်ခွန်းနဲ့ ကျေနပ်ခဲ့ရတာချည်းပင်။ ဒါပေမဲ့ ထံကြမ္မာက သူ့ဘက်လိုက်သလား၊ သူ့ရင်ထဲက အချစ်တွေကို သုံ့အောင် မထိန်းနိုင်လို့လားမသိ မြန်မာနိုင်ငံသို့ သူရော အချစ်ပါ ပြန်ခင် မမနှင့်ကိုကိုက...

"မိဘမရှိကြတာချင်းလည်း တူတယ်၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်ကြတာချင်းလည်း တူတယ်၊ ဒီတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ရအောင် အဆောင်းဆီက ညီမတောင်းမယ်၊ ကိုယ့်ဘက်က ညီနဲ့ စေ့စပ်ထားချင်တယ်၊ အဆောင်းနဲ့ကိုယ့်လိုပေါ့၊ ဘယ်လိုလဲ အဆောင်း"

ကိုကိုက စပြောခဲ့တာ။ လရိပ်ကတော့ ကြိုတင်မသိထား တဲ့အချိန်မို့ ရင်တွေဘာတွေ ဗရမ်းဗတာခုန်။ လက်ဖျားခြေဖျားတွေ အေးပြီး အချစ်မျက်နှာကို ခိုးကြည့်ရတာ အခါခါ။



www.burmeseclassic.com

www.burmeseclassic.com



"အခေါင်းလည်း အဲဒီလိုပဲ ရည်ရွယ်ထားတာ ကိုရိုဝ်ဒါပေမဲ့ ညီမလေးဆန္ဒက အရေးကြီးတယ်၊ ဖြစ်တတ်တယ်လေ ကိုယ်က ကောင်းစေချင်လို့ စီမံပေမဲ့ ကိုယ့်ထက်ကောင်းတဲ့ အစီအစဉ်မျိုး သူတို့ရင်ထဲ ရှိတယ်တာပဲကို"

အဲဒီကတည်းက လရိပ်ရော ကိုကိုပါ သဘောပေါက်ပါသည်။ မမနဲ့အချစ်တို့ ညီအစ်မဟာ သိပ်ချစ်ကြတယ်ဆိုတာကိုလေ။ လူကြီးတွေ စီစဉ်တာကို အချစ်က ငြင်းခဲ့မယ်ဆိုရင်တောင် အချစ်မှာ သူ့ထက်ကောင်းတဲ့ ရွေးချယ်မှုမျိုးပဲ ရှိနေသယောင်။ ဒါပေမဲ့ အချစ်က မငြင်းခဲ့ပါ။ သူ့မမပခုံးကို မှီနွဲ့ပြီး…

"မမ ကောင်းသလို စီစဉ်ပါ၊ အချစ် လိုက်နာပါ့မယ် မမတောင် အချစ်အတွက် စွန့်လွှတ်ခဲ့ရတာတွေ အများကြီးကို အချစ်သဘောက မမ ဒါဆို ငြင်းဖို့မရှိဘူး၊ အဲဒါယုံ"

အပြောကဖြူးပြီး ဒီရောက်တော့ လုပ်နေတဲ့ပုံက အဆွေ့ အကောက်များစွာနှင့်။ လရိပ်အဖြစ်က ထိပေါက်ပြီး ထိလက်မှတ် ပျောက်နေသလိုမျိုး။

"နင်…ဘာလို့ သူစိမ်းတစ်ယောက်နဲ့ ရုပ်ရှင်သွားကြည့်ရတာလဲ အချစ်ရာ"

လရိပ်အသံက နမြောတသခြင်းတွေ အပြည့်။

"အဲဒီအရင်မှာ နင့်ကို ဦးစားပေးခဲ့တာပဲ"

"အရေးကြီးတဲ့ အလုပ်ကိစ္စရှိတယ်လေ"

"ဘာလဲ ဦးဝိယံနဲ့ တွေ့ဖို့လား"





"အေးလေ…နင်သိသားနဲ့"

လရိပ်အသံက ပျော့ပျော့ပြောင်းပြောင်းဖြစ်သွားသည်။ အချစ်ကတော့ ရယ်ချင်စိတ်ကို မျိုသိပ်ထားရသဖြင့် မျက်နှာက ချိုမချဉ်။

"အဲဒီလူ လာလား"

"မလာဘူး"

"မျှော်မနေနဲ့၊ သူတောင်းဆိုတာ ငါလက်ခံလိုက်ပြီ"

"အချစ် နင်က"

"ဟုတ်တယ်၊ သူနဲ့ငါ တွေ့ပြီးသွားပြီ၊ ငါ ရုပ်ရှင်သွားကြည့်တာ သူနဲ့လေ"

"အချစ်…နင် ရူးနေလားဟင်၊ အလုပ်ကိစ္စကို အဲဒီလို ဖွယ်လွယ်ဖြေရှင်းလို့ ရသလား၊ ဒါ ကလေးကစားနေတာမဟုတ်ဘူး အချစ်၊ ပြီးတော့ ခုမြင် ခုတွေ့လူနဲ့ နင်က ရုပ်ရှင်တောင် သွားကြည့်သေးတယ်၊ နင် ရူးသွားပြီ အချစ်ရဲ့၊ နင် ထင်ရာတွေ လျှောက်လုပ်မနေနဲ့"

"ငါ့ကို လာမအော်နဲ့၊ ထင်ရာလုပ်တော့ ဘာဖြစ်လဲ ပြော"

အချစ်က လက်နှစ်ဖက်ကို စုံတွဲလောင်းချပြီး လ‌ေသံသီးပါဆုပ်ထားသေးသည်။ အော်သံဟစ်သံကြောင့် နောက်ဖေးမီးဖိုချောင်က အရီက ပြေးထွက်လာရတဲ့အထိ။ အချစ်ကတော့ ဘယ်သူ့ ဂရုစိုက်။ မှန်တယ်ထင်ရင် ဆက်လုပ်တတ်တာ ယယ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က အကျင့်။

"ဒီကမ္ဘာကြီးမှာ နင်နဲ့ငါ ရာထူးချင်းအတူတူပဲ၊ နင် ဆုံးဖြတ်ခွင့်ရှိသလို ငါလည်း ဆုံးဖြတ်ခွင့်ရှိတယ်"

"ထားလိုက်…အဲဒီကိစ္စ၊ နင် ဘာလို့ ခုမြင်ခုတွေ့လူနဲ့ လိုက်သွားရတာလဲ၊ နင်နဲ့ငါ့ကို မမတို့ ဘယ်လိုစီစဉ်လဲဆိုတာ နင်အသိဆုံး"

"သွားစမ်းပါ"

ခေါင်းကို ဆတ်ခနဲခါတော့ ဆံပင်တိုတွေက ဖွာခနဲ လွင့်ထွက်ကုန်၏။

"ငါ့ကို အဲဒီစကားတွေနဲ့ ချည်တုပ်ဖို့ မကြိုးစားနဲ့၊ ငါ့အစ်မနဲ့ နင့်အစ်ကိုရဲ့ ပတ်သက်မှုက ဘာလဲ၊ သူတို့တောင် မခိုင်မာသေးဘဲနဲ့ ငါ့ကို အငြိမ်းယားလာမခင်းနဲ့ လရိပ်"

"နင် ဒီလိုမပြောနဲ့၊ မမနဲ့ကိုကိုက စေ့စပ်ပြီးသား"

လရိပ်က အသည်းအသန် ထပ်ပြောသည်။ ပြောသွားပုံက လရိပ်နှင့် အချစ်ဆိုတာ ပတ်သက်မှုမရှိတဲ့လူတွေလို။ အချစ်က မရယ်ချင်ဘဲ သူ့မျက်နှာကိုကြည့်ကာ တဟားဟား ထရယ်သည်။ လျောင်ရိပ်စွန်းတဲ့ နှုတ်ခမ်းတွေဟာ သူ့အသက်ကို နုတ်ယူမည့် ခေတ်ပေါ်လက်နက်ဆန်းတစ်ခုလို။

"ဟား…ဟား ရယ်ရတယ်၊ လက်ထပ်ထားပြီးတဲ့သူ တောင် ကွဲကြသေးတာပဲ၊ နင်နဲ့ငါ့ ဇာတ်လမ်းက အဝေးကြီးမှာ"

"နင်…အဲဒီလိုမပြောနဲ့ အချစ်"





"နင်က ပိုင်ဆိုင်ကြောင်းတွေ အရင်စပြောတာ"

လရိပ်က မေးရိုးတွေ ကားသွားအောင် အံကြိတ်ပစ်သည်။ နှလုံးသားမှာ ပူနေတာများ မီးစနှင့်ထိုးထားသလို။ မရေမရာနှင့် ဒီလို လက်လွှတ်ရမှာလား။ မြတ်နိုးမဝတဲ့ အချစ်မျက်နှာလေးဟာ ဆုံးရှုံးမှုကြောက်သော လရိပ်အတွက် မစွန့်ရက်ချင်စရာ။ လရိပ်က တံခါးဝနားအထိ လျှောက်သွားသည်။ ဒါကိုပဲ အေးအေးလေး ရပ်ကြည့်နေနိုင်သူက အချစ်။ တံခါးနားရောက်မှ လရိပ်က ခြေစုံရပ်သည်။ ဒါပေမဲ့ နောက်ကြောင်းကို ပြန်လှည့်မကြည့်တော့ဘဲ…

"ဘယ်လိုပဲဖြစ်ဖြစ် ငါ နင့်ကိုချစ်တယ်၊ ပိုင်ဆိုင်ဖို့လည်း ကြိုးစားမှာပဲ၊ သတိမှတ်ပြီးသား၊ နင်က ငါ့ဇနီးလောင်းဖြစ်ရမဲ့သူ"

"သေလိုက်တော့ လရိပ်"

တုံ့ပြန်ခြင်းမရှိဘဲ အိမ်ထဲက လရိပ်ထွက်ခဲ့သည်။ နောက်ပါးမှ အရီရဲ့ ချော့မော့ဖျောင်းဖျသံတိုးတိုးက မခေါ်ဘဲ သူ့နောက်က ပါလာသည့်နှယ်။ ဘောင်းဘီအိတ်ထဲ လက်နှိုက် လျှောက်ရင်း ဗီနပ်ဦးထိပ်က မြင်မြင်ရာကို လွှဲကန်ပစ်သည်။

ငါ့အချစ်ကိုမြင်ပါရက်နဲ့ မဆိုင်သလို နေနိုင်တာ။ ဘာကြောင့်လဲ အချစ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"စိတ်လျှော့ပါ အချစ်ရယ်၊ အဲဒီလို မပြောပါနဲ့၊ သမီး... မမကို ချစ်တယ်ဆို၊ မမ စိမ်တာ နာခံမယ်ဆို"

"နာခံတာသပ်သပ်၊ သူပြောတိုင်းမခံတာ သပ်သပ်... အရီ၊ မမစကားကို နားထောင်တာ မှန်တယ်၊ ဒါ မမက အချ... အတွက် ပေးဆပ်ခဲ့လို့"

ဝေ့ခနဲတက်လာတဲ့ မျက်ရည်ကြည်တွေကို မျက်တော... နှင့် ပုတ်ခတ်သိမ်းဆည်းသည်။

"ဒါကတော့ကွယ်"

အရီက လှူကြီးဝိဝိ နှစ်သိမ့်ဖို့ စကားလုံးရှာသည်။ ဒါ... နှစ်သိမ့်စရာမှ မရှိတာ။

"မမကို မက်လုံးတွေပေးပြီး အပိုင်ချုပ်ပစ်တာ အ... မမသာ လွတ်လပ်သူဆိုရင် အချစ်တို့ ဒီလိုတောင် ခွဲနေရမှာမဟု...





ဘူး။ အခုဆို အချစ်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီ၊ ဒီလိုမနေနိုင်တောင် ဒီထက်တော့ မနိမ့်ကျဘူး"

"အခုလည်း အဆင်းက နော့စပ်ရဲ့အဆင့်ပဲလေ၊ မလွတ်လပ်မှ မဟုတ်တာ"

"ဟွန့်"

ဆေးသား မပြယ့်တပြယ် နှုတ်ခမ်းသားက မဲ့ကျသည်။ နှုခြင်းကြားမှာ ဝမ်းနည်းခြင်းက ရောပါပြီးသား။

"နော့စပ်ထားပေမဲ့ သူ့အတွင်းရေးမှူးဘဝနဲ့ နေရတာလေ၊ ဘာတယ်ချစ်ရိုးမှန်ရင် သူ့ဘဝမြင့်မားအောင် လုပ်ပေးရမှာ၊ အခုတော့ အပိုင်သိမ်းဖို့ နည်းနည်းလောက် ချကျွေးတာမျိုး၊ သူက ဆေးလိုက်ရတော့ ဘာမဟုတ်တာ၊ ကိုယ်ပေးရတော့ တစ်ဘဝလုံး"

အရင်ကတော့ ကလေးစိတ်နှင့် တိုက်ခန်းတွေ ဘာတွေ ပေးတော့ လိုချင်သား။ ပြီးတော့ မမသူဌေး ဦးနေရိပ်ရောင်ဆိုတာ အသက်လည်းမကြီးသေး။ သုံးဆယ်ဝန်းကျင်မို့ မမနှင့် လိုက်ဖက်သည်လို့ တွေးခဲ့သေးတာပင်။ ဥပမိရုပ်ကလည်း ခေသူမဟုတ်၍

"သူလက်ထပ်ခွင့်တောင်းတာ မမလက်ခံလိုက်ပြီ"

ကြားစက ပျော်ခနဲ ဟားခနဲ ထအော်ခဲ့သည်။ အဲဒီတုန်းက မမမျက်ဝန်းထဲ အရည်ကြည်တွေ လဲ့နေတာတောင် မျက်ရည်သို့မထင်ခဲ့။ အချစ်ရိပ်ကြောင့် ရွှန်းလဲ့နေသည်ပဲ တွေးခဲ့တာ။ ဆေးလေးထွန်းတို့ အိမ်ကနေ ထွက်လာပြီး မမနှင့်အချစ်ကို နိုင်ငံခြားအထိ ခေါ်သွားခဲ့သည်။ စည်းစိမ်ဥစ္စာ၊ ရာထူးရှိန်ဝါတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မမ စိတ်ချမ်းသာမည်လို့ ထင်ခဲ့ပေမဲ့ တကယ်တမ်းတော့…

"မမ သူ့ကို ချစ်လို့မရဘူး ညီမလေးရယ်"

အချစ်ရင်ထဲ နင့်သွားရသည်။ အချစ်တို့ကတော့ နာမည် လိုက်အောင် အချစ်ကို ကိုးကွယ်ချင်တဲ့သူ။ ထို့ကြောင့်…

"ချစ်လို့မရလည်း လက်မထပ်နဲ့ မမ၊ အိမ်ထောင်တစ် မှာ ငွေကြေးချည်း အရေးမပါဘူး၊ အချစ်က အဓိကအကျဆုံး မမ စဉ်းစားကြည့်ဦး၊ မချစ်ဘဲ သူနဲ့မမ တစ်ဘဝလုံး အတူ ဘယ်လိုနေသွားမလဲ"

အချစ်က ကလေးဆန်ဆန်ပြောတော့ မမက ပြုံးသည် အချစ်လက်တွေကို မမက အုပ်မိုးဆုပ်ကိုင်ရင်း…

"ဒါပေမဲ့ သူပေးတဲ့အရှိန်အဝါက မမတို့ဘဝကို ပြော လဲသွားတာ အမှန်ပဲ အချစ်ရယ်၊ ညီမလေးကို မိဘမဲ့တဲ့အ ချို့တဲ့ခြင်းတွေပါ မမ ထပ်မပေးချင်တော့ဘူး၊ သူနဲ့လက်ထပ် အချိန်ခွဲထားတာလည်း အဲဒါအဓိကပဲ၊ မမ ညီမလေးက ငယ် တယ်၊ ပက်လွှတ်လို့မရသေးဘူး၊ ညီမလေးကို စိတ်ချရတဲ့ အ ရောက်မှ နိုင်မာတဲ့လုပ်ငန်းတစ်ခု ထူထောင်ပေးမယ်၊ အ ကိုယ့်စီးပွားနဲ့ကိုယ် မျက်နှာမငယ်ရမှာ"

"အခု မမက မျက်နှာငယ်နေရတာပေါ့"

"စိတ်သွားတိုင်း ကိုယ်မပါတော့ဘူးပေါ့ အချစ် အချစ်ကိုတော့ အဲဒီလို မဖြစ်စေချင်ဘူး၊ သူများဝိုက်ဆံနဲ့ ဈေး ပြီး အမြတ်ကို ကိုယ့်ဟာကိုယ် ယူတာမျိုးလေ၊ သူ့အထောက်





နဲ့ အချစ်ကို ကိုယ်ပိုင်လုပ်ငန်း ထူထောင်ပေးမှာ"

မမရင်တွင်းကို မြင်ရတဲ့အခါ ဖြစ်ရလေခြင်းရယ်လို့ အော်ဟစ်ငိုပစ်ချင်တာပါပဲ၊ အချစ်တို့ မမြတ်ပါဘူးမမရယ်။ မမကို ပေးလိုက်ရတာ အချစ်တို့ ရှုံးတောင်ရှုံးသေးတာလို့ စိတ်ထဲက အရွတ်မိတာ အကြိမ်ကြိမ်။ မမကိုတော့ ဖွင့်မပြောရက်ခဲ့ပါ။ စိတ်မ ကောင်းဖြစ်သွားမှာ စိုးရိမ်လို့ဖြစ်သည်။

"ငါက နှလုံးသားကို သူများလက်ထဲ ပြီးစလွယ်ထိုး အပ်ချင်ဘူး"

ဒဿနဖွင့်သွားတဲ့သူရဲ့ ရုပ်သွင်က အချစ် အာရုံထဲ လာငြိ မီး အဲဒီ ဦးဝီယံလို သတ္တိရှိခဲ့ရင် သိပ်ကောင်းမှာပဲ။ သူက သတ္တိရှိပုံမက ခပ်မိုက်မိုက်ဒီဇိုင်းနှင့်။ တီရှပ်အနက်ပေါ် ကုတ်အနက် ကို ရင်ဖွင့်ဝတ်ကာ ဂျင်းပင်(န်)တစ်ထည်နှင့် သူ့ပုံစံဟာ အချစ်ရင် ကို ထိတာအမှန်။ ဆားဘက်ဆံပင်တွေကို အထောင်ဆံပင်မှာ အရောင်က ရွှေအိုရောင်မှောင်လဲ့နေတာမို့ သူ့ရုပ်သွင်က ကြွတက် သွား၏။ ဝီကေကို ခပ်ဖိဖိဝါးတတ်တဲ့ သူ့ထံက စီးကရက်နံ့နှင့် ခိုးဆိတဲ့ရနံ့ဟာ ရောထွေးပြီး အချစ်နှလုံးသားကို ကိုင်လှုပ်တတ် တာက ထူးခြားလွန်းသည်။

အဲဒီလို ရဲရင့်တဲ့ သူကို မမနဲ့ ပေးတွေ့ချင်သည်။ မမကို သူလို ပြတ်သားရဲအောင်။ ပြီးတော့ အချစ်နဲ့ပတ်သက်တဲ့သူလို တော်ခြာချင်တာ။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးရင်း အခုနက ဒေါသော ပေနင်ရာပါသွားတဲ့ တိမ်တစ်စလို။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက အစွမ်းထက်တယ် ဦးဝီယံ။ တစ်ခါတွေ့ရုံနဲ့ မေ့မရအောင် ပြုစားနိုင်လို့လေ။

◆ ◆ ◆

"တို့အချစ်ကို ×××မြင်နေပါရက်နဲ့ ×××× မဆိုင်သလို သူ နေနိုင်ရက်တယ် ××× ကြည်ဖြူနိုင်ပါတယ် ×××× ဘယ်လို ဆိုးဆိုး ပြုံးပြင်မှာကိုလေ ရင်မှာစိုးလို့ ××× ကြင်နာသူ လိုရာစေ နိုင်းလိုက်ကွယ်"

ကားတံခါးဖွင့်ပြီး ခြေချကတည်းက ဒီသီချင်းကို ကြားရတာဖြစ်သည်။ ဝီယံက ကားသော့ကို ရီမုတ်(ထ်)နှင့် လှမ်းပိတ်သည်။ ကြားရတဲ့သီချင်းသံက သူ့ကားဘေးနားမှာ ပါကင်ထိုးထားတဲ့ အမိုးဖွင့်ပြိုင်ကား အဝါတောက်တောက်လေးဆီမှ ခုန်ပေါက်ထွက်လာတာ။ ကားပေါ်မှာတော့ လူမရှိပေ။ ထူးဆန်းသဖြင့် ဝီယံ မျက်မှောင်ကျုံ့သွားသည်။ လူမရှိဘဲ သီချင်းဖွင့်ထားတာမျိုး သူ တစ်ခါမှ မကြုံဖူး။ ရှိစေတော့။ သူ့အကြောင်းနဲ့သူ။ စိတ်ကို ဖြေတွေး ပြီး စမ်းနုးသီချင်းမြူးကြွကြွကို ထားပစ်ခဲ့သည်။ ပလာဇာအပေါ် ထပ်မှာ သူ့ဆိုင်ဖွင့်ထားသည်။ Dagon Centre နဲ့ လပြည့်ဈေး ပလာဇာ အပေါ်ထပ်မှာလည်း For Men (2) နဲ့ (3) ဆိုပြီး





www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခွဲဖွင့်ထားပေမဲ့ ပလာဇာကို ဝီယံပဲ ထိုင်တာများသည်။ လုပ်စ က အဲဒီလောက်အထိ ကြီးကျယ်သွားဖို့ မရည်ရွယ်ခဲ့။ ပေးလာတဲ့ အခြေအနေက လက်မလည်အောင် အရောင်းသွက်တာကြောင့် နှစ်နှစ်၊ သုံးနှစ်အတွင်း For Men ဟာ ဈေးကွက်ထဲ ထိုးဖောက် ခဲ့တာအမှန်။ လိုသမျှပစ္စည်း မှာရတာနဲ့၊ ဈေးကွက်ထဲ အလျှင်မှီ အောင် ဖြန့်ရတာနှင့်ဆိုတော့ သူတစ်ယောက်တည်း မနိုင်။ ဘယ်လောက်အထိ မနိုင်လည်းဆို ထားလက်စ ရည်းစားထဲက သုံးပုံနှစ်ပုံလောက်က ပြတ်ကုန်ပြီ။ အရင်က တစ်ပတ်တစ်ကြိမ် ဆင်နွှဲနေကျ ရန်ပွဲတွေလည်း ကင်းကွာသွားရကာ လက်သီးတောင် ကောင်းကောင်းဆုပ်တတ်တော့ရဲ့လားမသိ။

"ဟား…ဟား"

ကိုယ့်အတွေးကိုယ် သဘောတကျရယ်ရင်း ဆိုင်ထဲလှမ်း ဝင်သည်။

"လာပါပြီ ရွှေမင်းသား"

သော်ဇင်က စားပွဲမှထကြိုရင်း ပြောသည်။ ဖေဖေ့ညီမ မွေးသော သော်ဇင်က ဝီယံနှင့် ညီအစ်ကိုတစ်ဝမ်းကွဲ။ သော်ဇင်က ဝီယံထက် တစ်နှစ်သာကြီး၍ ညီအစ်ကိုပုံမပေါက်။ သူငယ်ချင်း တွေလို ဦးသူနိုင်ကွပ်စတမ်း ဆက်ဆံရေးနှင့်။ ဆိုင်သုံးဆိုင်ကို ဝီယံက တစ်ဆိုင်ပဲ အတည်တကျထိုင်ကာ သော်ဇင်က နှစ်ဆိုင် ပတ်ပြေးသည်။ ဆိုင်တိုင်းမှာ အရောင်းဝန်ထမ်း ကောင်လေး သုံးယောက်နှင့် ငွေကိုင်တစ်ယောက် ခန့်ထားပေမယ့် ကိုယ်တိုင်





ကြီးကြပ်ရန်ဆိုသော အစီအစဉ်ကို သူချမှတ်ခဲ့တာ။ အစီအစဉ် သိခါစကတော့ သော်ဇင်က မျက်လုံးကြီးပြွကာ…

"လုပ်ပေါ့၊ မင်းက တစ်ဆိုင်တည်း မိန့်မိန့်ကြီးနေရတာ၊ ငါ့မှာသာ ဟိုပြေးဒီပြေးနဲ့"

"ဟော့ကောင်…တန်အောင် အမြတ်ထဲမှာ ဆယ်ရာနိုင် နှုန်း မင်းအတွက် ဖို့ခွဲထားတယ်"

ပြောမှ ပါးစပ်ပိတ်သွားတာ။ ဝီယံက ဆုံလည်ဆိုဖာမှာ ဝင်ထိုင်ရင်း…

"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

"အပေါ်က furniture showroom ကိုလာတာ၊ အမေက ဆိုဖာဒီဇိုင်းပြောင်းချင်တယ်ဆိုတာနဲ့၊ ဒီဝင်တော့ စိတ်ဝင် စားစရာတွေ့တာနဲ့"

"ဘာစိတ်ဝင်စားစရာလဲ"

"ဒီမှာလေ"

စီဒီတစ်ချပ်နှင့် kiss me quick စိုက်ထားတဲ့ ပန်းအိုး ငယ်တစ်အိုး။ ဝီယံက တစ်ချက်စိုက်ကြည့်ပြီး နားမလည်သလို သော်ဇင်ကို မော့ကြည့်ကာ…

"ဘာလဲ…အဲဒါက"

"မသိဘူးလေ၊ ကောင်လေးတစ်ယောက် လာပို့သွားတာ ရှာနယ်လက်မွေ့ရောင်းတဲ့ ကလေးလေးလေး၊ ဦးဝီယံလာမှ ပေးပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဝီယံက အခုချိန်ထိ ပင့်ထားတဲ့မျက်ခုံးကို ပြန်မချ
ထူးဆန်းလွန်း၍ ဝါးလက်စ ပီကေတောင် ဆက်မဝါးဘဲ ပါး
မှာ ငုံထားတဲ့အဖြစ်။ မတွေဝေတတ်သူပီပီ ထူးဆန်းတ
သဝ်သဝ်။ သီချင်းစိတ်က သပ်သပ်မို့ သော်ဇင်လက်ထဲက အ
ဆွဲယူသည်။ အနားရှိ စီဒီစက်ထဲ ပြောင်းထည့်ကာ play ခလု
ကိုနှိပ်၏။ စတင်ကြားရတာက မြူးကြွတဲ့တီးလုံးနဲ့။

"ရင်နာရတယ် ပြောမှာလား ×××× ရင်ခုန်ရတယ်
မှာလား"

"ဟာ...ဟော့ကောင် ဓမ္မသီချင်းကွ၊ က,တာမိုက်တ
romance အခွေထဲမှာပါတာ"

ဝီယံက လက်ကာပြပြီး သော်ဇင့်ကို တိတ်တိတ်နေ
သည်။ ဒီသီချင်းကို သူ့ကားပါကင်မှာ ကြားခဲ့ပြီးပြီ။ ဒီရောက်
လည်း ထပ်ကြားရသည်။ ဒါဆို ကားပါကင်မှာ ကြားရ
ရိုးရိုးတော့မဖြစ်နိုင်။ ဆန်းပြားတဲ့ဖန်တီးမှု။ ဒါဘယ်သူပေးတာ
မတွေးတတ်၍ ပွင့်စပြုတဲ့ kiss me quick ပန်းကို လ
ဖွဖွတောက်ကြည့်သည်။ ထိုအခိုက် သူ့မျက်ဝန်းရှေ့သို့ လှုပ်လှု
ခါ အရောင်စုံနှင့်...

"ဟေး...ဝီယံ"

ခေါ်သံက သီချင်းသံတောင် အုပ်မိသွားသ
မော့ကြည့်တော့ အပြုံးတစ်ပွင့်နဲ့ ညို့နေတဲ့ ပင်(န်)စီ။

"ဘာအံ့သြတဲ့အကြည့်နဲ့ ကြည့်နေတာလဲ၊ စော





ညည်းကလာတာ၊ ဝီယံမရှိလို့ ပြန်ထွက်သွားတာ၊ ကိုသော်ဇင်ကြီး
က မပြောဘူးလား"

မျက်စောင်းတစ်ပွင့်နှင့် ခပ်ညှုညှုဆိုသည်။ ပလပ်စတစ်
ခုံကို မပြီး ဝီယာ့ဘေးဝင်ထိုင်တာ ပူးပူးကပ်ကပ်။

"အင်း...ပြောမလို့၊ ဟိုဟာ"

သော်ဇင့်လက်ညှိုးက စားပွဲပေါ်က ပန်းအိုးဆီ ရောက်သွား
၏။ မချောက ဒါမျိုးကျွသွက်သည်။

"ဟယ်...ကြည့်စမ်း၊ အပွင့်အရောင်က အရမ်းလှတာပဲ၊
တာလည်းမဟုတ်၊ မှောတာလည်းမဟုတ်နဲ့၊ ဒါ ဝီယံဝန်းလားဟင်၊
ကိုပေး၊ လှလို့၊ ပန်းအိုးလေးကလည်း ချစ်စရာကောင်းလို့"

"မဟုတ်ဘူး၊ ကိုယ်လက်ဆောင်ရတာ"

မတွေဝေသော နှုတ်ဖျားက စကားတို့ ထွက်ကျသွား၏။
င်(န်)စီက ပခုံးကို စုံတွန့်ရင်း တမင်ကျင့်ထားပုံရသော ရယ်သံ
လေးနှင့်...

"အင်းလေ...ဝီယံ လက်ဆောင်ရတာ တို့ကို
လက်ဆောင်ပြန်ပေးလိုက်ပေါ့၊ ဘာဖြစ်လို့ တွန့်တိုနေတာလဲ"

အပြောနှင့်အတူ ဝီယံလက်ခုံပေါ် သူမလက်တင်၍
တာမေး၏။ သော်ဇင်ကတော့ ပင်(န်)စီမမြင်အောင် လက်ခါပြ
း အနားက ထွက်သွားသည်။ ထိုအခိုက် သူတို့စားပွဲနားသို့
တစ်ရိပ် ထိုးကျလာကာ...

"လက်ဆောင် အပြန်အလှန်ပေးတာ ဝါသနာပါတာယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကွတယ်၊ ဒီမှာ customer တစ်ယောက်လုံး ဝင်လာတာတော
မမြင်ဘူးလား ဦးဝိယံ''

စားပွဲကို လက်နှစ်ဖက်ထောက်ရင်း ခပ်ကိုင်းကိုင်းပြော
သူက အချစ်ပို။

''မတွေ့ရတာကြာပြီ အချစ်ပို''

''မတွေ့ချင်လို့ မလာတာ၊ အခုမှ တွေ့ချင်စိတ်ပေါ်လာ
ရောက်လာတော့ ဦးဝိယံက မလွတ်မလပ်နဲ့''

ပင်(န်)စီကို မျက်လုံးဒေါ့ကြည့်ပြီး ပြောတဲ့ပုံက မလိုလ
တာ သိသာနေ၏။ ပင်(န်)စီကလည်း စူးစိုက်ကြည့်နေတာ
မျက်လုံးထဲက အငွေ့တွေထွက်နေသလို။

''လာရင်းကိစ္စက''

မေးရင်း သူ့ပါး ထရပ်ကာ လူခွဲရန် ကြိုးစည်ရသည်
မခိုးမခန့် အကြည့်နှင့် မနှစ်သက်သောအကြည့်တွေ ဆုံလျှင် အ
အနေမကောင်းတတ်ကြောင်း ဝိယံ သိနေခဲ့သည်။ ကိုယ့်ရဲ့ အ
အကြံအရလေ။

''မနက်ဖြန် SUNDAY က ကောင်တာတစ်ခုရ
မယ်ဆိုတာရယ်၊ ပြီးတော့ ဦးဝိယံ ဝတ်ထားတဲ့ဒီဇိုင်းမျိုး အခုလို
လို့''

ပြောပုံက ရိုးရိုးမဟုတ်။ သူ့အင်္ကျီရင်ဘတ်က အ
ဆွဲယူရင်းပြောတာ။ ဝိယံက သူ့ကိုယ်သူငုံ့ကြည့်ပြီး ဟားခနဲ
သည်။ ဘော်ဒီဖစ်(တ်)တီရှပ်အစိမ်း၊ အိတ်အများကြီးပါ



ဘောင်းဘီဖြူပွပွနှင့် အနီရောင် ခေါင်းဆောင်းပါတဲ့ ချိုင်းပြတ်ဝေ
တ်(စ်)ရှည်က သူ့အတွက်တော့ ဒီဇိုင်းအဆန်းကြီးမဟုတ်ပါ။
ကြောင့်...

''ဒီထက်လန်းတဲ့ အဆင်တွေရှိပါတယ် အချစ်ပိုရဲ့''

''ဟင့်အင်း...ဒီ ဒီဇိုင်းပဲ ရင်ကိုလာထိတာ''

ပွင့်လင်းတဲ့စကားကြောင့် ဝိယံနှုတ်ခမ်းတို့ ခပ်ဟဟ
သွား၏။ သူမကတော့ အဆန်းတကြယ် မဟုတ်သလိုပင် ချိုအိ
ပြီး ကြည့်တဲ့အကြည့်က ရင်မခုန်ဘဲ ရင်တုန်ချင်စရာကောင်း
သည်။

''ဝိယံ''

ဆောင့်အော်သံကြောင့် ရင်တုန်တာပျောက်ပြီး လန့်တောင်
သွားတဲ့အထိ။ နောက်လှည့်ကြည့်တော့ ပင်(န်)စီက ဘီလူးစီးထား
သော မျက်နှာနှင့်...

''တို့ပြန်မယ် ဝိယံ၊ ရှင့် customer ကိုပဲ ဂရုစိုက်လိုက်
''

ဆောင့်နင်းသွားတဲ့ ဒေါက်ဖိနပ်သံဟာ သွားတွေကျိန်းပြီး
တွေတောင် အူတက်သွားသည်။

''ဝမ်းနည်းသွားလား ဦးဝိယံ''

''တတောရှင်းသွားတာပေါ့''

နှာခေါင်းရှုံ့ရင်း မချိုမချဉ်ရုပ်နှင့် သူပြောတော့ အချစ်ပို
ရယ်သည်။ ထိုနေ့က သူဝတ်ထားတဲ့အတိုင်း အင်္ကျီ၊ ဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဝယ်သွားပြီး မြန်မာနိုင်ငံမှ ကပ်ပြောသွားတာ တိုးတိုးလေး။

“ခင်ဗျားနားမှာ အချစ်ကလွဲလို့ တခြားလူရှိတာ မကြိုက်ဘူး”

အမိန့်လားလို့ မေးလိုက်ချင်သည်။ နာခံဖို့ဆန္ဒမရှိပေမဲ့ လိုက်လျောချင်တာ ဘာကြောင့်မှန်းမသိ။ ကိုယ့်ရင်ဘတ်ထဲ သူ ရောက်နေပြီလား။ မေးကြည့်တော့လည်း မဟုတ်ပြန်။ ဒါဆို ဘာကြောင့်လဲ။ မတွေ့ဝေတတ်သော သူမဟာ အဲဒီနေ့မှာပဲ အချစ်ရဲ့ အကြောင်း စဉ်းစားတာ အများကြီး။ စဉ်းစားခြင်းဟာ တွေဝေခြင်းရဲ့ အစဆိုလျှင်။

◆ ◆ ◆

# အခန်း (၉)

“ရည်းစားထားတာ သူ့ဝါသနာတဲ့ မမရဲ့”

“ဟယ်”

မမဘက်က တအံ့တသြ အာမေဋိတ်ထွက်ကျလာသည်။ ...ကိုပဲ အချစ်က သဘောကျစွာ ရယ်နေတာ အကြာကြီး။ ကိုယ်နဲ့ ...်သက်တဲ့လူအကြောင်း ပြောပြရုံရှိသေး တစ်ဖက်က တဟင် ...် တဟယ်ဟယ် ဖြစ်သွားတာမျိုးပဲ လိုချင်ပါသည်။ သမားရိုး ...သော လူတွေအကြောင်းတော့ အချစ်တို့က စကားထဲ ထည့် ...ချင်။ အချိန်ကုန်၊ ငွေကုန်တာပဲ အဖတ်တင်မည်လေ။ အချစ်နဲ့ ... စိတ်ကူးတည့်တိုင်း ဖုန်းဆက်နေကျ။ နိုင်ငံရပ်ခြားနှင့် မြန်မာ ...ရဲ့ ဆက်သွယ်စရိတ်က ကြီးမားလွန်းသည်။ VZO တို့၊ E ...ါတို့တော့ သုံးပါရဲ့။ ဒါပေမဲ့ ညီအစ်မနှစ်ယောက်စလုံးဟာ ...ဆက်ခြင်းကိုပဲ ပိုနွေးထွေးမှုရှိတယ်လို့ ထင်တာဆိုတော့လဲ။





www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်းလုပ်ပါဦး အချစ်ရယ်၊ သူက မွေ့ရှပ်ရှပ်ဆို ညီမလေးအတွက် စိတ်ပူတယ်"

"မွေတာဟုတ်တယ်၊ ဒါပေမဲ့ မရှုပ်ဘူး မမရဲ့၊ ပြီးတော့ သူ့နှလုံးသားက ပြတ်သားတယ်၊ အချစ်ကိုပဲ ကိုးကွယ်တာမျိုး"

"သူ့အကြောင်း လရိပ် သိလား"

"လိုက်စုံစမ်းနေတယ်"

အချစ်ကပြောတော့ မမဘက်က အသံတိတ်ကျသွား သည်။

"မမ အခက်တွေ့သွားတာလား"

"ဟင့်အင်း…ညီမလေးအတွက်ဆို မမက ဘာမဆို ရင်ဆိုင်ဖို့ ပြင်ဆင်ပြီးသား၊ အချစ် စိတ်ချမ်းသာရင် ပြီးရော၊ ဒါပေမဲ့ သူ ရည်းစားများတာတော့ မကြိုက်ဘူးဟဲ့၊ ကိုယ့်ညီမနဲ့ ပတ်သက် ရမဲ့သူက ကိုယ့်မောင်လေးပဲလေ၊ သန့်သန့်လေးတော့ ဖြစ်စေချင် တာပေါ့"

"ကိုယ့်မောင်လေး လုပ်မနေနဲ့ မမရဲ့၊ သူက မမထက် တစ်နှစ်တောင် ကြီးသေးတယ်"

"ဒါဆို ညီမလေးထက် လေးနှစ်ကောင်ကြီးတာပေါ့"

"Right"

"ဘယ်လိုပဲ ကြီးကြီးပေါ့ဟယ်၊ သမ္မာအရတော့ ငါ့ထ အစ်မကြီးပဲ"

စိတ်မလျှော့ဘဲ သူချည်း အစ်မကြီးလုပ်ချင်နေတဲ့ မမ





ကြောင့် အချစ်က…

"လုပ်ပါ မမရယ်၊ မမပဲ အစ်မကြီးလုပ်ပါ"

"ဟဲ့…ရယ်မနေနဲ့နော် အချစ်၊ ရည်းစားများတဲ့ ယောကျ်ားတွေဟာ ချစ်တတ်တဲ့ နှလုံးသား မပါတတ်ကြဘူးတဲ့၊ ကော်ကြာ သူ့နံပါတ်စဉ်တွေထဲ ရောပါသွားမှာစိုးလို့"

"ဘာမှ ရောစရာမလိုဘူး၊ အချစ်တို့က ကွဲပြားအောင် လုပ်တတ်ပြီးသား"

ဂုဏ်ယူစွာပြောရင်း မနေ့က အဖြစ်အပျက်က မျက်ဝန်း၌ အရိပ်ထင်သည်။ သူ့ရဲ့ For Men ဆိုင်ဗိုက်ချိန်ကို မှန်းပြီး အချစ်က လာစာရောက်သွား၏။ သူ့ဆိုင်နားမရောက်ခင်ပဲ အချစ် လှမ်းမြင် ထားသည့် ဂျာနယ်ရောင်းတဲ့ကောင်လေးက သတင်းတစ်ခု ယာပေးသည်။

"အစ်မ…အစ်ကိုကြီးက ကောင်မလေးတစ်ယောက်ကို အိမ်ပြန်လိုက်ပို့ပေးဖို့ စီစဉ်နေတယ်"

အချစ်ကိုယ်လေးက သတိဆွဲလိုက်သလို ဆတ်ခနဲမတ် သွားသည်။

"ဒါပေမဲ့ အဲဒီတစ်ယောက်က အစ်မလောက်မချောတာ အမှန်ပဲ"

ကောင်လေးစကားကြောင့် အချစ်က တစ်ထောင်တန် တစ်ရွက် ထုတ်ပေးရင်း…

"ရော့…မုန့်ဖိုးယူ၊ ပြီးရင် ငါပြောတာ သေချာနား



www.burmeseclassic.com

www.burmeseclassic.com



ထောင်''

ကောင်လေးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။ ထို့နောက် အချစ်နားက ပြေးထွက်သွားတာ လှစ်ခနဲ။ အချစ်တတော့ ခပ်ပြုံးပြုံးနှင့်ပင် ကားဆီပြန်လာခဲ့သည်။ အချစ်ကား ပါကင်ထိုးထားသောနေရာနှင့် သူ့ကားရောက သိပ်မကွာ။ ကားနှစ်စီးကျော်လောက်သာ ရှိသည်။ အချစ်က ဒီနေ့တော့ Yarzar ဂျစ်ကိုယူစီးလာခြင်းပါ။ ကားပေါ်ထိုင်ရင်း နားထောင်နေကျ ဓမ္မသီချင်းကို ခပ်တိုးတိုးညည်းနေစဉ်မှာပဲ သူတို့ရောက်လာခြင်းပင်။ အဲဒီဝီယံဆိုတဲ့လူက ဖက်ရှင်ဆိုင်ဖွင့်ထားတာလည်း မပြောနဲ့ အဓိမ်ကြည့်လိုက်တိုင်း စမတ်ကျ ချောမွေ့နေတာမျိုး။ အခုလည်း အကြေသားရှပ်အဖြူက ရင်ဘတ်ကြယ်သီးနှစ်လုံးလောက် ဖြုတ်ဝတ်ထားသည်။ အောက်က အပြဲရာပါတဲ့ ဂျင်း(န်)အပြာနရောင်နှင့် ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့် ဝီကေကို ခပ်ဖိဖိဝါးတတ်တဲ့ သူ့စတိုင်ဟာ တကယ့်အမိစားပင်။ ဘေးနားက ဒေါက်အမြင့်ကြီးစီးထားတဲ့ တစ်ယောက်ကသာ သူ့ကို ရေပက်မဝင်စကားတွေ ပြောလိုက်ရယ်လိုက်နှင့် ဣန္ဒြေမရဖြစ်နေတာ အသိသာကြီးပင်။ ဝီယံကတော့ မတုန်မလှုပ် အေးဆေးစွာရှိနေ၏။ ကားနားရောက်ပြီး ခြေစုံရပ်မိမှ ထူးခြားမှုကို သတိပြုမိတာ နှစ်ယောက်စလုံး။

''ကားဘီးပေါက်နေတယ်''

''ဟုတ်တယ် ယံရဲ့၊ လေးဘီးလုံးပေါက်နေတာ ဘယ်လိုလုပ်ကြမလဲဟင်''





သူက ဘေးဘီပဲယာကို အကြည့်တစ်ချက် ဝေ့ဝဲကြည့်သည်။ အချစ်က ခေါင်းကို ပုဝင်ပစ်ရ၏။ ဒီအချိန်ဟာ အချစ်သူလုံးပြမရသေးတဲ့အချိန်။ အခက်အခဲကြုံတိုင်း သူပြုမူနေကျအတိုင်း ပခုံးစုံတွန့်ရင်း…

''မတတ်နိုင်ဘူး အလက်ာ၊ သူ့ဟာသူဖြစ်သွားတာဆိုတော့လဲ''

''ဟင့်…ဒါဆို ဘယ်လိုလုပ်ရမှာလဲ၊ ယံနော် ကတိပျက်နဲ့၊ လိုက်ပို့မယ် ပြောထားပြီးတော့မှ''

''ဒီမှာ ကားက မောင်းလို့မရတော့ဘူးလေ''

''အဲဒါဆို တက္ကစီနဲ့ပို့''

''အဲဒါတော့ မဖြစ်ဘူး''

''ဟင်…ဘာဖြစ်လို့''

ထိုကောင်မလေးကိုပဲ အချစ်လည်း အဖြေကိုသိချင်ပါသည်။ သူကတော့ ဝီကေကို ခပ်ကျိတ်ကျိတ်ဖိဝါးရင်း…

''ကိုယ့်လမ်းကြောင်းပေါ်မှာ အနှောင့်အယှက်ဖြစ်သွားပြီလေ၊ အဲဒီအနှောင့်အယှက်ကို ရှင်းဖို့ဆိုတာက ဘေးမှာရှိနေတဲ့ တစ်ယောက်က ကိုယ့်အတွက် ဘယ်လောက် အရေးပါသလဲဆိုတာ ချိန်သုံးသပ်ရမယ်''

''ဒါဆို အလက်ာက ယံ့အတွက် အရေးမပါတဲ့သူပေါ့''

''ကိုယ်မပြောဘူးနော်၊ မင်းသတ်မှတ်တာ''

''အို…မပြောလည်း ဒီသဘောသက်ရောက်နေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်စိတ်ကို ပြောပြတာ၊ တကွက်စီ လိုက်ဝှားပေးမယ်"

"မလိုဘူး၊ ရှင်နေခဲ့တော့ ယံ"

ကောင်မလေးက ဘုဆတ်ဆတ်ဖြင့် လျှောက်သွားပြီ။ သူက လိုက်ပါသွားခြင်းမရှိ။ ကားဘောနက်ပေါ် ခုန်တက်ထိုင်နေတာလည်း တည်တည်ငြိမ်ငြိမ်ပင်။ သူ့ပုံစံက သူ့အနားသို့ တစ်ယောက်ယောက် လာကူညီမှာ အတပ်သိနေသလို ဘောနက်ပေါ် ကိုယ်ကို ကန့်လန့်ဖြတ်လှဲချလိုက်သေးသည်။ ဟန်ဆောင်ကောင်းတာလား၊ သွေးအေးတာလား။ ဘာမှန်းမသိပေမဲ့ သူတစ်ပါးတုန်လှုပ်သမျှ သူက အပြုံးမပျက် ဖြေရှင်းသွားတာချည်းပင်။ ထိုအရည်အချင်းရှိသော ယောကျ်ားမျိုးကိုပဲ အချစ်က သဘောကျတာကြောင့်....

ကားကို ဝေါခနဲကွေ့ထွက်သည်။ သူ့အနား ကားရပ်သည်အထိ မင်းသားက ခေါင်းမော့မကြည့်သေး။

"ဦးဝီယံ...အဲဒါ ဘာလုပ်နေတာလဲ"

"မင်းရောက်လာမှာကို စောင့်နေတာလေ"

"ခင်ဗျားပုံစံက အကြားအမြင်ဆရာတော့ မဟုတ်လောက်ဘူး"

သူပြောခဲ့ဖူးတဲ့ စကားနဲ့ ပြန်နှိပ်ကွပ်သည်။ နှုတ်ခမ်းတွန့်ရုံပြုံးရင်း ဘောနက်ပေါ်က ခုန်ဆင်းလိုက်တဲ့ သူ့ထံမှလည်း မျက်စိမလွှဲနိုင်။

"ဒါပေမဲ့ ဆက်စပ်တွေးခေါ်မှုက မင်းထက်ပိုကောင်း





တယ်၊ တခြားလူ ကိုယ့်အနားမှာ မမြင်ချင်လို့ မင်းလုပ်လိုက်တဲ့ ဆင်ကွက်က လှတယ်၊ ဒါပေမဲ့ မထူးခြားဘူး"

သူ့ခိုးလှမ်းသွားသလို အချစ်မျက်နှာက ဖြန်းခနဲ အရောင်ရှင့်တွေ ပက်ကျဲတာ ခံလိုက်ရပုံနှင့်။ ဖြူနုသောပါးပြင်ဟာ အနီရွေးရွေးကာလာခြယ်တာကြောင့် တစ်မျိုးလှသွားသည်။ ဝီယံက ဂျစ်ကားပေါ် တက်ထိုင်ရင်း...

"မောင်း...ကိုယ့်အိမ်ကို"

"ဟင်...ခင်ဗျားကားက"

"မပူပါနဲ့၊ ဝါသနာပါရင် မီးပုံရှို့လိုက်၊ အရေးမကြီးဘူး၊ မင်း ရည်ရွယ်ချက်အောင်မြင်ဖို့ အရေးကြီးတာပါ"

ကြည်နူးခြင်းတွေနှင့် မမကို ရင်ဖွင့်ပြတဲ့ အခုချိန်အထိ နှလုံးသားက ပရမ်းပတာ လှိုက်ခုန်တုန်း။

"သူက အဲဒီလိုလူမျိုး မမရဲ့"

"ဒါပေမဲ့ ချစ်ပါတယ်လို့ သူ propose မလုပ်သေးခင် ညီမလေးက ကိုယ့်ခံစားချက်ကို မျိုသိပ်ထားဦး၊ သိလား၊ ကိုယ့်ကို တန်ဖိုးထားအောင်နေ၊ နေပါဦးဟယ်၊ မမပြန်လာလို့ရအောင် ကြိုးစားပါဦးမယ်၊ ဒီမှာကလည်း အလုပ်တွေ တအားကျပ်နေတော့ တိုရိုပ်တစ်ယောက်တည်းနဲ့ မဖြစ်လို့၊ လရိပ်ကိုလည်း တွေ့ချင်းမှာလေ၊ ဟင်း...အချစ်ရယ် တွေးကြည့်တာနဲ့ ရင်မောတယ်၊ လရိပ်ကလည်း မလွယ်သလို အဲဒီဝီယံဆိုတဲ့လူကလည်း လွယ်မယ့်ပုံ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ် မမရဲ့၊ သူ အချစ်ကို ငြိနေပြီ"

"ဟဲ့ . . . သေချာလို့လည်းလား"

"သေချာဆို သူ့မွေးနေ့တောင် ဖိတ်လိုက်ပြီ၊ ( ) ဟိုတယ်ရဲ့ **pool side** မှာလုပ်မှာတဲ့၊ သူ့မိဘနဲ့ တစ်ဖက်လူည် မိတ်ဆက်ပေးချင်တာမျိုးနေမှာ"

"ဟုတ်ရဲ့လားဟယ်"

အဆင်းက ငြီးငြူသလိုလေး မေးမိပြီ။ ညီမလေးက လိုရာ ဆွဲပြောသလား၊ တစ်ဖက်လူက လှည့်စားခြင်းလား။ အဆင်း တွေး၍မမှီ။ အဆင်းတုန်းက ဘာမှခေါင်းမရှုပ်ရဘဲ ညီမလေး အတွက်နှင့် ခေါင်းညိတ်ပစ်ခဲ့ခြင်းပါ။ ကိုရိပ်အား မချစ်နိုင်တာက လွဲ၍ပေါ့လေ။ ဒါကိုလည်း ကိုရိပ်က နားလည်ပေးပါသည်။

"လက်ထပ်ပြီးမှ အချစ်ဖြစ်လာအောင် ဖန်တီးရတာ မခက်ပါဘူး အဆင်းရယ်"

ကိုယ်က မချစ်တာကို ချစ်အောင် ဖန်တီးဖို့လွယ်သလား။ ကိုယ့်ကိုမချစ်တာကို ချစ်လာအောင် ပြုစားဖို့ခက်သလား။ ဟင့်အင်း အဆင်းက ချစ်ခြင်းမေတ္တာအကြောင်း သေချာမသိပါ။ အခုသိတာ က ညီမလေးရင်ထဲက ချစ်တဲ့အကြောင်းတွေချည်း။ တစ်ဖက်လူ ရင်ထဲမှာရော ဘယ်လိုရှိမလဲ။ အချစ်ကတော့ သူမစဉ်းစားသလို မစဉ်းစားဘဲ တက်ကြွသောလေသံဖြင့် . . .

"သူ့မွေးနေ့ကို အချစ်က ထူးထူးခြားခြားလေး တက်ဦး မှာ"။





တစ်ဦးနှင့်တစ်ဦး နှလုံးသားလဲလှယ်တဲ့ကိစ္စဟာ အဲဒီ လောက် လွယ်ကူမြန်ဆန်ပါသလား။ ခက်တော့ခက်နေပြီ။ နှလုံး သားရေးရာမှာ အဆင်းက ကျွမ်းကျင်သူဆိုတော့လဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"မွေးနေ့ရှင် မှားနေပြီနဲ့တူတယ် မေမေ"

သူ့နား လာကပ်ထိုင်ပြီး တိုးတိုးပြောတဲ့ သားဖြစ်သူ [illegible] ဦးကြည်လင်က ငဲ့ကြည့်သည်။ အဖြူရောင်အနောက်တိုင်းဝတ်စုံ [illegible] ရှပ်အင်္ကျီထိပ်ဖျားတွင် အနီရဲရဲပဲပြားတစ်ခု တပ်ထားသည်။ ကုတ် [illegible] အင်္ကျီအိတ်ထဲ၌ အနီရင့်ရောင် နှင်းဆီတစ်ပွင့် ထိုးစိုက်ထားသည် [illegible] ချောမွေ့တဲ့ သားရုပ်ရည်ဟာ တည်ကြည်မှုကြောင့် ခန့်ညား [illegible] သယောင်။

"ဘာကိုပြောတာလဲ သား"

နှာခေါင်းနှင့်လက်မနှင့် ခြစ်ရင်း ရယ်ကျဲကျဲဖြင့် ဝိယံ [illegible] မေထွေးရှိရာဆီ အကြည့်ဝေ့ပြသည်။ မွေးနေ့ရှင် သူ့ထက်ပင် ပျား [illegible] ခတ်မျှ လှုပ်ရှားနေတာ မေထွေးပင်။ ဒီပွဲစလုပ်မယ် စီစဉ်ကတည်း [illegible] က ကာယကံရှင် ဝိယံက နည်းနည်း။ မေထွေး စီစဉ်တာများများ [illegible] မေထွေး စီစဉ်သမျှလည်း သူက မရအရ ဆန့်ကျင်ရင်းနှင့်ပင် [illegible] ဒီနေ့ကို ရောက်လာတော့တာပင်။ သူ့ပွဲလာ ပရိသတ်တွေမှာ ဝိယံ [illegible]





[illegible]တ်ဆွေက လက်ချိုးရေလို့ရသည်။ မေထွေးရဲ့မိတ်ဆွေက အများ [illegible]သား။ အမျိုးသမီးတွေသာများပြီး လာသမျှဟာ သမီးနှင့်အမေများ [illegible]သာ။ ဒီကတည်းက မေထွေး ဘာခြေလှမ်း လှမ်းတယ်ဆိုတာ [illegible]ယံတို့က သိပြီးသားပင်။

"မေထွေး စီစဉ်တဲ့ အိမ်ထောင်ဖက်ကို ယောင်မှားပြီး [illegible]တော့်နှလုံးသားက ကြိုက်မိသွားတောင်လေ ရင်ကွဲခံပြီး အဲဒီ [illegible]လုံးသားကို ထုတ်၊ လွှင့်ပစ်လိုက်မယ်၊ ကိုယ့်နှလုံးသားကို တခြား [illegible] စီမံပေးတာမျိုး ဝိယံအတွက် မလိုဘူး ဆောရီးပဲ"

ခပ်ရင့်ရင့် ကြွေးကြော်ထားတာ။ ဒေါ်မိုးသီတာထွေးတို့ [illegible]လည်း ဝိယံက ပြတ်သားလေ အခဲမကျေလေ။ အပြောကြီးတဲ့ [illegible]ောင် အထိနာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြံစည်နေသလား [illegible]သိတော့ပါ။ သူ့ကိုများ မိန်းမပေးစားရမယ်ဆိုရင် တကယ့်အင် [illegible]ထ်အားတိုက်။ အခုလည်း သူမပဲဖိတ်၊ သူမပဲ ဧည့်ခံနေတဲ့ [illegible]ထွေးကို ဝိယံမျက်နှာလွှဲပစ်တော့...

"မထွေးက ကြွားချင်နေတာကွ၊ သားဆိုင်ဖွင့်တာကလည်း [illegible]သုံးလေးနှစ်အတွင်း တော်တော်အောင်မြင်လာတာလေ၊ ဒီတော့ [illegible]လည်း ဂုဏ်ယူချင်တာပေါ့ကွာ"

"ဂုဏ်ယူချင်တာ နည်းနည်း၊ မိန်းမပေးစားချင်တာ [illegible]များပါ မေမေရာ"

"အေးကွ အဲဒါလည်းပါမယ်၊ ဒါပေမဲ့ သားအောင်မြင် [illegible]တွက်တော့ သူ ကကယ့်စိတ်ရင်းနဲ့ ဂုဏ်ယူတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ သူလည်း သိပါသည်။ မေထွဋ်က မိထွေးဆို
မဲ့ ရှားမှရှား မိထွေးမျိုး။ ဗီယံအပေါ် ဆိုးယုတ်ခဲ့တာမရှိ။ သူ
လည်း ဒါကိုပဲ သဘာဝမကျသလို ခံစားရကာ သံသယစိတ်
ဒေါက်ထောက်ကြည့်တုန်း။ မေထွဋ် စိမ်သမျှ ဆန့်ကျင်တု
မသိစိတ်၌ စွဲနေတာ မိထွေးအစီအမံအတိုင်း ဘဝကို မရပ်တည်
တာမျိုးဖြစ်သည်။ ဖေဖေပြောသလို သူ့အောင်မြင်မှု For Me
အောင်မြင်မှုကတော့ ဆက်စပ်နေ၏။ ဒီနှစ်အပိုင်းအခြားတွင် သူ့
အမည်ဟာ လူငယ်ထုကြားထဲအထိ စိမ့်ဝင်ပျံ့နှံ့လာသည်
အနုပညာအသိုင်းအဝိုင်းကလည်း အားပေးကြသည်။ အခု ဒီပွဲ
တာလည်း **For Men** အတွက် အဓိကပါသည်။ အောင်မြင်
တဲ့သူ့အဖို့ ကြော်ငြာရန်မလိုဘူးဆိုပေမဲ့ ကြော်ငြာမှ အောင်မြင်နိုင်
ဈေးကွက်စီးပွားရေးစနစ်အရ ဒီပွဲကို သူလုပ်ခြင်းပင်။ သူ့ဆိုင်တွ
တစ်နှစ်အတွင်း ဝယ်လိုအားအကောင်းဆုံး **customer** တွေ
ကံစမ်းမဲဖောက် ချီးမြှင့်ပေးမည့်ပွဲမျိုးပါ။ ထို **customer** တွေ
အချစ်ပိုတစ်ယောက်လည်း အပါအဝင်။ သူ့ဆိုင်သို့ ရောက်တဲ့
တိုင်း ဝယ်သွားတတ်တဲ့ပစ္စည်းတွေဟာ မနည်းမနော။

"ယောကျ်ားလေးအသုံးအဆောင်တွေကို မင်းက ဘာ
လို့ ဒီလောက်အထိ ဝယ်ရတာလဲ၊ ပြီးတော့ တန်ဖိုးက မနည်း
လေ၊ ကိုယ်နဲ့ခင်နေပြီပဲ၊ ဒီတိုင်းလာလည်လည်း ရိုက်မထုတ်
ဘူး"

နောက်ပြောင်ရင်း ပြောမိသေးတာ။ အချစ်ပိုက





တ်ခမ်းတို့ကို ခပ်ဟဟဖွင့်ကာရယ်ရင်း…

"ပေးစရာလူရှိလို့"

အချစ် ဒါပဲပြန်ဖြေခဲ့သည်။ ဒီနောက်ပိုင်းတော့ သူမ
ယ်နေခြင်းဟာ ဗီယံအတွက် မဆန်းတော့သလို။ ပေးစရာလူရှိမှ
ယ်တာပေါ့လို့ ရိုးရိုးလေး တွေးထားခဲ့သည်။ သူမကို ဖိတ်ထား
မဲ့ အခုအချိန်အထိ ရောက်မလာသေးပါ။ ဗီယံက တိုယ်ဖိတ်ထား
ည့် သတင်းထောက်နှင့် စာနယ်ဇင်းသမားတွေ ထိုင်နေသော
အထံ ရောက်လာခဲ့သည်။ နှုတ်ဆက်ပြီးပေမဲ့ တွေ့ရာလေးပါး
ဦးမှလို့ စဉ်းစားထား၏။ ဒါမှလည်း ပျားပန်းခတ်နေသော
ခွင့်ကြီးကို မျက်ကွယ်ပြုနိုင်မည်လေ။ ထိုအခိုက်မှာပဲ ဟိုတယ်
းတစ်ခုလုံး မှောင်ကျသွား၏။ ဗီယံရဲ့ လှမ်းလက်စခြေလှမ်း
ရပ်သွားချိန်မှာ ဗီသကြည်မြတဲ့ **Annocer** ရဲ့ ကြေညာသံက
န်းချင်းထွက်ပေါ်လာ၏။

"ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်
**Men fashin** ပိုင်ရှင် ဦးဗီယံရဲ့ မွေးနေ့အတွက် ထူးခြားဆန်း
တဲ့ လက်ဆောင်တစ်ခုကို ဦးဗီယံရဲ့ အရင်းနှီးဆုံးမိတ်ဆွေမှ
ပ်မဲ့ အစီအစဉ်ဖြစ်ပါတယ်ရှင်၊ ရှုစားအားပေးကြပါရန်
ားစွာ မေတ္တာရပ်ခံအပ်ပါတယ်ရှင့်"

ကိုယ်မသိလိုက်သော အစီအစဉ်တစ်ခုအတွက် ဗီယံဟာ
နည်းတူ ယောင်အအ။ ပြီးတော့ စိတ်ဝင်စားမှုများဖြင့်
ာမ်းမပေါ် အမှောင်ထဲ ခြေစုံရပ်နေမိသည်။ ဘယ်ဆီးနှုန်းမျှော်



www.burmeseclassic.com

www.burmeseclassic.com





ရမှန်းလည်းမသိ။ မွေးနေ့လက်ဆောင်ပေးမဲ့လူက ဘယ်သူမှန်းမသိ
ပဟောင်ဦဆန်လှတဲ့ လက်ဆောင်ပေးသူကို မျှော်နေမိတဲ့အချိန်မှာ

ဖျတ်ခနဲ မီးပြာရောင်မှေးမှေး လင်းလာသည်။ ခန်းမထဲ
က စတိတ်စင်ကြီးပေါ် မီးလင်းတန်းက ပြေးလွှားနေပြီးမှ နားယ
ပြီးသား မြူးကြွတဲ့ တေးသံနှင့်အတူ အဖြူရောင် ကုတ်ကြီးသို
ထားတဲ့ ဂါဝန်တိုက ပေါင်လည်လောက်တိုကပ်ကပ်၊ လည်
ဘွတ်က အဖြူရောင်နှင့်။ မိုက်ကို လက်ကမကိုင်ဘဲ နား
နှုတ်ခမ်းနားအထိ ဆက်သွယ်ထားသော ကိရိယာတပ်ထားသည်

နှုတ်ခမ်းတွေ မျက်ခွံတွေဟာ ရွှေရောင်လင်းလက်နေတဲ့ အ
နတ်သမီး။

"ရင်ခုန်ရတယ် ပြောမှာလား ×××× ရင်နာရတယ်
မှာလား ××× ဘာဖြစ်ဖြစ်ခွင့်လွှတ်ချစ်နိုင်တယ်"

ချိုရှတဲ့ အသံနှင့်အတူ လိုက်ဖက်တဲ့ ကကွက်ဆန်းပြား
အချစ်ပို။ သူမနောက်ပါးမှာလည်း အဖြူရောင်တီရှပ်အကျပ်၊ အ
ရောင် ဘောင်းဘီပွပွနှင့် **Dancer boy** သုံးဦး။

"ကြည်ဖြူနိုင်ပါတယ် ×××× ဘယ်လိုဆိုးဆိုး ××
ပြုံငြင်မှာကိုလေ ရင်မှာစိုးလို့ ××× ကြင်နာသူ လိုရာစေနိုင်းလို
ကွယ် ×××× မငြင်းရက်ပါ ××× ဒါဟာ ချစ်လွန်းလို့ပဲ"

ဒီသီချင်း သူ့မှတ်ဉာဏ်ထဲ ပြန်မြင်လာတာက ကားပါ
မှာ ထိုးရပ်ထားတဲ့ အဝါရောင်ပြိုင်ကားထဲက ထွက်တဲ့သီချင်
ဂျာနယ်ရောင်းတဲ့ ကောင်လေးမှတစ်ဆင့် သူ့ထံပို့သော စီဒီချ





တ သီချင်း။

အဲဒီအရာတွေအားလုံးရဲ့ ပိုင်ရှင်ဟာ သူမဆိုလျှင်။ ကစဥ့်
တလျား အတွေးစတွေက ဖမ်းဆုပ်မရအောင် ကြဲပြန့်ဆဲ။ အားလုံး
ရဲ့အကြည့်က စတိတ်စင်ပေါ်က သူမထံမှာသာ။ လက်အမြှောက်
ခါးအခွဲ့မှာ ရင်သပ်ရှုမောဖွယ် သူမအလှတရားများက ပြုံးပြက်
လင်းလက်စွာ။ ကိုယ်ကို စည်းချက်အညီ ယိမ်းခါလှည့်ပတ်တိုင်း
တိုကပ်တဲ့ ရွှေရောင်ဆံပင်တွေက အရှိန်းဆန်စွာ မျက်နှာထက်ဆီ
ဆင့်ဝဲကျသည်။

ဟန်ဆောင်ချစ်တယ်ပြောရင်လဲ ××××
ယုံတယ်လို့ ပြောမှာပဲ ×××
ဘာဖြစ်ဖြစ် ချစ်နေရတာလဲ ×××
မင်းအတွက် ဘဝတစ်ခုလုံးကိုပဲ ×××

ထိုစာသား၌ ညွှန်ပြသော လက်အစုံဟာ ပီယံထံကို။
သူမထံ ဆိုက်ရောက်နေတဲ့ အကြည့်တွေက ပီယံထံ ဝေါခနဲ
ပြုံဆင်းလာသည်။

ပေးဖို့အသင့်ရှိခဲ့ပါတယ် ××××
နောက်ဆုတ်မသွားနိုင်ဘူး ××××
စွန့်လွှတ်မသွားနိုင်ဘူး ××××
တို့အချစ်ကို မြင်နေပါရက်နဲ့ မဆိုင်သလို ကိုနေနိုင်ရက်
တယ် ×××

သီချင်းစာသားကိုက ဘာလိုလို။ ပီယံကတော့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အကဲခတ်မျက်ဝန်းတွေထဲမှာ အနေခက်လို့။ သူမကတော့ ဘာ... မဖြစ်တဲ့အတိုင်း။ 'ချစ်လွန်းလို့' သီချင်းကို အင်တိုက်အားတိုက် ... ပျော်ဖြေသွားတာက တကာယ့်ဝါရင့်အဆိုတော်တစ်ယောက်လို ... သီချင်းအဆုံးသတ်တော့ အချစ်ပိုက ပရိသတ်ကို ဦးညွှတ်ခါးကိုင်း ... ပြီး နှုတ်ဆက်သည်။ လက်ခုပ်သံတွေက ခန်းမတစ်ခုလုံး ဝေါ ... လျှံတက်သွားသည်။ သူမက ပြာလွဲ့လွဲ့မီးမောင်းတန်းအောက် ... တည်ငြိမ်စွာရပ်ရင်း…

"အားလုံးကို ကျေးဇူးတင်ပါတယ်၊ **Happy Birthday** ပါ ဦးဝိယံ"

မိုက်ခရိုဖုန်းမှတစ်ဆင့် မွေးနေ့ဆုတောင်းလုပ်သည် ... တို့နောက် စတိတ်စင်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာတဲ့ ခြေလှမ်း ... ရဲ့ ဦးတည်ရာက ဝိယံဆီ။ အပြာဖျော့ဖျော့ မီးဆလိုက်က သူ ... တစ်ဦးသာ မီးမောင်းထိုးနေရာမှ သူ့ဆီ အလင်းတန်းကူးစက် ... အလင်းစက်ကွင်းထဲ သူရောက်သွားချိန်မှာတော့…

"**Happy Birthday to you**"

မွေးနေ့ဆုတောင်းသီချင်းကို သံပြိုင်ဆိုလာတဲ့ ဟိုတယ် ... ဝန်ထမ်းတွေက **Birthday cake** ကပ်ထားတဲ့ တွန်းလှည်း ... သူတို့နှစ်ဦးကြား တွန်းဝင်လာ၏။ ဒီအစီအစဉ်ပါပေမဲ့ သူမှာ ... တဲ့ ကိတ်မုန့်မျိုးမဟုတ်။ အထပ်ထပ်တွေ ဆင့်တင်ထားတဲ့ ... **Birthday cake** ဟာ ခန့်ညားလွန်းလှတာအမှန်။

"အံ့ဩသွားလား ဦးဝိယံ"





"မင်းလုပ်ရပ်တွေကို ငါ လိုက်မမီတော့တာ အချစ်ပို"

တိုးတိတ်တဲ့ နှစ်ကိုယ်ကြား စကားတွေထဲမှာ အဓိပ္ပာယ် ... မျိုးစုံ ပျော်ဝင်လျှက်။ ဝိယံ မပျော်တာ သေချာပါသည်။

သူမက လှပစွာပြုံးသည်။ အပြုံးထဲ၌ ဖွဲ့ချည်မှုတွေပါတယ် ... လို့ ဝိယံ ခံစားရသည်။ ခက်တာက အဲဒီအပြုံးတွေကြားမှာ သူ ... မေ့စိမ့်မှုန်းရဲ့တော့။ အချစ်ပိုဟာ သူ တွေ့ကြုံဖူးတဲ့ မိန်းမတွေနဲ့မတူ ... တာ သိရလေလေ ခြေလှမ်းတို့က ရှေ့ဆက်မတိုးရဲလေလေ။

"နောက်တော့ နားလည်သွားမှာပါ၊ အခုတော့ ကိတ်မုန့် ... ခွဲဖို့ အချိန်ကျပြီ"

ဝိယံလက်ထဲ ဓားကမ်းပေးပြီး ထိုလက်ပေါ်မှ သူမက ... အုပ်မိုးကိုင်သည်။ ခပ်ရဲရဲ ခွဲချတာက ကိတ်ဆိုပေမဲ့ ဝိယံ ခံစားရ ... တာက သူ့သိက္ခာတရားတွေ အခွဲခံလိုက်ရသလို။ ခင်မင်မှု ပါးပါး ... လေးမှ သူမ ချဉ်းနင်းဝင်ရောက်လာတဲ့နေရာက ဝိယံအားမှာ ... တစ်သက်တာရပ်တည်ဖို့လား။ အများသိအောင် ကြေညာပစ်တာက ... ဝိယံ ရည်ရွယ်ထားသလို မဟုတ်ပေ။ ဝိယံက ထားဖူးနေကျ ... အတွဲမိန်းကလေးတွေလို တစ်နေ့ခေါက်သိမ်းရန် ရည်ရွယ်ခဲ့ပေမဲ့ ... သူမခြေလှမ်းက သွက်လွန်း၏။ ကွက်ကျော်လှမ်းပြီး သူ့ကို ချောင် ... ပိတ်ချည်နှောင်ပစ်တာက အတင်းအကျပ်။ ရုန်းထွက်ရန် အတွေးမှာ ... တောင် စဉ်းစားမရချိန်။ ကိတ်မုန့်ကြားထဲ ဓားက စွပ်ခနဲဝင်သွား ... သည်။ ဓားဦး ပြန်ဖော်လာတော့ ဦးချွန်ထိပ်မှာ ဝလက်တီမိ ... ချွတ်ကြိုးတစ်ကုံး။ အသည်းပုံလော့ကတ်လေးက ဆွဲကြိုးအဖျားနား



www.burmeseclassic.com

www.burmeseclassic.com



မှာ လှုပ်ယမ်းလျက်။ သူမက ထိုယမ်းခါသော အသည်းပုံအ
ရွှေရောင်နှုတ်ခမ်းဖြင့် ဖျတ်ခနဲ အနမ်းပေးပြီးနောက် ဝီယံလည်ပင်
၌ ဆွဲပေးခဲ့တာဖြစ်သည်။

"ဒီမွေးနေ့မှ အစပြုလို့ သက်တော်ရာကျော်ရှည်ပါစေ"

လက်လက်ထအောင် ရောင်စဉ်ဖြာနေတဲ့ အပြုံးနှင့်
အကြည့်တွေဟာ သူကမ္ဘာကို အိုးထိန်းစက်ပမာ သွက်သွက်ခါယမ်း
သွားစေသည်။ အခုချိန်မှာ ဝီယံ အဆန်းစစ်ချင်ဆုံးမေးခွန်းက—

သူမကို လိုက်လျောမိတာ မှားပြီလား။

◆ ◆ ◆



# အခန်း (၉)

"ဒီမှာ မြင်လား အချစ်"

မျက်စိရှေ့ကျလာတာက ဂျာနယ်တစ်စောင်။ မျက်နှာဖုံး
အဖြစ် အချစ်က ဦးဝီယံကို ဆွဲကြိုးပေးနေသည့်ပုံ။ ဂျာနယ်ခေါင်း
စည်းမှာက SUNDAY Cosmetic နှင့် For Men fash-
ion shop တို့ရဲ့ ရှေ့ဆက်မဲ့အနာဂတ်ခရီးတဲ့။ အချစ်က ကြည့်လက်
• မျက်ဝန်းတွေကို ရပ်သိမ်းပြီး မှန်ဆီပြန်ကြည့်သည်။ ချယ်ရီရောင်
နှုတ်ခမ်းနီကို အပြီးသတ်ဆိုးကာ အရောင်မဲ့သော Gloss ကို
အပေါ်မှထပ်တင်၏။

"အချစ်"

ဒေါသသံကြောင့် ခေါ်သံဟာမကြည်လင်။ အချစ်
မျက်လွှာပင့်ကြည့်သည်။ နှုတ်ခမ်းမဖွင့်ပေမဲ့ မေးဆတ်ပြီးမေးတာသာ
ဘာလဲဟု အဓိပ္ပာယ်သက်ရောက်စေ၏။

www.burmeseclassic.com



"နင်မြင်လား အချစ်၊ အဲဒီကောင်ရဲ့ပွဲကို နင်သွားစောင့်ရတာတွေ ရော၊ နင် သီချင်းဆိုတာတွေရော အကုန်လုံး ဂျာနယ်ထဲ ဟိုးလေး တကြော်ကြော်ဖြစ်ကုန်ပြီ၊ နင်ဘာလုပ်တာလဲ အချစ်၊ ဒါတွေက ဂျာနယ်တစ်စောင်တည်းမှာ ပါတာလည်းမဟုတ်ဘူး၊ ဒီသတင်းတွေ ပျံ့သထက်ပျံ့သွားရင် သွားပြီ၊ နင့်ဂုဏ်သိက္ခာ၊ ပြီးတော့ SUNDAY ရဲ့"

"သွားစမ်းပါ"

အချစ်က ဖြတ်အော်သည်။ ထိုင်ခုံကို ခြေထောက်နှင့် တွန်းရွှေ့ပြီး မှန်တင်ခုံရှေ့က ထွက်ဟန်ပြင်တော့ လရိပ်နှင့် မျက်နှာ ချင်းဆိုင် ဖြစ်သွား၏။ ဆံပင်တွေ မျက်နှာရှေ့သို့ ဖရိုဖရဲကျနေသော ဒေါသကြောင့် မှုန်ယိုနေတဲ့ လရိပ်ကို စေ့စေ့ကြည့်သည်။ ပြောသည့် စကားတွေက တစ်ခွန်းချင်း ပီသစွာ ထွက်ပေါ်လာ၏။

"ဖြတ်တယ်၊ အဲဒါတွေအားလုံး ဖြစ်စေချင်လို့ ငါတမင် လုပ်ခဲ့တာပဲ လရိပ်"

"အချစ်"

"ခဏခဏမခေါ်နဲ့၊ မထူးချင်တဲ့သူကို နင်ခေါ်နေရတာ မမောဘူးလား လရိပ်၊ ငါသေချာထပ်ပြောမယ်၊ ငါ သူ့ကိုချစ်တယ် အဲဒီအတွက် ငါလုပ်တယ်၊ ရှင်းလား"

"မချစ်ရဘူး၊ နင့်မှာချစ်ခွင့်မရှိဘူး"

ဝန့်တိုစိတ်က ဆောင့်ထွက်လာတဲ့ ဒေါသဟာ လရိပ် နှလုံးသားကို ဖျစ်ညှစ်ထားသည်။ စိတ်နောက်ကိုယ်ပါ သွားတဲ့





အဖြစ်က သူမပခုံးကို ခပ်ကြမ်းကြမ်းဆွဲခေါ်မိတဲ့အထိ။

"လွှတ်စမ်း"

အချစ်က ရုန်းခါချသည်။ ပရိုပ်လက်တွေက ခိုင်မာမြဲမြံ စွာ။

"မလွှတ်ဘူး၊ နင်က ငါ့အတွက်ပဲဖြစ်ရမယ် အချစ်၊ နင့်ကို စတွေ့ကတည်းက ချစ်ခဲ့တာ၊ ပိုင်ဆိုင်ချင်ခဲ့တာ၊ နင့်အချစ် ဟာ တခြားလူ့အတွက် မဟုတ်ဘူး၊ ငါ့အတွက်၊ ငါ့ကိုပဲပေးရမှာ"

စကားတစ်ခွန်းပြောတိုင်း တစ်ခါဆွဲခါသည်။ ထို့ကြောင့် အချစ်က သူ့လက်ထဲ ရှေ့တိုးနောက်ငင် ဖြစ်နေတဲ့ အရုပ်တစ်ရုပ် ပမာ။ ဒါပေမဲ့ အချစ်ကလည်း ခေါင်းမာသည်။ အမိန့်ပေးတာ၊ ချုပ်ချယ်တာကို မကြိုက်။ ထိုစိတ်ကြောင့်ပဲ အချစ်က လရိပ်ကို စူးစူးရဲရဲပြန်ကြည့်ကာ…

"နင်စိတ်ကူးယဉ်မနေနဲ့ လရိပ်၊ နှလုံးသားကို အမိန့်ပေး လို့မရဘူး၊ နှလုံးသားက သူသဘောသူဆောင်တာ၊ ငါ နင့်ကို မချစ်ဘူး"

"မချစ်တတ်တဲ့သူကို ချစ်လာအောင် လုပ်ဖို့"

ဖျတ်ခနဲ လရိပ်မျက်နှာက ငုံ့ကျသွားသည်။ ပန်းရနံ့ မျှော့မျှော့ရနေတဲ့ နှုတ်ခမ်းနီက ဆွဲဆောင်တာလား၊ Gloss အရှိန်ကြောင့် စိုအိလင်းလက်နေတဲ့ နှုတ်ခမ်းကပဲ အနမ်းတို့ကို လက်ယပ်ခေါ်သလားမသိ။ နွေးထွေးတဲ့ နှုတ်ခမ်းဖျားတို့ကို အပိုင် သိမ်းပိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွား"

အရှိန်ပြင်းစွာ သူ့ရင်ဘတ်ကို အချစ်က ဆောင့်တွန်းသည်။ လူချင်းကွဲသွားမှ မီးတောက်မတတ် မျက်ဝန်းတွေနှင့် စိုက်ကြည့်ကာ လက်တစ်ဖက်က အားအပြည့်ထည့်၍ ရိပ်ခနဲမြှောက်တက်လာပြီး

"ဖြောင်း"

အသံကအကျယ်ကြီး နားထင်နားရင်းတွေပါ ထူပူကျန်သည်။ ပါးတစ်ဖက်က ချက်ချင်းနီရဲယောင်ယမ်းလာသလို ခံစားရ၏။

"သွား…နင် ငါ့အခန်းထဲက ထွက်သွား လရိပ်၊ ဒီအခန်းထဲကတင် မဟုတ်ဘူး၊ ငါ့မျက်စိအောက်ကပါ ထွက်သွားစမ်း၊ စော်ကားရဲတဲ့သူ၊ ယုတ်မာတဲ့သူ၊ သွား နင့်အတွက် လက်ကျန်သံယောဇဉ်တွေပါ ငါ့ရင်ထဲက ထုတ်ပစ်လိုက်ပြီ၊ သွားတော့"

ငိုကြွေးပြီးလည်း အော်သည်။ သူ့ရင်ဘတ်ကိုလည်း ဆက်ကာဆက်ကာ တွန်း၍ အခန်းအပြင်သို့ နှင်ထုတ်သည်။ သူ အခန်းပြင်ရောက်တာနှင့် အခန်းတံခါးကို ဆောင့်ပိတ်တဲ့အသံဟာ အကျယ်ကြီး။

"ခဏရှောင်နေလိုက်ပါ လူလေးရယ်၊ အချစ်တအား စိတ်ဆိုးနေတဲ့ အချိန်မို့ပါ၊ အရီ ချော့ပေးပါ့မယ်၊ အခုတော့ လူလေးလည်း စိတ်လျှော့ပါကွယ်"

ဘယ်အချိန်က ရောက်နေမှန်းမသိတဲ့ အရီက သူ့လက်မောင်းကို ဆွဲခေါ်ရင်း နှစ်သိမ့်သည်။ ဒါ့သကြောင့် မြင်မြင်ကရာ





တန်ကျောက်ပစ်ချင်တဲ့စိတ်ကို အိမ်အဝပန်းအိုးတွေဆီ ပုံချပစ်သည်။ လရိပ် ခြေလှမ်းအခက်မှာ ပန်းအိုးတွေက ဖရိုဖရဲလဲကြေလို့။

နှလုံးသားထဲက ချစ်ခြင်းမေတ္တာကို အလုခံရတဲ့အချိန်မှာ ဖြစ်ရတဲ့ စိတ်ခံစားမှုက လျှော့ချလို့ရသလား။ လရိပ်အတွက်တော့ လျှော့မရတဲ့ ဒေါသဟာ ခိုးယူသူထံ ပုံကျသွားရသည်။ ကားပေါ်တက်၍ စက်နိုးမောင်းထွက်ခဲ့တာ တရကြမ်း။ ဦးတည်ရာက ဝိယံဆိုသောသူထံ။ ရည်ရွယ်ချက်က အချစ်တွေ ပြန်တောင်းရန်ဆိုလျှင်။

မငြိမ်းချမ်းသော နှလုံးသားစစ်ပွဲက ရှေ့ဆီမှာ ဆီးကြိုလျက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ထွင့်လည်း တကယ်မသိတာ ကိုကို၊ လူတွေကလည်း တွေ့တိုင်း ဒီအကြောင်းပဲ မေးနေကြတာ၊ ထွင့်လည်း မသိပါဘူး ဖြေရတာတောင် မျက်နှာပူလာပြီ၊ ကိုကို့သားကလည်း သိတဲ့ အတိုင်းလေ မေးတော့လည်း ခေါင်းမညိတ် ခေါင်းမခါနဲ့၊ စိတ်ပူလို့ မေးတဲ့သူတောင် သူက အပြစ်တင်သေးတာ၊ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ [illegible]ပါနဲ့တဲ့၊ အဲဒါ လူကြီးလူကောင်းတွေရဲ့ အလုပ် မဟုတ်ဘူးတဲ့"

"အေးကွာ···သားနဲ့တော့ ခက်တော့တာပဲ"

"ခက်မနေနဲ့ ကိုကို၊ မေးရင် မဖြေဘူး၊ ထင်ရာလုပ်ပြီး ခေါင်းမာတာ အဲဒါ သူ့စရိုက်ပဲကို"

ထွင့်က စကားလည်းပြော လက်ဖက်ခွက်ထဲ သူ့အကြိုက်နဲ့ သူ ထည့်ထားတဲ့ လက်ဖက်ဆီစိမ်၊ နမ်း၊ ကြက်သွန်ကြော်တွေကို ရွှန်းနေပါအောင် လိုက်ခပ်ကာ အဆုံးသတ် ပုစွန်ခြောက် အကောင် ကြီးကိုပါ ခပ်ပေးထားပြီး ဦးကြည်လင်ဘက် ရွှန်းကိုင်းလှည့်ပေး



တာ···

"စား···ကိုကို၊ ထမင်းစားပြီးရင် လက်ဖက်ကလေးမြည်းတော့ ခံတွင်းရှင်းတာပေါ့၊ ကြက်သွန်ဖြူတစ်တက်လောက်ပါ ထည့်စား၊ လေကြေအောင်လေ"

မခွံ့ရုံတမယ် အသင့်ပြင်ထားတဲ့ လက်ဖက်ဇွန်းကို ဦးကြည်လင်က ပါးစပ်ထဲထည့်ပြီး မြုံ့နေမိသည်။ ထိုအခိုက် အိမ်ရှေ့ပေါ်တီကိုအောက်သို့ အရှိန်လွန်စွာ ပြေးဆိုက်လာသော ကား တစ်စီး။

"ဘယ်သူလဲ မထွင့်"

"မသိဘူးကိုကို၊ ရင်းနှီးနေကျ ကားမျိုးတော့မဟုတ်တာ သေချာတယ်"

ထိုးရပ်ထားတဲ့ ကားက ကျောက်စိမ်းရင့်ရောင် မာစီးဒီး။ ဧည့်သည်အထင်နှင့် ကြိုဆိုရန် ထွင့်က မတ်တပ်ထ၍ ခြေလှမ်းပြင် သည်။ သို့သော်မဲ့ ခြေလှမ်းမစရသေးခင်ပဲ ကားတံခါးဖွင့်ပြီး ဆင်းလာ တာက လူငယ်တစ်ယောက်မို့ ထွင့်က ကြောင်အမ်းအမ်းဖြစ်သွား သည်။ ထွင့်ရဲ့ စီးပွားဖက်တွေထဲမှာ ဒီအရွယ်မပါတာ သေချာ သည်။ ထိုလူရွယ်ကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ဟန်မရှိ။ လှမ်းဝင် လာတာက ခြေလှမ်းကျဲကြီးတွေနှင့်။

"ဗိုယ်နဲ့တွေ့ချင်တယ်"

တောင်းဆိုပုံက နူးညံ့ခြင်းကင်းသည်။ ထွင့်က ကွေးညွှတ် သွားသော မျက်ခုံးတို့ဖြင့် အလိုမကျခြင်းကို ပေါ်လွင်စေ၏။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ညှေ့ဝတ်ပြုရအောင် သူက ညှေ့သည်နှင့်မတူ။

"ဘာကိစ္စရှိလို့လဲ"

"ဝီယံနဲ့တွေ့ချင်တယ်"

ဂျစ်ကန်ကန် မှန်တေထားတဲ့ ရုပ်ဟာ အစွမ်းကုန်ရိုင်းစိုင်းတော့မည့်အသွင်။ ခါးထောက်ပြီး ခပ်တောင့်တောင့် ရပ်နေပုံကလည်း ရန်လိုခြင်းတွေကို ဖော်ဆောင်ထားသလို။ ထွင့်က ပြဿနာရဲ့ အငွေ့အသက်ကို ခံစားမိသူမို့ ရှေ့တစ်လှမ်းတိုးထွက်ကာ လက်ပိုက်ပြီး ခပ်တင်းတင်းမျက်နှာပေးနှင့်ပင်။

"ဝီယံ မရှိဘူး"

"ဒါ ဝီယံအိမ်ဆို"

"မမှားပါဘူး၊ ဒါပေမဲ့ ဝီယံက အိမ်တွင်းပုန်းလုပ်နေတဲ့သူမှ မဟုတ်တာ၊ စီးပွားရေးလုပ်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်ဲ အိမ်မှာ အချိန်ပြည့်ရှိနိုင်ပါ့မလား"

"ကျစ်…ဒီက"

"ဝီယံအမေ"

ဒီစကားသုံးပြီး ပြဿနာတွေ ဖြေရှင်းပေးရပေါင်းများပြီ၊ ဝီယံအမေလို့ ပြောလိုက်ရုံနဲ့ တစ်ဖက်လူရဲ့ မျက်နှာပေါ်မှာ အံ့ဩခြင်းတွေ၊ ပြေငြိမ်းခြင်းတွေကို အရင်မြင်တွေ့ရစမြဲ။ အခု ဒီကောင်လေးကတော့ ထိုသို့မဟုတ်ပါ။ ဝီယံအမေဆိုတာနဲ့ မခိုးမခန့်အပြုံးဟာ လှောင်ပြောင်ရိပ်တောင် အဆစ်ပါသေးတာ။ အဲဒီအပြုံးကြောင့်ပဲ ထွင့် တစ်သက်လုံးထားခဲ့တဲ့ ကိုယ့်ကိုယ်ကို ယုံကြည်ခြင်းတွေက

ပျတ်တရက် ယိမ်းယိုင်သွားသလို။

"ဒါဆိုလည်းကောင်းတာပေါ့၊ အုပ်ထိန်းသူနဲ့ တိုက်ရိုက်တွေ့ရတော့လည်း သတိပေးစကားပါ ပြောခဲ့လို့ရတာပေါ့"

"မင်းကဘယ်သူလဲ"

ကောင်လေးက နှုတ်ခမ်းတွန့်ရုံ ထပ်ပြုံးသည်။ မြင်ရသူအဖို့ အပြုံးက နတ်ဆိုးတစ်ကောင် ပြုံးပြသလိုပင်။

"လရိပ်ရောင်…SUNDAY Cosmetic ကို မြန်မာနိုင်ငံအတွက် ဖြန့်ချိတဲ့ တစ်ဦးတည်းသောကိုယ်စားလှယ်၊ ပြီးတော့ အချစ်ပိုရဲ့ မကြာခင် လက်ထပ်တော့မယ့် ခင်ပွန်းလောင်းပဲ"

ဟင်ခနဲဖြစ်သွားသည်။ အချစ်ပိုဆိုတာရော၊ SUNDAY Cosmetic ရောကို ဒီနေ့ဂျာနယ်ဖတ်မှ သိခဲ့ရခြင်းပင်။ သိသိချင်း ပြောနေသည့် စကားဝိုင်းထဲမှာလည်း တိုက်ဆိုင်စွာ ထိုလူငယ်က ရောက်လာသည်ဆိုတော့။ ဘာစကားမှ ဆက်မပြောနိုင်။ ဦးကြည်ခင်ကို ဖျတ်ခနဲ လှည့်ကြည့်မိသည်။ ဟန်မဆောင်တတ်တဲ့ ခင်ပွန်းဖြစ်သူကလည်း သူမကိုပဲငေးလို့။

"အဲဒီတော့"

လူရွယ်အသံထွက်လာမှ ပြန်လှည့်ကြည့်မိသည်။

"မိခင်တစ်ယောက်အနေနဲ့ ကိုယ့်သားကို နိုင်အောင်ထိန်းထားပါ၊ SUNDAY ရဲ့ကျော်ကြားမှု၊ ပိုင်ဆိုင်မှု၊ ကြွယ်ဝမှုတွေဟာ ဝီယံနဲ့မဆိုင်ပါဘူး၊ မမှန်းပါနဲ့လို့ ပြောပေးပါ"

"မင်း စော်ကားလှချည်လား၊ အဲဒါတွေမှန်းရအောင်



www.burmeseclassic.com

www.burmeseclassic.com



တို့တွေက လက်ဗလာမဲ့နေတာ မဟုတ်ဘူး၊ ဝီယံမှာလည်း အဲဒီ
စိတ်ကူးမရှိဘူး''

''ရှိလို့ ဒီအခြေအနေထိ ဖြစ်လာတာလေ၊ မွေးနေ့အယော
ပြပြီး လူရှေ့မှာ ကြေညာပစ်တာ ဘယ်သူ့အစီအစဉ်လဲ၊ ခင်ဗျာ
လား၊ ဝီယံလား''

''မဟုတ်ဘူး၊ မင်းမစွပ်စွဲနဲ့၊ ငါတို့ကလည်း ကိုယ့်ဂု
သိက္ခာနဲ့ ကိုယ်နေတာ၊ ကြွယ်ဝတဲ့သူတိုင်း လက်လိုက်ဆွဲနေတဲ့သူ
မဟုတ်ဘူး''

ထွဋ်က ဒါပဲပြောတတ်သည်။ အခိုင်အမာငြင်းရန်ကျ
လည်း ဝီယံက ပွင့်လင်းစွာ မပြောပြခဲ့။ 'နင်စီစဉ်တာလားဆို
မဟုတ်ဘူး' တဲ့။ ဘယ်သူစီစဉ်လဲမေးတော့ မသိဘူးတဲ့။ အ
စော်ကားခံရတော့ ကိုယ်ပါမလွတ်။ ကြီးရာပါတောင် ဖြစ်လို
သေးတာ။ လူရွယ်လေးကတော့ ထွဋ်စကားကို မယုံဟန်နှင့် ခ
နှစ်ဖက် တွန့်ပစ်ရင်း...

''သတင်းကတော့ ကြားပြီးသား၊ ခင်ဗျားသား
အသည်းစားမှုဆိုးတဲ့၊ ပန်းခြွေဘီလူးတဲ့၊ ဒီလိုနာမည်ရှိတဲ့လူ
ဒါမျိုးမလုပ်ဘူးဆိုတာ ယုံဖို့တောင်ခက်တာပဲ''

''မင်း''

''ပြီးအောင် ပြောပါရစေ၊ ဝီယံကို ပြောလိုက်ပါ၊ အ
ကျွန်တော်က လက်ထပ်တော့မှာ၊ လက်ထပ်ပြီးတဲ့အထိ ပတ်သ
နေဦးမယ်ဆိုရင်တော့ နောက်ထပ် နာမည်ဆိုးတစ်ခု ထပ်ရသွား





လို့၊ မယားခိုးဆိုပြီးတော့လေ''

''ဟော့...မင်းက''

အသံထွက်လာမှ ကိုကို့ကို လှည့်ကြည့်သည်။ ဒေါသ
စိတ်၊ ရှက်စိတ်ကြောင့် နီမြန်းနေတဲ့မျက်နှာနဲ့ ကိုကိုဟာ အသား
ဆတ်ဆတ်တုန်လို့။ ကောင်လေးဆီ လှမ်းထိုးထားတဲ့ လက်ညှိုးဟာ
ဦးတည်ရာမမှန်ချင်။ ယိမ်းခါနေတဲ့ အခြေအနေကြောင့် ထွဋ်ဟာ
ဒေါသတွေဘေးချိတ်ပြီး...

''ကိုကို သတိထားလေ''

ပြောမှ သူမလက်ပေါ် ခွေကျသွားတော့တာဖြစ်သည်။
ထွဋ်က ကိုကို့ကိုယ်ကြီးကို မနိုင်မနင်း ပွေ့ထားရင်း အိမ်ရှိလူတွေန
ဲ့ကို လှမ်းခေါ်တာ အသံပြာလှမတတ်။ ကိုကို့အပေါ် စိုးရိမ်စိတ်က
အခုနဖြစ်ရတဲ့ ဒေါသတွေထက် အဆပေါင်းများစွာပိုခဲ့လျှင်။

အချစ်ပိုနှင့် ဝီယံပတ်သက်မှုအား တားဆီးရမှာ မလွဲ
တာန်။ ဒီအတွက် ဝီယံနဲ့ စစ်ပဲဖြစ်ရဖြစ်ရ၊ စီးချင်းပဲတိုက်ရတိုက်ရ
အရေးမကြီး။ ထွဋ်အတွက်တော့ ကိုကိုသာ အရေးကြီးဆုံး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကိုယ့်လမ်းကိုယ်လျှောက်ကြတာ အကောင်းဆုံးပဲ အချ
ပို၊ တို့တွေ ရင်းနှီးခဲ့တဲ့အချိန်က ဘာမှရှိတာမှမဟုတ်တာ၊ အမှတ်
တရ ကျန်ခဲ့တယ်ဆိုလည်း လွမ်းစရာမရှိတာ သေချာတယ်"

ကြားရတဲ့စကားက အချစ်အတွက် သေးပျက်ချင်စရေး
ပီကေကို နှုတ်ခမ်းပိတ်ဝါးနေတဲ့ သူ့မျက်နှာကို ငေးကြည့်သည်။
ရင်ထဲ တလှိုက်လှိုက် ခုန်လာတာက စွန့်လွှတ်ရမှာစိုးတာလား
သူ့ကို ချစ်မြတ်နိုးတဲ့စိတ်လား ဝေခွဲမရ။ သေချာတာကတော့
သူဟာ အချစ်ပိုဆိုသော သူမအတွက်ပဲဖြစ်ရမည်။ ဒါဟာ အတ္တ
လား။

"အဲဒီလို လွယ်လွယ်နဲ့ လျှော့ပစ်လို့မရဘူး ဦးပီယံ
အချစ်အတွက် ကျန်ရစ်ခဲ့တာတွေက တကယ့်အမှတ်တရတွေ"

"အဲဒါ မင်းဘက်ကအပိုင်းပဲ အချစ်ပို"





ခရမ်းဖျော့ရောင် မှုန်မှုန်လေးလင်းတဲ့ မျက်နှာကို
ကြည့်ပြီး ပြောသည်။ ခရမ်းရင့်ရောင် ဂုတ်ကြိုးသိုင်းတဲ့ ဂါဝန်
တာ ထုံးစံအတိုင်း ဒူးအထက်တိုကပ်ကပ်၊ အောက်က လည်ရှည်
နုပ်ကလည်း ခရမ်းရင့်ရောင်။ နား၌ပန်ထားတဲ့ နားကပ်က အဖြူ
ပေါ် ခရမ်းစင်းပါတဲ့ နားဆွဲနှင့် ပတ်ထားတဲ့နာရီကလည်း ဒိုင်ခွက်
အဝိုင်းကြီးနဲ့ ခရမ်းရောင်။ နှုတ်ခမ်းနဲ့ မျက်ခွံပေါ်မှာလည်း ခရမ်း
ရောင်ဟာ မှိန်တချို့ လင်းတချို့။ သူမ သိပ်လှပါသည်။ ပီယံ
တွေ့ဖူးသမျှ၊ တွဲဖူးသမျှ မိန်းမတွေထဲမှာ အလှဆုံးလို့တောင် ပြော၍
ရသည်။ ဒါကြောင့်လည်း သူတွဲခဲ့တာပင်။ ဒါပေမဲ့ ပတ်သက်မှုက
သူထင်ထားခဲ့သလို မဟုတ်တော့။ ချည်နှောင်မှုတွေ ပါလာသည့်
အပြင် သူမမှာ လက်ထပ်ရမည့်သူရှိပြီးသားတဲ့။ ပီယံက တူးပြီး
ခံစားရပေမဲ့ သူမကြောင့် ဖေဖေ စိတ်ထိခိုက်ခဲ့ရသည်။ ထိုနေ့က
သူပြန်ရောက်တော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ မေထွေးဟာ
မျက်ရည်အိုင်နေတဲ့ မျက်ဝန်းရွဲကြီးတွေနဲ့…

"ငါတော့ နင့်ကို စိတ်ကုန်ပြီ ပီယံ၊ ကိုကို နေမကောင်း
ဘူး၊ သွားတွေ့ဦး"

ဖေဖေ့အခန်းထဲ သူတက်သွားတော့ မေထွေးပြောသလိုပင်
ဖေဖေက ခပ်လျော့လျော့မှိုလှဲနေ၏။ မရွှင်လန်းသော ဖေဖေ့မျက်နှာ
တာ နေမကောင်းဖြစ်နေတယ်ဆိုတာ အသိသာကြီး။

"သား ဘာတွေပဲလုပ်လုပ် ဖေဖေ မတားခဲ့ဘူး၊ ဒီတစ်ခါ
တော့ တားမှရမယ် သား၊ ကလေးမလေးမှာ စေ့စပ်ထားတဲ့သူရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပိုင်ရှင်ရှိပြီးသားကို မပတ်သက်တာ အကောင်းဆုံးပေါ့ချာ ရင်ထဲက ပါနေတယ်ဆိုတောင် ရအောင်မေ့ပစ်ပါ၊ အချစ်ရေးမှာ ဥစ္စာမနေတွေ၊ ဂုဏ်တွေပါလာရင် ဖြောင့်ဖြူးဖို့မလွယ်ဘူး၊ သူသာ တယ် ကိုယ်နာတယ်နဲ့ တွက်ချက်ကုန်မှာ၊ ဖေဖေတို့လည်း ချမ်းသာ တယ်၊ ဒါပေမဲ့ မကြွယ်ဝဘူး၊ ဒါကို မင်းသဘောပေါက်ရင် မင်း နောက်ဆုတ်ပါ''

သဲ့သဲ့မျှလေသံနှင့် အားယူပြောနေတဲ့ ဖေဖေ့ကြောင့် သူ နားမလည်ပေမဲ့ မေးခွန်းပြန်မထုတ်ခဲ့။ ဖေဖေ မောနေတာသိလို့ပါ။ ဖေဖေ့အခန်းထဲက ခေါင်းငုံ့ပြီး ထွက်ခဲ့ပေမဲ့ ရှုပ်ထွေးခြင်းတွေဟာ ရင်ဘတ်နှင့်အပြည့်။ အခန်းအပြင်ရောက်ပြီး မေတ္တင့်နဲ့တွေ့မှ သူ ဇာတ်ရည်လည်တော့တာ။ ကြားစတုန်းက ဖြစ်ရတဲ့ဒေါသဟာ မုန်တိုင်းမိနေတဲ့ လှိုင်းတံပိုးတွေနှယ်။ ရင်တစ်ခုလုံး ရှန်းကြွမိမောဟ် နေခဲ့သည်။ စိတ်ကိုထိန်း၍ ဖြတ်ကျော်ခဲ့တာ တစ်ညလုံး။ ဒီနေ့ သူမရောက်လာတော့ မပြေတဲ့ဒေါသဟာ ခဲသွားပြီ။ သိပ်သည်း များတဲ့ ဒေါသအစိုင်အခဲဟာ ဘယ်လိုချေဖျက်ပါစေ မပျက်နိုင် တော့။ ဒါပေမဲ့ အပြင်ပန်း၌တော့ ဝီယံဟာ အေးဆေးတည်ငြိမ် လွန်း၏။

''ဒါဆို အချစ်အပေါ် ဘာလို့ လိုက်လျောမှုတွေ ပေး တာလဲ၊ ကစားတာလား၊ အိပ်မက်ပေးတာလား ဦးဝီယံ၊ ရှင်းရှင်း ပြောပါ''

ဒေါသသံနှင့် စူးတဲ့အသံကြောင့် ဝီယံက ခေါင်းငုံ့ကြည့်





သည်။ မျက်တောင်ဖျားတွေ စင်းချပြီး ငုံ့တဲ့အကြည့်မှာ ကရုဏာ ပေါ။

''ရှင်းနေတာကို မင်းက ရှုပ်နေတာ၊ ပတ်သက်ခဲ့တာ ဇာတ်ဆွေအဆင့်လေ၊ လမ်းတွေ့ရင် နှုတ်ဆက်၊ အကြည့်ချင်းဆုံရင် ပြုံးပြလို့ရတယ်၊ ဒါပဲ၊ ဒီထက်တိုးတက်စရာအခြေအနေ မင်းနဲ့ကိုယ် ကြားမှာ မရှိတော့ဘူး၊ ရှင်းတယ်နော်၊ ဒီထက်ရှင်းအောင် ပြောရရင် မင်းစိစဥ်တဲ့ဇာတ်ညွှန်းထဲမှာ ကိုယ်မပါဘူး''

''မွေးနေ့တုန်းက ကိစ္စကို ဦးဝီယံ စိတ်ဆိုးနေတာလား ဟင်၊ ဟို…အချစ်က ဦးဝီယံ ပျော်ပါစေတော့ဆိုပြီး''

ဝီကေကို လျှာပေါ်တင်ပြီး ထွေးထုတ်သည်။ သူမဘက် လှည့်လာတော့ ပင်စည်ကိုမှီပြီး ခပ်နွဲ့နွဲ့လက်ပိုက်ရပ်၏။ အထက်စီး ဆန်တဲ့ အကြည့်ဟာ လျှပ်စီးကြောင်းတစ်ခုလို။ သူမတစ်ကိုယ်လုံး ဆံ ထွင်းဖောက်သွားပြီးမှ…

''မင်းရည်ရွယ်ချက်က အဲဒီလောက်အထိ ရိုးစင်းသလား အချစ်ရို၊ သူများကို ချည်နှောင်ဖို့ ကြိုးစားတဲ့ မင်းမှာလည်း အချည် ခံကြိုးတစ်စ ရှိနေတာပဲ''

''ဘာကိုဆိုလိုတာလဲ ဦးဝီယံ''

''မင်းမှာ နေ့စပ်ထားတဲ့သူရှိတယ်''

''ဟင့်အင်း…အဲဒါ မမ စီစဥ်တာ၊ အချစ်က ဖျက်ပစ် မယ်ပြောပြီးသား''

''အဲဒါ မင်းကိစ္စ၊ ငါက ပိုင်ရှင်ရှိပြီးသား ပန်းဆိုအပေး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက လက်ရှောင်ပြီးသား၊ မသိလို့ဖြစ်သွားတဲ့ကိစ္စ… ငါ့မိသားစုဝုဏ်သိက္ခာ အများကြီး ထိုးကျွေးလိုက်ရတယ်၊ ပြီး… တာထားတော့၊ ရှေ့ဆက်မယ့်ခရီးမှာ မင်းနဲ့ငါ ဒီနေရာက… လမ်းခွဲမယ်''

ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး သူမနှင့်ဝေးရာဆီ ဝီ… ခြေလှမ်းစလှမ်းသည်။ သူကားပါမလာခဲ့။ မနက်ကတည်းက… သူ့ကားကို သော်ဇင် ယူသွားသည်။ အချစ်ပိုရောက်လာ… ပြောကြဆိုကြရန် နေရာရွေး၍ ကန်တော်ကြီးထဲ သူမကားနှင့် ပါလာ… တာ။ အပြန်ခရီးအတွက် ကိစ္စမရှိပါ။ တက္ကစီတွေများ ပေါလွန်း… လို့။ အတွေးနှင့် မဲ့ပြုံးမဆုံးခင် နောက်နားဆီက အပြေးလိုက်လာ… တဲ့ ခွာမြင့်ဖိနပ်သံနှင့်အတူ သူ့လက်ကောက်ဝတ်ကို ဆောင့်ဆွဲထား… ခံလိုက်ရသည်။

''ဟင့်အင်း…အဲဒီလို ချန်မသွားနဲ့ ဦးဝီယံ၊ အချစ်… လွယ်လွယ်ကူကူ ကျန်ခဲ့မှာမဟုတ်ဘူး''

''ကျစ်…လွှတ်စမ်းပါ''

''မလွှတ်ဘူး၊ အချစ်စကားတွေကို နားထောင်ဦး… အချစ်က အရှုံးပေးဖို့ ဝါသနာမပါဘူးနော်''

''ငါကလည်း အစော်ကားခံဖို့ လူဖြစ်လာတာ မဟုတ်… ဘူး''

သူက ဆောင့်ရုန်းသည်။ အချစ်က မလွှတ်စတမ်း ဖမ်းဆုပ်… ထားသည်။ ထိုအခိုက် အချစ်တို့အနားသို့ အနက်ရောင် ပရာဒိုကား…



အမြင့်ကြီးက ဝေါခနဲ ထိုးစိုက်လာသည်။ မောင်းသူဘက်က မှန်ချ… တော့…

''မေထွဋ်''

''ကားပေါ်တက် ဝီယံ၊ မင်းအဖေ ဆေးရုံတင်ထားရ… တယ်''

''ဗျာ''

''အရေးကြီးတယ်၊ မြန်မြန်လုပ်''

အားကုန်သုံး၍ ဆောင့်ရုန်းတော့ ဝီယံလက်က ကျွတ်… လွတ်သွား၏။ နောက်ခန်းတံခါးဖွင့်ပြီး ကားပေါ်တက်သည်။ မေထွဋ်က မမောင်းသေးဘဲ အချစ်ပိုကို ထက်အောက်စုန်ဆန်ကြည့်… ပြီးမှ…

''ဝီယံကို လက်လွှတ်လိုက်ပါ မိန်းကလေး၊ မင်းနဲ့မတန်… ဘူးလို့ တွေးရင် မင်း စိတ်သက်သာရာရမှာပါ''

''ဘာ''

ကားက ဝေါခနဲ ကွေ့ဝိုက်မောင်းထွက်သည်။ အရှိန်ပြင်း… လွန်း၍ လမ်းမပေါ် ခဏလေးနှင့် ရောက်၏။ ကားလမ်းမကြီးပေါ်… ရောက်လည်း မေထွဋ်က အရှိန်မလျှော့။ မီးဝါနေလည်း ဝေါခနဲ… ဖြတ်ပစ်တာပင်။ ဝီယံက မေထွဋ်ကိုကြည့်ပြီး အံ့သြလာရ၏။ ပိုအံ့သြရတာက ဒါ သူ့အိမ်ပြန်တဲ့လမ်း။

''မေထွဋ်…ကျွန်တော့်ကို လိမ်ခေါ်လာတာလား''

''လိမ်တယ်ဆိုတာ မသုံးစမ်းပါနဲ့၊ နင်နဲ့ငါ ရှုယ်တူမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ နှင့်ရဲ့အုပ်ထိန်းသူ''

''ဘယ်လိုပဲဖြစ်ဖြစ်လေ အုပ်ထိန်းသူဖြစ်ပြီး နေရာတကာ အာဏာသုံးနေလို့ ဖြစ်မလားဗျ''

ဝီယံက နောက်ခန်းမှ အော်သည်။ အိမ်အပြန်လမ်းရှိ ဖေဖေ ဆေးရုံမတက်ရတာ သေချာသည်။ ထို့အတွက် သူပျော်တာ ကသပ်သပ်။ လက်တစ်လုံးခြား လှည့်ဖြားပြီး သူ့ကိုခေါ်လာသည့် မေထွဋ်အား စိတ်တိုတာသပ်သပ်ပင်။ ဒါတွေကြိုမြင်လို့ ပါဝါပြ စက်ကွင်းတွေကို ဝီယံ ဆန့်ကျင်ခဲ့တာ။ သူမဟာ ကိုယ့်အမေအရင်း မဟုတ်ဘဲနဲ့ဆိုတဲ့စိတ်က အရိုးစွဲနေသဖြင့် မေထွဋ် ဘာလုပ်လုပ် အကောင်းမမြင်ချင်တော့။

''ငါ အာဏာသုံးတော့ရော၊ မင်းနာခံခဲ့လို့လား ဝီယံ ငါ တစ်ဆို မင်းက နှစ်လို့ အမြဲအော်ခဲ့တဲ့လူမျိုးလေ၊ ငါ့စကား အရာမထင်တဲ့လူမျိုးအတွက် ငါဘာမှလိမ်စရာမလိုဘူးဟဲ့၊ အခု ငါလုပ်တာ ငါ့ယောကျ်ားအတွက်၊ အိမ်ပေါ်တက်ပြီး အဆော်ကား ခံလိုက်ရတဲ့ ငါ့ယောကျ်ားအတွက် ငါဝင်ရတာ''

''အဲဒီလောက်အထိ မဏ္ဍပ်တိုင်တက်ပြမနေနဲ့၊ ပြောကြ စတမ်းဆို ကျွန်တော်က ဖေဖေ့သား''

''ဟွန်း''

ပြောပြီး ရယ်သည်။ ဒါပေမဲ့ ပါးပေါ်မှာ မျက်ရည်စီး ကြောင်းနှင့်...

''ဟုတ်ပါတယ်၊ တော်စပ်မှုက မင်းကပိုတယ်၊ ဒါပေမဲ့



ဆေးနာထားတာချင်း မတူဘူး ဝီယံ၊ ဒါ ငါ့အဖေဆိုပြီး ဆိုးနွဲ့ နေမှာထက် ငါ့အဖေအတွက်ဆိုပြီး မင်း လိမ္မာဖို့ ဘယ်နှခါ စဉ်းစား ဖူးလဲ၊ မပတ်သက်ပါနဲ့လို့ ဖအေက မေတ္တာရပ်ခံထားတဲ့ သူနဲ့တောင် မင်းက ပန်းခြံထဲမှာ ဆွဲလားရမ်းလား''

''မသိဘဲ လျှောက်မပြောနဲ့၊ သူနဲ့ရှင်းနေတာ၊ ကိစ္စမပြတ် သေးလို့''

''မပြတ်သေးလို့ ငါဝင်ရှင်းပေးတာပဲ၊ စိတ်ထားတတ်ရင် နင်က ကျေးဇူးတောင်တင်ရဦးမှာ''

ပြောတာတော့ ဟုတ်သလိုလိုပါပဲ။ ကိုယ်တစ်ယောက် တည်းသာဆို အချစ်ပိုတို့ ဘယ်လောက်အထိ ရစ်နေဦးမလဲမသိ။ ယောကျ်ားနဲ့မိန်းမ ကွာခြားချက်က အဲဒါပါပဲ။ မိန်းကလေးတွေက မချစ်ဘူး၊ မကြိုက်ဘူးပြောရုံနဲ့ ကိစ္စကပြတ်သည်။ တစ်ဖက်က အမွှဆန်လာဦးတော့ ပတ်ဝန်းကျင်ကို အကူအညီတောင်းတာနှင့် ချွမ်းကြီးပိုင်းလောင်းမဲ့သူက အသင့်။ သူတို့ယောကျ်ားတွေကျတော့ 'ကျွန်တော့်လက်ကို ဆွဲနေပါတယ်၊ သူအတင်းလိုက်ကြိုက်နေပါ တယ်' လို့ အော်ဖို့မပြောနဲ့ မိန်းကလေးတစ်ယောက်က အဆင်းဝင်လုံး ရှင်တောင် ပစ်ပစ်ခါခါ ပြုမရတာတွေ ရှိသေးတာဆိုတော့ မေထွဋ် ပြောသလိုပင်။ ကျေးဇူးပဲတင်ရမလိုလို။ ဒါပေမဲ့ ဖြစ်သင့်တာကို မိထွေးဆိုတဲ့ စိတ်ကြီးခံနေသဖြင့် ဘာကျေးဇူးမှမတင်ချင်။ ဖြစ်ချင် တာကို ဖြစ်အောင်လုပ်ပစ်ခြင်းက ကူရှင်မှာ ခေါင်းမှီပြီး မျက်လုံး အိမ့်ကို မှေးမှိတ်ထားမိသည်။ တောင်စဉ်ရေမရ အတွေးတွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ အမျိုးသမီးရေးရာအသင်းအဖွဲ့ရှိပြီး အမျိုးသားရေးရာ အသင်းက ဘာကြောင့်မရှိတာလဲ။

ရယ်ချင်စိတ်က အခုနဒေါ်သတွေကို ဖုံးလွှမ်းသွားတဲ့အခါ။

◆ ◆ ◆

"ဝိယံကို လက်လွှတ်လိုက်ပါ"

"မင်းနဲ့မတန်ဘူးလို့ တွေးရင်"

နားထဲ ကြားနေတဲ့ စကားတွေက ချော့ရည်ပုတွေအလား။ ရင်တစ်ခုလုံး ပူလောင်ပြင်းပြနေ၏။ စီးကျလာတဲ့မျက်ရည်တွေဟာ အလိုလိုဖြစ်တည်လာတာမျိုး။ ငိုချင်စိတ်ကို အလိုမရှိတဲ့သူမက ခေါင်းကို ခပ်ကြမ်းကြမ်းခါယမ်းသည်။ မျက်ရည်စက်တွေက အားသို့ လွင့်စင်သွားပေမယ့် အသစ်ဖြစ်သော မျက်ရည်တွေက အဝင်စီးကျနေတာ မကုန်ခမ်းတော့သလို။ မျက်ရည်ကြားထဲက အရာကို စူးစိုက်ပြီးကြည့်နေရတဲ့အတွက် ခေါင်းတွေပင် မူးနောက်သ၏။ အဆုံးရှုံးမခံနိုင်ခြင်းက ရင်ခွင်တစ်ခုလုံးကို အင်အားကောင်းစွာ ဖိစီးထားသည်။ ပြီးတော့ အချစ်ဟာ ပီယံနှင့် မတူမတန်တဲ့သူလား။ ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်တဲ့လူချင်း ဘယ်နားမှာ ကွာတာလဲ။ တန်တယ်၊ မတန်ဘူး ဆုံးဖြတ်ရအောင် ဒါ ဈေးရောင်းဝယ်နေတာမှ မဟုတ်တာ။ နှလုံးသားချင်း ဖလှယ်တဲ့ပွဲမှာ



ဝိုး : မိုး : ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ကိုယ် ကျေနပ်ရင်ပြီးပြီ။

"တောက်"

အချစ်က ဂီယာချိန်းသည်။ အရှေ့မှ ပရာဒိုအနက်ကြီးကို မှီလုမှီဆဲ ပွိုင့်ကနီတော့မည်။ အံကြိတ်၍ အရှိန်ကိုတင်သည်။ စောစောကထက် ပိုမြန်သော အချစ်ဂျစ်ကားလေးဟာ မီးပွိုင့်ကို ဝေါခနဲ ကျော်ဖြတ်သွားပေမဲ့ တစ်ဖက်က လမ်းပွင့်သွားတဲ့ ကားတွေက ဖြတ်တက်လာပြီ။ အချစ်က စတီယာရင်ကို ကျင်လည်စွာ ဆွဲကွေ့ရှောင်လို့ လွတ်ပေမဲ့ လမ်းကြောကို ကွေ့တက်လာတဲ့ ကားတစ်စီးရဲ့ ဦးခေါင်းကို အချစ်ဂျစ်ကား ဖင်မြီးနှင့် ဆွဲချိတ်ခဲ့လိုက်သလို။

"ဂျိမ်း"

အသံအကျယ်ကြီး ထွက်လာသည်။ ငြိရုံလေးဆိုပေမဲ့ အချစ်ရဲ့ကားက အရှိန်များတာမို့ ကိုယ့်အရှိန် ကိုယ်မထိန်းနိုင် ကားက တစ်ပတ်လည်ထွက်သွားပြီး အချစ် ထိန်းမရသော ကား ဦးခေါင်းသည် လမ်းဘေးမှတ်တိုင်နားက အုတ်တံတိုင်းကြီးဆီ အရှိန် ပြင်းစွာ ထိုးဝင်သွားတော့တာဖြစ်၏။ နောက်ဆုံးအချိန်အထိ လက်မလျှော့တတ်သော အချစ်ဟာ တစ်စထက်တစ်စ ဝေးလျော့ သွားသော ပရာဒိုကားကြီးကို လှမ်းငေးရင်း သူ့အမည်ကို လှမ်းခေါ် လိုက်၏။

"ဦးပီယံ"

◆ ◆ ◆



## အခန်း (၁၁)

ဝေါခနဲ အသံပေးပြီး လေယာဉ်က ဦးမော့တက်တာ တောင်းကင်ပြာဆီ။ ဘေးနားက အင့်ခနဲရှိုက်သံကြောင့် နေရိပ်က ရှာပျာသလဲ ဖြစ်သွားသည်။ ယုံယုံလေးသာရှိတော့သော အဆင်း ခုံလေးအား ဖမ်းဆွဲ၍ သူ့ရင်တစ်ခြမ်း၌ မှီထားစေသည်။ နှစ်ရက် အတွင်း သိသာစွာ ဖြူဖျော့ကျသွားသော အဆင်းအား ဖွဖွလေးဖက် ထားရင်း...

"မငိုပါနဲ့တော့ အဆင်းရယ်၊ ကိုယ်တားတာ မဟုတ်ဘူး နော်၊ အဆင်း ခံစားနေရတာကို မကြည့်ရက်လို့ပြောတာ၊ ဖြစ်ပြီး တာက ပြီးသွားပြီ၊ ကိုယ်အပင်ပန်း ခံစားနေတာက အရာမထင် တော့ဘူး၊ အဆင်း ဒီရက်ပိုင်းအတွင်းမှာ အရမ်းပင်ပန်းနေပြီ"

"အချစ်...မရှိတော့ဘူးဆိုတဲ့အသိက အဆင်းပါ အနားကတ်မဲ့သွားသလိုပဲ ကိုရိပ်၊ အဆင်းက သူ့အတွက် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခဲ့ပြီးမှ အခု သူမရှိတော့ဘူးဆိုတော့''

အဆင်းက ပြောရင်း ထပ်ရှိုက်သည်။ နေရိပ်က အဆင်းပါးပေါ်က မျက်ရည်စီးကြောင်းတွေကို တစ်ရှူးနှင့် ဖွဖွတို့သုတ်ပေးသည်။ ဒီညီအစ်မရဲ့ သံယောဇဉ်ကို သူမရိပ်မိဘဲနေမလား။ အဆင်းနဲ့သူ ပတ်သက်ခဲ့တာ မနေ့တစ်နေ့ကမှမဟုတ်တာ။ လေးနှစ်ကျော်ဆိုတဲ့ ကာလအတွင်းမှာ သူ့လိုလူကို လက်မထပ်သေးဘဲ အဆင်း အချိန်ဆွဲခဲ့တာ ဘယ်သူ့ကြောင့်လဲ။ နေရိပ် မမေးခဲ့ပါ။ ဒါပေမဲ့ အဆင်းကတော့ ရိုးသားစွာ ဝန်ခံခဲ့၏။

''ကိုရိပ်က ငါ့ကို အသုံးချတယ်လို့ တစ်ချိန်မှာထင်လာနိုင်တယ်၊ အဲဒီအချိန်ကျမှ ဖြေရှင်းတာတွေ အပြစ်တင်တာတွေ မဖြစ်စေချင်လို့ အဆင်း ဖွင့်ပြောတာပါ၊ ညီမလေးကို စိတ်ချ[illegible]အရွယ်၊ လှည့်ကြည့်စရာမလိုတဲ့ အနေအထားရောက်မှ အဆင်းလက်ထပ်ပါရစေ၊ ကိုရိပ်ကို အဆင်းရဲ့ မှီခိုရာအဖြစ် လက်ခံခဲ့တာဆိုပေမဲ့ စိတ်ချပါ အဆင်းဟာ ကိုရိပ်အတွက်ပဲ ဖြစ်စေရမှာပါ''

'ရှင့်ကျေးဇူးရှိလို့ ကျေးဇူးဆပ်တာ' လို့ မပြောရုံတမယ်စကားလုံးတိုင်း၌ ချစ်ခြင်းတွေ၊ ရင်ခုန်ခြင်းတွေမပါ။ ကိုယ့်ထက်ငယ်ရွယ်သူက မပြောတော့လည်း နေရိပ်က ကိုယ့်အသက် ကိုယ်[illegible]အားနာရသည်။ သူက အဆင်းထက် ရှစ်နှစ်ကျော် ကြီးသည်လေ ဒါပေမဲ့ ရင့်ကျက်တည်ငြိမ်ခြင်းဆိုတာ အသက်အရွယ်နဲ့ မဆိုင်[illegible] ဆိုတာ အဆင်းနဲ့တွေ့မှ သူလက်ခံရတော့မလို။ မချစ်ဖူးတဲ့ အသည်[illegible] ရိုင်းဟာ အဆင်းရဲ့ အလှအပပေါ် ယစ်မူးမိသည်။ အရိုင်းဆန်[illegible]

[illegible]ရင်ခုန်ခြင်းအပေါ် သူက အနမ်းစိမ်းဖြင့် သရုပ်ဖော်ရန် ကြိုးစားဖူး[illegible] တန်ဖိုးမထားရှုမဟုတ်။ ချစ်လွန်း၍ စိတ်အလိုလိုက်ခြင်းကို အဆင်းက လက်မခံခဲ့ပါ။

''အဆင်းရဲ့သိက္ခာကို ထည့်တွက်ပေးပါ၊ အဆင်းက [illegible]မာမိန်းကလေး၊ ပြီးတော့ အုပ်ထိန်းသူမဲ့တဲ့သူ၊ ဒီလိုအချိန်မှာ [illegible]ငံရပ်ခြားက ရောက်နေသေးတယ်၊ ကိုရိပ်က ထိတွေ့သာယာမှု [illegible] ဒီနိုင်ငံနဲ့ယှဉ်ပြီး ဘာမှမဖြစ်လောက်ဘူးထင်ပေမဲ့ အဆင်းအတွက် [illegible]တင့်ရမဲ့စည်းတွေ ရှိတယ်၊ ပြီးတော့ ညီမလေးရဲ့ရှေ့မှာ ရိုသေ[illegible]လေးစားခံရတဲ့ အစ်မတစ်ယောက်အဖြစ် ရပ်တည်ချင်တယ်''

ထို့ကြောင့် နေရိပ်က ပိုတန်ဖိုးထား မြတ်နိုးခဲ့ရသည်။ [illegible]တင့်စည်းနိုင်တဲ့ သူ့အဖြစ်တောင် ရှက်စရာကောင်းသွားသလို။ [illegible]အချိန်မှစ၍ အရိပ်တကြည့်ကြည့်နဲ့ မြတ်နိုးခဲ့ရတဲ့ ယုန်ကလေးဟာ [illegible]သောကဒဏ်ကြောင့် နွမ်းကြေနေတာကို နေရိပ် မကြည့်ရက်ပါ။ [illegible]ပေမဲ့ ကိုယ်မတတ်နိုင်တဲ့ ကိစ္စဆိုတော့လဲ။

''စိတ်ကိုဖြေပါ အဆင်းရယ်''

''ဟင့်အင်း…ဖြေမရဘူး ကိုရိပ်၊ ရင်ထဲမှာ တင်းကြပ်[illegible]တယ်၊ ညီမလေးက မဆုံးသင့်ဘဲ ဆုံးသွားရတာ၊ ရက်စက်တဲ့[illegible]တွေ၊ လူမဆန်တဲ့သူတွေကြောင့် အစောကြီးကတည်းက အဆင်း[illegible]သားပဲ၊ ရည်းစားများတဲ့သူဟာ နှလုံးသားမရှိပါဘူးလို့၊ ညီမ[illegible]ဆုံးသွားတာ ဝီယံဆိုတဲ့လူ့ရဲ့ ပယောဂမကင်းဘူး၊ အဲဒါ သေချာ[illegible]ယ်''



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖျော့တဲ့ မျက်နှာလေးဟာ ဒီအကြောင်း တူးဆွ
နီရဲညိုပုတ်လာတတ်တာ နေရိပ်က လက်တွေ့ပင်။ လူက
ကလိုတောင် ပျော့ခွေယိုင်မနေတော့။ ခါးကိုမတ်ထ
အောက်နှုတ်ခမ်းကို ဖိကိုက်ထားသည်။ အာဃာတနှင့် ဝမ်းနည်း
ပေါင်းစပ်ထားသော အဆင်းညို့ရဲ့ မျက်နှာလေးဟာ ရောင်စုံ
ပန်းချီကားတစ်ချပ်လို။

"အခုကြားရတာ ညီ့စကားပဲရှိသေးတာကို အဆင်း
ဟိုရောက်မှပဲ သေချာမေးမြန်းပြီး ဆုံးဖြတ်ပါ"

"အို…ဘာမှမေးစရာမလိုဘူး ကိုရိပ်၊ ညီမလေးက
ကားနောက် လိုက်တာ၊ သူတို့က မောင်းပြေးတာတဲ့၊ အဲဒါ
အချစ်က ကားအရှိန်ကို မထိန်းနိုင်ဘဲ"

ပြောလက်စကနေ ရှေ့မဆက်နိုင်။ မျက်ရည်က
တုတ်မရတော့သလို။ ပြုံးဆင်းနေတာ တရဟော။ ငိုရှ
အဆင်းမျက်လုံးတွေ မို့အစ်နေပြီ။ ရှိုက်ရလွန်း၍ ရင်တွေ
ဒါတောင် အဆင်းမှာ တွေးတိုင်းမျက်ရည်က မထိန်းနိုင်။
ဆိုးလှချည်လား အချစ်ရဲ့ လို့ ဟစ်ကာငိုပစ်ချင်သည်။

"မချစ်တဲ့လရိပ်ကို လက်မထပ်ချင်ဘူး၊ မမ
နော်၊ သူ့ရဲ့စိစဉ်ထားတာကို၊ ပြီးတော့ ဦးပီယံကို လိုက်တောင်
မဆုံးခင်ညက ဖုန်းပြောတုန်းကတောင် ပွင့်လ
တောင်းဆိုခဲ့သေးတာ။ အဆင်းကတောင်…

"ဟဲ့…ပြောင်းပြန်ကြီး"





ပြောတော့ ညီမလေးက အကျယ်ကြီး ရယ်မောရင်း…

"အချစ်ရဲ့ဘဝမှာတော့ နှလုံးသားမှာ ပြောင်းပြန်တွေ
အတည့်တွေမရှိဘူး၊ အချစ် ဖြစ်ချင်တာကို ဖြစ်အောင်လုပ်မှာ၊
အဲဒါ အချစ်ရဲ့သမိုင်း"

"အေးပါ၊ နောင်လာနောက်သားတွေအတွက် မှတ်သား
စရာပေါ့"

"ဒါပေါ့၊ အချစ်မရှိတော့ရင် ကျောက်စာထွင်းပြီး ကမ္ပည်း
တင်ခဲ့ဦးမှာ"

နမိတ်ပြစကားတွေနှင့် နှုတ်ဆက်သွားခဲ့တာ။ တွေးရင်းက
မျက်ရည်က ကျပြန်၏။ မျက်ရည်ထဲ အက်ဆစ်တချို့ ပါဝင်သလား
ဝင်။ ပါးပြင်တစ်လျှောက် စပ်ဖျင်းနာကျင်လာ၏။ မြန်မာပြည်
ဖြစ်ရသောခရီးသည် ညီမလေးမရှိတော့ဟူသော အသိကြောင့်
အဆင်းရင်ထဲ ရှုးမတတ် ခံစားရတာ စာဖွဲ့တောင်မပြတတ်ချေ။

အချစ်ပိုဆိုတဲ့အတိုင်း ချစ်ခြင်းတရားကို တစ်ဖက်စွန်း
ရောက်အောင် ခံစားသွားရသလား ညီမလေးရယ်လို့ မချိတင်ကဲ
ရေရွတ်တာတစ်ဖက်။

မမြင်ဖူးသော သူအား မုန်းဆ အံကြိတ်ရတာ တစ်ဖက်နှင့်
အဆင်းနှလုံးသားက မွှမွှကိုကြေလို့လေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"အချစ်နဲ့ အဲဒီပီယံဆိုတဲ့လူ ပတ်သက်နေကတည်း
ကျွန်တော့်လူတစ်ယောက်ကို အချစ်သွားလေရာနောက် ထည့်
ခဲ့တာ မမ၊ အခုတော့ မမအလွမ်းပြေ ပြန်ကြည့်လို့ရတာပေါ့"

အသေးစား ဗီဒီယိုကင်မရာလေးကို ခရီးရောက်မဆို
လရိပ်က အဆင်းထံ ပေးခဲ့တာဖြစ်သည်။ ကိုရိပ်ကတော့ မှာသွ
သား။

"နောက်နေ့မှ သေချာကြည့်ပေါ့ အဆင်းရယ်၊ ဒီ
ခရီးပန်းတာရော လူပင်ပန်းတာရောနဲ့ စောစောအိပ်ပြီး နားလိုက်
ညီမလေးကိစ္စတွေ စီစဉ်စရာရှိသေးတယ်၊ အဲဒီအတွက် အ
အားတင်းထားမှဖြစ်မှာ"

ရှာပနက်စ္စရယ်လို့ ကိုရိပ်က ထည့်မပြောခဲ့ပါ။
ထပ်ကြေကွဲသွားမှာကို မလိုလား၍ဖြစ်မည်။ အဆင်းက
ခေါင်းမာတယ်ပဲပြောပြော ညီမလေးရဲ့ နောက်ဆုံးလှုပ်ရှားမှုပုံရိပ်
ကို မြင်ချင်ပါသည်။ ထို့ကြောင့် ကိုရိပ်တို့ ထွက်သွား





ဒီယိုကင်မရာကို တီဗီနှင့် ချိတ်ဆက်ပြီး ကြည့်မိသည်။ ပုံရိပ်တွေ
က မပီသပေမဲ့ ထင်ရှားပါသည်။ ညီမလေးက ခပ်နွမ်းနွမ်း ကလေး
ငယ်တစ်ယောက်အား စီဒီတစ်ချပ်နှင့် ပန်းအိုးတစ်အိုး ပေးရင်း
သာတွေညွှန်ကြားနေသည်မသိ။ ထိုကလေးက ခေါင်းညိတ်နာခံကာ
ထွက်သွားသည်။ ပုံရိပ်တွေရဲ့ အောက်ခြေမှာ နေ့စွဲလည်းပါသည်။

နောက်ရက်ခြားတော့ မွေးနေ့ပွဲမှာ ညီမလေးသီချင်းဆိုပြီး
Dancer အဖွဲ့နဲ့ ကနေတဲ့ပုံရိပ်။ မိန်းမချင်းအသက်ရှုမှားလောက်
အောင် ငေးမောရတဲ့ အလှတရားများနဲ့ ပြည့်စုံတဲ့ ညီမလေးကို
ကြည့်ပြီး အဆင်း နှမြောတသစွာ မျက်ရည်ဝဲရ၏။

"အချစ်က အဲဒီသူငယ်လေးကို တော်တော်စွဲလမ်းခဲ့ပုံ
ပေါ်တယ် အဆင်းရယ်"

မော့ကြည့်လိုက်တော့ အရီ။ ကော်ဖီခွက်နဲ့ ကွတ်ကီး
ထည့်ထားတဲ့ဗန်းကို အဆင်းရှေ့ချပေးရင်း...

"အဲဒီသီချင်းကို အိမ်မှာကျင့်နေတာ အသံပြာတဲ့အထိပဲ၊
နေ့ချီးလည်း ဒီသီချင်း၊ အိပ်ရာထလည်း ဒီသီချင်းနဲ့၊ အရီက
ဒီလောက်ဆိုနေတာ မရိုးဘူးလားလို့မေးတော့ သူ့ခံစားချက်နဲ့
တိုက်ဆိုင်လို့ပါတဲ့၊ ပြီးတော့ အဲဒီသီချင်းတစ်ပုဒ်ထဲကိုပဲ စီဒီချပ်
အများကြီးနဲ့ ကူးထားတယ်၊ ပီယံကို ပေးဖို့တဲ့"

အရီကပြောရင်း အင်္ကျီလက်ဖျားစနဲ့ မျက်ဝန်းကို ပင့်သုတ်
သည်။ အဆင်းက အဲဒီသီချင်းကို နားမထောင်ဖူးပေမဲ့ အချစ်
ပြောပြ၍ ကြားဖူးသည်။ 'ချစ်လွန်းလို့ပါ'တဲ့။ ကြားစကာ ဝေဖန်



www.burmeseclassic.com

www.burmeseclassic.com



မိသေးတာ။

"နှင့်သီချင်းနာမည်ကလည်း အောက်လိုက်တာ ညီမ လေးရယ်"ဆိုတော့...

"ချစ်မိရင် အောက်တယ်ဆိုတာ မရှိဘူး"

တီဗီစခရင်ပေါ် အကြည့်က ရောက်သွား၏။ ပလက်တီ နမ်ကြိုးထိပ်က လော့ကတ်ကို အချစ်က နှုတ်ခမ်းလေးနှင့် ဖွဖွထိ သည်။ ပြီးတော့မှ သူစိမ်းတရံသော ယောကျ်ားရဲ့လည်တိုင်မှာ ဆွဲပေးတာ။ ထိုယောကျ်ားကို မြင်ရတဲ့အခါ ရင်ထဲမှာ ဖျင်းခနဲ ထိရှသွားသည်။ နှလုံးသားပေါင်းများစွာကို အသေသတ်ခဲ့သူ လှည့်ဖြားရက်စက်သူ။ မာယာပရိယာယ်ကြွယ်ဝသူ အစရှိတဲ့ ဘွဲ့ထူး တွေနဲ့ နတ်ဆိုးတစ်ယောက်လို့ အဆင်းကတော့ မြင်သည်။ ယောကျ်ားတန်မဲ့ ချောမောတဲ့ ရုပ်ရည်ကို သတိထားမိတာ ကြည့်ညီ ရန်မဟုတ်။ ရှုံ့ချရှုံ့ချခြင်း၊ မုန်းတီးခြင်းနှင့် လက်စားချေလိုခြင်း စသော စိတ်ရောင်စုံနှင့် နာနာကြည်းကြည်း စိုက်ကြည့်သည်။ ဒီလောက်လိုက်လျောပြီးမှ အချစ်ကို စွန့်ခွာသွားခြင်းက လှည့်ဖျား တာပင်။ အတွေးမဆုံးခင် မြင်ကွင်းက နောက်တစ်ခု ပြောင်းသွား သည်။ ကန်ရေပြင်မြက်ခင်းစိမ်းစိမ်းမှာ အချစ်နှင့်ထိုလူ။ အချစ်က ဘာတွေပြောနေမှန်းမသိရပေမဲ့ တောင်းပန်နေတဲ့ဟန်မျိုး။ ထိုလူက လှည့်ထွက်သည်။ အချစ်က ပြေးလိုက်ကာ ထိုလူ့လက်ကို ဖမ်းဆွဲ ထား၏။ ထိုအခိုက် ကားနက်တစ်စီး ထိုးရပ်ကာ အချစ်လက်ကို ဆောင့်ခါ၍ ထိုလူက ကားပေါ်တက်သွား၏။ ကား





င်းမထွက်သေးဘဲ မောင်းသူက အချစ်ကို တစ်ခုခုပြောနေဟန် သည်။

"ကားမောင်းတဲ့သူက ကောင်လေးရဲ့အမေတဲ့၊ အချစ်ကို ချင်အောင်ပြောလို့ ကလေးက နောက်ကနေ ကမ္ဘားရှူးထိုးလိုက် ရင်း..."

အရီက စကားမဆက်နိုင်။ အသံတိမ်ဝင်သွားသည်။ ကွင်းထဲမှာလည်း အချစ်က ဂျစ်ကားကို တရကြမ်းမောင်းရင်း နက်ကြီးနောက် လိုက်သွားတဲ့အထိပင်။ ပုံရိပ်က ပြတ်တောက် ပြီ။ အဆင်းသည် တီဗီကို ရီမုတ်(တ်)နှင့် လှမ်းပိတ်ရင်းက တ်ဝါးနှစ်ဖက်ထဲ မျက်နှာအပ်ပြီး ငိုမိတာ ရှိုက်ကြီးတငင်။ ရင်ထဲ အချစ်ရယ်၊ ညီမလေးရယ်နှင့် အော်ဟစ်နေမိတာ အကြာကြီး။ ရက်စက်လို့၊ ဒီလူလှည့်ဖျားလို့ဆိုတဲ့ အတွေးတွေဟာ အငြိုး ကတွေ ကြီးထွားစေခဲ့ပြီ။ အသက်စွန့်သွားတဲ့ ညီမလေးအတွက် ထုမနာဖြစ်နေပေမဲ့ အဆင်းက ဒီအတိုင်း လက်လျှော့ပြီး ပျောက်ဖို့မလွယ်။ ကိုယ့်ဆုံးရှုံးမှုဟာ အနည်းအကျဉ်းမျှ ဆုံးရှုံး သမဟုတ်။ လူတစ်ယောက်လုံး အသက်ဆုံးရှုံးခဲ့ရတာ။ အဆင်း နာကြည်းမှုနှင့်အတူ မျက်နှာမော့လာသည်။ အံကြိတ်ထားသည့် ခမ်းအစုံဟာ ဖိကပ်၍ မျဉ်းဖြောင့်တစ်ကြောင်း ဆွဲထားသလို။

သခ်ိဳင်ရတာရားကို အဆင်း နားလည်ပါသည်။ ဒါပေမဲ့ တမ်မရောက်ဘဲ သေသွားတဲ့ ညီမအတွက် နောက်ကြောင်းအေ တ်တိုင်း ရင်ထဲ ပြုံလဲနေမဲ့အတူတူ နောင်တမရဖြစ်အောင်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြေသိမ့်ရအောင် အဆင်း တစ်ခုခုကြံစည်ခဲ့လျှင်တော့။

သေချာပါသည်။ ဒီညဟာ အဆင်း အကြံအစည်တွေနှင့် လုံးထွေးရမဲ့ည။ ပြီးတော့ ဒေါသမျှဉ်းပြိုင်ပြေးမဲ့ ည။

◆ ◆ ◆



## အခန်း (၁၂)

"အဓိပ္ပာယ်မရှိတာ အဆင်းရယ်၊ ကိုယ်တို့ ဟိုကလာ တုန်းက အဲဒီအစီအစဉ်မှ မပါတာ"

"အခုပါသွားပြီ ကိုရိုပ်၊ အဆင်းပြောတဲ့အတိုင်း လုပ်ပေး ပါ၊ အဆင်းက မဖြစ်နိုင်တာကို တောင်းဆိုတာမျိုး မဟုတ်ဘူးလေ၊ ဖြစ်သင့်တာကို ပြောနေတာ"

ဆုံးဖြတ်ချက်ကို အနိုင်အမာချပြီး ပြောနေတဲ့ အဆင်းကို နေရိုပ်က အကဲခတ်သည်။ ဒီနေ့ဟာ အချစ်အလောင်း မြေကျမဲ့ နေ့။ နာရေးဖိတ်စာတွေလည်း ဝေသင့်သလောက် ဝေပြီးပြီ။ ဒီနေ့ အစီအစဉ်ကို ထားပါတဲ့။ ရှေ့ဆက်မဲ့ ရက်လည်ဆွမ်းကျွေးကို အဆင်းက ဒီမိသားစုနှင့်ပဲ အကျဉ်းချုံ့ပစ်ချင်သတဲ့။ ဝမ်းနည်းကြေကွဲ ခြင်းတွေ ဘာတွေလည်း သတင်းစာတွေထဲ မထည့်ပါနဲ့တော့တဲ့ လေ။ တတ်နိုင်သမျှ လျှို့ဝှက်ချင်တဲ့ အစီအစဉ်။ နေရိုပ်က သင့်သက်



www.burmeseclassic.com

www.burmeseclassic.com



မောကိုချရင်း…

"အဲဒီလိုစီစဉ်ရတာ ဘာကြောင့်လဲ အဆင်း"

"လူမသိစေချင်လို့ပါ ကိုရိပ်၊ ပြီးတော့ ညီမလေးအတွက် ရင်းနှီးတဲ့ အသိုင်းအဝိုင်းလည်း ဒီမှာမှမရှိတာ"

ကာယကံရှင်ကိုယ်တိုင်က ထိုမျှအထိ စိတ်အားထက်သန် နေတော့လည်း နေရိပ် မပြောသာတော့။ လရိပ်ကြည့်တော့လည်း မတုန်မလှုပ်နှင့်မို့ နောက်ဆုံး စိတ်လျှော့ရသူက နေရိပ်ပင်။ အဆင်း ဖြစ်စေချင်သမျှ သူ ဖန်ဆင်းပေးရုံသာ။ စျာပနကိစ္စတွေကို သူနှင့် လရိပ်ကသာ အကွက်စေ့စီမံခဲ့သည်။ အချစ်ရဲ့ အရိုးပြာအိုးလေးရတဲ့ အထိ လုပ်ပေးပြီးမှ အဆင်းရင်ခွင်ထဲ ထည့်ပေးခဲ့တာဖြစ်၏။ အဆင်းကတော့ ဟိုရက်တွေက ကြုံကြုံပါအောင် ငိုခဲ့တာ သူမ မဟုတ်သလိုပင်။ အချစ်ရဲ့ အရိုးပြာအိုးကိုပိုက်ပြီး တည်ငြိမ်နေတဲ့ အဆင်းအတွက် နေရိပ်မှာ စိုးရိမ်ပူပင်ပြီး…

"အဆင်း နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် ကိုရိပ်ရဲ့၊ မစိုးရိမ်ပါနဲ့"

"အဆင်းက ဒီရက်တွေမှာ အရမ်းကြီး ခံစားရတဲ့ပုံ မပေါ် တော့"

"ပြီးခဲ့တာတွေကို မခံစားချင်တော့ဘူး၊ ရှေ့ဆက်မဲ့ အနာဂတ်ကိုသာ အဆင်းက ခံစားချင်တာ"

တည်ငြိမ်လွန်းမကဘဲ အေးစက်သွားတဲ့ အဆင်းကို သူ လိုက်မမီတော့။ ရက်လည်ကိစ္စအပြီး နောက်တစ်နေ့မှာ သူက





ရုံးချုပ်ကိုပြန်ရမည်။ သူ့ခွင့်ရက်က စေ့ပြီ။ အဆင်းကတော့ ထိုည အပင် သူ့ကို နှုတ်ဆက်စကားပြောရင်း…

"အဆင်း မြန်မာနိုင်ငံရုံးခွဲကို ပြောင်းချင်တယ်၊ အချစ် နေရာမှာ အစားဝင်ဖို့ပေါ့၊ အဲဒါ ကိုရိပ် ရုံးချုပ်ကို စာတင်ပေးပါ"

ထင်မထားတဲ့ အစီအစဉ်ကြောင့် နေရိပ်က ထပ်ဆင့် အံ့သြရပါသည်။ ပထမတော့ အဆင်းကို ခွင့်ရက်ရှည်ယူပြီး ဒီမှာ စိတ်ပြေလက်ပျောက် ထားခဲ့မလို့ပင်။ တစ်လတာန်သည် နှစ်လ တန်သည်ပေါ့။ အဆင်းစိတ်ထဲ အရာရာငြိမ်းချမ်းသွားမှ ရုံးချုပ် ပြန်ခေါ်ရန် သူ စီစဉ်ထားခဲ့တာ။ အခုတော့…။

"မမပြောသလိုပဲ လုပ်ပေးလိုက်ပါ ကိုကို၊ အချစ်မရှိ တော့ ဒီမှာ ကျွန်တော်လည်း တစ်ယောက်တည်း မနိုင်ဘူး"

"မဟုတ်ဘူးလေ၊ ဟိုက တစ်ယောက်ကို အစားလွှတ် စီစဉ်ပြီးနေမှာပဲ"

"အဆင်းတို့ကို လူချင်းချိန်းပေးပါ ကိုရိပ်ရယ်၊ ညီမလေး ရှိတဲ့နေရာမှာပဲ အဆင်း နေချင်တာမို့ပါ"

နှုတ်သီးဖျားချွန်ချွန်လေး နီရဲလာတဲ့အထိ အဆင်းက ငိုချင် စိတ်ကို ထိန်းချုပ်ပြီးပြောသည်။ မျက်ခွံတွေမို့ကာ နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်သည်အထိ ခံစားမှုပြင်းသော ဒီမိန်းကလေးအား ဘယ်တုန်းကများ ဆန့်ကျင်ဖူးခဲ့သလဲ။ လက်ထပ်ဖို့ ရည်ရွယ် တုန်းကလည်း ကိုယ်ကမ်းသည့်လက်ကို လှမ်းမတွဲဘဲ ခေတ္တစပ်ရုံနဲ့ ချုပ်ခဲ့ရတာ ဒီနေ့အထိ။ ဒါပေမဲ့ ကိုယ့်အနား သူမရှိနေတဲ့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ရင်ကို အေးမြလုံခြုံစေတာအမှန်။ အခု ကိုယ့်အရိပ်အောက်
က သူမ ခွဲထွက်မည်ဆိုတော့လည်း နေရိပ်က မတားရက်ခဲ့ပေ
အင်အားကြီးမားသော သူ့မေတ္တာတရားက အားလုံး သူမအလို
လိုက်လျောချင်သည်။ ဒါကို ပေးဆပ်ခြင်းလို့ အမည်တပ်ပါ
သူမနှင့်ပတ်သက်သော သူ့ရင်ခုန်သံသည် နေရောင်တွင်ပွင့်သော
ပန်းတွေလို အမြဲတမ်း နွေးထွေးနေမည်ဆိုတာ အဆင်းသိလျှင်
သူ ကျေနပ်ပြီ။

"ကောင်းပြီလေ…အဆင်း သဘောပါ၊ ကိုယ် [illegible]
တတင်ပေးမယ်"

"ကျေးဇူးတင်ပါတယ် ကိုရိပ်၊ ကျေးဇူးတင်တဲ့အ[illegible]
ရော ၊ အချိန်ကာလအရှေ့ရောပါ အဆင်း ကိုရိပ်ကို လက်ဆောင်
စကားတစ်ခွန်း ပြန်ပေးလိုက်မယ်"

"ဘာများလဲ အဆင်း"

အဆင်းက မျက်လွှာပင့်ပြီး သူ့ကို ကြည်စင်စွာပြုံးပြသည်
ထို့နောက် လရိပ်ရှိရာကို အကြည့်ရွေ့ရင်း…

"လရိပ်ကို သက်သေထားပြီး ပြောမယ်နော်၊ ဒီ[illegible]
သီတင်းကျွတ်မှာ အဆင်းတို့ လက်ထပ်ကြရအောင်ပါ"

နေရိပ်က ရုတ်တရက် ကြောင်သွားသည်။ ထိုင်နေ[illegible]
ကိုယ်ကြီးကို မတ်လိုက်တဲ့အထိ။ မယုံနိုင်ခြင်းများစွာနှင့် အဆင်း
ငေးကြည့်သည်။ အဆင်းက အတည်ပြုသောအပြုံးဖြင့်…

"တကယ်ပါ ကိုရိပ်၊ အဆင်းတို့ လက်ထပ်ဖို့ အချိ[illegible]





ဒီနှစ်မှ တကယ်ကျရောက်မှာပါ"

သူမအသံကို ကြားရတာ အရောင်ဆိုးထားတဲ့ ပန်းနုသွေး
လို။ စကားသံတွေထဲမှာ ရှက်ရိပ်တွေ ပေစွန်းနေခဲ့သည်။ နေရိပ်က
သူမလက်ဖျားတွေ လှမ်းဆွဲရင်း…

"တကယ်နော် အဆင်း"

ညင်သာတဲ့ခေါင်းအညိတ်မှာ သူ့နှလုံးသားက ငြိမ့်ခနဲလှုပ်
သည်။ သေချာပါသည်။ ဒီတစ်ကြိမ်တော့ သူနှင့်မေတ္တာတရားက
သင့်မြတ်သွားခဲ့ပြီလေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"နင်ဘယ်ရောက်နေလဲ ပီယံ၊ အခုပြန်ခဲ့တော့၊ ဒီ
နင့်အဖေလည်း စိတ်အရမ်းပူနေပြီ"

"ဖေဖေ့ကိုပြောလိုက်၊ ကျွန်တော့်အသက် (၂၄)နှစ်
စိတ်ပူစရာမလိုဘူးလို့"

"နင် ငါ့ကိုမရိန္နဲ့နော် ပီယံ"

"ရော်···ခက်ပြီ၊ အကောင်းပြောနေတာလေ"

ပီယံက မေထွဋ်ရဲ့ မမြင်နိုင်မှန်းသိရက်နဲ့ ပခုံးတောင်တွ
မိသေးသည်။ အပြင်ဘက်မှာ မိုးကဖွဲဖွဲကျနေတာရော။ ဖုန်းကလ
တစ်ဖက်ပြောနေရသဖြင့် ကားကို ဖြည်းဖြည်းမောင်းနေရသ
စိတ်ထဲကလည်း ကိုယ့်လုပ်ရပ် ထိရောက်သွားတာကို အကျေ
ကြီး ကျေနပ်နေမိ၏။ မေထွဋ်ရဲ့ဒေါသကြောင့် ဖုန်းထဲမှာ အသ
ရှူသံပြင်းပြင်းကို အတိုင်းသားကြားနေရပြီးမှ···

"နင် အခု ဘယ်ရောက်နေလဲ ပီယံ"

"ဘာလို့ပြောပြရမှာလဲ၊ စိတ်ကူးထဲတောင်မရှိဘူး"





"ဆိုင်ကို နင်ပစ်ထားတာကရော"

"သော်ဇင်ရှိတယ်"

မေထွဋ်က စကားတွေနှိုက်ထုတ်နေမှန်း သိတာမို့ ပီယံက
မေးတစ်ခွန်း ဖြေတစ်ခွန်းသာ။

"နင် အခု ဘယ်သူနဲ့နေလဲ ပီယံ"

ပီယံက မရယ်မိအောင် အတော်ကြီး သတိထားရသည်။
ဒီမေးခွန်းမေးချင်တာနဲ့များ မေထွဋ်က စကားတွေကို ဝေ့ဝိုက်နေ
တာလေ။

"အမှန်အတိုင်းပြောရမလား မေထွဋ်"

"နင်က မွေးကတည်းက လိမ်တတ်လို့လား၊ အမှန်တွေ
ပြောလွန်းလို့ တစ်ရွာလုံးနဲ့ တစ်ယောက်ဖြစ်နေတာကို"

"မေထွဋ်က ကျွန်တော့်အကြောင်းသိ ဖြစ်နေတော့လည်း
ကြိုးစားပြီး လိမ်မနေတော့ပါဘူး၊ အခု ကျွန်တော် မိန်းမခိုးထား
တယ်၊ အဲဒီမိန်းမနဲ့ အတူနေတယ်"

"ဘာ···ဘယ်လို ပီယံ၊ နင် ဘာပြောတာ၊ မိန်းမခိုးသွား
ပြီ ဟုတ်လား ပီယံ"

အထိတ်တလန့်အသံဟာ မေထွဋ်မဟုတ်တော့သလိုပင်။
ပြုံလဲတုန်ယင်နေတာများ အမြင်ကတ်စရာကောင်းသေးတာ။ ပီယံ
က ဂီယာချိန်းရင်း ကားကို အရှိန်တင်သည်။ မေထွဋ်ရဲ့ တုန်လှုပ်
ချောက်ချားနေပုံကို မျက်ဝန်းထဲ မြင်ယောင်ကြည့်ကာ နှုတ်ခမ်းတို့
ကို ကွေးညွှတ်၍ပြုံးရင်း···

www.burmeseclassic.com



"မလိမ်တမ်းပြောတာ၊ ကျွန်တော် မိန်းမခိုးသွားတာ တကယ်"

"နင် လုပ်ရက်လှချည်လား ဝိုယံ၊ ဒီမှာ အကုန်စီစဉ်သွား ပြီးခါမှ ငါ့ဘာဆက်လုပ်ရတော့မှာလဲ၊ ငါ ခွေးလုံးလုံးဖြစ်ပြီဟဲ့ နင် သိလား၊ အဲဒါကို နားလည်လား"

"အဲဒါ မေထွေးတို့ တစ်ဖက်သတ် စီစဉ်တာလေ ကျွန်တော် သဘောတူလက်ခံတယ်လို့များ ပြောမိသလား"

"နင် အဲဒီလိုမပြောနဲ့"

မေထွေးရဲ့အသံဟာ အင်မတန် ဒေါသထွက်နေမှန်း ဝိုယံ ခန့်မှန်း၍ရသည်။ မေထွေးဟာ ဒေါသများထွက်လာလျှင် အခြားသူ တွေလို အော်ကြီးဟစ်ကျယ် ရန်မလုပ်တတ်။ တိုးတိုးကျိတ်ကျိတ် သွားကြားထဲက လေထွက်သောအသံမျိုးနှင့် တစ်ဖက်လူ အထိနာ အောင် ပြောတတ်သူမျိုးဖြစ်သည်။

"အဲဒီအစီအစဉ်က ငါ့တသဘောတည်းမဟုတ်ဘူး ဝိုယံ နင့်အဖေပါ အလိုတူအလိုပါ၊ ငါ ကိုကို့ကို အားလုံးတိုင်ပင်ပြီး စီစဉ်ခဲ့တာ၊ အခု ငါ အရှက်ကွဲပြီ၊ တစ်ဖက်လူကို ဒူးထောက် တောင်းပန်ရပြီလို့ နင်ထင်ပြီး ပျော်မနေနဲ့၊ သွားပြီး မိန်းကလေး တောင်းရမ်းတုန်းက နင့်အဖေပါပါတာ၊ နင့်အဖေပါ အရှက်ကွဲပြီ အဲဒါသေချာတယ်"

"ခင်ဗျား ဖေဖေ့အပေါ် ဒီလိုမလုပ်ရက်ပါဘူး ဆေ... သိတာထွေးရယ်"

ဝိုယံက ခပ်ရွဲ့ရွဲ့တွေးသည်။ တကယ်တော့ သူ့လက်ထပ် ...ကိစ္စ စီစဉ်တဲ့နေရာမှာ မေထွေးကသာ ဒါရိုက်တာ။

"မဖြစ်ဘူး ကိုကို၊ ကိုကို့သားကို ဒီအတိုင်းလွှတ်ထားလို့ ...တော့ ဒီထက်ပိုဆိုးလာဖို့ပဲရှိတယ်၊ ခြေငြိမ်သွားအောင် မိန်းမပေး ...မှ၊ ဒါပေမဲ့ ထွေး ပြောရင်တော့ ရမှာမဟုတ်ဘူး၊ ကိုကို့အနေနဲ့ ...ပြော၊ ထွေး အားလုံးစီစဉ်မယ်၊ သူနဲ့သင့်တော်တဲ့ မိန်းကလေးမျိုး ...ထွေး တွေ့ထားပြီးပြီ၊ အလိမ္မာအိမ်ပါလေး ကိုကို၊ ပညာအရည် ...ချင်းရော မိဘမျိုးရိုးရော ဘာမှပြောစရာမလိုဘူး၊ ဥစ္စာကျတော့ ...ထွေးတို့လောက် မပြည့်စုံပေမယ့် သူ့အထိုက်အလျောက်တော့ ရှိပြီး ...သားပါ၊ ဒါပေမဲ့ စည်းစိမ်ဥစ္စာက မိန်းကလေးဘက်က သိပ်ပိုလွန်း ...တော့လဲ မကောင်းဘူးလေ နော် ကိုကို"

ဖေဖေ့ကို စည်းရုံးနေသောစကားတွေ သူမကြားခဲ့လျှင် ...တော့ ဒီပြဿနာက ဒီလောက်ကြီးကျယ်ဖို့မရှိ။ အရင်အကြိမ်တွေ ...တုန်းကအတိုင်း သူ့ကို လာပြောကတည်းက ငြင်းပစ်မှာ။ အခုတော့ ...တစ်ဖက်လှည့်တွေ ဘာတွေနဲ့ ပရိယာယ်ဆင်ဖို့ ကြိုးစားလာတဲ့ ...မေထွေးကို သူ အရှုံးမပေးချင်။ မရိုးနိုင်အောင် ဆန့်ကျင်ခဲ့ပေမဲ့ ...ဒီတစ်ကြိမ် ဆန့်ကျင်ခြင်းက မေထွေးအတွက် မမေ့လောက်စရာ ...ဖြစ်သွားစေချင်သည်။ ထို့ကြောင့် ဖေဖေက သူ့ကိုခေါ်ပြီး...

"သားအသက်က မငယ်တော့ဘူး သား၊ ပြီးတော့ ...အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလည်း ထူထောင်ထားပြီးပြီ ...ခဲ့ရထားတာလည်း ကြာပြီ၊ ငါ့သားမှာ လိုနေတာတစ်ခု..."







www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ပြုဖို့လား ဖေဖေ"

ဝိယံက ကြိုတင်မေးတော့ ဖေဖေ့မျက်နှာ ကွက်ခနဲပျက်
ကျသွား၏။ ထိုအတွက်တော့ ပြန်တွေးတဲ့အချိန်တိုင်း သူ စိတ်
ကောင်းခဲ့ပါ။

"မငြင်းပါနဲ့တော့ သားရယ်၊ ဒီတစ်ခါတော့ ဖေဖေ့စကား
ကို နားထောင်ပါ၊ သားသိက္ခာကို ဖျက်ဆီးချင်တဲ့အခါပဲဖြစ်ဖြ
သားရဲ့ မက်မောစရာ အရည်အချင်းတွေကို တပ်မက်တဲ့အခါဖြစ်ဖြ
ငါ့သားရွေးတဲ့ အိမ်ထောင်ဘက်ဟာ အလွဲအချော်နဲ့ တွေ့သွားမှာ
ဖေဖေ စိုးရိမ်တယ်၊ ပြီးတော့ ဖေဖေက ကျန်းမာရေးမကောင်းဘူ
နေနိုင်တုန်းလေး သားကို စိတ်ချသွားချင်တယ်၊ သားတွေ မြေး
စုံစုံလင်လင်နဲ့ နေချင်သေးတယ်"

အပြီးတိုင်ချုပ်နှောင်တဲ့စကား။ ဖေဖေ့စိတ်ရင်းအမှ
ငဲ့ညှာခြင်းများစွာနှင့် သူ ခေါင်းညိတ်မိမှာမလွဲ။ ဒါပေမဲ့ မေ
မျက်နှာကြီးက အာရုံထဲပေါ်လာတော့ ဆန့်ကျင်လိုစိတ်က ထိန်း
တော့။ ဖေဖေ့ရှေ့မှာ ဘာစကားမှမဆိုဘဲ ထွက်လာခဲ့တာကို မေ
က ဝမ်းအသာကြီးသာကာ သူ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်
အားတက်သရော။ မိန်းကလေးဘက်သွားပြီး သူမပါဘဲ တောင်း
သည်။ စေ့စပ်ပွဲအတွက် ဘယ်ဟိုတယ်မှာ စီစဉ်ထားပါသည်
ပြောလာတဲ့ညမှာပဲ ဝိယံ အိမ်ကထွက်ခဲ့တာဖြစ်၏။ ဒီနေ့နဲ့ဆို ဝိ
အိမ်မပြန်တာ ခုနစ်ရက်ရှိပြီ။

"ဝိယံ"



"ကျွန်တော် နားထောင်နေတယ် မေထွဋ်"

"နင် ဘယ်သူ့ကိုခိုးသွားတာလဲ၊ ဘယ်သူ့သားသမီးလဲ၊
မိန်းကလေးက ဘယ်သူလဲ"

"ရော်..မေထွဋ်မေးခွန်းတွေ သိပ်များနေပြီ၊ လိုတိုရှင်း
ပြောပြလိုက်မယ်၊ ကျွန်တော်ရင်ခုန်ရတဲ့ မိန်းမတစ်ယောက်ပေါ့"

"ဟို...နင့်မွေးနေ့လာတဲ့ တစ်ယောက်လား၊ မဖြစ်ဘူး
ဝိယံ၊ အစီပွာယ်မရှိဘူး၊ အဲဒီတစ်ယောက်နဲ့ဆို နင့်ကို နင့်အဖေ
သဘောတူမှာမဟုတ်ဘူး"

အင်း...ဒီလေသံတွေ ထွက်လာတာဆိုရင်တော့ မေထွဋ်
သူ့စကားကို ယုံကြည်သွားခဲ့ပြီ။ ဝိယံက ဖုန်းကို နားမှခွာ၍
ခမ်းနားတော့ကာ...

"အဲဒါ ဖေဖေ့ကိစ္စပါ၊ အခု ကျွန်တော့်ကိစ္စက မိန်းမနား
ရဦးမှာ၊ ဒါပဲ မေထွဋ်၊ ထပ်မဆက်နဲ့တော့လေ၊ ဒီအချိန်က
ခါ ဇနီးမောင်နှံအတွက် ကြားလေတောင်အသွေးမခံနိုင်တဲ့
"

ပါးစပ်ထဲရှိရာပြောပြီး ဖုန်းပိတ်ကာ ဒတ်(ရှ်)ဘုတ်ပေါ
တင်သည်။ တစ်စထက်တစ်စ ညဉ့်နက်လာသလို မိုးကလည်း
စိပ်စိပ်ရွာချလာပြီး ဝိယံက ကားကို အရှိန်တင်သည်။ လက်မှ
ကိုကြည့်တော့ ကိုးနာရီဆယ်မိနစ်။ ခြံစောင့်ကြီးကတော့ သူ
တ်မချင်း အိပ်ရတော့မှာမဟုတ်။ ခြံစောင့်ဘကြီးခမျာ တစ်
မြက်တွေရှင်းလိုက်၊ အပင်တွေရေလောင်းလိုက်နှင့် ပင်ပန်းရှာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလို မိုးအေးတဲ့ညမျိုးတော့ စောစောအနားယူချင်ရှာ
ဆိုတဲ့ စာနာစိတ်ကြောင့် လီဗာကို ဖိနှင်းသည်။ သူက မြို့သစ်တ
ရှိ ခြံတစ်ခြံမှာ လာရှောင်နေခြင်းပါ။ ဝယ်စက လူနေပြတ်လပ်
ကြောင့် သွားမနေချင်။ ဈေးသက်သာ၍ နောင်တစ်ချိန်ပြန်ရောင်
အမြတ်ထွက်မည်ဆိုတဲ့ စိတ်ကူးနှင့် ဝယ်ထားတာ။ ခြံစောင့်အ
ရဲ့ ကြိုးစားမှု၊ စေတနာထားမှုကြောင့် ပီယံ ဝယ်စကနှင့်
အခုတော့ သီးပင်စားပင် အစုံအလင်နှင့် နေချင်စဖွယ်။ ခြံ
အိမ်ကလည်း ဝယ်ကတည်းက ပါလာသည့်အတိုင်း ဘန်ဂလို
ဆန်မို့ နေကြည့်သောအခါ ပီယံအတွက် သဘောကျချင်
တစ်ခုတော့ ဆိုးရွားသည်။ သူ့ခြံရှိရာသို့ ကားလမ်းမပေါ်ဆင်
ဝင်ရသော လမ်းက ဒီလိုမိုးစပ်စပ်ရွာထားလျှင် ရွှံ့ထူသ
အမောင်းမတတ် အထာမသိက ရွှံ့ထူထူထဲ ဘီးနစ်တတ်

ထို့ကြောင့် ပီယံက သူ့ခြံကိုပေါက်မည့် တစ်ဖက်လ
ရွေးရသည်။ အနည်းငယ် ဝိုဝေးပေမဲ့ ကတ္တရာလမ်းမို့ မောင်း
စိတ်ချမ်းသာ၏။ လမ်းက ဖြောင့်ဖြူးတဲ့အပြင် ညဥ့်နက်
သူက အရှိန်တင်မောင်းရင်း ခြံရှေ့အရောက် ကွေ့ချလိုက်

"ဟာ…ဟော့"

လမ်းသွယ်ထဲက ထိုးထွက်လာတဲ့ပုဂ္ဂိုလ်။

မကြားနိုင်မှန်း သိသိကြီးနှင့် ပါးစပ်ကလည်း
ဘရိတ်ကို ဆောင့်နင်းပေမဲ့ အချိန်မမှီတော့။ ရှေ့ကလူ့ရိပ်နှင့်
က ဘန်ဘာဟာ ထိထိမိမိကြီး တိုက်မိသွားကာ ထိုလူ





းရှေ့မှ အဝေးကို နစ်ပတ်လောက် လိမ့်ထွက်သွားခဲ့တာဖြစ်
ည်။

"ဟား…ဒုက္ခပဲ"

ပီယံက မပီမသရေရွတ်ရင်း ကားတံခါးဖွင့်ကာ ကား
ကာက်ဆင်းသည်။ အေးစက်တဲ့ မိုးရေစက်တွေက ဖြန်းခနဲ သူ့အား
ပတ်ပုတ်ပြီး ရှုံ့ရှုံ့စိုသွားတာ တခဏအတွင်း။ ပီယံက မိုးစိုတာ
ည်း ဂရုမစိုက်နိုင်တော့။ လဲနေသူထံ အပြေးသွားကာ ဒူးထောက်
ိုင်ချ၍ သူ့ဘက်ဆွဲလှည့်လိုက်စဉ်…

"ဟ"

ပီယံနှုတ်ဖျားက အာမေဋိတ် အကျယ်ကြီး။ ကျောလည်
အထိ ရှည်လျားတဲ့ ဆံပင်ဖြောင့်စင်းစင်းတွေဟာ ရွှေဝါရောင်ဆိုး
ားသည်။ သွယ်လျတဲ့ မျက်နှာကျနှင့် မိန်းကလေးတစ်ဦး။

"ဟော့…ဒီမှာ…ဟော့…ဟော့"

ဆွဲပွေ့၍ မေးဖျားကို ကိုင်လှုပ်ကာခေါ်ပေမဲ့ အချည်းနှီး
င်။ မိန်းကလေးရဲ့ ညိုဝင်းသော နဖူးထောင့်စွန်းမှ နီစွေးသော
ွးစီးကြောင်းကို တွေ့ရချိန်တွင် ပီယံ တွေဝေနေ၍ မရတော့။
ကို ကောက်ပွေ့၍ ကားဆီ ခြေလှမ်းကျဲကြီးများဖြင့် ခေါ်ဆောင်
ာခဲ့သည်။

ကူကယ်ရာမဲ့ ပတ်ဝန်းကျင်နှင့် ညအမှောင်မိုးအသည်းတို့
က သူ့လုပ်ရပ်အား ကောင်းချီးပေးနေသလို။ လျှပ်စီးလက်
ချုန်းသံတွေနှင့် ဩဘာပေးနေခဲ့တာပင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မမ မှားနေပြီ၊ ပီယံနဲ့မဆိုင်ဘူး၊ ပီယံမဟုတ်ဘူး၊ ပီယံနဲ့ မဆိုင်ဘူး"

"အချစ်...ညီမလေး...ညီမလေး"

ပြေးလိုက်ရင်းမှ အိပ်ရာက နိုးလာတဲ့အဖြစ်။ အဆင်းဟာ သတိရရချင်း ကိုယ့်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတာကို အရင် သတိထားမိသည်။

"အား...ကျွတ်...ကျွတ်"

ကုန်းရုန်းထတဲ့အချိန်၊ အကြည့်ရောက်သွားတာက ကွဲပြား တဲ့ အိပ်ရာခင်း။ အဆင်းက အခုမှ အခန်းအနေအထားကို ဂရုစိုက် လေ့လာမိသည်။ အခန်းအလယ်ခေါင်မှာ ချထားတဲ့ မွေ့ယာကြီး ပေါ် သူမရောက်နေသဖြင့် တစ်ခန်းလုံးမှာ အဆင်းတစ်ယောက် တည်း ထီးထီးကြီးရှိနေသည်။ အခန်းသည် ကြမ်းပြင်ရော နံရံရော





ဟာ သစ်သားတွေနှင့်ပဲဖြစ်၍ အမြင်ဆန်းနေတာအမှန်။ တဆစ်ဆစ် ကိုက်နေတဲ့ ခေါင်းကြောင့် လက်က သောနားထင်ဆီ လှမ်းမိတော့

"ဟင်...ငါ့ခေါင်းမှာ ပတ်တီးကြီးလား"

ထိုင်ရာမှထပြီး ထင်တာကို အတည်ပြုရန် အခန်းထောင့်ရှိ မှန်ဆီ အဆင်းက လျှောက်သွား၏။ မှန်ရှေ့ ခြေစုံရပ်ပြီဆိုမှ ပြောင်းလဲနေသော အသွင်ကို အလုံးစုံတွေ့မြင်ရတော့တာပင်။ အဆင်းရဲ့ခေါင်းမှာ ပတ်တီးကြီးတစ်ခုနှင့်။ နောက်ပါးပြင်မှာ ပလာ စတာတစ်ခုကို ထောင့်ဖြတ်ကပ်ထားသည်။ လက်ဖျံနှင့် လက်ခုံမှာ ရော ပလာစတာတွေက နေရာအနှံ့။ စိတ်ပျက်ခြင်းနှင့်အတူ ထိတ်လန့်သွားရတာက အဆင်းကိုယ်ပေါ်က အဝတ်အစားတွေ။ ယောကျ်ားဝတ် ဂျော်အနီးနီးတီရှပ်တစ်ထည်နှင့် ပုဆိုးအစိမ်းကွက်က သူမကိုယ်ပေါ် ပုံမကျပန်းမကျ ရွဲ့စောင်းလို့။

"ဒီအဝတ်အစားတွေ ဘယ်သူဝတ်ပေးတာလဲ"

အတွေးထဲ ပီယံမျက်နှာပေါ်လာတော့ ရှက်စိတ်နှင့်အတူ မကျေနပ်စိတ်က အလုံးအရင်းလိုက် ရင်ကိုဝင်ဆောင့်သည်။

"သူ့အိမ်မှာ မနေတာတော်တော်ကြာပြီ မမရဲ့၊ ညနေတိုင်း တော့ မြို့ထဲသွားပြီး ရက်စတောရင့်မှာ ညစာစားတတ်တယ်၊ ပြီးရင် ဒီလမ်းအတိုင်း ပြန်တာပဲ၊ သူ့ခြေရာခြေကြောင်း ကျွန်တော်စောင့် ကြည့်တာ ငါးရက်ရှိပြီ၊ အလွဲအချော်မရှိဘူး၊ သေချာတယ်"

လရိပ်စကားကြောင့်ရယ်၊ ညီမလေးအတွက် ဒင်းအပေါ် တုံ့ပြန်ချင်တာရယ်ကြောင့် အဆင်းက ဒီနည်းကို ရွေးရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



တမင်တကာ ဖန်တီးယူတဲ့ ရင်းနှီးမှုထက်စာလျှင် သူ့အကူအညီ
လေးယူပြီး သူ့ကိုအားကိုးမည့် အဖြူထည် မိန်းကလေးတစ်ယောက်
လို အဆင်းက ဟန်ဆောင်လျှင် သူ့ဘဝထဲ မြန်မြန်ရောက်နိုင်မည်
ဒါ အဆင်းရဲ့စိတ်ကူး။ သူနှင့် ခင်မင်ရင်းနှီးမှုရအောင် ယူပြီး
အဆင်းပစ်မည့် အပြုံးမြားတွေကို တစ်ဆင့်ပြီးတစ်ဆင့် စီစဉ်ထားခဲ့
သည်။ ဒါပေမဲ့ အရာရာတိုင်းဟာ မျှော်လင့်သလို ဖြစ်မလာခဲ့။
သူက အခါတိုင်းပြန်ချိန်တွေအတိုင်း ပြန်ရောက်မလာတဲ့အခါ
မိုးရေထဲ ရပ်နေရတဲ့ အဆင်းက အကြာကြီး။ လာတော့လည်း
အဆင်းသိထားတဲ့လမ်းကွေ့မှမဟုတ်ဘဲ ဆန့်ကျင်ဘက်အရပ်က
လာတာမို့ အဆင်းဟာ ဘာဘာညာညာ စဉ်းစားချိန်မရ
ကိုယ့်ကိုယ်ကိုလည်း မညာနိုင်တော့ဘဲ သူ့ကားရှေ့ ပြေးဝင်ပစ်လိုက်
တာပင်။ ခုန်းခနဲအသံကြီးနှင့်အတူ တိုက်မိသောအရှိန်ကို အဆင်း
မထိန်းနိုင်။ နှစ်ပတ်သုံးပတ်လည်ကျပြီးမှ နဖူးစွန်းက နာကျင်မှု
အတူ အဆင်း သတိမေ့သွားခဲ့တာ။ အဆင်းတို့ ဘာတွေဖြစ်သွား
ပါလိမ့်။ အတွေးမဆုံးခင်ပဲ အခန်းတံခါးက ဖျတ်ခနဲ ပွင့်လာသည်။
အဆင်းက ချက်ချင်းနောက်လှည့်ကြည့်သည်။

"ဟင်···ရှင်"

မရည်ရွယ်ဘဲ နှုတ်ဖျားက ထွက်သွားသည်။ အခန်းတံခါး
က ရုပ်ခနဲ အဆုံးထိ ပွင့်သွားပေမဲ့ သူက ဝင်မလာခဲ့။ တံခါး
ဘောင်ကို ခပ်နွဲ့နွဲ့မှီပြီး လက်ပိုက်ရပ်နေသည်။ နှုတ်ခမ်းမွှေး
တလှုပ်လှုပ်နှင့် သင်းသောရနံ့က တစ်ချက်တစ်ချက် ဝေ့ဝဲလာသည်





သူ ဝီကေဝါးနေမှန်း သိသာ၏။

"မင်း···သက်သာရဲ့လား"

"အင်း"

အဆင်းက မပွင့်တပွင့်ဖြေသည်။ အမုန်းစိတ်က ရင်ထဲ
ခါးနေသဖြင့် ဟန်ဆောင်ရတာတောင် အဆင်မပြေ။ လွတ်ထွက်
သွားချင်တဲ့စိတ်ကို ဖမ်းဆုပ်ပေမဲ့ ထိန်းချုပ်ရခက်တာတော့ အမှန်။

"ဆောရီး···ညက အရှိန်ပြင်းတာရယ်၊ မင်းကလည်း
ရုတ်တရက်ကြီး ကိုယ့်ရှေ့ပေါ်လာတော့"

"ကျွန်မ နားလည်ပါတယ်၊ ကျွန်မလည်း နောက်က
လိုက်တဲ့လူတွေလက်က လွတ်အောင် ပြေးရတာဆိုတော့ ရှေ့က
အန္တရာယ်ကို သတိမထားမိသလို ဖြစ်သွားတယ်"

နားထောင်နေတဲ့ သူ့မျက်ခုံးတွေ ဆတ်ခနဲ တွန့်ကျသွား
သည်။ စိတ်ဝင်စားမှုကြောင့် မှိုရပ်နေတဲ့ သူ့ကိုယ်ကြီးတောင်
ဆတ်ခနဲ မတ်သွားတဲ့အထိ။

"နောက်ကလိုက်တဲ့လူတွေ"

သူ့နားထဲ ဒါပဲထပ်တလဲလဲ ကြားယောင်နေသည်။ သူမ
ဟာ သူခိုးဂျပိုးတော့ မဖြစ်နိုင်။ ညက ဝတ်စားထားသော အဝတ်
အစားနှင့် သူမရုပ်ရည်ဟာ အထက်တန်းစားထဲက ဖြစ်နိုင်သည်။
ရွှေဝါရောင်ဆိုးထားတဲ့ ဆံပင်အဖြောင့်တွေဟာ သဘာဝမဟုတ်ဘဲ
တကူးတက ဖန်တီးထားတဲ့ အဖြောင့်မျိုး။ ကိုယ်ကျပ်တီရှပ်အဖြူ
နှင့်ကျွဲဘားဘောင်းဘီစစ်စိမ်းရောင်၊ ဆော(လ်)စတားဖိနပ်တို့ဟာ

www.burmeseclassic.com



သူမအဆင့်အတန်းကို ဖော်ပြနေတာပင်။ ဒါဆို သူမက ဘာကိုလွတ်အောင်ပြေးရတာလဲ။ ပီယံက မမေးပေမဲ့ သူမက သူ့မျက်နှာပေါ်က စိတ်ကူးတွေကို ဖတ်ပြီးသားဖြစ်သွားကာ…

"လိုက်တဲ့လူတွေက ကျွန်မပတွေးရဲ့ လူတွေပါ။ သူတပည့်နဲ့ အိမ်ထောင်ချပေးဖို့တဲ့၊ တစ်အိမ်လုံး အဲဒီပတွေး အုပ်ချုပ်ကြီးစိုးနေတာကို ကျွန်မက မကြိုက်ဘူး၊ အထူးသဖြင့် မေမေ့အပေါ် နိုင်စားနေတာ မကြိုက်ဆုံးပဲ၊ အခု ကျွန်မကတော့ သူ့အစီအစဉ်အတိုင်း အဖြစ်မခံဘူး၊ ရအောင် ရုန်းထွက်လာခဲ့တာ"

ဆံပင်ရှည်တွေကို လက်ငါးချောင်းနဲ့ ထိုးသွင်းတင်လိုက် မာန်ပါပါပြောလိုက်။ တစ်ချက်တစ်ချက် မျက်ဝန်းတွေက စူးအဲ အရောင်တောက်လာတဲ့ သူမကိုကြည့်ပြီး ပီယံက တိုက်ဆိုင်လှချည်လားလို့ အော်မိတဲ့အထိ။

"အားပေးတယ်၊ အဲဒီလိုစိတ်ဓာတ်ကို"

"ရှင်"

မမျှော်လင့်ထားဟဲ့ ကောင်းချီးပေးမှု။ အဆင်းက ကြောင်တက်တက်ဖြစ်သွားသည်။

"ပိုင်ချင်တာကို ပိုင်ခွင့်မရတောင် မလိုချင်တာ ခေါင်းခါခွင့်တော့ ရှိသင့်တာပဲကွ၊ မင်းလုပ်ရပ် မှန်တယ်၊ ဒါဆို မင်းအိမ်ပြန်လို့တော့ မဖြစ်ဘူးပေါ့"

"အင်း…အဒေါ်အိမ်မှာ သွားနေရမှာ"

"ဪ"





သူက လက်ခံသလို ခေါင်းညိတ်ပြီးမှ…

"ညက မိုးမိတဲ့ဒဏ်ရော၊ နဖူးက အနာရှိနေကြောင့် မင်းဖျားနေတာ၊ ဆရာဝန်ခေါ်ပြီး ဆေးထိုးပေးထားတယ်၊ အဘလွှင်ကို ဒီမနက်စာအတွက် ငါ ဝယ်ခိုင်းထားတယ်၊ စားသောက်ပြီး ဆရာဝန်နဲ့ နောက်တစ်ချက် ချက်(ခ်)ကင်လုပ်ပြီးမှ မင်းသွားချင်တဲ့နေရာ ငါလိုက်ပို့ပေးမယ်"

"အို…အဲဒီလောက်မလိုပါဘူး"

လွှတ်သွားတဲ့စိတ်က ခပ်ဆတ်ဆတ်ပြောမိသွားတဲ့ အထိ။ သူကလည်း ဒါကို မကျေလည်တဲ့ပုံစံနှင့် ခပ်တောင့်တောင့်ရပ်ရင်း…

"လိုတယ်၊ မင်းကို ထိခိုက်စေတဲ့ ငါ့အတွက်တော့ မင်းသက်သာတာ သေချာမှ ပြန်လွှတ်နိုင်မယ်"

"ဟွန်း…သိပ်ပူမနေနဲ့၊ ရှင့်ကို တရားမစွဲဘူး"

"ငါကလည်း အကြောင်းမဲ့ စိုးရိမ်ပူပင်တတ်တဲ့ ယောကျ်ားမျိုးမဟုတ်ဘူး၊ ကိုယ့်လိပ်ပြာ ကိုယ်လုံချင်လို့"

ပြောပြီး သူက လှည့်ထွက်သည်။ အဆင်းက သူ့ကျောပြင်ကိုငေးရင်း မျက်နှာကို စိတ်ရှိတိုင်း မဲ့ရွဲ့ပစ်သည်။ ဖျတ်ခနဲပြန်လှည့်လာတဲ့ ပီယံကြောင့် အဆင်းမျက်နှာက မဲ့လျက်သားတန်းလန်းကြီးနှင့်။ သူက အပြုံးရိပ်ထင်သွားတဲ့ နှုတ်ခမ်းကို ဆွဲဆန့်ရင်း…

"မျက်နှာသစ်ချင်ရင် နောက်ဖေးထွက်၊ အားလုံးရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရေတော့ချိုးလို့မရဘူးနော်၊ မင်း ညကမှ ဖျားထားတာ"

"သိတယ်၊ ရှင် ဆရာကြီးမလုပ်နဲ့"

"ပြီးတာပဲ"

တစ်ခွန်းမှ အတင်စီးမခံ ချေပပြီးမှ လှည့်ထွက်သွားသည်။ အခင်းက ဟွန်းခံနဲ့ အသံပြုပြီး ကျောခိုင်းရပ်သည်။ နားထဲမှာ လရိပ်ရဲ့စကားသံက အတိုင်းသားပြန်ကြားယောင်၏။

"သူက သိပ်ပါးနပ်တဲ့ ယောကျ်ားမျိုး မမ၊ သူ့ဆီက တစ်ခုလိုချင်ရင် ကိုယ်က တစ်ခုအရင် ပေးဆပ်မှ"

စိတ်ချ။ ရှင့်ကို ကျွန်မပေးတဲ့အရာတွေကို ဆောင့်ယူစမ်း။ သေရာပါတဲ့ဒဏ်ရာတွေလေ။ အပြုံးမှာ မဲ့ရိပ်ထင်သည်။ လက်စားချေခြင်းဟာ မကောင်းဘူးဆိုပေမဲ့ ဒီရင်ထဲက ဆုံးရှုံးမှုအတွက် ထိုက်တန်တဲ့ စိတ်ဖြေခြင်းဟာ ဒီနည်းပဲရှိတော့လဲ။

◆ ◆ ◆



"ဝီယံ"

ရင်းနှီးနေကျအသံက နားထဲဆောင့်ဝင်သည်။ တစ်ညလုံး မအိပ်ရသဖြင့် မှုံးခဲ့ဖြစ်သွားတဲ့ အိပ်ချင်စိတ်က အဝေးကို ထွက်ပြေးသွားပြီ။ အိပ်ချင်မူးတူးနှင့် ထထိုင်တော့ သူ့မျက်နှာပေါ် စီးမိုးနေသည့် မျက်နှာတစ်ခု။

"မေထွဋ်"

မေထွဋ်နောက် ကျော်ကြည့်တော့ ဖေဖေနဲ့သော်ဇင်။

"ဟာ...သော်ဇင်"

သူက စိတ်ပျက်လက်ပျက် ကြမ်းပြင်ပေါ် ပြန်လှဲချသည်။ မျက်နှာကြက်ကိုကြည့်ပြီး မပွင့်တပွင့် ရေရွတ်တာက...

"မင်း သစ္စာဖောက်တာပဲ"

"ဟာ...အဲဒီလိုတော့ မင်းမစွပ်စွဲနဲ့လေ၊ မင်း ငါ့ကိုပြောတော့တစ်မျိုး၊ အခု အန်ကယ်ကပြောတော့ မိန်းမခိုးသွားပြီဆို"

သူ့မျက်လုံးကျယ်သွားတာ။ ပထမတော့ ဖေဖေတို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာဟာ ကြီးကျယ်တဲ့ပြဿနာလို့ မထင်ခဲ့။ သူ့ကိုပြန်ခေါ်မည်။ သူက ငြင်းမည်။ ဒါနှင့်ပဲ စကားတွေအများကြီးပြောကာ သံသရာလည်နေမဲ့အဖြစ်ကို စိတ်ပျက်တာ။ အခု အဲဒီလိုမဟုတ်တော့။ ဝိယံက ဆင်ထားသောဇာတ်ကွက်က တစ်မျိုးလေ။

"ကျစ်…ဒုက္ခပဲ"

"အဲဒီလိုမပြောနဲ့ သား"

ဖေဖေက သူ့ဘေးနား၌ ချထားသော ဆက်တီခေါ် ဝင်ထိုင်သည်။

"ဟိုမှာက အားလုံးစီစဉ်ပြီးပြီ၊ သား မိန်းမခိုးသွားတယ်လို့ ကြားစက ဖေဖေ ယုံသေးတယ်၊ ဒါပေမဲ့ သားပတ်ဝန်းကျင်ထဲ လိုင်စုံစမ်းတော့ သားတွဲနေတဲ့မိန်းကလေးက အချစ်ပိုကလွဲပြီး ဘယ်သူမှမရှိဘူးတဲ့၊ သား သူလေးကိုလည်း ခိုးယူပေါင်းသင်းတဲ့ အထိတော့ ချစ်တာမှမဟုတ်တာ၊ ဖေဖေနဲ့သား ဆွေးနွေးထားပြီး သားကို၊ ပြီးတော့ တကယ်ခိုးသွားရိုးမှန်ရင် သူ့အသိုင်းအဝိုင်းက ဒီလိုငြိမ်နေမှာ မဟုတ်ဘူး"

"ကျစ်…ကျွန်တော့်ဘဝမှာ မိန်းမက သူတစ်ယောက် တည်းရှိတာမှ မဟုတ်တာ"

"ဒါပေမဲ့ ဇနီးမယားကတော့ တစ်ယောက်တည်းပဲလေ သား ပြန်လိုက်ခဲ့ပါ၊ ဟိုဘက်ကိုလည်း မျက်နှာမပျက်ချင်ဘူး"

"အာ…ဒီမှာ ကျွန်တော်က"

ပြောလက်စ စကားရပ်သွားသည်။ အားလုံးရဲ့အကြည့်က





သူ့ထံမှာမရှိ။ ဝိယံက ပြောင်းလဲသွားတဲ့ အခြေအနေကို အံ့သြသွားသည်။ ထို့နောက် အားလုံးအကြည့်ရောက်ရာနေရာဆီ။ သက်ရောက်မှုက ဆုံမှတ်တစ်ခုတည်းမှာပင်။ အခန်းဝ၌ ရပ်နေသူက ဝိယံကား နှင့်တိုက်မိသူ။ ဝိယံတီရှပ်နှင့် ပုဆိုးက မလဲရသေး။ ပတ်တီးဖြူဖြူ၊ ဗလာစတာတွေ ပွထနေသည့် အသားညိုကောင်မလေး။ မျက်လုံး မြူးကြောင်ကြောင်၊ အပေါ်နှုတ်ခမ်းက ထော်ရတဲ့အထဲ ခပ်ဟဟ လေးဖြစ်နေသည်။ ရုတ်တရက် လူတွေအများကြီးတွေ့လိုက်ရ၍ သူမက အံ့သြနေသည့်ဟန်။ ဝိယံခေါင်းထဲ အကြံဉာဏ်တွေက လျှပ်စီးတန်းတွေအလား။ ပြုံးပျက်ဝင်းလက်သွားတာက ဟန်ဆောင်ရန်။ ဝိယံက ကြောင်အနေသူတွေကြားမှ မတ်တပ်ထရပ်ရင်း သူမထံ လျှောက်သွားသည်။ သူ့လှုပ်ရှားမှုကြောင့် သတိကောင်းလာတဲ့ မထွင့်က လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

"ဝိယံ…သူက"

"ကျွန်တော့်မိန်းမ"

"အို"

ငြင်းဆန်တော့မည့် သူမအား ဝိယံက ပခုံးကနေဆွဲဖက် ရင်း ရင်ခွင်ထဲ ထည့်ထားလိုက်သည်။

"ရှင်"

"ငြိမ်ငြိမ်နေ၊ ဒါ ရှက်ရမဲ့လူမဟုတ်ဘူး၊ ဖေဖေ ဒါ ချေးမ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာက ဖေဖေ ထရပ်သည်။ အုံ့သြတဲ့အကြည့်ဟာ သူနှင့်သူမထံမှာ ဝေ့ဝဲနေပြီးမှ….

"ဒါဆို သားမိန်းမခိုးသွားတာ"

"တကယ်ပေါ့"

ဝီယံက မပြတ်သေးသောစကားကို ဆက်သည်။ ရင်ခွင်ထဲမှ ရုန်းကန်ထွက်နေသော သူမအား ပိုတိုးဖက်ထားရတာ တစ်လုပ်။

"ဟား…ဟား ဖေဖေတို့မယုံလို့ ချက်(ခ်)ကင်ဝင်တာ မဟုတ်လား၊ ဖျက်လိုက်တော့ မေထွဋ်ရဲ့အစီအစဉ်ကို၊ ဟိုဘက်က ကောင်မလေးကိုလည်း ပြောလိုက်၊ လိုချင်ရင် ဒုတိယနေရာပဲ ရမယ်လို့"

စကားအဆုံး တံတောင်ဆူးဆူးလေးက သူ့ဝမ်းဗိုက်ဆီ အပြင်းစွာ ဝင်ဆောင့်သည်။ အွတ်ခနဲ မြည်သံထွက်သွားတဲ့အထိ အောင့်တက်သွား၏။ အသားနာလာလျှင် စိတ်ကချုပ်ထားမရတာ ဝီယံအကျင့်။ ထို့ကြောင့် ကောင်မလေးကို ပိုတိုးဖက်ရင်း…

"စိတ်မဆိုးပါနဲ့ သဲရဲ့၊ ကိုယ်က စကားအဖြစ်ပြောတာ မင်းကလွဲပြီး ကိုယ့်ဘဝမှာ ဘယ်သူမှ မရှိတော့ဘူး၊ စိတ်ချ"

သူမနားသယ်စပ်ဆီ ထွက်သက်နွေးနွေးက ရိုက်ခတ်သွားသည်။

"ရှင်"

အံကြိတ်ပြီး မော့ကြည့်တော့ သူက အဆင်းကို ငုံ့မိုး





ကြည့်နေတာ မျက်နှာချင်းထိလုမတတ်။ ဆက်မော့နေလျှင် ဒီလူ ရမ်းကားမလာဘူးလို့ ထပ်မပြောနိုင်။ အဆင်းက ခေါင်းမငုံ့ဘဲ မျက်လုံးလွှဲတော့ မျက်လုံးပြူးကြီးတွေနှင့် ရှေ့ကလူသုံးယောက်ရဲ့ အကြည့်နှင့် တန်းဆုံ၏။ အရှက်သည်းစွာ မျက်လွှာချပစ်သည်။ ရှက်စိတ်ကြောင့် ခုန်နေတဲ့ရင်ခုန်သံဟာ တဒိန်းဒိန်းမြည်ဟည်းဆဲ။ နူးစမ်းတဲ့အကြည့်ဝင်းဝင်းတွေအောက်မှာ အရိုးအဆွေ့အဖြစ် ပျောက်ဖျက်ချင်သည်။ ငြင်းဆန်ချင်တဲ့ စကားလုံးတို့ဟာ လည်ချောင်းဝမှာပဲ တစ်ဆို့တိမ်ဝင်သွားခဲ့တာ။ ကိုယ့်အဖြစ်က ငြင်းဆန်ခွင့်မှ မရှိတော့တာလေ။ ဝတ်ထားတာလည်း ကြည့်ဦး သူ့အဝတ်အစားတွေက ချွတ်မလဲရသေး။ ဒီကြားထဲ အိမ်ရဲ့တစ်ခုတည်းသော အိပ်ခန်းက ထွက်လာခဲ့တာဆိုတော့…။

"နေပါဦး မိန်းမခိုးလာပြီး နင် နိုပ်စက်ထားတာလား ဝီယံ၊ ဟိုမှာ ပတ်တီးတွေရော ပလာစတာတွေရောနဲ့"

နုပျိုလွန်းတဲ့ အပြင်အဆင်နဲ့ မေးလာတဲ့မိန်းမ။ ဒီမိန်းမဟာ ဝီယံနှင့် ဘာပတ်သက်သလဲ။ အဆင်း မသိ။ ဒါပေမဲ့ စိုးမိုးချယ်လှယ်လိုစိတ်တွေက အဲဒီမိန်းမမျက်လုံးထဲမှာ ဖုံးဖိမရတာ အသေအချာ။ အဆင်းကိုကြည့်ပြီး မေးပုံကလည်း အထက်စီးဆန်သလို။ မျက်တောင်တွေ စင်းချပြီး ထက်အောက်ရှန်ဆန်ကြည့်တာက လူကို မတူမတန်သလို။

"မဟုတ်ပါဘူး၊ မနေ့က စက်ဘီးစီးသင်ပေးရင်းနဲ့ စက်ဘီးမှောက်တာ၊ ချစ်လို့ယူထားတာ နှိပ်စက်ရက်ပါ့မလား၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ငုံတောင်ထားချင်တာ၊ သကြားလုံးလို လုံးပါးပါးသွားမှာ စိုးလို့''

''ရှင်…နော်''

ခပ်ကျိတ်ကျိတ် အခေါ်ဆင်းက အော်သည်။ ထိုမိန်းမကလေး မေးဖျားကို လှုပ်ခတ်မဲ့ရွဲ့ပြီး မျက်နှာလွှဲ၏။

''ကဲ…ဒါဆိုရင်လည်း ပြန်ကြရုံပေါ့၊ သားတို့ ဘယ်ရ ပြန်လာမလဲ၊ မိန်းကလေးဘက်ကိုလည်း စီစဉ်စရာရှိတာ စီစဉ်ထေ ရအောင်၊ ဖေဖေတို့ သူ့မိဘတွေဆီ သွားတွေ့မယ်လေ၊ ပြန်အပ်မှတ် မင်္ဂလာကိစ္စတို့''

''မလိုဘူး ဖေဖေ၊ ကျွန်တော့်ကိစ္စ ကျွန်တော်ရှင်းမယ်''

''ဟွန်း…မွေးရကျိုးနပ်တဲ့ သားလိမ္မာလေး၊ မိဘက မပြေ နိုင်တာတောင် သူက မာနကြီးတစ်ခွဲသားနဲ့''

မေထွဋ်က ဖေဖေ့နောက်မှာရပ်ရင်း လက်ပိုက်ပြီး သူ့ ကဲ့ရဲ့သည်။ ပီယံကတော့ ဂရုမထားတဲ့ မှုန်တေတေမျက်နှာနှင့်—

''ဒီတစ်ရက်နှစ်ရက်အတွင်း ပြန်လာမှာပါ''

ဖေဖေက ခေါင်းညိတ်ပြီး အရင်စကျောခိုင်းသည်။ ဖေ နောက်မှာ မေထွဋ်။ သူတို့ကိုကျောခိုင်းပြီး မထွက်သွားနိုင်သူ သော်ဇင်။ ပြူးတူးပြဲတဲအကြည့်နှင့်…

''ဟော့ကောင်…မင်းက တကယ်၊ တကယ်ပေါ့''

''ဩော်…လူကြီး အတောင့်လိုက်မြင်နေရတာတော မင်းက တကယ်လား လုပ်နေသေးတယ်၊ သွားတော့ ဟော့ကော





ဒီအချိန်မှာ ငါတို့နှစ်ယောက်ပဲ နေချင်သေးတယ်''

လှည့်မပြန်နိုင်အောင် နောက်ဆံတင်း လုပ်နေတဲ့ သော်ဇင် ကို သူက တွန်းလွှတ်သည်။ ခြံထဲကကားတွေ စီတန်းထွက်သွား တာကြည့်ပြီးမှ ဒီဘက်ပြန်အလှည့်…

ငိုးခနဲ လေကိုခွင်းလာတဲ့ အသံနှင့်အတူ သူ့ထံပျံထွက်လာ တဲ့ မည်းမည်းအရိပ်တစ်ခု။ အကျင့်ပါနေတဲ့လက်က လှမ်းဖမ်းပြီး သား။ စားပွဲပေါ် အလှတင်ထားတဲ့ ပန်းအိုး။ မီးတောက်တွေ ထွက်လုမတတ် အကြည့်စူးတွေနှင့် သူမ။

''ဆောရီး''

ပန်းအိုးကို နေရာတကျထားပြီး တောင်းပန်တော့မှ သူမ က လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

''ဆောရီး…ဘာဆောရီးလဲ၊ ရှင် အခုလုပ်လိုက်ပုံက အခု ကျွန်မ ဘာဖြစ်သွားပြီလဲသိလား၊ ရှင် သိလား''

လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကျုံးအော် သည်။ ကိုယ်အကိုင်း ခေါင်းအငုံ့မှာ ကျောလယ်ရောက် ဆံပင်တွေ က ပခုံးထက်နှင့် ရင်ဘတ်တစ်ခြမ်းစီမှာ ဖရိုဖရဲကျဆင်းလျက်။ အသားညိုပေမဲ့ လက်နေတဲ့ သူမအရေပြားဟာ ကြည်စင်ပြီး အရောင်တောက်နေသလိုပင်။ မျက်အိမ်ကျယ်ကျယ်၊ မျက်တောင် တွေဟာ မည်းနက်ပြီး ကော့ပျံနေတာက မျက်လုံးဖွင့်ထားလျှင် နှာခုံးအစပ်များအထိ ထိကပ်နေသည်။ ခပ်တုတ်တုတ် မျက်ခုံးတွေ ထူထဲပြီး မည်းနက်နေဟာကြောင့် သူမမျက်နှာဆီ ကြည့်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမျက်ခုံး မျက်လုံးက သိသာထင်ရှားတာအမှန်။ အခုထ...
ထင်ရှားပါတယ်ဆိုမှ ထိုမျက်လုံးကြီးက ပြူးထွက်ပြီး သူ့...
လာရောက်ထိမှန်တော့မည့်ဟန်နှင့်။

"မေးနေတယ်လေ၊ ဘာအူကြောင်ကြောင် လုပ်နေ...
လဲ"

"ကြောင်နေတာ ငါမဟုတ်ဘူး၊ မင်း"

"ဘာရှင့်"

"ဟုတ်တယ်လေ ငါပြောလိုက်တာ မင်းရှေ့တင်...
မင်းကြားမှာပဲ၊ ဒါကို ရေးကြီးခွင်ကျယ်လုပ်ပြီး"

"ဒါ မိန်းကလေးတစ်ယောက်အတွက် အရေးမကြီး...
ပေါ့သေးသေးကိစ္စလား၊ နေရင်းထိုင်ရင်းက ရှင့်မိန်းမဖြစ်သွား...
ကိစ္စလေ"

"ငါ့အခက်အခဲကြောင့် ဖြစ်သွားတဲ့ကိစ္စလေ၊ မင်းဆီ...
အကူအညီယူတာ"

"တော်စမ်းပါ၊ ပေးပါဆိုပြီး တောင်းလို့ပေးရတာတ...
အခု ရှင်ယူသွားတာက ပိုင်ရှင်ဆီက ခွင့်ပြုချက်မယူဘဲ ...
သိမ်းသွားတာမျိုး"

"ဟ…မင်းလည်း ပထွေးက စီစဉ်တဲ့လူမလိုချင်...
ငါ့မှာလည်း မင်းလို အခက်အခဲ အတူတူဖြစ်နေတာ၊ တူတဲ့လူ...
ပေါင်းစည်းမှုယ်၊ ဒါပဲ၊ ပြီးတော့ ခဏလေးပဲ ဟန်ဆောင်...
တစ်ဘဝလုံးစာမှ မဟုတ်တာ၊ မင်းအဒေါ်အိမ်သွားနေမဲ့...

...ဒါအိမ်လိုက်နေတယ်လို့ သဘောထားရင် အားလုံးက ပြီးသွားပြီ"

ထိုစကားလုံးကြောင့် အဆင်းက ပြောင်းလဲသွားတဲ့...
...ကြမ္မာကို သတိထားမိသွားသည်။ အစ စီစဉ်တုန်းက သူ့ထံမှ...
...ငြိမ်းနိုးမှုရရန်သာ။ အခု အလိုအလျောက် သူ့အိမ်ပေါ်ရောက်မည့်...
...ညီး။ ပြီးတော့ သူ့အမေဆိုသူကို အဆင်းက တွေ့ချင်ပါသေး...
...သည်။ ညီမလေးအနားမှ သူ့အား ခေါ်ထုတ်သွားတဲ့သူ။ ညီမလေး...
...ကို နိုင့်ထက်စီးနင်း စကားလုံးတွေနှင့် ပစ်ပေါက်ခဲ့သူ။ အဆင်းက...
...ကိုယ့်အတွေးနဲ့ကိုယ် တွေဝေသွားပုံကို သူက ငေးခဲ့ကြည့်ရင်း…

"ဟိတ်"

ခေါ်လည်းခေါ် အဆင်းမျက်နှာရှေ့တည့်တည့်ကနေ...
...လနှင့် ဖျူးခဲ့မှုတ်ပစ်သည်။ ရုတ်တရက်မို့ အဆင်းက လန့်သွား...
...ပြီး…

"ရှင်…အဲဒီလို အပြုအမူတွေ မလုပ်နဲ့၊ မကြိုက်ဘူး"

"သဏ္ဍာန်လုပ် သရုပ်တူတဲ့၊ မင်း မကြားဖူးဘူးလား"

"ရှင် သဏ္ဍာန်လုပ်တာ လိုတာထက် မပိုစေနဲ့"

ထိုစကားကို အဆင်းက မျက်နှာလွှဲပြီး ပြောခြင်းပါ။
...အစောက လူကြီးတွေရှေ့မှာ သူလုပ်တာကို ရည်ရွယ်တာလည်း
...ပါသည်။ ဗိုယ်က ခပ်ရေးရေးပြုံးရင်း စိုက်ကြည့်တော့ အဆင်း
...နေတတ်တော့။ တစ်ညလုံး မကြောက်တဲ့စိတ်က အခုမှ ကြောက်
...သတိရလာသည်။ ဒီအိမ်လေးထဲမှာ သူနဲ့ကိုယ် နှစ်ယောက်တည်း။
...အဆင်းက ကြောက်စိတ်ကို ဖယ်ထုတ်၍ ကိုယ့်ကိုယ်ကို အားတင်း

စိုး:မိုး:၈၁၆ပ

စိုး:မိုး:၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ရင်ဘတ်ကို ဆောင့်တွန်းသည်။ ယိုင်ခနဲဖြစ်ပြီး လမ်းပွင့်သွားမှ အခန်းဆီလျှောက်ခဲ့၏။

"ဟော့…ငါပြောတာ မင်းသဘောတူပြီပေါ့"

"ဘာလို့လဲ"

နောက်မလှည့်ဘဲ မေးသည်။ ဗီယံက ဆတ်ဆတ်ထိမခံသော ထိုတစ်ယောက်ကို စချင်လာတာနဲ့ပဲ။

"လင်မယားလုပ်ဖို့လေ"

"ဘာ"

အော်ပြီး လှည့်လာတာက ဒေါသမျက်နှာ။ ဗီယံက မရှုံ့မချဉ်ရယ်ပြရင်း…

"ဆောရီး…ဟန်ဆောင်ဆိုတဲ့ စကားထည့်ဖို့ မေ့သွားတယ်"

"ရှင်…စကားတွေ၊ အပြုအမူတွေနဲ့ မကျူးကျော်ဘူးဆိုရင် သဘောတူမယ်"

"အိုခေ"

"ရှင် ကတိတည်မှဖြစ်မယ်နော်"

စိုက်ကြည့်ပြီး ထပ်ပြောပုံက မယုံသင်္ကာနှင့်။ ဗီယံက သူ့မမျက်နှာရှေ့ သူ့မျက်နှာကို အနီးကပ်ပြရင်း…

"ကြည့်ထားလိုက်၊ အမြီးကျက်အမြီးစားထဲ ပါတဲ့ရုပ်လား လို့"

"သိသာပါတယ်၊ အကုန်ကျက်မှ အားလုံးစားတဲ့ရုပ်ဆို





ဘာ"

ချာခနဲ လှည့်ထွက်သည်။ ဝဲခနဲဖြာသွားတဲ့ ဆံပင်အဖျားတွေက ဗီယံရင်ဘတ်ကို ရိုက်ခတ်သွား၏။

"ဟော့…နေဦး"

လက်ကောက်ဝတ်ကို လှမ်းဆွဲ၍ အဆင်းရဲ လှမ်းလက်စခြေလှမ်းက ယိုင်ခနဲဖြစ်သွားသည်။

"ဘယ်လိုဖြစ်နေတာလဲ"

"မေးစရာကျန်သေးလို့"

"ကျစ်…ဘာလဲ၊ မေး"

ရှုပုပ်လျှင် အော်တိုထော်လာတဲ့ နှုတ်ခမ်းလေးကို ဗီယံ စိုက်ကြည့်ရင်း…

"မင်းနာမည် ဘယ်သူလဲ"

"အဆင်းညို"

လက်ကိုဆောင့်ရုန်းသည်။ ဗီယံက အသာတကြည် လွှတ်ပေးလိုက်၏။ သူမအခန်းဝရောက်သွားမှ…

"သိချင်လွန်းလို့ မထင်နဲ့နော်၊ ကိုယ့်မိန်းမနာမည် မသိတဲ့ အဖြစ်မျိုး ရောက်သွားမှာစိုးလို့"

"တောက်"

အကျယ်ကြီး တောက်ခေါက်ပြီး တံခါးဆွဲပိတ်လိုက်တာ ဂျိမ်းခနဲ။ ဒါကိုပဲ ဗီယံက သဘောတကျနှင့် ရယ်မိတာ အသံတွေ ဘာတွေတောင်ထွက်လို့။ လှသဘာဝဆိုတာ ဒါမျိုးပဲလေ။ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမသိ။ ပေါ်မလွင့်နေတဲ့ လိုက်လျောညီထွေဖြစ်အောင်ကြိုးစားသော ရှုမဝ်း
တဲ့ ငြိမ့်ငြင်သူကိုပဲ သဘောကျမိတယ်ဆိုရင်။ ငါကလည်း မင်းကိုပဲ။

• • •

## အခန်း (၁၄)

"ကန်တော့ရအောင်လေ"

သူက ကျုံ့ကျုံ့ထိုင်နေတဲ့ အဆင်းကို ပခုံးချင်းတိုက်ပြီး အချက်ပေးသည်။ အဆင်းက လက်အုပ်ချီပြီး ဦးသုံးကြိမ်ချတာ ဦးစလှွယ်။ စိတ်ရင်းအတိုင်း ကန်တော့ရအောင် ဒီလက်ထပ်ထား တယ်ဆိုတဲ့အဖြစ်ဟာ အတုလေ။ အစစ်မှမဟုတ်တာ။

"ဖေဖေကတော့ ဆုတွေရှည်ရှည်ဝေးဝေး မပေးတတ်ဘူး၊ ဒီသင်မယား အိုအောင်မင်းအောင် ပေါင်းရပါစေ၊ ဒါပဲ အရေးအကြီး ဆုံးမဟုတ်လား"

"မပူပါနဲ့ ဖေဖေရ၊ ကျွန်တော်တို့က အချစ်ကို ကိုးကွယ် ပြီး လက်ထပ်ထားတာပဲ၊ ဖေဖေဆုမပေးလည်း ရိုးမြေကျပေါင်းပြီး သား၊ နော် အဆင်းညို"

ပေါင်ပေါ်ယှက်တင်ထားသော သူမလက်တွေပေါ် သူ့ပိမိုး

စိုး : မိုး : ၈၁၈၀

စိုး : မိုး : ၈၁၈၀

www.burmeseclassic.com

www.burmeseclassic.com



ညှပ်ကိုင်ပြီး ပြောလာပုံက ခေါသဖြစ်ချင်စရာ။ လူကြီးနှစ်ယောက်စလုံးက ရှေ့တည့်တည့်မှာ ထိုင်နေတာမို့ တုံ့ပြန်ခွင့်မရ။ နှုတ်ခမ်းတို့ကို စေ့ပိတ်ထားပေမဲ့ ပြောချင်မေးချင်တဲ့စကားဟာ ရင်နဲ့တောင်မဆံ့တော့။ ဘယ်မှာလဲ သူ့အမေဆိုတာ။ ညီမလေးရဲ့ နောက်ဆုံးအချိန်ရောက်အောင် တွန်းပို့လိုက်တဲ့သူကို အဆင်းက အခုချိန်အထိရှာမတွေ့သေး။ ကန်တော့ခံရသည့်အထဲမှာလည်း မပါ။ သူမတို့နောက် လိုက်လာတော့လည်း သူ့အဖေနဲ့ ဒေါ်မိုးသီတာထွန်းဆိုသောမိန်းမကိုပဲ တွေ့ခဲ့ရတာ။ ညီမလေးကို မခံချင်အောင် ပြောဆိုခဲ့တယ်ဆိုတာ ဒီမိန်းမကြီးလား။ အကြည့်ထဲမှာ ရင်ထဲကအတွေးတွေပါသွားသည်။ စူးခနဲလက်တဲ့ သူမအကြည့်တွေကို ဦးကြည်လင်ကသတိမထားမိပေမဲ့ မိန်းမချင်းဖြစ်တဲ့ ဒေါ်မိုးသီတာထွန်းကတော့သတိထားမိသလိုပင်။ အဆင်းနှင့် တမင်တကာပင် ဆုံအောင်စိုက်ကြည့်နေရင်းမှ…

“မင်္ဂလာခန်းကို မင်းအခန်းထဲမှာပဲ ပြင်ထားတယ် ဝီယံ၊ ဒီတစ်အိမ်လုံးမှာ နင်ယူထားတဲ့အခန်းက အကောင်းဆုံးဖြစ်နေတော့လေ”

“ဟုတ်တယ် သား၊ ခန်းဝင်ပစ္စည်းတွေက ကမန်းကတန်းမှာရတာမျိုးဆိုတော့ သမီးစိတ်တိုင်းမကျတာရှိလည်း ဖေဖေ့ကိုပြောဟုတ်ပြီလား၊ မေထွန်းရေ သမီးကိုပေးဖို့ လက်စွပ်ကလေး”

အနီရောင်ကတ္တီပါဗူးလေးကို ဦးကြည်လင်က လက်ထဲထည့်ပေးသည်။ ဦးကြည်လင်က ဗူးကိုဖွင့်၍ လက်စွပ်ကို ထုတ်ယူ





ရင်း…

“ရော့…သား သမီးကို စွပ်ပေးလိုက်၊ ဒါ လက်ထပ်လက်စွပ်မဟုတ်ဘူးနော် သမီး၊ ဖေဖေ့ အမွေပေးတာ၊ သားမေမေနဲ့ ဖေဖေ လက်ထပ်ခဲ့စဉ်တုန်းက လက်စွပ်လေး၊ မောင်းကွင်းမှာစိန်တစ်ပွင့်တည်း မြှုပ်ထားတာလေးက ပုံရိုးပေမဲ့ ဖေဖေ့သမီးအဖြစ်အသိအမှတ်ပြုတဲ့ လက်စွပ်လေးပါ၊ တန်ဖိုးမရှိလှပေမဲ့ လက်ခံပါသမီး”

“တန်ဖိုးမရှိဘူးလို့ မပြောပါနဲ့ ကိုကိုရဲ့၊ အဲဒီစိန်က ရှေးစိန်၊ တစ်ပွင့်တည်းကိုမှ ရှစ်သိန်းကျော်တယ်၊ ရွှေသားတန်ဖိုးနဲ့ဆိုဆယ်သိန်းနီးပါးရှိတယ် အဆင်းညို၊ ဒီပမာဏကို တန်ဖိုးနည်းတယ်လို့ သတ်မှတ်လို့ရမလား၊ မင်းတွေးကြည့်ပါ”

အဆင်းရဲ့ ငုံ့ထားတဲ့မျက်နှာက ချက်ချင်းမော့သွားသည်။ နှုတ်ခွာစိုက်ကြည့်နေတဲ့ အကြည့်တွေထဲမှာ အထင်သေးရှုံ့ချခြင်းတွေက အလျှံအပယ်။ အဆင်းက အဲဒီမျက်ဝန်းတွေကို လှောင်ပြုံးတစ်ပွင့်နှင့် စိုက်ကြည့်ရင်း…

“အန်ကယ်က မေတ္တာနဲ့ပေးတာမို့ ကျွန်မကလည်းမေတ္တာနဲ့ပဲ လက်ခံတာပါ၊ ကျွန်မက ရှင့်လို သချာၤမတတ်တော့လည်း ပစ္စည်းတွေကို တန်ဖိုးမဖြတ်တတ်ဘူး၊ ညံ့တယ်လို့ပဲထားလိုက်ပါတော့”

ပက်ခနဲ ပြန်ပြောတဲ့စကားထဲမှာ ကိုယ်ကပဲ လောဘကြီးသူလို။ ထွန်းက ဆတ်ဆို မတ်တပ်ထရပ်ပြီး နေရာမှထွက်ပြင်

www.burmeseclassic.com



သည်။ ဒီမိန်းကလေးရဲ့ အကြည့်တွေကို စတွေ့ကတည်းက သဘော မကျခဲ့တာ။ သူမမျက်ဝန်းတွေထဲမှာ သိသိပ်စွာ ငြိုးဖွဲ့တတ်ခြင်းတွေကို ကိုယ်ကမြင်ပြီးသား။ အပြုံးမျက်လုံး၊ မာနနှုတ်ခမ်းနဲ့ အဆင်းညိုဟာ ဒီအိမ်ကြီးထဲ ရောက်လာတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ ထွဋ်ကသာ တွေးပူနေတာ ကိုကိုကဖြင့် သားတွေ၊ ချွေးမတွေနှင့် နေရမည့်အရေး တွေးပျော်လို့။

"တပူအေးရတာပေါ့ မထွဋ်ရယ်၊ သူ့အိမ်ထောင်နဲ့သူကျတော့ ကိုယ်က အေးကလိုက်ထိန်းရုံပဲ၊ မြန်မြန်ကလေးယူခိုင်းရမယ်၊ ဒါမှ ကိုယ်လည်းမပျင်းရမှာ"

ကိုကို့အပျော်တွေကို မဖျက်ဆီးရက်လို့သာ။ ဒါတွေဟာ မျှော်လင့်သလို ဖြစ်လာမှာမဟုတ်တာ ထွဋ်က သိနေသည်။ ဒီနှစ်ယောက်ကို စမြင်ကတည်းက အထာမကျတာတွေ။ သဘာဝမကျတာတွေ အများကြီးရယ်နှင့်။ အခုလည်းကြည့်လေ ထွဋ်ကို မကြောက်မလန့် ပြန်ချေပသော အဆင်းညိုကို ဟန့်တားဖို့မပြောနဲ့ ထွဋ် အပြောခံရတာတောင် ဝီယံတို့က ဝမ်းသာတဲ့မျက်နှာကြီးနဲ့

"အင်း…တော်တယ် အဆင်းညို၊ ကိုယ့်ဇနီးဆိုတာ အဲဒီလိုဖြစ်နေရမယ်၊ မကျေနပ်တာကို မျိုသိပ်မထားဘဲ ပွင့်ပွင့်လင်းလင်းပေါ့"

အဆင်းက အားပေးသလိုလို မြှောက်ပေးသလိုလိုပြောလာတဲ့ သင်းအား မျက်စောင်းပိတ်ထိုးရင်း သင်းလက်ထဲက သူ့လက်ကို ရုန်းထွက်ပစ်သည်။ ထို့နောက် ဦးကြည်လင်ကိုပဲ ဓ





ကြည့်ကာ…

"ပြောစရာ အထွေအထူးမရှိတော့ရင် အဆင်း နားချင်ပြီ အန်ကယ်"

"အေး…သမီး၊ နားပါ၊ သွားနား…သွား"

လိုက်လိုက်လျောလျော ခွင့်ပြုသည်။ အဆင်း ထရပ်တော့ သူပါ မတ်တပ်ယှဉ်တွဲရပ်ရင်း…

"ဗွတ်နိုက် ဖေဖေ"

နှုတ်ဆက်ပြီး သူ့အခန်းရှိရာ အပေါ်ထပ်ဆီ တက်ခဲ့၏။ အဆင်းကတော့ လိမ်ကောက်စွာ ပုံဖော်ထားတဲ့ စတီးလက်ရန်းတွေနှင့် လှေကားထစ်တွေဆီ တက်ရင်း သိချင်စိတ်ကို အောင့်မထားနိုင်။ သူ့မိသားစုအကြောင်း ကျေလည်စွာမသိသေးဘဲ သူ့ပတ်ဝန်းကျင်ထဲ ကိုယ်က ဝင်လိုက်ခြင်းဟာ တပန်းရှုံးသလို ဖြစ်နေတာကြောင့်…

"အဲဒီမိန်းမက ရှင်နဲ့ဘာတော်တာလဲ"

"သိချင်လို့လား"

"စကားအပိုတွေ မပြောနဲ့၊ မေးတာပဲဖြေ"

"ဟာ…ဟ အသံကတော့ တကယ့်အထက်စီးပဲ၊ ငါ လိုက်လျောတာ မင်းတစ်ယောက်ပဲရှိသေးတယ်၊ အဲဒါကို နားလည်"

"စိတ်မဝင်စားဘူး၊ မေးတာလည်း ကိုယ့်အကြောင်းနဲ့ ကိုယ် မဖြေချင်လည်းရတယ်၊ ရှင် ဈေးကိုင်နေရအောင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဲဒီမေးခွန်းက မသိမဖြစ် မဟုတ်ဘူး''

ဝီယံက ဘာမှဆက်မပြောတော့ဘဲ အခန်းတံခါးတစ်ခုကို တွန်းဖွင့်ပြီး ဝင်သွားသည်။ အဆင်းက နောက်ကလိုက်ဝင်ပြီးမှ တံခါးပြန်ပိတ်ကာ…

''အဲဒါ ငါ့မိထွေး''

''ရှင့်အမေက''

''ငယ်ငယ်လေးကတည်းက ဆုံးသွားတာ''

''ဪ''

စာနာတဲ့အသံမျိုးမဟုတ်။ ကြားဖူးနေကျ ဓာတ်လမ်းမျိုးကို ထောက်ခံအသိအမှတ်ပြုတာမျိုး။ အခန်းထဲ ဝီယံက အရင်ဝင်လာ ပေမဲ့ သူမကပဲ ကိုယ့်ကိုကျော်တက်ပြီး ခုတင်ဆီ ဦးတည်သွားသည် သို့ပေမဲ့ ခုတင်နား မရောက်လိုက်။ လမ်းတစ်ဝက်မှာပင် သူ့ရှိရာ ဘက်သို့ အပြုံးအပြ ပြန်လှည့်လာပြီး…

''ဒီမှာ…ရှင်နဲ့ကျွန်မ ဘယ်လိုအိပ်ကြမှာလဲ''

အဆင်းက သွားကြားထဲက ထွက်တဲ့အသံမျိုးနဲ့ မေးခဲ့ ပါ။ ဒါပေမဲ့ ထိတ်လန့်တုန်လှုပ်ခြင်းကိုတော့ မဖုံးကွယ်နိုင် ကိုယ့်ရင်ထဲက သယံဇာတတွေနှင့် လုံးထွေးနေရတဲ့အချိန်မှ ဒီအခ အကြောင်းကို မေ့သွားတာ။ လက်ထပ်ရန် စီစဉ်ထားပြီးတဲ့ ကိုယ် နဲ့တောင် ဒီလိုမနီးစပ်ဖူးခဲ့။ အခု တကယ့်ကမ္ဘာမကျေ ရန်သူကြီး ကြမှ။ သူကတော့ အဆင်းမေးတာကို ခေါင်းထဲထည့်ပုံမပေါ် အဆင်းလိုလည်း အကျယ်တဝင့်မတွေးဘဲ မွေ့ယာပေါ် ခွေ





ခုန်တက်ကာ…

''ဒီလိုအိပ်ရမယ်လေ၊ ပက်လက်လေးလှန် မျက်စိလေး မှိတ်ပြီးတော့''

''ရှင်…ပြောင်ချော်ချော်မလုပ်နဲ့နော်၊ ရှင်နဲ့ကျွန်မက တစ်ခုတင်ထဲ အိပ်ရအောင် ဘာမှဟုတ်ကြတာ မဟုတ်ဘူး''

''ဟာ…မဟုတ်ရင် မအိပ်နဲ့၊ ငါကတော့ မွေ့ယာမရှိရင် မအိပ်တတ်ဘူး''

''ဝီယံ''

အဆင်းက အံကြိတ်ပြီးအော်သည်။ သူက လက်နှစ်ဖက် ကို ခေါင်းအောက်လျှိုသွင်းကာ 'ပြော'ဟူသောပုံစံဖြင့် မေးဆတ်ပြ ၏။

''ရှင် မညစ်နဲ့နော်၊ ကျွန်မက ဘယ်မှာအိပ်ရမှာလဲ''

''ကျစ်…ငါမညစ်ဘူး၊ မင်းရစ်နေတာ၊ အိပ်ချင်ရင်လာ အိပ်၊ လက်ဖျားနဲ့တောင် မတို့ဘူး စိတ်ချ၊ အဲဒါမှ မအိပ်ရဲရင်တော့ မင်းသဘောပဲ၊ ငါတော့အိပ်ပြီ၊ ဂွတ်နိုက်''

တကယ် ဖက်လုံးကြီးကိုဖက်ပြီး ဝီယံက အိပ်ဟန်ပြင်သည်။ အဆင်းသည် ထိုသို့ နေရာတကာ အနိုင်ယူချင်သော သင်းရဲ့စရိုက် ကို ကြည့်မရ။ ညီမလေးအပေါ်လည်း အဲဒီလို အနိုင်ယူခဲ့လိမ့်မည်။ ချစ်တဲ့စိတ်နှင့် သည်းခံသော အချစ်အပေါ် ဝီယံက စိတ်ထင်တိုင်း ပြယ်လှယ်ခဲ့ပေမဲ့ အဆင်းညီက သူ့အပေါ် သည်းခံစရာ အချစ် စိတ်မရှိခဲ့ပေ။ အဆင်းသည် မလှမ်းမကမ်းရှိ မှန်တင်ခုံရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ခြေချိတ်ထိုင်လိုက်ပြီး…

"ဒါဆို ဒီညတော့ ကျွန်မက မိုးအလင်းငုတ်တုတ်ထိုင်
မှာပေါ့လေ"

သူက စကားမပြန်။ လက်တစ်ဖက်ပဲ မြှောက်ပြီး တာ့တာ
တောင်လုပ်ပြသေး။ အဆင်းက မဲ့ရွဲ့ပြီး ပြုံးဖြစ်အောင်ပြုံးကာ…

"ကျွန်မအကျင့်တစ်ခု ရှင်သိအောင် ပြောပြရဦးမယ်
ကျွန်မက အိပ်မပျော်ရင် စိတ်ထင်ရာလုပ်တတ်တယ်သိလား
အဲဒါကိုတော့ ရှင်သတိထားပေါ့"

အံမယ်…ကိုယ်တော်က လုပ်ဆိုတဲ့ဒီနိုင်းနဲ့ ယက်ခါ
သည်။ အဆင်းက သူ့အိပ်ပျော်သွားမဲ့အချိန်ထိ စိတ်ရှည်ရှည်
ထိုင်စောင့်နေလိုက်၏။ အမုန်းတရားနဲ့ ပတ်သက်သော အကြော
တရားက ဒုက္ခပေးလိုခြင်းဆိုလျှင်…

ရှင် အရသာခံကြည့်လိုက်။ ကျွန်မပေးမဲ့ ဒုက္ခ
ချိုသလား၊ ခါးသလားဆိုတာကို။

◆ ◆ ◆



"ဟား"

အကျယ်ကြီးအော်ပြီး ခုန်လိုက်တာ လူက အမြင့်ကြီး
မြှောက်တက်သွားသလို မှန်ထဲပေါ်နေသည့် ကိုယ့်ပုံရိပ်ကိုယ် သေချာ
အောင် ပြန်ကြည့်သည်။ ဘေးနှစ်ဖက်ကို ရှိတ်ထိုးပြီး အပေါ်ဆံပင်
တို့အား ဂျဲ(လ်)အစွမ်းနှင့် ထောင်ထားတတ်တဲ့ သူ့ဆံပင်။ အခု
ဘယ်လိုဖြစ်သွားပြီလဲ။ ရှည်ပြီး ထူထဲနေရာကို ကတ်ကြေးတွေနှင့်
ကွ ဝိုက်ညှပ်ထားတာမို့ ဆံပင်က ဦးခေါင်းထိပ်မှာ ကွက်တိကွက်
ကျား။ ဒီတရားခံ ဘယ်သူလဲ။ အထွေအထူး စဉ်းစားစရာမလို။
အခန်းထဲမှာ သူ့အပြင် သူမပဲရှိတာ။ မှန်ထဲက ဆံပင်တွေ ကွက်တိ
ကွက်ကျားနှင့် ကိုယ့်ပုံကိုယ်ကြည့် စိတ်ပျက်နေဆဲမှာပင် ရေချိုးခန်း
တံခါးက ဖျတ်ခနဲ ပွင့်လာ၏။ ရေချိုးပြီးစ ဆပ်ပြာနံ့ပါ သူမနှင့်
အတူ ပူးတွဲထွက်လာတာ။ ရေချိုးပြီးစဆိုပေမဲ့ ရင်လျားတွေ ဘာ
တွေနှင့်မဟုတ်။ တီရှပ်ပန်းနုရောင်လက်ပြတ်နှင့် သရီးကွာတား
ဘောင်းဘီက အနက်ရောင်။ ထုံးစံအတိုင်း ဘောင်းဘီက အိတ်



www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီးတွေ။ ကြိုးတွေနှင့် ရှုပ်ယှက်ခတ်လို့။ အညိုရောင်ေ
ကြည်တဲ့မျက်နှာဟာ ဝင်းမွတ်မွတ်လေး ဖြစ်နေကာ နှာတံချွ
တွေ၊ နှုတ်ခမ်းထော်လေးတွေက မကြည့်လည်း မြင်နေရအော
ထင်းလို့။

"အဆင်းညို"

"ပြော"

ဆတ်တောက်တောက်နှင့် သူ့ရှေ့လာရပ်ကာ မှန်ကြည့်
ခေါင်းဖြီးနေသည်။ ဝီယံက မှန်လဲမှာပင် သူ့အရိပ်ကို ပေါ်စေပြီး

"ဒါ မင်းလုပ်တာမဟုတ်လား"

သူမက တွေဝေခြင်းမရှိ ခေါင်းညိတ်ပြရင်း…

"ပြောသားပဲ၊ ကျွန်မက အိပ်မပျော်ရင် စိတ်ထင်ရာ
တတ်ပါတယ်လို့"

"ဟ…မင်း အဲဒီလိုလုပ်လို့ရမလား"

"ဘာလို့ မရ,ရမှာလဲ"

ချာခနဲ လှည့်ရင်ဆိုင်တော့ အနောက်မှာ ကပ်ကပ်လေး
နေတဲ့ ဝီယံနှင့် ရင်ဘတ်ချင်းထိလုနီးပါး။ စူးနင့်စွာစိုက်ကြည့်
မျက်ဝန်းတွေထဲမှာ အငြိုးရဲ့ သိပ်သည်းဆက အားကောင်း

"မှတ်ထားလိုက်၊ အဆင်းညိုတို့က ကြိမ်းဝါးပြီး
ဖြစ်အောင်လုပ်တတ်တယ်"

"ကြိုက်တယ်၊ အဲဒီစိန်ခေါ်မှုကို၊ ရတယ်၊ မင်းတုံ့ပြ
ကို ငါကျေနပ်မယ်၊ မင်းအလှည့်ကျရင်သာ"





အဆင်းမျက်နှာနား ရောက်အောင် သူ့မျက်နှာက ငုံ့မိုး
လာသည်။ ရှောင်တိမ်းဖို့ အဆင်းက မတွေးခဲ့။ သူပေးသလောက်
အဆင်း ပြန်ပေးရန် ဆုံးဖြတ်ပြီးသား။ ဒါပေမဲ့ နူးညံ့ညင်သာခြင်း
တွေမဟုတ်တာ သေချာသည်။ ထိုအခိုက် တံခါးခေါက်သံနှင့်အတူ

"လူလေးရေ ဝီယံ၊ အောက်မှာ ဆရာကြီးတို့ မနက်စာ
စားဖို့စောင့်နေကြပြီ၊ မနိုးသေးရင်လည်း ရအောင်နှိုးခဲ့လို့ ဒေါ်လေး
ခင်ကို မှာခဲ့တယ်၊ မိန်းကလေးလည်း နိုးနေရင် ဆင်းနှင့်ပါတဲ့"

"ကျွန်တော်နိုးပြီ ဒေါ်လေးခင်"

လှမ်းဖြေရင်း အဆင်းလက်ကို ဖမ်းဆွဲသည်။ တစ်ဆက်
တည်း တံခါးဆွဲဖွင့်တာကို ဆက်တိုက်လုပ်သွား၏။ အခန်းအပြင်
၌ အသင့်စောင့်နေသော ဒေါ်လေးခင်ဟာ သူ့ဆံပင်ပုံစံကိုကြည့်ပြီး
အံ့တသြ လက်ညှိုးကြီးတထိုးထိုးနှင့်…

"လူလေး…ဆံပင်တွေက"

"စတိုင်သစ်လေ၊ ကျွန်တော့်မိန်းမ အချစ်စမ်းထားတာ
ဆို၊ ဟုတ်တယ်မလား အသည်းလေး"

"အို…ဗယ်စမ်းပါ"

လက်ကိုဆွဲထားရင်းက မေးဖျားကို ဆွဲမော့လိုက်၊ ပါးကို
သိမ်ဆွဲလိုက်နှင့် သူ့စိတ်ထင်တိုင်း ပြုမူနေတာကို အဆင်း သည်းမခံ
နိုင်။ ရှန်းထွက်တော့ သူက ပိုတိုးဖက်ကာ…

"မရုန်းနဲ့၊ တစ်ခါတည်း ထမင်းစားခန်းထဲ ပွေ့ချီသွားမယ်၊
လုပ်ရဲဘူး မထင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ဒါ လက်စားချေတာလား"

"နီး…မင်း အချစ်စမ်းသလို ကိုယ်ကချစ်ပြတာ"

ကော်ဖီဝိုင်းရောက်တော့ ဖေဖေရော မေထွေးပါ သူ့ကို

မော့ကြည့်တာ အထူးအဆန်းသဖွယ်။ ဗီယံကတော့ ဘာမှမဖြစ်သလို

ပြုံးပြုံးရွှင်ရွှင်ပင်။

"သား…မင်းဆံပင်တွေက"

ဦးကြည်လင်က တွေ့နေရတာ အမြင်မတော်သဖြင့် မ

ဘဲမနေနိုင်။ မထွေးကလည်း သူ့လိုပဲ မေးချင်နေပုံရသည်

ကိုယ့်သားအကြောင်း ကိုယ်အသိဆုံး။ သူ့လောက်စမတ်ကျ

စတိုင်ကျတာကို သဘောကျတတ်သလို သူကိုယ်သူလည်း

ပြုပြင်နေတဲ့ကောင်က အခုမှ ဆံပင်ကွက်တိကွက်ကျားနှင့်။ ဗီယံ

ပခုံးကိုဆွဲဖက်ရင်း…

"အဆင်းညီပေါ့ ဖေဖေ၊ ကျွန်တော် လှတပတနဲ့ ထွ

သွားရင် တခြားကောင်မလေးတွေက ဝိုင်းကြိုက်မှာစိုးလို့

ကျွန်တော့်ကို အလှပျက်အောင် လုပ်လိုက်တာလေ"

"လုပ်လည်းလုပ်ချင်စရာပဲလေ၊ သားက အရင်တု

ရည်းစားတွေများခဲ့တာကိုး"

ကြည့်စမ်း…သူ့အဖေက ဘာမှမသိဘဲ ဗီယံလိုမ့်လုံး

ထဲ မျောပါသွားပြီ။ မေထွေးဆိုသူကတော့ အဆင်းတို့စုံတွဲ

သံသယအကြည့်တွေနှင့် အကဲခတ်တုန်း။ ဗီယံက

သရုပ်ဆောင်လုပ်နေလား၊ တကယ်ပဲလားမသိ။ ဖက်ထား





အဆင်းပခုံးကို မလွှတ်တော့ဘဲ…

"အဲဒါ အရင်တုန်းကပါ၊ အခုက သူတစ်ယောက်တည်း

ယုံသေးဘူးလား အသည်းရယ်၊ ဟမ်"

ဆွဲပြီး ကပ်တာကြောင့် အဆင်းက ခုံတစ်ခုံမှာ သီးသန့်

ထိုင်နေပေမဲ့ ကိုယ်တစ်ခြမ်းလုံးဟာ သင်းဘက်ကျရောက်နေတာ။

အမြင်ကပ်ကပ်နှင့် ခုံအောက်မှာရှိတဲ့ လက်ဖြင့် သူ့ဗိုက်ခေါက်ကို

ဆွဲလိမ်သည်။ သူ့အသားနာလျှင် အဆင်းကို ဖက်ထားတာလွှတ်ရန်။

ဒါပေမဲ့ ဗီယံက မလွှတ်တဲ့အပြင်…

"အား"

အသံကျယ်ကြီးနဲ့ ထအော်တော့ ဦးကြည်လင်ရော မေထွေး

ပါ အလန့်တကြားတွေဖြစ်ကာ…

"ဘာဖြစ်တာလဲ သား"

"လန့်လိုက်တာ ဗီယံရယ်၊ ဘာဖြစ်လို့ အဲဒီလောက်

အကျယ်ကြီးအော်တာလဲ"

"ဗိုက်ခေါက်လိမ်ဆွဲခံရမှတော့ အော်တာပေါ့"

အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ပြောတာက အမှန်

အတိုင်း။ ကိုယ်ရည်ရွယ်တာက တစ်မျိုး။ သူလုပ်ပစ်တာက တစ်မျိုး

။ အဆင်းမှာ ဘာဆက်လုပ်ရမှန်းမသိတော့။ သူ့ကိုလည်း

နောက်ထပ် ဗိုက်ခေါက်မလိမ်ဆွဲရဲတော့။ အဆင်းနှင့် သူ့ပုံစံကြောင့်

ဦးကြည်လင်ကတောင် ပြုံးစေ့စေ့ဖြစ်လာပြီး…

"အဲဒါပဲသားရဲ့၊ လူတွေက ပြီးခဲ့တာတွေ မေ့ပစ်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အလကား၊ အတိတ်ဆိုတာ မေ့လို့မရဘူး၊ ပစ္စုပ္ပန်ကနေ ကျောချင်းကပ်နေတာ အတိတ်ပဲ''

ဒါ အမှန်ဆုံးစကား။ အဆင်းက ရင်ထဲမှ တိတ်တဆိတ် ထောက်ခံသည်။ အချစ်ပါဝင်ခဲ့တဲ့ အတိတ်ကိုလည်း သူတို့တတွေ ဘယ်တော့မှ မေ့ပစ်လို့မရစေရဘူးရယ်လို့ အဆင်းက တစ်ကိုယ်တည်း ကြုံးဝါးမိသည်။ ဝီယံကတော့ သူ့အတွေးနှင့်သူ။

''အလကားပါ ဖေဖေရာ၊ ဒီမိန်းမက လျှောက်တွေးပြီး အူတိုနေတာ၊ ကျွန်တော် ပွေ့ရှုပ်ခဲ့တာမှန်ပေမဲ့ ဘယ်သူ့ကိုမှ သူလို စွန့်စားပြီးမခိုးခဲ့တာ အမှန်ပဲ၊ နော် အဲဒါကို နားလည်ထား အသည်းလေးရဲ့''

အဆင်းရဲ့ပါးပြင်အား ဖျတ်ခနဲနမ်းပစ်တာ ဖြစ်သည်။

''ဟာ…ဒီကောင်''

''ဝီယံ…နင်''

အဆင်းမှလွဲ၍ ကျန်လူကြီးတွေက ရှက်ရှက်နဲ့ ထအော် ကြသည်။ ဝီယံကတော့ ရှက်မျက်ဝန်းတွေနှင့် သူ့အား စိမ်းကား ကြည့်နေတဲ့ အဆင်းရဲ့ နှာတံချွန်ချွန်အား ဆွဲလိမ်ပစ်ရင်း…

''မှတ်ထား၊ အဲဒါ ကိုယ့်ရဲ့အချစ်သင်္ကေတပဲ၊ ကိုယ် ရေချိုးခန်းဝင်ဦးမယ်၊ ပြီးရင် ဝတ်ဖို့အင်္ကျီလာထုတ်ပေးထား အိုကေ''

ဘယ်သူ့မှ ဂရုမစိုက်ဘဲ ကော်ဖီဝိုင်းမှထသွားပြီ။ နှင်း သားပဲသိတဲ့ အပြန်အလှန်စစ်ဆင်ရေးမှာ အဆင်းက ခြေတစ်လှမ်း





နှိမ့်သွားခဲ့သည်။ အစကတည်းက သူမဟာ ဝီယံရဲ့ အယောင် ဆောင်မိန်းမအဖြစ် ဝင်ခဲ့ရတာကို။ ဒါကိုပဲ သင်းက ကောင်းကောင်း အသုံးချသွားတာ။ စိတ်ထင်တိုင်းသာ ပေါက်ကွဲခွင့်ရမယ်ဆိုရင် ဝီယံကို ဒဏ်ရာအနာတရဖြစ်အောင် လုပ်ပစ်လိုက်ချင်တာ။

သို့သော် သံသယမကင်းတဲ့ မျက်လုံးတဝင်းဝင်းနှင့် စူးစမ်း သော ဒေါ်မိုးသီတာထွင့်ကြောင့်

ဟွန်း…နေနှင့်ဦးပေါ့ ဝီယံ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

“အို…ယုံချင်စရာမှ မကောင်းတာ ကိုကို၊ ဘယ်အချိ
က ရည်းစားဖြစ်လိုက်မှန်းလည်း မသိဘူး၊ မင်္ဂလာဆောင်ခံပွဲလုပ်ပါ
ဆိုတော့လည်း မလုပ်ဘူး၊ မိဘဆွေမျိုးအသိုင်းအဝိုင်းကရော
ဘယ်မှာလဲ၊ ဒါလည်းမပြနိုင်ဘူး၊ ကဲ ဒါကိုများ ဘယ်လိုသတ်မှတ်
ချက်နဲ့ လင်မယားလို့ ပြောနိုင်တာလဲ၊ ထွေး့တော့ လုံးဝမယုံဘူး
ကိုကို”

“သူတို့မှာလည်း သူတို့အကြောင်းနဲ့သူ ရှိမှာပေါ့ မထွေး
ရယ်”

လှမ်းလက်စ ခြေလှမ်းက ထိုနေရာမှာပဲ ရပ်တန့်ဖြစ်သည်။
ကြိုးသိုင်းဖိနပ်ကို ချွတ်မည့်လက်တွေကလည်း ခြေလှမ်းတွေနှင့်
အပြိုင် ရပ်တန့်နေတာ ဒီအတိုင်း။

“အို…အဲဒီရှိတဲ့အကြောင်းကိုပဲ ထွေး့က သိချင်တာ





မိန်းမတစ်ယောက်ကို ဒီလိုပဲ လွယ်လင့်တကူ ကောက်ယူလို့ရသလား
ကိုကို၊ ပြီးတော့ သူတို့ပုံစံကိုကြည့်ရတာ တစ်ခုခုလွဲနေသလိုပဲ”

“မင်းအထင်ပါ မထွေးရဲ့၊ ကိုယ့်အမြင်ကတော့ သားက
မိန်းကလေးကို ချစ်သားပဲ၊ မထွေးပဲ ဟိုမိန်းကလေးနဲ့ လွဲရင်ပြီးရော
ဆို၊ မင်းပဲ အရင်ကတော့ သားကို အိမ်ထောင်ချပေးဖို့ အသည်း
အသန် ဖြစ်ခဲ့ပြီးမှ မထွေးရယ်”

“ဟုတ်တယ်၊ အဲဒီ အချစ်ပိုဆိုတဲ့တစ်ယောက်ကိုတော့
ထွေး့က ဘယ်လိုမှ ကြည့်လို့မရတာ”

ရင်ထဲဖျင်းခနဲ ထိရှသွားသည်။ ညီမလေးကို သတိရစိတ်
က နှလုံးသားကို ဖျစ်ညှစ်ပစ်လိုက်သလို။ မကြားချင်ပေမယ့် တာဝန်
ကျေသော နားအစုံက စကားတို့ကို သိမ်းဆည်းပြီး နှလုံးသားဆီ
ပို့သည်။

“အနေအထိုင်က ကလက်တယ်၊ ယောကျ်ားလေးဘက်
က မစရသေးဘူး၊ သူက ဖော်ရွေလွန်းတာ တအား၊ အဲဒါမျိုး
တစ်ဖက်သတ် ဇာတ်လမ်းတွေက ရုပ်ရှင်တွေထဲမှာပဲ ကြည့်လို့
ကောင်းတာ ကိုကို၊ တကယ့်အပြင်လောကမှာ မိန်းမဟာ ပန်းပဲ၊
အခြွေကို စောင့်ရမှာ၊ အလိုလိုကြွေကျတဲ့ပန်းဟာ ဘယ်လောက်မွှေး
ပါတယ်ပြောပြော အနင်းခံရမှာပဲ၊ သဇင်နဲ့ခရေ ကွာခြားချက်က
အဲဒါပဲ၊ ပင်နိမ့်စံကို ဘယ်သူမှ တန်ဖိုးမထားဘူး၊ ဟွန်း အဲဒီမိန်းက
လေးက ဘယ်လောက်ချမ်းသာပါတယ်ပြောပြော ပင်နိမ့်စံသာသာပဲ၊
နာမည်ကိုက ပေးရဲတာကြည့် အချစ်ပိုတဲ့”



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝတည့်တည့်ကို ချွန်မြတဲ့ စူးတစ်ချောင်း သပ်လျှို ရိုက်သွင်းလိုက်သလို။ နာကျင်မှုကြောင့် အသားဆတ်ဆတ်တုန်နေသည်။ ပြောရက်လိုက်ကြတာများ။ ညီမလေးအတွက် ရစရာကိုမရှိ။ ပွင့်လင်းတာ၊ သွက်လက်တာနှင့်ပင် ပင်နီမှုံစံဖြစ်သတဲ့လား။ လူတိုင်း နင်းခြေကြစမြဲလား။ ရင်ထဲရှိတဲ့အတိုင်း ဖွင့်ဟဖော်ထုတ်ရဲတာ သတ္တိတစ်မျိုး။ အမှန်တရားကို ကိုးကွယ်ပါတယ်လို့ တွေးမပေးတတ်ဘူးလား။ နာကျင်ခဲ့ရသမျှ အကြောင်းတရားများစွာထဲမှာ ဒီစကားလုံးလောက် နာကျင်ရတာမရှိ။

ဒူးတွေတဆတ်ဆတ်တုန်လာကာ ရပ်တည်နိုင်စွမ်းမဲ့လာသလို။ အနီးရှိတံခါးဘောင်ကို လှမ်းမှီနေ့ကာ အားပြုလိုက်တဲ့အချိန်

"ဘာဖြစ်နေတာလဲ အဆင်းညို"

မေးခွန်းနှင့်အတူ အရိပ်တစ်ရိပ်က သူမအနား ဖျတ်ခနဲ ထိုးကျလာ၏။ အဆင်းရဲ့အာရုံက လွတ်ထွက်သွားတာများ နောက် နားမှာ သူ့ကားရပ်သံတောင် မကြားတဲ့အထိ။

"အားတင်းထားစမ်း အဆင်းညို၊ နင့်ဘ၀အမှန်ကို ပေးမသိနဲ့ဦး၊ နင်လိုချင်တာ နင်ဖြစ်စေချင်တာတွေ ဘာမှမဖြစ်လာသေးဘူး"

အဆင်းက မျက်နှာရှေ့ကွယ်နေသော ဆံပင်တို့ကို သပ်တင်အပြီးမှာတော့ ခံစားချက်ကင်းမဲ့သော မျက်နှာတစ်ခုကို ဖန်တီးပြီးသားပင်။

"ဘာမှမဖြစ်ပါဘူး"





စိုက်ကြည့်ပြီး ဖြေသံဟာ နူးညံ့မှုမရှိ။ ခပ်ရင့်ရင့်ပင်။

"သြော်…မသိပါဘူး၊ ညက အိပ်ရေးပျက်လို့များ မူးမော်နေသလားလို့"

"ဝေးပါသေးတယ်၊ ကျွန်မက တစ်ပတ်လောက် အိပ်ရေးပျက်လည်း ဘာမှမဖြစ်ဘူး၊ ရှင်သာ ထပ်ပြီး ခုတင်ပေါ်ဆက်အိပ်ဦးမယ်ဆိုရင်တော့"

ခြိမ်းခြောက်ပုံနှင့် စိုက်ကြည့်လာတဲ့ မျက်လုံးတွေကို ဝီယံကလည်း တမင်ပဲ ပြန်စိုက်ကြည့်သည်။ နှစ်ဦးသား နားလည်တဲ့ မျက်ဝန်းတွေနှင့် စစ်ခင်းနေတာ သူတို့ပဲသိသည်။

"ဟော…သားနဲ့သမီး အတူတူပြန်လာကြတာလား"

ဦးကြည်လင်က တံခါးဝ၌ ပေါ်လာ၏။ လက်ထဲမှာ တုတ်ကောက်တစ်ချောင်းနဲ့မို့ ခြံထဲ လမ်းဆင်းလျှောက်မည့်ဟန်နှင့် ဖြစ်သည်။ ဒီတော့မှ ကိုယ်စီမျက်ဝန်းတွေလွှဲဖယ်ရင်း…

"အန်ကယ်ကို အဆင်း ခွင့်တောင်းစရာလေးရှိလို့"

"ဟော…ဘာများလဲ သမီးရဲ့၊ ပြောလေ"

"အထွေအထူးမဟုတ်ပါဘူး အန်ကယ်၊ အဆင်းတို့ အိုးခွဲချက်စားချင်လို့"

ဘေးနားရပ်နေတဲ့ ဝီယံတောင် ကြားရတဲ့စကားကြောင့် ချက်ခုံးပင့်သွားသည်။ ဒီမိန်းမတော့ လုပ်ချလိုက်ပြန်ပြီလို့ စိတ်ထဲ ရေရွတ်ရင်း ထူးဆန်းအံ့ဩသော မျက်နှာကို ဘာမှမဖြစ်သလို ပြင်ရသည်။ သူနှင့်ကိုယ်က လင်မယားပဲဖြစ်နေပြီ။ သူမပုပ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



အခုမှသိသည်ဆိုလျှင် သဘာဝမကျတာတွေ ဖြစ်လာဦးမည်။

ဖေဖေကတော့ သူမတောင်းဆိုချက်ကို တအံ့တသြကြီး ဖြစ်ကာ…

"ဘာများအဆင်မပြေတာရှိလို့လဲ သမီးရယ်၊ သမီး စားမကောင်းလို့လား"

"မဟုတ်ဘူး အန်ကယ်၊ အန်ကယ်တို့ဟင်းတွေက အကောင်းလွန်နေလို့ပါ၊ အဆင်းက ရေပ်သီးမပါရင် မစားတတ် ဘူး အန်ကယ်၊ ပြီးတော့ အဆီအစိမ့်တွေ ရှောင့်ထားတယ်၊ ဝိတ် ထိန်းတဲ့သဘောလေ၊ အဲဒါကြောင့်ပါ"

"အို…ဒီအိမ်မှာတော့ ဒီလိုပဲစားတာ၊ ဝိယံလည်း မွေးက တည်းက ဒီလိုပဲစားလာတာ"

နောက်နားကနေ ရောက်လာတဲ့ မေထွဋ်က ဝင်ဖြေတာပါ။ မျက်နှာထားကို တမင်တင်းထားပြီး ဖေဖေ့နောက်မှာရပ်ကာ ပြောတ် တာက ဒီအိမ်မှာ ငါ့စကားအတည်ဆိုတဲ့ အတိုင်းပင်။ အဆင်းက တော့ ဒေါ်ထွဋ်ဆိုတဲ့ မိန်းမကြီးထံ တစ်ချက်မှလှမ်းမကြည့်။ ကိုယ်က သူ့ကို အရာမသွင်းတာ သူသိစေချင်တာ။ မပြောရာဲ အကြည့်တစ်ချက်နဲ့တင် ဒီမိန်းမကြီး သိမ်ငယ်သွားစေချင်တာ။ ဦးကြည်လင်ကိုပဲ တည့်တည့်ကြည့်ကာ…

"အဆင်း…အန်ကယ့်ကို ခွင့်တောင်းနေတာပါ"

"ငါမှ ခွင့်မပြုနိုင်တာ၊ ဒီအိမ်မှာ မီးဖိုချောင်ဆိုတာ ငါပဲ အုပ်ချုပ်စီမံတာ၊ ငါ့အကြိုက် ငါ့ပုံစံအတိုင်း ချက်တာဆိုတော့





အားလုံးရဲ့ ကျန်းမာရေးနှင့်လျော်ညီအောင် ငါစီစဉ်ရတာ"

သိသားပဲ။ တစ်နေ့တစ်နေ့ ဘာဟင်းကို ဘယ်လိုချက်၊ ဘယ်အသားဟင်းဆို အရည်သောက်ကဘာ၊ အချက်သုပ်ကဘာဆို ပြီး အလုပ်မသွားခင် စီစဉ်ပေးတတ်တယ်ဆိုတာ ဒေါ်လေးခင်က တစ်ဆင့် အဆင်းက ကြားပြီးသား။

"မမထွဋ်ဟာ အသန့်အရှမ်းကြိုက်တာ အဆင်းရဲ့ ထမင်း ဟင်းဆိုလည်း ကိုယ်တိုင်သာ ဝင်မချက်တာ၊ ပါးစပ်နဲ့စီမံပေးတာ များ အကုန်ကွက်တိ၊ ကုမ္ပဏီပိတ်ရက်ဆိုရင်တော့ မီးဖိုချောင်ကိုယ် တိုင်ဝင်တာ၊ ဒါပေမဲ့ မိန်းမသာဖြစ်တာနော် အိုးတွေမှာ အနံ့စွဲမယ့် ငါးပိရည်ဆို မစား၊ ငါးသလောက်ဆိုမချက်၊ တညင်းသီးတို့ ဒူးရင်း သီးတို့ဆို အနားတောင် သီလို့မရဘူး၊ ချက်လိုက်ရင်လည်း အသား တွေကို မြိနေအောင် ပေါင်းတာမျိုး၊ အကြွပ်ကြော်တာမျိုးပဲ စားတာ၊ သူစီစဉ်တဲ့အတိုင်း စားရတဲ့ ဆရာကြီးနဲ့လူလေးလည်း ပါးစပ်ထဲ ဒါပဲအသားကျနေပြီ၊ ချက်ရတဲ့ ဒေါ်လေးခင်တို့တောင် ဒါမျိုးပဲ ချက်တတ်တော့တာ၊ အဲဒါကြောင့် သမီးလေးချက်နိုင်းတဲ့ ငါးပိ ချက်က မချက်တတ်တော့တာ၊ စိတ်မဆိုးပါနဲ့နော်၊ သမီးစားချင် တယ်ဆို ဒေါ်လေးခင် ကြိုးစားပြီး ချက်ပေးမယ်၊ ဒါပေမဲ့ မမထွဋ် မရှိတဲ့အချိန်မှနော်၊ မမထွဋ်က ငါးပိဆို သိပ်မုန်းတာ"

မေးတုန်းက ကိုယ်က ရိုးသားစွာနှင့်ပါ။ စားချင်စိတ်ရှိ တာလေး ချက်နိုင်းတာ။ မထင်မှတ်ဘဲ သိလာတော့လည်း အရေး မထားမိခဲ့။ ဒါပေမဲ့ အခုတော့ ထိုအသိတွေဟာ သူမတိုက်ပွဲဝင်ရန်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကောင်းတွေ ဖြစ်ခဲ့ပြီ။ ဒီမိန်းမကြီးကို စိတ်အနှောင့်အယှက် ပေးနိုင်မည်ဆိုလျှင် ဆုံးရှုံးခဲ့ရသမျှ ခံသာပါသည်။ သူ့တစ်ပါး အပေါ် ကဲ့ရဲ့ရှုံ့ချတတ်သည့် ဒေါ်ထွေး်သည် ကိုယ့်အလှည့်မှာ ဘယ်လိုများ တုံ့ပြန်မှာပါလိမ့်။ အဆင်း သိချင်ပါသည်။

"အဲဒါက အန်တီ့အကြိုက်လေ၊ ကျွန်မအကြိုက်မှ မဟုတ် တာ၊ ပီယံရဲ့ တရားဝင်ဇနီး၊ ဦးကြည်လင်ရဲ့ တရားဝင်အသိအမှတ် ပြုထားတဲ့ ချွေးမတစ်ယောက်အနေနဲ့ မီးဖိုချောင်မှာ အိုးခွဲချက်စား ခွင့် တောင်းတာလေ၊ အမွေတောင်းနေတာမှမဟုတ်တာ"

"ကြည့်စမ်း…စကားပြောတာ ရိုသေမှုမရှိပါလား၊ ညည်း က မနေ့တစ်နေ့ကမှ ဒီအိမ်ပေါ်ရောက်တာ၊ ငါက ပီယံ ငယ်ငယ် ကတည်းက"

"ဒီနေရာမှာ အချိန်ကာလက အရေးမကြီးပါဘူး အန်တီ၊ ဒီအိမ်ရဲ့ အရေးပါအရာရောက်တဲ့ လူနေရာပဲ အရေးကြီးတာပါ၊ ကျွန်မက ပီယံရဲ့ တရားဝင်ဇနီးပါ၊ အန်တီက ပီယံရဲ့ အမေအရင်း မဟုတ်တဲ့အတွက်"

"မင်း"

ဒေါ်ထွေးက သည်းမခံနိုင်သလို ဦးကြည်လင်ကို တိုး တိုက်ပြီး ရှေ့သို့ထွက်လာသည်။ ခြေလှမ်းတွေကို ကြိုမြင်တဲ့ ပီယံ ကပင် အဆင်းညို့ရဲ့ရှေ့က ကာပိတ်ရပ်ပြီး…

"သူတောင်းဆိုတာ ဖေဖေ ခွင့်မပြုလည်းနေ၊ ကိုယ့်ဟာ ကိုယ် ချက်စားတော့လည်း ဘယ်သူဘာပြောလို့ရမှာလဲ"





"အေးပါ၊ ဖေဖေ ခွင့်ပြုပါတယ်၊ ကဲ သမီး စိတ်ကြိုက် ချက်စားပါ၊ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

အနိုင်ပိုင်းတဲ့မျက်ဝန်းတွေနှင့် ဝေ့ကြည့်ပြီး အဆင်း အိမ်ထဲ ဝင်လာခဲ့သည်။ ဒေါ်ထွေးကတော့ နောက်မှ ရူးရူးဝါးဝါးတွေ ထအော်လို့။

"မဟုတ်ဘူး ကိုကို၊ အဲဒါ အိမ်ကြီးပေါ် အိမ်လေး ဆောက်တာ ကိုကိုရဲ့၊ ကိုကို့သားကလည်း တစ်သက်လုံး ထွေး့ စီစဉ်သမျှ စားလာပြီး အခု သူ့မိန်းမဘက်က"

ဂူးဝါးစကားသံတွေကြားမှာ ဦးကြည်လင်ရဲ့ ဖျောင်းဖျ နှစ်သိမ့်သံတိုးတိုးက နစ်မြုပ်သွားသည်။ အဆင်းက အခန်းတံခါး ဖွင့်ပြီး အိပ်ခန်းထဲ ဝင်လာခဲ့၏။ တစ်စုံတစ်ခု အောင်မြင်၍ရသော ပီတိအဟုန်က ရင်ထဲမှာ တငြိမ့်ငြိမ့်။

"အနိုင်ရသွားပြီဆိုတော့ မင်း ကျေနပ်သွားပြီပေါ့၊ ဟုတ်လား အဆင်းညို"

ပီတိကို ခံစားရင်း ဘယ်လောက်တောင် မျောပါသွားလဲ မသိ။ ထိုအသံကြားမှ ပီယံနောက်ပါးမှပါလာတာကို သတိထား မိသည်။ အဆင်းက လှည့်ကြည့်တော့မှ သူက ဆောင်းလေ့ဆောင်း ထမရှိတဲ့ လျှာထိုးဦးထုပ်လေးကို ချွတ်ပြ၏။

"ထပ်ပြီး ကျေနပ်လိုက်ပါဦး၊ မင်းစိတ်ထင်ရာလုပ်လိုက် လို့ ဘဝပျက်သွားတဲ့ ငါ့ဆံပင်တွေအတွက်လေ"



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဆစ်ခန့်သာ ရှည်တော့တဲ့ ဆံပင်တွေဟာ သူ့ဦးရေပြားပေါ်မှာ ထိုးထိုးထောင်ထောင်။ ဒါကိုပဲ ဦးကင်းပေါ် ပေါက်အရှည်ချကာ ညှပ်ထားတော့ ကတုံးဆံပင်ပေါက်နဲ့မတူဘဲ မျက်နှာပေါ်သွားကာ ရှင်းလင်းသော စတိုင်လ်တစ်မျိုး ဖြစ်သွားတာ ကိုတော့ အဆင်း ဝန်ခံရပါမည်။ အဆင်းက မျက်ခနဲ အကြည့်ဖြ လွှဲရင်း…

"ကောင်းတာပေါ့၊ ရှင် နောက်ထပ်တော်တော်ကြာတဲ့ အထိ ဆံပင်ညှပ်ခ မကုန်တော့ဘူးပေါ့"

ဂရုမစိုက်တာလား။ သွေးအေးတာလားမသိ။ သူ့ကိုပြော ပြီးတာနှင့် သဘက်အကြီးစားတစ်ထည်ကို ဆွဲယူသည်။ ကျောခိုင်း လျက် ဘီရိုဆွဲဖွင့်ပြီး အဝတ်အစားရွေးကာ ရေချိုးခန်းထဲဝင်သွား၏ တကယ်ဆို ဝီယံနှင့်သူမက ဘာမှမတော်စပ်တဲ့ သူစိမ်းတစ် တစ်ခန်းတည်းနေရတဲ့အဖြစ်ကို တုန်လှုပ်ရမှန်းလည်း နားမလည် ရေချိုးခန်းထဲမှာပဲ ရေချိုးကာ အဝတ်အစားပါ တစ်ပါတည်း လဲ ပုံရသည်။ ရေချိုးပြီးစ သူမ ထွက်လာလျှင်လည်း အမြဲတမ်း အဝတ်အစား အပြည့်အစုံနှင့် တွေ့ရမြဲဖြစ်သည်။ အေးစက်စေ မျက်နှာပေါ်မှာ တုန်လှုပ်ချောက်ချားရိပ်လည်းမရှိ။ ကြောက်ရွံ့ရိ လည်းမရှိတဲ့ ဒီမိန်းမမှာ ခံစားတတ်သော အသည်းနှလုံးရော ပါသေးရဲ့လား။ ဝီယံ အတွေးမဆုံးခင် သူမက ရေချိုးခန်းထဲက ထွက်လာသည်။ ခြေသလုံးတစ်ဝက်ခန့်ရှိတဲ့ ပန်းနုရောင်ဂါဝန်က လက်ပြတ်ကလေးဖြစ်၏။ ဆံပင်ရှည်တွေအားလုံးကို သိမ်းတင်ထား





သဖြင့် ဝင်းမွတ်တဲ့လည်တိုင်၊ ဂုတ်သားပြေပြေလေးတွေက အသည်းယားစဖွယ်။ ကပိုကရိုကျနေတဲ့ ဆံစတချို့ဟာ ပခုံးတစ်ဝိုက် မှာ ဝေ့ဝဲကာတင်လို့။ ခြေတစ်လှမ်းလှမ်းသွားတိုင်း အားစိုက်ချနင်း တဲ့ ဖနောင့်သားတွေ ရဲရဲနီစွေးသွားတာ။ ဝင်းခနဲပေါ်လာတတ်တဲ့ ခြေသလုံးအတွင်းသားတွေက သူ့ရင်ကို အရှိန်ပြင်းပြင်းနဲ့ အခုန်မြန် နေစေသလို။ သဘက်ကြီးကို အဝတ်လှန်းစင်ပေါ် ခြေဖျားထောက် လှမ်းနေတဲ့ သူမနောက်သို့ ဝီယံ ရောက်သွားသည်။

"အဆင်းညို"

"ဘာလဲ"

ထူးရင်း ရှေ့ကို ခြေတစ်လှမ်းတိုးရပ်၏။ မရပ်လို့မဖြစ်။ သူ့ရင်ဘတ်ကျယ်ကြီးနှင့် အဆင်းရဲ့ကျောပြင်က ထိလုနီးပါး။ သူက အဆင်း မမှီမကမ်း လှန်းနေတဲ့ သဘက်ကြီးကို ဆွဲယူပြီး တန်းပေါ် သွားတော့ ခဏလေးရယ်။ အဆင်းလောက် အားထုတ်စရာမလို။

"ရှင် နောက်ကဖယ်"

အဆင်းက ကိုယ်ကိုမလှည့်ဘဲ ပြောသည်။ လှည့်ရင် သူ့ကိုယ်က တိုက်မိတော့မှာကို။ သူကလည်း ဖယ်ပေးဖို့ စိတ်ကူး မိပေါ်။ သူ့ခေါင်းက ငုံ့ကိုင်းလာပြီး မေးဖျားက အဆင်းပခုံးမှာ ထောက်သည်။

"ဖယ်စမ်း"

အဆင်းက ခါချသည်။ သူက ပိုဆိုးလာကာ သူမခါး တိုပါ လက်တစ်ဖက်နှင့် သိမ်းပွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝီယံ…လွှတ်စမ်း၊ ရှင် ဘာအနိုင်ကျင့်တာလဲ၊ လွှတ်"

စိတ်ရှိတိုင်း ထုရိုက်ချင်ပေမဲ့ အဆင်းမှာ ခွင့်မသာ။ သူ့ဘ အဆင်းနောက်ကျောမှာ။

"မင်း မေထွေးကို ဘာပြောခဲ့လဲ၊ ငါ့ရဲ့ တရားဝင်ဇနီးပါ ဆို"

"အို…အဲဒါက"

"မရဘူး အမိ၊ ဘယ်ကိစ္စမဆို တန်ရာတန်ကြေးတော့ရှိ တယ်၊ ငါ့နှာမည်ယူသုံးတဲ့ အဖိုးအခ ငါပြန်ယူရမှာပဲ"

တိုးတိုက်နမ်းလာတဲ့ အနမ်းတွေဟာ အရိုင်းဆန်ဆန်ပြ သည်။ နားသယ်စမှ လည်တိုင်ကျော့ထိ ဆင်းသွားတဲ့ ဝင်သက် နွေးနွေးဟာ နူးညံ့ညင်သာခြင်းမရှိ။ အဆင်းက ရုန်းရင်းကန်ရင်း ပဲ ဝမ်းနည်းစိတ်နှင့် အင်အားတို့ ယုတ်လျော့လာသည်။ နမ်းရှိုက် ခြင်း ဘယ်နှမျိုးရှိလဲ အဆင်း မဝေခွဲတတ်ပေမယ့် မြတ်နိုးခြင်း ကင်းသော အလျော်အစားဆန်သော သူ့အနမ်းတို့ကို အဆင်း မုန်းသည်။

မုန်းသော်ငြားလည်း မုန်းမရတဲ့အဖြစ်ကြောင့်။ အဆင်း သည် အနမ်းရိုင်းတွေကြား လဲပြိုရင်း ရှုန်းထရင်းနဲ့။

ဝီယံဆိုတဲ့သူကို အဆင်း အရမ်းမုန်းပါသည်။

◆ ◆ ◆



"ဟွန်း"

သူ့ကိုတွေ့တာနှင့် မဲ့ရွဲ့ပြီး ထရပ်သည်။ လက်ကိုင်အိတ် ကို တံတောင်ဆစ်နားမှာ အချိုးဟာကျ ချိတ်ပြီးတဲ့အထိ မလိုလားတဲ့ အကြည့်တွေက လှေကားရင်းရောက်နေတဲ့ ဝီယံထံမှာပဲ တဝဲလည် လည်။ ပုံပန်းတကျ ချုပ်ထားတဲ့ အနက်ပေါ် ငွေမှင်ရောင်အရိုပ်ပန်း ပါတဲ့ အင်္ကျီကို ဆွဲချပြီး…

"သွားမယ် ကိုကို၊ တကယ်ဆို ဘဏ်သွားဖို့နဲ့ စက်မှုဇုံ ဘ စက်ရုံသွားကြည့်ဖို့ပဲရှိတာ၊ အိမ်က အစောကြီးထွက်စရာ အကြောင်းကိုမရှိဘူး၊ အခုတော့ ထွင့်မှာ အိမ်စောင့်နတ်နဲ့ ရန်ဖြစ် ထားသလားလို့ ကိုယ့်ဟာကိုယ်တောင် ပြန်မေးနေရပြီ၊ အိမ်မှာ အခွင့်မကြုံတဲ့ဘဝလေ၊ နဂိုက တော်လှန်တဲ့သူကျတော့ လာမစီမံ နဲ့ ဆောရီးလို့ ပြောသေးတယ်"

အပြောနှင့်အတူ အကြည့်က လှေခါးလက်ရန်းကို မှီရင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူ့ထံ ထပ်ငဲ့ကြည့်သွားပြန်သည်။

"အခုတစ်ယောက်ကတော့ စစ်အေးတိုက်ပွဲလေ၊ ငါးပိနဲ့ နှင်ထုတ်လိုက်၊ ငါးညှီနံ့နဲ့ တိုက်ထုတ်လိုက်နဲ့၊ တစ်ရက်တလေ လေး မချက်နဲ့ပြောတော့ ပါးစပ်က ဝိတ်ရက်မရှိဘူးတဲ့၊ ဟွန်း… တူပဲ့တော်၊ စကားပုံက ဒင်းတို့အတွက် သီးသန့်ထွင်ခဲ့သလားမသိ ဘူး၊ အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတာလေ၊ ဟော ပြောရင်းဆိုရင်း အနံ့ထွက်လာပြန်ပြီ၊ အဲဒါ ငါးခြောက်ဖုတ်နံ့၊ သွားမယ်၊ မနေတော့ ဘူး၊ အကျီတွေ အနံ့စွဲကုန်မှဖြင့် ဒုက္ခ"

အပြီးသတ်မှာ ကိုယ့်ထံ မျက်စောင်းတစ်ချက်ထိုးသွား လိုက်သေးတာ။ မေထွင်ထွက်သွားမှ ညှော်ခန်း၌ တစ်ယောက် တည်း ကျန်ခဲ့သော ဖေဖေ့နားသို့ ပီယံ လျှောက်သွားသည်။ ဖေဖေကတော့ မေထွင် ထွက်သွားရာကို ကြည့်နေရာမှ ဒီဘက် အလှည့် သူ့ကို အခုမှ မြင်သွားဟန်တူသည်။

"မောနင်း…သား၊ ဒီနေ့ဆိုင်မသွားဘူးလား"

"နေ့ခင်းလောက်မှသွားမယ် ဖေဖေ"

ဘေးနားဝင်ထိုင်တော့ သူ့ကိုကြည့်ကာ ပြုံးနေတဲ့ ဖေဖေ ကြောင့် ပီယံက မလုံမလဲဖြစ်သွားသည်။ ဖေဖေကတော့ ပြောင်း သွားတဲ့ သူ့မျက်နှာပေါ်က အရိပ်တွေကို ဘာသာပြန်တတ်သည်။

"ဒီလိုပေါ့သားရာ၊ အိမ်ထောင်သည်ဖြစ်လာတော့လည်း ကိုယ့်အချိန်ဇယားတွေက အလိုလိုပြောင်းလဲသွားရတာ။ ရှက်စရာမဟုတ်ဘူးလေ၊ ဂုဏ်ယူစရာတောင် ကောင်းသေး





နဂိုက နေ့နဲ့ညမှားနေတဲ့သားက အခုလို အချိန်မှန်လေးဖြစ်လာတော့ ဖေဖေ စိတ်ချမ်းသာတာပေါ့"

"အောက်က ချက်ပြုတ်နေတဲ့ အသံတွေကြောင့် နိုးလာ တာ"

မဖြစ်နိုင်မှန်း သိသိကြီးနဲ့ မုသားသုံးတာလည်း သူ့ကိုယ်သူ တာကွယ်တာပင်။ တကယ်ဆို မျက်လုံးနှစ်လုံး ပွင့်ကတည်းက ခုတင်ပေါ်မှာ သူမကို မတွေ့ရတော့ရင် ပီယံ ဘယ်မှာ ဆက်အိပ် လို့ရမလဲ။ မသက်ဆိုင်ဘူးဆိုတာ သိပေမဲ့ အများအမြင်မှာ ကိုယ်က အကြင်လင်မယား။ အဲဒီလိုတွေးမိတိုင်း ရင်ထဲ နွေးထွေးရှိန်းမြသွား တတ်သည်။ ဒါပေမဲ့ ထိုခံစားမှုအားလုံးဟာ သူ့တစ်ဖက်သတ်။ ငြင်းဆန်နေမှန်း သိသိကြီးနှင့် အနမ်းတွေနှင့် ကျူးကျော်မိတာလည်း တစ်ဖက်သတ်ပင်။ ထိုကျူးကျော်မှုအား သူမ စိတ်ဆိုးပြီလားလို့ စိုးရိမ်ရတာလည်း တစ်ဖက်သတ်။ သူမနှင့် ပတ်သက်သမျှ အရာတိုင်းဟာ ဘယ်မှာများ တရားမျှတမှုရှိသလဲ။ ပါဝင်တာက လူနှစ်ဦး။ ခံစားမှုက တစ်ဦးတစ်ယောက်ထဲကသာ။ ဒါပေမဲ့ ပီယံ ကလည်း အဲဒီတစ်ဖက်သတ် ဖြစ်နေရတာကိုပဲ စွဲလမ်းနေတာဆို တော့။

"အေး…ချက်ပြုတ်တာဆိုလို့ သမီးက ဟင်းချက်တာ သက်ရာကောင်းတယ် သားရဲ့၊ ဒီနေ့က်လည်း မုန့်ဟင်းခါးချက် တာတဲ့၊ စားနေကြဆိုင်လက်ရာနဲ့ ဘာမှမတူဘူး၊ မနေ့ကလည်း သမီးချက်တဲ့ဟင်းနဲ့ပဲ ဖေဖေ စားတာ၊ ကြက်သားနဲ့ ဘူးသီးချဉ်ကြော်

www.burmeseclassic.com



အရည်သောက်လေ၊ ဖေဖေတောင် ခံတွင်းပြောင်းပြီး အဆင်ညှိ ချက်တာမှ ကောင်းနေတာ”

“ကျွန်တော်တောင် သူ့လက်ရာ တစ်ခါမှ မစားဖူးသေးဘူး”

စကားခေါ်ခြင်းပါ။ ဖေဖေ့ရှေ့ကနေ ထမင်းစားခန်းထဲ ဝင်ချင်တဲ့ ခြေထောက်တွေဟာ ဒီတစ်ခါ ရဲရင့်ခြင်းတွေမရှိတော့။ တွန့်ဆုတ်နေရခြင်းက ဗီယံ ရှက်နေခြင်းပဲလား။ ကိုယ့်ကိုယ်ကိုတောင် သူမနှင့်ပတ်သက်လျှင် အမှန်မမြင်တော့တဲ့ ဘဝမျိုးဖြစ်နေသည်။ အရင်တုန်းက ဗီယံဟာ လုပ်ချင်တာလုပ်သည်။ မှားလည်း ဝန်မခံတတ်တဲ့ ဆင်ရာစိုင်းသောသူ။ အခု သူမနှင့်တွေ့ခါမှ လိုက်လျောချင်လိုက်၊ သိမ်းပိုက်ချင်လိုက်၊ တွေဝေလိုက်၊ ရဲရင့်လိုက်နှင့် ဆန့်ကျင်ဘက်စိတ်တွေ လွန်ဆွဲနေခဲ့တာ ကြာခဲ့ပြီ။ ဖေဖေကတော့ သူ့အဖြစ်ကို မရိပ်မိ၍လားမသိ ပွင့်လင်းစွာပြုံးရင်း–

“ဒါဆို သွားစားလေ သား၊ မုန့်ဟင်းခါးတွေ အများကြီးပဲကွ၊ သွား…သွား ဖေဖေလည်း ခြံထဲဆင်းဦးမှာ”

ခွင့်ပြုချက်ရတာနှင့် သူ့ခြေလှမ်းတွေက ထမင်းစားခန်းဆီ လျှောက်ခဲ့တာ လှပ်လှပ်ကိုပါလို့။ ထမင်းစားခန်းနှင့် မီးဖိုခန်းဟာ တစ်ဆက်တည်းဆိုပေမဲ့ အနိမ့်ပိုင်းဖြစ်သော မီးဖိုခန်းဆီ လှေခါးနှစ်ထစ်နှင့် ဆက်သွယ်ထားသည်။ စည်းခြားစရာ နံရံပဲရှိပြီး တံခါးတွေ ပိတ်မထားတာကြောင့် မီးဖိုခန်းထဲက စကားသံတွေ၊ ထုထောင်းသံတွေ၊ တရှဲရှဲအော်အော် ကြော်လှော်နေသံတွေက အော်





သားကြားရ၏။ အသံတွေ အနံ့တွေ မကြားချင် မရှူချင်ရင် အလွယ်လေး။ အခန်းနှစ်ခန်းကို ခြားထားတဲ့ မှန်ဘောင်ဆွဲတံခါးကို ဆွဲပိတ်ရုံသာ။ ဒါပေမဲ့ ဗီယံက မကြားချင်သောဆန္ဒမရှိတာ။ သူမရှိရာ နယ်ဝန်း ရောက်လာတာဟာ သူမကို မြင်ချင်၊ သူမအသံကို ကြားတောင်ချင်လို့ ဖြစ်သည်ဟု ဝန်ခံလျှင်။

“တကယ်လား မိနော်၊ မထင်ရဘူးနော်”

“အဟုတ်ပြောတာ မမဆင်းရဲ၊ မေမေထွင့်က လူကသာ ဘသလိုနဲ့ စိတ်ကအရမ်းပျော့တာ၊ ညဘက်ဆို သရဲကားတွေ၊ လူသတ်ကားတွေ မကြည့်ရဲဘူး၊ အိပ်မက်ဆိုးတွေ မက်လို့တဲ့၊ ဘာကြီး အလုပ်ကနားလိုက်တော့ ပိုဆိုးရော”

“ဟယ်…ဘာဖြစ်လို့လဲ”

အသံကိုက စိတ်ဝင်စားနေတာ အသိသာကြီးလို့ ဗီယံက ချစ်စနိုးနဲ့ တွေးမိသည်။ ကိုယ်ရောက်နေတာလည်း အသိမပေးသဖြင့် မီးဖိုချောင်က အုပ်စုဟာ သူတို့စကားထဲ သူတို့မျောနေကြတုန်း။ မေထွင့်နဲ့တုန်းက ခိုင်းတာလုပ်ပြီး ဘာတစ်ခုမှ ပြန်မမေးရဲတာကြောင့် မီးဖိုခန်းဟာ အမြဲတိတ်ဆိတ်နေခဲ့တာ။ သူမရောက်လာမှ စကားသံတွေရော၊ ရယ်သံတွေပါ လျှံထွက်လာသဖြင့် အိမ်ကြီးဟာ ပျင်းစရာမကောင်းတော့တာ အမှန်ပင်ဖြစ်သည်။

“ဘာဖြစ်ရမှာလဲ အဆင်းရယ်၊ မထွင့်က ညဆို စာရင်းတွေကို အောက်ထပ်အခန်းမှာ တစ်ယောက်တည်း လုပ်ရတာလေ၊ ဒါ အသည်းငယ်တော့ ကြောက်ရမှာပေါ့၊ အဲဒီတုန်းက မှူလေး



www.burmeseclassic.com

www.burmeseclassic.com



က သရဲခြွေတွေဝယ်လာ၊ ဒေါ်လေးခင်တို့ပါ ဝိုင်းထိုင်ကြည့်ရင် မထွင့်က သောင်းကျန်းတော့တာပါပဲ၊ လူလေးနဲ့ စကားတွေများကြ ဆူကြနဲ့ ပွက်လောကို ရိုက်ရော၊ နောက်ဆို လူလေးက သရဲကား ဝယ်ပြီး ကြည့်တဲ့ညဟာ မထွင့် စာရင်းမလုပ်တဲ့ညပဲ၊ လူလေး အကြောင်းလည်း အဆင်းသိမှာပါ၊ ဂျစ်တိုက်တဲ့နေရာမှာ နှစ်ယောက်မရှိတဲ့ ကလေးလေ''

ပြောရင်း သူ့အကြောင်းပါ ပါလာတာမို့ ဝီယံက ငြိမ်လျက် စနဲ့ ဆက်နားထောင်နေသည်။

''ဟွန်း…ဒေါ်လေးခင်ရဲ့ လူလေးကလေ ဂျစ်တိုက်တယ် လို့ သုံးလို့မရဘူး၊ အဲဒီစကားလုံးက ကလေးတွေကျမှ ပြောရော သူက ကလေးမှမဟုတ်တာ၊ အကျင့်ယုတ်တာ၊ စိတ်ဓာတ် ညစ်ပတ်တာ၊ အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်တာ၊ သူများ ချင်တဲ့ဟာဆို အတင်းဖွတ်ယူတယ်၊ သူများပေးတာကျ ပုတ်ထုတ်ပစ်တယ်၊ သူက လူ့ပတ်ဝန်းကျင်နဲ့ လျော်ညီအောင် မနေနိုင်တဲ့လူ''

''စွပ်စွဲချက်တွေက များလှချည်လား အဆင်းညို''

''အယ်…အစ်ကိုလေး''

မီးဖိုတံခါးဝမှ ခပ်နွဲ့နွဲ့လာမိုရပ်တဲ့ သူ့ကို တွေ့လျှင် မီး က အဆင်းကျော့နောက် ဖျတ်ခနဲဝင်ပုန်းသည်။ အလိုတူအသံ နားထောင်နေမိတဲ့ ဒေါ်လေးခင်ကလည်း ဟင်းအိုးကို အကြော မွှေနေ၏။ အားလုံးထဲမှာ ရဲဝံ့စွာရင်ဆိုင်တာ သူမတစ်ယော





တည်း။

''ဘာဖြစ်လဲ များတော့၊ ဟုတ်တယ်ဆို မနာနဲ့''

''နာတယ်လို့ ငါ မပြောပါဘူး၊ မုန့်ဟင်းခါးချက်တယ် ဆို ဘယ်မှာလဲ''

''ချက်တယ်၊ မရှိတော့ဘူး''

ဆံပင်တွေ ဝဲခနဲခါပြီး ပေစောင်းစောင်းစိုက်ကြည့်ပြောပုံ က ဆွဲဆောင့်ချင်စရာ။ ဝီယံက ကိုယ်ကိုမတ်ပြီး ခါးထောက်ရပ် ရင်း….

''လေသံကိုပြင်နော် အဆင်းညို၊ ညကလို ထပ်လုပ်ဖို့ ငါ ဝန်လေးမှာမဟုတ်ဘူး''

''ရှင်နော်''

စူးခနဲ အသံပြာအောင် အော်ပြီး ထရပ်လိုက်တာ တစ်ပြိုင် တည်း။ အညိုရောင်သမ်းတဲ့ မျက်နှာပေါ်မှာ ပန်းသွေးရောင်ကြွ တာ သိသာထင်ရှားစွာ။ ဝီယံက သူမ အမြင်ကတ်အောင် ဟက်ခနဲ ရယ်ပြရင်း…

''မယုံမရှိနဲ့၊ ညကလို''

''ရှင့်ပါးစပ်ပိတ်ထား''

အော်လည်းအော်၊ ခြေတစ်ဖက်ပါ ဆောင့်ချတော့ ဆံပင် တွေက အိခနဲ ဝဲဖြာသွားသည်။

''ထမင်းစားခန်းထဲမှာ စောင့်''

မုန့်ဟင်းခါးပွဲပြင်ဖို့ လူက ချာခနဲလှည့်ပစ်သည်။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထဲ မျက်ရည်ကြည်တွေ ဝေ့နေသဖြင့် မုန့်ဖတ်တွေဟာ အမြင်မှာ ဝေဝါးဝါး။ ညကအဖြစ်ကို ပြန်တွေးတော့ ရှက်စိတ်တွေက မီးလျှံတွေလို တစ်ကိုယ်လုံးအား ပူပြင်းစွာလောင်မြိုက်သွားစေသည်။ သူ့ဆံပင်တွေကို အဆင်း ထိုးညှပ်ပြီးတဲ့နေ့ကတည်းက ခုတင်ကို သူမ အပိုင်စားရခဲ့တာပင်။ သူက တစ်ယောက်အိပ်မွေ့ယာခင်းပြီး အိပ်တဲ့အခါအိပ်။ ဒါမှမဟုတ် ဒရင်းဘတ်ပေါ်မှာ အိပ်သည်။ ညကမှ အပြင်မှာ မိုးရောလေရော သည်းထန်နေတာ သိသည်။ ဒါပေမဲ့ သူမတစ်ကိုယ်လုံးက နွေးထွေးနေ၏။ ကိုယ်ကလည်း အဲဒီနွေးထွေးမှုထဲ စီးမျောနေခဲ့တာ နိုးနေကျ မနက်ငါးနာရီမှ မျက်လုံးဖွင့်ကြည့်တော့…

ဝီယံ။ သူမနောက်ကျောဘက်မှာ ကပ်လျက်သား လာအိပ်နေတာ။ သူ့လက်ကို သူမခေါင်းအောက် ထိုးထည့်ပေးထားသည်။ ကျန်လက်တစ်ဖက်က အဆင်းရဲ့ခါးဆီမှာ။ ဖက်ထားလိုက်တာ တင်းတင်းကြပ်ကြပ်။ သူ့ရင်ခွင်ထဲ တစ်ကိုယ်လုံးရောက်နေတဲ့ အဖြစ်ဟာ အဆင်းအတွက်တော့ ပြန်တွေးတိုင်း အရှက်ရချင်စရာ။ သိသိချင်း လက်တွေအားသုံးပြီး ဆွဲဖယ်သည်။ ရုန်းကန်ပြီး သူ့ရင်ခွင်ထဲက ထိုးထွက်သည်။ ဒီတော့မှ အိပ်ချင်မူးတူးနှင့် နိုးလာပြီး…

"ဆောရီး…ညက အရမ်းချမ်းလို့"

ချမ်းတိုင်း အဖက်ခံရအောင် ဒီကစောင်လည်းမဟုတ်။ ဖက်လုံးလည်းမဟုတ်ပေ။ သတိဝင်တာတောင် ထပ်ပြီး အသားယူချင်တဲ့ ဒင်းလက်တစ်ဖက်ဟာ အဆင်းခါးပေါ်က မချသေးတာ





နဲ့ လက်ဖျံကိုဆွဲယူပြီး ကိုက်ပစ်တာ။ ဒီတော့မှ မျက်လုံးတွေဘာတွေကျယ်ပြီး လူပါ ငေါက်ခနဲ ထထိုင်တဲ့အထိ။

"နောက်တစ်ခါချမ်းရင်လေ ကျွန်မကို သတိရတာနဲ့ ရင်ဝမှာ ဓားစိုက်ပြီသာမှတ်"

ခပ်ကျိတ်ကျိတ် ကြိမ်းဝါးတာတောင် သင်းက အမှတ်မရှိသေး။ အခု အစပြန်ဖော်ပြန်ပြီ။ အဆင်းက ပြင်ပြီးသားမုန့်ပန်းကန်ကို အခဲမကျေစွာ စိုက်ကြည့်ရင်းမှာ ဆံပင်တစ်ချောင်းကို အနာခံပြီး ဆွဲနုတ်သည်။ ပြီးတော့ ပန်းကန်ထဲ ပစ်ထည့်ရင်း အပေါ်က နံနံတွေနှင့် ရောအုပ်ပစ်၏။ အဆင်းလုပ်သမျှ အကုန်မြင်နေသော မီနော်ကတော့ ပါးစပ်အဟောင်းသားနှင့်။ ပြောလည်းမပြောရဲပေ။ အဆင်းက မုန့်ပန်းကန်ကို ကိုင်ပြီး ထမင်းစားခန်းထဲ ဝင်လာသည်။ ဒင်းကတော့ သူ့ကိုယ်သူ အောင်မြင်ပြီဆိုပြီး သွေးနားထင်ရောက်တဲ့ အပြုံးနဲ့…

"အဲဒီလို လိမ္မာစမ်းပါ"

"ရော့…မြို့"

ပန်းကန်ကို ဆောင့်ချပေးပြီး ပြောတော့ ရယ်ကျဲကျဲသူ့ရုပ်က တည်သွားသည်။

"မရှိင်းနဲ့ အဆင်းညို"

"ဝါးပြီးရင် လူတိုင်းမြို့ချတယ်လေ၊ ရှင်က တွေးထုတ်တာလား"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



တောက်တစ်ချက်ခေါက်ပြီး မုန့်ယန်းကန်ကို မွှေသည်။ အဆင်းက စိမ်ပြေနပြေပင် စားပွဲမှာ မေးထောက်ပြီး ထိုင်ကြည့်သည်။ မွှေရင်း လိပ်ပတ်လည်သွားတဲ့ ယန်းကန်ထဲမှာ ရွှေဝါရောင် ဆံပင်မွှေးတစ်ချောင်း။ သူက ဆတ်ခနဲ ဆွဲယူရင်း…

"မင်း…ဒါ တမင်လုပ်တာမဟုတ်လား"

ဒေါသနှင့် ရှုံ့ရှာခြင်းပေါင်းကာ သူ့မျက်နှာက နီရဲနေရာမှ ညိုပုပ်ပုပ်ဖြစ်လာသည်။ ဆံပင်မွှေးဆွဲကိုင်ထားတဲ့ လက်ကို အဆင်း မျက်နှာရှေ့ ထိုးပြကာ…

"ဟော့…မေးနေတယ်လေ"

စိုက်ခနဲ သူ့ကိုပြန်ကြည့်တဲ့ သူမအကြည့်ထဲမှာ လှောင်ပြောင်သရော်ရိပ်တွေရော၊ ရယ်မြူးရိပ်တွေပါ အထင်းသား တွေ့ရသည်။ အဆင်းက ဆတ်ခနဲ ခေါင်းညိတ်ပြပြီး…

"ဟုတ်တယ်၊ ရှင့်အတွက် တမင်လက်ဆောင်ထည့်ပေး ထားတာ၊ သိပ်တော့ ရှုံ့စရာမရှိပါဘူး၊ ခေါင်းမလျှော်ရတာ နှစ်ဝက် လောက်ပဲ ရှိသေးတာ"

ဝီယံက ဒူးဒူးရဲရဲပြန်ကြည့်တုန်း သူမက စားပွဲခုံကို လက်နှင့်ထောက် ထသည်။ နှုတ်ခမ်းကို မဲ့ကျအောင် ပြုံးပစ်ပြီး…

"ကျွန်မလက်ရာလေ၊ မြည်းစမ်းကြည့်လိုက်ဦး"

လုပ်သွားတဲ့ အပြုအမူက အမြင်ကတ်စရာကောင်းလှ သည်။ စိတ်အနှောင့်အယှက် ဖြစ်ချင်စရာ။ ဒါပေမဲ့ ဝီယံ အဲဒီလို ခံစားရအောင် သူမ ဖန်တီးခဲ့သည်ဆိုလျှင်။





ဖြစ်ရလေခြင်း။ မပြီးဘဲ ဝါးလုံးကွဲရယ်လျှင် ကမ္ဘာကြီး ဟက်တက်ကွဲသွားနိုင်သည်။

ကိုယ်က အဲဒီအပြုအမူတွေကိုပဲ စွဲလမ်းနေခဲ့တာဆိုရင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ထည့်စား အန်ကယ်၊ ဒါက ပုဇွန်နဲ့ ချဉ်ပေါင်ကြော် ထားတာ၊ ဒါက ငါးရံ့ခြောက်ကို ထောင်းပြီး ပြန်ကြော်ထားတာ၊ ဒီမှာ ဝက်ကလီစာ၊ ဒါက မြင်းခွာရွက်သုပ်၊ သူက ဆေးဖက်ဝင် တယ် အန်ကယ်ရဲ့၊ ပဲနဲ့ကြာဇံက ဧရပ်ကောင်းလေးပါ လေကော ခတ်ပြီး ချက်ထားတာ၊ မွှေးမွှေးလေးပေါ့"

အဆင်းက ဟင်းတွေကို ညွှန်းရင်း တစ်ဆက်တည်း ဇွန်းနဲ့ပါ ခပ်ပြီး ထမင်းပေါ်ပုံပေးမိတာပင်။

"အေးကွ…သမီးဟင်းတွေက အနံ့ရရုံနဲ့တင် စားချင် စဖွယ်ဖြစ်နေတာ၊ တစ်သက်လုံး အအီအဆိမ့်ချည်း စားရပါများ တော့လည်း ဒီလို အချဉ်အစပ်လေးက ပိုခံတွင်းတွေ့တာအမှန်ပဲ"

"ဘယ်အရာမှ လွန်တာတော့ မကောင်းဘူးပေါ့ အန်ကယ်ရဲ့၊ ဘုရားဟောတောင် ရှိသေးတာပဲ၊ မဇ္ဈိမပဋိပဒါသော





အလယ်အလတ်လမ်းစဉ်က အစားအသောက်နဲ့လည်း ဆိုင်တာပဲ လို့၊ အမြဲတမ်း အဖြူထည်တွေ အကြော်အပြုတ်တွေ စားနေမဲ့အစား အပြောင်းအလဲလေးပေါ့၊ ဒါပေမဲ့ ချဉ်ငန်စပ်ကြီးပဲလည်း မဟုတ်ဘူး လေ၊ သူ့နေရာနဲ့သူ စင်ဘပ်ယှဉ်ပြီး သုံးဖို့ပါ၊ သဘာဝကြီးက ပေးထားတဲ့ ဘယ်အရာမဆို သူ့နေရာနဲ့သူ အသုံးဝင်တာပဲ၊ မဟုတ် ဘူးလား အန်ကယ်ရဲ့"

စကားလည်းပြောရင်း ထမင်းနဲ့ဟင်းကို ဇွန်းနဲ့ သေချာ ခပ်၊ ပါးစပ်ထဲ သေသပ်စွာထည့်ပြီး နှုတ်ခမ်းပိတ် ဝါးနေပုံက ဟန်ဆောင်မှုကင်းသည်။ ပါးလေးဖောင်းနေအောင် ဝါးရင်း သူ့ကို စကားလည်းပြောတဲ့အပြင် သူ့ပန်းကန်ထဲ ဟင်းလျှော့ရင် ထပ်ထည့် ရေငှဲ့ပေး၊ အရည်သောက်ပန်းကန်ထဲ ပဲဟင်းထပ်ဖြည့်ရတာနှင့် သူမမှာ အားရတယ်မရှိ။ ဒါပေမဲ့ မျက်စေ့နောက်လောက်အောင် လည်း ပျာယာခတ်မနေ။ သူ့နေရာနဲ့သူ သေသပ်စွာ လုပ်ဆောင် သွားပုံက မထွေးနဲ့တောင် မတူ။ မထွေးတို့က မလုပ်ပေးဘူးတော့ မဟုတ်ပါ။ လုပ်ပေးပါရက်နဲ့ ပါးစပ်က အသံထွက်နေတာ။

"ဒီမှာ ကိုကို့အတွက် ရေငှဲ့ပေးဦး မိနော်၊ လက်သုတ်ပဝါ ယော့၊ အဆီတွေ အရမ်းမစမ်းနဲ့ ကိုကို၊ ဟဲ့…ရေငှဲ့ပေးဆို ဒီမှာ ကိုကိုက ထမင်းစားပြီးတော့မယ်၊ ရေက မပြီးသေးဘူး၊ ခြောက် သခွားသီးစိပ်ထားတာက ကြီးလှချည်လား မိနော်ရယ်၊ တကယ်ပဲ အလုံးလိုက်ပဲ ချလိုက်ပါတော့လား၊ ထုနဲ့ထည်နဲ့ လှီးထားတာ၊ ငါ တစ်နေ့ဝင်မကြည့်ရင် အဲဒီအတိုင်းပဲ၊ ဖြစ်ချင်တိုင်း ဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တာ''

အစရှိသဖြင့် ထမင်းဝါးရင်း ဆူညံသံတွေ နားထောင်ရစမြဲ။ အဆင်းကျတော့ ဒီလိုမဟုတ်။ ခွေးခွေးနွေးနွေးနှင့် စကားလေးပြောရင်း ထမင်းစားရတာ ဇိမ်ရှိလှသည်။ ဦးကြည်လင်က စားကောင်းကောင်းနှင့် ထမင်းတစ်ပန်းကန် မောက်မောက်စားပြီးမှ

''ကျေးဇူးတင်ပါတယ် ,သမီးရယ်''

အဆင်းက ဦးကြည်လင်၏ကားကြောင့် ပြုံးပြလိုက်ပြီးမှ…

''ဘာအတွက်လဲ အန်ကယ်ရဲ့''

''ဒီလိုစားကောင်းအောင် ချက်ပြုတ်ကျွေးလို့လေ''

ဒီတော့မှ အဆင်းက ရေခဲသေတ္တာထဲက သစ်သီးစုံလှီးထားတဲ့ ပန်းကန်ကို ထုတ်ရင်း ခိုးခိုးခစ်ခစ် ရယ်သည်။ ဦးကြည်လင်ရှေ့ အချိုပွဲချပေးပြီးမှ…

''ကျေးဇူးမတင်နဲ့ အန်ကယ်၊ အဆင်းက ချက်ပြုတ်ဖို့ကိုဝါသနာပါပြီးသား၊ ဟိုမှာနေကတည်းက ဒီလိုပဲ တစ်နေ့တစ်မျိုးမရိုးအောင် ချက်စားနေကျ''

ထွက်သွားတဲ့စကား ကျွံသွားပြီ။ 'ဘယ်မှာနေတာလဲ'လို့ ဦးကြည်လင်က မေးလာခဲ့ရင်ဆိုသော အတွေးနှင့် အဆင်းက ချွေးတောင်ပြန်သွား၏။ ကိုယ့်ဟာကိုယ် အပြစ်တင်မိသည်။ ရှည်ရှည်တဲ့လျှာရယ်လို့လေ။ ဒါပေမဲ့ သူမ စိုးရိမ်သလို ဖြစ်မလာပါ။ ဦးကြည်လင်က ဘယ်လိုနားလည်သွားသည်မသိ။

''သမီးက မိဘအိမ်မှာ နေကတည်းက ဒီလိုချက်ပြုတ်





ပေးနေကျပေါ့ ဟုတ်လား''

ထိုမေးခွန်းကြောင့် အဆင်းက တွေတွေလေး ငေးသွားရ၏။ မိသားစုဘဝကို အဆင်း မေ့ထားခဲ့တာ တော်တော်ကြာပြီ။ အတိတ်ဟာ ပြန်လှည့်ကြည့်ချင်စရာ မကောင်းအောင် ခွေးရိပ်တွေသမ်းနေခဲ့တာ ကိုယ့်ဟာကိုယ် အသိဆုံး။

''အဆင်းမှာ မိဘတွေမရှိတော့ပါဘူး အန်ကယ်''

''ဩော်''

သံရှည်ဆွဲတဲ့ ထိုအသံထဲမှာ စာနာခြင်းတွေ အပြည့်ဆိုတာ အဆင်း ခံစားသိနိုင်ပါသည်။

''မောင်နှမသားချင်းရော''

ခေါင်းငုံ့ပြီး ယမ်းခါပြသည်။ ညီမလေးအား သတိရစိတ်ဖြင့် မျက်ရည်တစ်စက်က ထိန်းမရစွာ ကြွေဆင်းသွား၏။

''အဆင်းက တစ်ကောင်ကြွက်ပါ အန်ကယ်''

မျက်ရည်တို့နှင့် စိုလူးနေသော မျက်နှာလေးဟာ ပြောင်သက်နေ၏။ ဦးကြည်လင်က စိတ်မချမ်းမြေ့ဖွယ် သတင်းဆိုးကြီးကြားလိုက်ရတဲ့သူလို။ ဝင့်သက်မောကို အားတင်းရှိုက်သွင်းပြီးမှ

''အားမငယ်ပါနဲ့ သမီးရယ်၊ အခု သမီးမှာ နောက်ထပ်မိသားစုတစ်စု ရှိနေပြီပဲ၊ သားကလည်း သမီးအပေါ် ကြင်နာပါတယ်၊ သမီးရောက်လာမှ အရင်က အချိုးတွေတောင် ပြောင်းသွားတာများ ဟိုဘက်က ဒီဘက်ကို ပစ်လိုက်သလိုမျိုးပဲ၊ တကယ့်လူသစ်ဖြစ်သွားတာ''



www.burmeseclassic.com

www.burmeseclassic.com



"အရင်က သူက ဆိုးလို့လားဟင်"

မရိုးသားပဲ ကွေ့ကောက်နေတဲ့စိတ်ဟာ သိချင်ရုံသက် သက်မဟုတ်။ ကိုယ် အလဲထိုးရမယ့် သူ့ရဲ့အားနည်းချက်ကို စုဆောင်းတာမျိုး။ ဦးကြည်လင်ကတော့ သူမရဲ့ သပ်လျှိုထားတဲ့ ဆန္ဒတွေကို မြင်ပုံမပေါ်။ အရိုးခံစိတ်ထားနှင့် ဖွင့်ပြခဲ့တာက--

"ဆိုးတာထက် ရွဲ့ချင်တာ ပိုများတယ်၊ မထွဋ်ကတော့ ဝီယံကို မှတ်ချက်ပေးထားခဲ့တာ၊ ရှင့်သားကို 'မ'အက္ခရာမသုံး တဲ့၊ မလုပ်နဲ့လို့တားရင် လုပ်ပြီးသား၊ မသွားနဲ့လို့တားရင် အဲဒီနေရာ ကို ဝီယံတို့က ခြေချပြီးသားမို့တဲ့၊ တကယ်တော့ မိထွေးဆိုတဲ့ စိတ်အခံနဲ့ သားက မနာခံတော့တာလေ၊ ရန်ပွဲတွေ တချိန်းချိန်းဖြစ် ဖြစ်သမျှကလည်း မိန်းကလေးတွေနဲ့ ပတ်သက်ရင်ပတ်သက်၊ မဟုတ်ရင် နောက်က အလျော်အစားလိုက်ရပြီ၊ ဖြစ်သမျှတိုင်း မထွဋ်က ဖြေရှင်းပေးခဲ့ရတာ၊ ဒါပေမဲ့ မျက်နှာချင်းမဆိုင်နဲ့ ဆိုသ တာနဲ့ သူတို့နှစ်ယောက်က ရန်ဖြစ်ပြီ၊ ဒါပေမဲ့ အခု အဲဒါတွေ အားလုံးမရှိတော့ဘူး၊ သမီးရောက်လာလို့လေ"

ကိုယ်ကပဲ ငြိမ်းချမ်းရေးသံတမန်လို။ သူတို့နှစ်ယောက် ချင်း ဖြစ်ချိန်မရှိတော့ဘူးလေ။ သူတို့ပစ်မှတ်ဟာ အဆင်း ရောက်နေကြတာကိုးလို့ စိတ်ထဲက ပြောမိသည်။ ဦးကြည်လင် စိတ်ချမ်းမြေ့မှုကို အဆင်းက မဖျက်ဆီးချင်ပါ။ ဒါပေမဲ့ ကိုယ့် သာယာဖို့အတွက်တော့ ဖြစ်ချင်တာတွေကို တည်ဆောက်မှ ရမယ် ဆိုလျှင်။





နွေလိုပူပြီး ဆောင်းလိုမအေးတဲ့ ရင်ထဲက အစိုင်အခဲကို ဘယ်လိုရာသီလို့ အမည်တပ်မလဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"အား…လာကြပါဦး၊ သရဲ…ဒီမှာ သရဲ"

ရူးရူးရှရှ အာခေါင်ခြစ်ပြီး အော်သံက ညဥ့်အမှောင်ထုထဲ ထိုးထွက်လာသည်။ ဝီယံက ထိုအော်သံတွေအပြင် အခန်းအပြင် ဘက်မှ ဒုန်းဒုန်းဒိုင်းဒိုင်းအသံတွေကြောင့် လန့်နိုးလာသည်။

"အမလေး…သရဲကြီး ကိုကိုရေ၊ ထွင့်ဆီ သရဲလာနေ ပြီ"

"မထွေး…မထွေး တံခါးဖွင့်စမ်း"

ကမ္ဘာပျက်မတတ် ဆူညံသံတွေကြောင့် ဝီယံ ဒရင်းဘာ ပေါ်က ကျုံးထသည်။ ခုတင်ဆီ လှမ်းကြည့်တော့ အခင်းညို့ကို မတွေ့ရ။ အောက်ကအော်သံတွေထက် ပျောက်နေသော သူမကိုသာ စိုးရိမ်ပိုမိတာအမှန်ပင်။

"အခင်းညို့"

ခေါ်ရင်း ရေချိုးခန်းကို ဖွင့်ကြည့်သည်။ မတွေ့ရ။ အိမ်သာ ထဲမှာလည်း မရှိ။





"ကျစ်…ဘယ်ရောက်နေတာလဲ"

စိတ်ညစ်ညစ်နှင့် အခန်းတံခါးဆွဲဖွင့်ပြီး အောက်ထပ်ဆင်း လာခဲ့သည်။ လှေကားခြေရင်း၌ပင် အခင်းညိုမှလွဲ၍ အိမ်ရှိလူကုန် အတုန်ရပ်နေ၏။ မေမေ့ရင်ခွင်ထဲ အတင်းတိုးဝှေ့ဖက်ထားသော မထွေးကတော့ သွေးဆုတ်ဖြူရော်နေတဲ့မျက်နှာနှင့် စာကြည့်ခန်းထဲ သက်ညှိုးထိုးရင်း…

"ထွင့်…တကယ်ပြောတာ ကိုကို၊ ထွင့် တကယ်တွေ့ လိုက်ရတာ၊ မီးတွေ အရမ်းသည်းနေလို့ လုပ်လက်စ စာရင်းကို ထွင့် ခဏရပ်ပြီး ပြတင်းပေါက်နား သွားရပ်တာ အဲဒီမှာ ဖြန်းခနဲ မျက်လုံးပြူးပြူးနဲ့ မျက်နှာကြီးတစ်ခု"

ထွင့်က စကားဆက်မပြောနိုင်။ ကြောက်ရွံ့စိတ်ကြောင့် တစ်ကိုယ်လုံး နတ်ကျသလို အတုန်တုန်အယင်ယင်ဖြစ်လို့။ ပြောရင်း မျက်ဝန်းထဲ မျက်ရည်ကြည်တွေပါ အိုင်တက်လာသည်။ တွေ့လိုက် ရတာ သွေးပျက်စရာမြင်ကွင်းပင်။ အခုပြန်တွေး အခုကြောက်ဖို့ ကောင်းတဲ့ ဆံပင်စုတ်ဖွားနဲ့ မျက်နှာကြီးတစ်ခု။ မျက်လုံးကြီးတွေက ပြူးကြောင်ကြောင်နှင့်။ မဟတဟဖွင့်ထားတဲ့ နှုတ်ခမ်းများထဲမှာ ညီညာသော သွားတွေက ကျိုးတို့ကျဲတဲ။ ထွင့်က အတွေးထဲမှာ ပြန်မြင်ယောင်ရင်း ကြောက်လန့်စိတ်နှင့် မျက်ခွံတို့ကို ပိတ်ချသည်။ ထိုအခါ ပြည့်လျှံနေပြီးသား မျက်ရည်တွေက ပါးပြင်တစ်လျှောက် လျှောကျစီးဆင်းသွားတာ အင်အားကောင်းစွာ။

"ကဲပါ…မထွင့်ရယ်၊ အခု ဘာသရဲမှ မရှိတော့ပါဘူး၊


www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှင်းသွားအောင် အခန်းထဲ တစ်ခေါက်ဝင်ကြည့်မလား၊ ဒီမှာ လူတွေအများကြီးကို''

''ဟင့်အင်း…ကိုကို''

မေထွဋ်က မေဖေ့ရင်ဘတ်မှ အင်္ကျီစကို ဆုပ်ဆွဲထားရင်း ငြင်းဆန်သည်။ မေထွဋ်ပုံစံ ကြည့်ရတာ တကယ့်ကို သွေးပျက် ချောက်ချားနေတာ အမှန်ပင်။ ထိုအခန်းဘက်ကိုတောင် မျက်နှာ မရပ်ဘဲ ကျောခိုင်းရပ်ထားရင်း…

''တော်ပြီ…ထွဋ် အဲဒီအခန်းထဲမှာ စာရင်းမလုပ်တော့ ဘူး၊ အို…အဲဒီအခန်းမှ မဟုတ်ဘူး၊ နောက် ဘယ်တော့ တစ်ယောက်တည်း စာရင်းမလုပ်တော့ဘူး ကိုကို''

''အစကတည်းက ကိုယ်ပြောသားပဲ မထွဋ်ရယ်၊ အိမ်ခန်း ထဲမှာပဲ လုပ်ဆိုတာ''

''ထွဋ်က ညဥ့်နက်တော့ မီးကြီးတထိန်ထိန်နဲ့ ကိုယ် အိပ်မရမှာစိုးတာ၊ ဒါပေမဲ့ အိပ်ခန်းထဲမှာပဲ နေတော့မယ်၊ ထွဋ် တစ်ယောက်တည်းနေဖို့ သတ္တိမရှိတော့ဘူး၊ အဲဒီကြောက်စရာ မျက်နှာကြီးကို ထပ်မြင်ရရင် ထွဋ် ဒီတစ်ခါ အသက်ပါထွက်သွား နိုင်တယ် ကိုကိုရဲ့''

မေထွဋ်က ငိုသံပါကြီးနှင့် ပြောသည်။ မေထွဋ် ခံစား ပုံကိုကြည့်၍ ဗိုယံက အသည်းငယ်လှချည်လားလို့ မကဲ့ရဲ့ တော့။ သူသိထားသော မေထွဋ်က တကယ်ကြောက်တတ် သည်။ အရင်က သူကရွဲ့ပြီး သရဲကားတွေဖွင့်လျှင်…



''ငါ ဒီည အောက်ထပ်မဆင်းတော့ဘူး''

အိပ်ခန်းထဲ စားစရာတွေရော၊ စာရင်းစာအုပ်တွေ၊ အိပ်ခါ နီးတိုင်း ဖတ်နေကျ မေထွဋ်ရဲ့ လက်စွဲတော်တရားစာအုပ်တွေကို မိနော်တို့က တပွေ့တပိုက်ကြီး သယ်ပို့ပေးရသည်။ ထိုအခါမျိုး၌ သူက…

''ဟင်း…ဖတ်လိုက်ရတဲ့ တရားစာအုပ်တွေ၊ ရှိခိုးလိုက်ရ တဲ့ ဘုရား၊ တစ်နေ့တစ်နေ့ ဖင်ဗူးတောင်းကို ထောင်နေတာပဲ၊ ဒါပေမဲ့ သရဲကျတော့ ကြောက်တယ်တဲ့၊ အလကား ဘာတရားမှ ရှိတာမဟုတ်ဘူး''

ဗိုယံက မကြားတကြားပြောတဲ့အခါ မေထွဋ်ကလည်း ငြိမ်ခံမနေတတ်။

''ဟဲ့…တရားကသပ်သပ်၊ သရဲကသပ်သပ်ပဲ၊ ကြောက် တာက မွေးရာပါ၊ ဘယ်လိုမှ မဝေဖန်နဲ့၊ အဝီစိမှာ ,ချိုးကပ်မဲ့ ငရဲ သားရဲ့''

အပြန်အလှန် ပြောကြတာကလွဲလို့ ဒီလိုသရဲတွေ့တယ် ဘာညာနဲ့ အော်ကြီးဟစ်ကျယ် မဖြစ်ဖူးပါ။ သူကြီးပြင်းခဲ့တဲ့ သက်တမ်းတစ်လျှောက် ဒီအိမ်ကြီးမှာ သရဲဆိုတာ ရှိခဲ့တာလည်း မဟုတ်။ ဗိုယံက အတွေးတွေ ဖြန့်ကြက်ပြီး ခေါင်းစားနေပေမဲ့ မေမေကတော့ မေထွဋ်ကို ချော့မော့ပြီး အိပ်ခန်းဆီ ခေါ်သွားပြီ ဖြစ်သည်။

''သားလည်း သွားအိပ်တော့လေ၊ မနက် ဆိုင်သွားရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ''

နေရာမှာ တွေတွေကြီးရပ်နေတဲ့ ဝိယံကိုတောင် တိုက်တွန်းသွားသေးတာ။ ဝိယံကလည်း မပြတ်နိုင်တဲ့ အတွေးမျှင်များ‌နှင့် အခန်းဆီ ပြန်တက်ခဲ့သည်။ အိပ်ခန်းတံခါးဖွင့်ပြီး အခန်းထဲ ခြေချမိတာနှင့်…

''ဟင်…အဆင်းညို မင်း''

အလန့်တကြား ဖြစ်သွားတာအမှန်။ သူမကတော့ ရေစိုနေတဲ့ ဆံပင်တွေကို မျက်နှာသုတ်ပဝါနှင့် ခြောက်အောင်သုတ်ရင်း မှန်ထဲမှတစ်ဆင့် သူ့ကိုလှမ်းကြည့်ကာ…

''ဘာလဲ…ရှင့်ဓါတ်မီးရဲ့ ဓာတ်တွေ ကူးလာပြန်ပြီလား သရဲကို ကြောက်တတ်တာချင်းလေ''

''ငါ…အိပ်ရာနိုးတော့ မင်းကိုမတွေ့ဘူး''

သူမမျက်နှာပေါ်က ကောက်ကြောင်းတွေကို မလွတ်အောင် စူးစိုက်ကြည့်ပြီး ဝိယံက ပြောသည်။ ပျက်ယွင်းသွားခြင်း မရှိတဲ့ အဲဒီမျက်နှာပေါ်မှာ မထီတရီအပြုံးက ဖျတ်ခနဲပေါ်လာပြီး

''စစ်ဆေးတာလား၊ နှံစမ်းတာလား၊ ရှင်မေးတိုင်း ဖြေအောင် ကျွန်မက ရှင့်တပည့်မဟုတ်ဘူး၊ ဒါပေမဲ့ သိစေချင်ပြီး ပြောပြလိုက်မယ်၊ ခြံထဲဆင်းပြီး မိုးရေချိုးနေတာ''

''ဘာ…မင်းရူးနေသလား အဆင်းညို''

သူက ချက်ချင်းပင် အဆင်းညိုနားသို့ ခြေလှမ်းကျဲကြီးနှင့် ရောက်လာသည်။ မှန်တင်ခုံပေါ် လက်ထောက်ပြီး ကိုယ်ညို





ကိုင်းချတော့ အဆင်း ကိုယ်သေးညှက်ညှက်လေးဟာ သူ့ရင်ခွင်ကျယ်ကြီးထဲ နစ်မြုပ်တော့မတတ်။

''အိမ်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ မင်းသိသလား အဆင်းညို၊ မိုးတွေ ဒီလောက်သည်းနေတဲ့ ညမှာ ခြံကြီးထဲ ဘာအန္တရာယ်ရှိမလဲ၊ ဒါကို မင်း တွေးမိလား''

''ဘာလဲ…ရှင့်မိတွေးရဲ့ ဂေါက်တောက်တောက် အတွေး အခေါ်နဲ့ သရဲတွေ ဘာတွေ တွေ့မှာစိုးလို့လား၊ ရှင်မသိရင် မှတ်ထားလိုက်၊ ကျွန်မ အဲဒီလောက်ထိ သွေးမနည်းဘူး''

အဆင်းကိုယ်ပေါ် အုပ်မိုးနေတဲ့ သူ့ရင်ဘတ်ကြီးကို ဆောင့်တွန်းပစ်သည်။ မှန်တင်ခုံရှေ့မှထပြီး ထွက်သွားရန် ခြေလှမ်းပြင်သည်။ ဒါပေမဲ့ အဆင်း မအောင်မြင်ပါ။ အဆင်းရဲ့လမ်းကို သူက ရှေ့တည့်တည့်မှ ပိတ်ရပ်ထားပြီး…

''မင်းကို စေတနာနဲ့ပြောတာ အဆင်းညို၊ မေတ္တာရှင့်တွေ့တာကို သရဲလို့ ငါလည်းမယုံပါဘူး၊ ဒါပေမဲ့ မသမာတဲ့အကြံအစည်မျိုးနဲ့ ဒီခြံထဲ ခိုးဝင်လာတဲ့ လူဆိုရင်ရော''

အဆင်းက နှုတ်ခမ်းကို အတွန့်လေးတွေပေါ်သွားအောင် တွေးညွတ်ပြုံးသည်။ ဒါပေမဲ့ အသက်မပါတဲ့ အရှုံ့တိုက်အပြုံး။ နီးကပ်စွာရှိနေတဲ့ ရင်ဘတ်ချင်းထိခတ်တော့မတတ် ရင်လေးကို ကော့ပြီး သူ့ကို စိုက်ကြည့်သည်။ အင်မတန် ချဉ်စူးမှန်းတီးနေတာကို သိသာပေါ်လွင်စေတဲ့ အကြည့်မျိုးနှင့်။ နောက်ပြီးမှ နှုတ်ခမ်းထော်လေးတွေကြား ထွက်ကျလာတဲ့စကားသံက…



www.burmeseclassic.com

www.burmeseclassic.com



"သူခိုး၊ ဓားပြတောင် ရှင့်ထက်စာရင် မြင့်မြတ်ပါသေးတယ် ပီယံရဲ့၊ လိုချင်လို့ ခိုးယူတာ၊ တိုက်ယူတာ၊ သူတို့ရဲ့ဘဝနဲ့ ခန္ဓာကိုယ်ကို စတေးထားရတာမျိုးလေ၊ လူမိသွားဦးတော့ အထုအရိုက်ခံရမယ်၊ အဖမ်းခံရမယ်၊ သူတို့က ရင်းပြီးတော့မှ ခိုးတဲ့လူစား။ ရှင်ကတော့…ဟွန်း"

နှုတ်ခမ်းပါးတွေ ဘောင်ဘင်ခတ်အောင် မဲ့ရွဲ့ပြီးမှ…

"ဘာမှမရင်းဘဲ သူများငြိုငြင်သမျှ သဲ့ယူနေတဲ့လူစားမျိုး၊ ရှင်က သူခိုးဂျပိုးတွေထက် ကြောက်စရာကောင်းတဲ့လူစား။ မိသွားလည်း ပြောင်ပြောင်ပဲ၊ ဘာမှမစတေးဘဲ လိုချင်တာဖွတ်ယူတဲ့လူ"

စကားဆုံးတာနှင့် သူရင်ဘတ်ကျယ်ကြီးကို ပခုံးစောင်းနှင့် ပစ်တိုက်သည်။ ယိုင်ခနဲဖြစ်သွားတဲ့ သူ့ကိုယ်ဘေးက ထွက်သွားဖို့ ခြေလှမ်းပြင်သည်။

"ဟဲ့တ်…မင်းကို ဒီလိုထွက်သွားခွင့် ငါမပေးဘူး"

ပီယံက လက်မောင်းရင်းကို ဆောင့်ခနဲ လှမ်းဆွဲ အားပါတဲ့ ဆွဲချက်ကြောင့် အဆင်းက သူ့ထံပြန်ပါသွားပြီး ဆွဲလှည့်တဲ့အရှိန်ကြောင့် ဒုတိယအကြိမ် သူနှင့် ရင်ချင်းကပ်လျက်…

"ကြောက်စရာကောင်းတဲ့ ငါ့ကို ထပ်ကြောက်အောင်"

ပီယံမျက်နှာ ငံ့မိုးလာသည်။

"သွားစမ်းပါ…ထွီ"

အနီးကပ်လာသော မျက်နှာတည့်တည့်ကို အဆင်း





တံတွေးနှင့် ပစ်ထွေးပစ်သည်။ မထင်မှတ်ထားတာနှင့် ရှုံ့ရှာခြင်းနှင့်အတူ သပ်လျှိုထားသော မာနစိတ်က ခေါင်းထောင်ထသည်။

"ဟာ…မင်း…မင်း ရိုင်းလှချည်လား"

ဒေါသကြောင့် ဆွဲခါမိတာက သူမပခုံးသားနှစ်ဖက်ကို။ ဆွဲခါယမ်းတိုင်း ရှေ့တိုးနောက်ငင် ဖြစ်နေတဲ့ သူမကလည်း မာနမလျော့။

"မသိရင် ထပ်စမ်းကြည့်၊ ရှင့်ကို ရိုင်းဖို့ စုဆောင်းထားတာတွေ အများကြီးပဲ"

"မင်း"

ပခုံးကနေ ဆွဲမပြီး မွေ့ယာပေါ် ပစ်ချမိသည်။ အဆင်းက ဝုန်းခနဲပြန်ထပေမယ့် မရ။ သူ့ကိုယ်ကြီးက အဆင်းပေါ် ဖိထားသည်။ ထုရိုက်ရန် အသင့်ပြင်ထားသော အဆင်းလက်နှစ်ဖက်ကို သူမမျက်နှာနားဆီမှာ ဖိချုပ်ထားတာကြောင့် အဆင်းက သူ့ကို ရင်ဖွင့်ပြီး ကြိုဆိုနေသလို။

"လွှတ်စမ်း…ရှင်မယုတ်မာနဲ့၊ လွှတ်…ငါ့ကို အခုလွှတ်"

"စိတ်ချ…မင်းကိုယုတ်မာဖို့ စုဆောင်းထားတာလည်း ငါ့ရင်နဲ့အပြည့်ပဲ"

တရွေ့ရွေ့နီးကပ်လာတဲ့ သူ့မျက်နှာဟာ အဆင်းရဲ့ အဓိက အပိုင်းတစ်ခုစီမှာ ထိတွေ့ပွတ်တိုက်သွားပြီးနောက်…

သူဟာ မြတ်နိုးခြင်းကင်းသော အဆိပ်အနမ်းတို့ဖြင့် သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံကို ချေဖျက်ခဲ့တာ တစ်ကြိမ်မကတော့။ မမြင့်မြတ်တဲ့ အနမ်းတွေထဲမှာ အဆင်းက ရှန်းကန်လုံးထွေးရင်း။ နာကြည်းခြင်း များစွာနဲ့ မမေ့နိုင်မှာ အသေအချာပင်။

◆ ◆ ◆



## အခန်း (၁၅)

"ဘာတွေရှာနေတာလဲ အဆင်းညို"

အသံနှင့်အတူ ပြောင်လက်တောက်ပတဲ့ အမည်းရောင် ရှူးဖိနပ်ထိပ်ဦးက အဆင်းမျက်စိအောက်သို့ တိုးဝင်လာသည်။

"ကျစ်"

စိတ်ဖျက်သွားသလို စုပ်သပ်သံတစ်ချက်နှင့်အတူ အဆင်းက ငုတ်တုတ်ထိုင်နေရာမှ မတ်တပ်ထရပ်သည်။ လိမ္မော်ရောင် တီရှပ်အကျပ်၊ မိုးကာသားလို လိမ္မော်ရောင်သရီးကွာတား ဘောင်းဘီဟာ ခြေသလုံးနားမှာ ကြိုးစည်းလေးနဲ့မို့ သူမက ကလေးဆန်သော အသွင်အပြင် အပြည့်ရှိသည်။ မမြင့်ပေမဲ့ ခပ်တိုက်တိုက်သာ ရှိတဲ့ သူမအရပ်ဟာ သူနှင့်ယှဉ်ရပ်လိုက်တိုင်း သိသာစွာ သေးညက် သွားစမြဲ။ သူမ ငယ်ထိပ်လေးကို လှမ်းမြင်နေရတဲ့အထိ ဗိုလ်အေးသိ တ အမျှားကြီးမြင့်နေတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့...ဘာရှာနေတာလဲလို့ မေးနေတယ်လေ"

ဘာမှမဖြေဘဲ လှည့်ထွက်သွားတဲ့ လိမ္မော်ရောင်အရိပ်လေး ကြောင့် ပီယံ ခြေလှမ်းတွေကလည်း သူမနောက်ပါးဆီမှာ...

"မင်းရှာနေတာ ဒါလား"

ရှေ့ကိုကျော်တက်ပြီး သူမမျက်နှာရှေ့ ဝိတ်ရပ်သည်။ သူ့လက်ထဲရှိ မျက်လုံးပြူးပြူးနှင့် ရုပ်ဆိုးလှသော ရော်ဘာမျက်နှာ ဖုံးကို မြင်သာအောင်ပြမိ၏။ တအံ့တသြဖြစ်သွားတဲ့ မျက်နှာလေး က ဟန်ဆောင်ချိန်မရလိုက်။ သူမလုပ်ရပ်ကို လူမိသွားတဲ့အတွက် ရှက်တာကသပ်သပ်။ အနိုင်မခံချင်တာကသပ်သပ်နှင့် မော့လာတဲ့ မျက်နှာဟာ ထုံးစံအတိုင်းပင်။ မာနရောင်တွေ လက်လက်ထလို့။

"ရှင်...ဘယ်ကတွေ့လဲ"

"မင်းပစ်ခဲ့တဲ့ ချုံပုတ်ထဲက တွေ့တာပေါ့"

"ပြီးတာပဲ"

တစ်ခွန်းတည်းပြောပြီး သူ့ကိုကွေ့ထွက်ဖို့ ကြိုးစားသည်။ ပီယံက လှမ်းဆွဲတော့ အဆွဲမခံ။ ပြန်ရုန်းရင်း...

"ရှင်စကားပြောရင် လက်မပါနဲ့"

'ဆွဲလားရမ်းလားလုပ်ရင်းက ကိုယ့်ဆီက ပေးလိုက်ရတာ မတန်မရာ' လို့ တွေးမိတော့ ညကအဖြစ်ဟာ မေ့ထားပါရက်က သတိရစေသည်။ ရှက်စိတ်နဲ့ အမြဲဒွန်တွဲပြီးပါလာတဲ့ စိတ်ဆ ပီယံဆိုသော ယောကျ်ားအား တူးခါးနေအောင် မုန်းတဲ့စိတ်တ ဒီလို အခမ္မအနမ်းတွေနှင့် သိမ်းပိုက်ကျူးကျော်ခဲ့သော နှုတ်ခမ်း





လေးတွေ၊ ပါးလေးတွေ ဘယ်လောက်ရှိမလဲလို့ တွေးတိုင်း ရှန်းကြွ လာတာက ဒင်းကို ရှုံ့ချက်ရဲ့လိုခြင်းပါ။ သိမ်မွေ့ခြင်းတွေမပါဘဲ ရိုင်းစိုင်းကြမ်းတမ်းတဲ့ အနမ်းညတွေဟာ အိပ်မရအောင် သူမကို မျက်လှည့်ပြနေတာ သူမအသိဆုံး။

"ငါလက်ပါရင် မင်းက ကြောက်သွားပြီပေါ့"

ရယ်မြူးရိပ်ထင်တဲ့ အဲဒီမျက်နှာကို လက်ပြန်ရိုက်ချပစ်ချင် တာ။ ဒါပေမဲ့ သက်ရောက်မှုတိုင်းရဲ့ တုံ့ပြန်ခြင်းတွေဟာ ကိုယ်ပဲ ရှုံးရတာမို့။

"ဖယ်"

"မဖယ်ပါဘူး၊ ဒီမျက်နှာဖုံးတပ်ပြီး ခြောက်ရတဲ့ရည်ရွယ် ချက်ကို သိချင်လို့"

"ခြောက်ပါတယ်ဆိုမှ ကြောက်စေချင်လို့၊ ဒီထက်ရှင်း အောင်ပြောရရင် စိတ်အနှောင့်အယှက် ပေးချင်လို့၊ ကျွန်မ ရည်ရွယ် ချက်တိုင်းက အဆိပ်လူးမြားပဲ၊ အဆိပ်တက်မတက် မသေချာပေမဲ့ ထိချက်တိုင်း သွေးတစ်စက်စို့ရင် ကျွန်မ ကျေနပ်တယ်"

အစိမ်းရောင်ခြယ်တဲ့ မျက်ဝန်းတွေနှင့် စိုက်ကြည့်ပြီး ထွက်သွားတဲ့ သူမနောက်ကို ပီယံ မလိုက်ဖြစ်တော့။ ရော်ဘာ မျက်နှာဖုံးကို လုံးထွေးဆုပ်ကိုင်ရင်း ကားထဲပစ်ထည့်သည်။ နားထဲ ဆူဝေနေတာက 'ကျွန်မရည်ရွယ်ချက်' တဲ့။ သူမက ဘာတွေ ရည်ရွယ်ထားသလဲ။ ပဟေဠိတွေဟာ ရှုပ်ထွေးရင်းနှင့်ခင် ဆိုင်ရောက်သွားခဲ့တာဖြစ်သည်။ သူ့ထက်အရင် ဆိုင်ရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်ကတော့…

"မင်းရုပ်က မှုန်တေတေနဲ့၊ ဘာတွေ အဆင်မသင့်လာသလဲ"

သူ့အကြောင်းကို အကုန်သိတဲ့ သော်ဇင်အား ရင်ဖွင့်ပစ်ရိုး ဝီယံ ဝန်မလေးပါ။ သူနှင့်အဆင်ညှိတို့ ဟန်ဆောင်လက်ထပ်ထားတယ်လို့ ဖွင့်ပြောပြတုန်းကတောင်…

"သတိထားနော် ဝီယံ၊ ဒီလောက် လွယ်လွယ်ကူကူ လက်ခံတာဆိုရင် မင်းရဲ့ လွတ်လပ်ချင်တဲ့ နှလုံးသားကို အပိုင်သိမ်းချင်လို့ဖြစ်မှာ၊ မာနတွေ အယောင်ပြပြီး ဟင့်အင်းလုပ်နေတဲ့ မိန်းမမျိုးကို မင်းက စိတ်ဝင်စားတတ်တယ်ကွ"

သတိပေးခဲ့တာပင်။ အခုတော့ သူ့မာနထက် သူမမာနထက ပိုကြီးကြောင်း လက်တွေ့သိလိုက်ရတာ ဝီယံဖြစ်၏။ ရော်ဘာမျက်နှာဖုံးကိုပြပြီး ညကအကြောင်း ဇာတ်စုံခင်းတော့ သော်ဇင်ထတအံ့တသြ။

"ဒါဆို သူက အန်တီထွေးကို ခြောက်တာပေါ့ ဟုတ်လား"

သူ ခေါင်းညိတ်ပြတော့ သော်ဇင်က တွေဝေစွာဖြင့်–

"သူတို့မပြေလည်ဘူးလား"

"အင်း…အဆင်ပြေကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အရမ်းကြီး မပြေလည်တာမျိုးလည်း မဟုတ်ဘူး၊ မေထွေးကလည်း တစ်နေကုန် အိမ်မှာရှိတာမျိုးမဟုတ်တော့ ဒီလိုပါပဲ"





"ဒါနဲ့များတောင် အဲဒီလောက်အထိ လုပ်စရာလိုလားကွ၊ ကြောက်တတ်တဲ့သူက တော်ကြာ လန့်မျှပ်ပြီး တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"အေးလေ…သူပဲ ပေါက်ပေါက်ရှာရှာ၊ ဒုက္ခခံပြီး လုပ်ရတယ်လို့"

အဲဒီစကားကို ဝီယံက ငေးရီစွာပြောခြင်းဖြစ်သည်။ သူဆန့်ကျင်တယ်ဆိုတာ အဲဒီလောက်အထိ မပြင်းထန်ခဲ့ပါ။ မိထွေးတစ်ယောက်ရဲ့ အုပ်စိုးမှုကို မခံချင်သောစိတ်ကြောင့်သာ။ အခု သူမလုပ်ပုံက ဖြစ်သင့်တာထက် ပိုပြင်းထန်နေသလို။

"ဘိုးတော်ကို ပေးသိထားလား"

သူ ခေါင်းယမ်းပြသည်။

"သတိတော့ထား…ယောကောင်၊ သူပြောပုံအရဆို မင်းတို့မိသားစုထဲ ဝင်မွှေချင်နေတာမျိုးလေ"

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး"

အငြင်းစကားလား၊ သူမဘက်က ကာကွယ်တာလား။ သူမသိခဲ့။ စကတည်းက လွဲခဲ့တဲ့ သူမနှင့်ဝီယံကြားမှာ ရှေ့ဆက်ဘာတွေလွဲချော်ဦးမှာလဲ။ သူ မတွေးချင်။ သော်ဇင်ကတော့ သူ့ပုံစံကို ဝေဖန်သုံးသပ်သွားတာက…

"ကြည့်လည်းလုပ်၊ မင်းပုံစံက မချစ်တတ်ဘဲ အချစ်ငတ်ပြီး ကြောက်နေတဲ့ပုံပဲ"

အဲဒီလောက်အထိ သူ့ပုံစံ ပျက်ယွင်းနေပြီလား။ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တာကတော့ ဝီယံက အချစ်ကို ကိုးကွယ်ချင်တဲ့သူမဟုတ်။ အချ
ကို မြတ်နိုးချင်ခဲ့တာဆိုရင် အဆင်းညိုဟာ သူမြတ်နိုးရမည့် မိန်း
တဲ့လား။

◆ ◆ ◆



"ဟာ…ဟေ့"

မကြားနိုင်မှန်း သိသိကြီးနဲ့ ဝီယံနှုတ်ဖျားက တားမြစ်သံ ထွက်သွားသည်။ ဒါပေမဲ့ သူ နောက်ကျသွားခဲ့ပြီ။ ကားမှန်ကို ထွင်းဖောက်မြင်ရတဲ့ ရှုခင်းက သာယာချင်စရာ တစ်ခုမှမရှိ။ အဝါရောင်ပြိုင်ကားရှေ့မှာ အနီရင့်ရောင် ဆပ်(ဖ်)ကားကြီးက ဝိတ်ရပ်ထားသည်။ အဝါရောင်ကားဘေးနားမှာ ရပ်နေသူက အဆင်းညို။ သူမဘေးနားမှာ ရှယ်တူကောင်လေး သုံးယောက်က တြိဂံပုံစံ ခပ်ကျဲကျဲ ဝန်းရံရပ်နေသည်။ အခြေအနေက တင်းမာမည့်ဟန်မို့ သူက ကားစက်သပ်ပြီး ကားပေါ်က အမြန်ဆင်းပေမဲ့ မမှီတော့။ သူမရှေ့တည့်တည့်က လူရှယ်အား အဆင်းညိုက လက်ပြန်ရိုက်ချလိုက်တာ ဖောင်းခနဲ အသံကြီးပင် ထွက်လာသည်။

"ဟား…လက်သွက်လှချည်လား"

"အဲဒီလိုဗွာတာလေးမှ ငါတို့က သဘောကျတာ၊ ဟော့ကောင်တွေ ဘာ…ပ်နေတာလဲ၊ ဆွဲလေ၊ တစ်ခါတည်းကား

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်''

''လွှတ်စမ်း…ငါ့ကို''

ယောကျ်ားနှစ်ယောက်အားနှင့်မို့ အခေါင်းညိုက ရုန်းကန်

၍မနိုင်။

''ရပ်စမ်း''

အာဏာသံဆန်တဲ့ အော်သံကြောင့် ဆပ်(ဖ်)ကားဆီ

ဦးတည်သွားတဲ့ ခြေလှမ်းတွေ ရပ်ကုန်၏။ ဆွဲချုပ်ထားတဲ့ကြား

အခေါင်းညိုက သမင်လည်ပြန် လှည့်ကြည့်ရင်း အားကိုးရာရှာ

တဲ့ ကလေးငယ်တစ်ယောက်ရဲ့ ပျော်ရွှင်မှုမျိုးလို…

''ဝီယံ''

လှမ်းခေါ်ပြီး ချုပ်ထားသူတွေကြားမှ အတင်းရုန်းသည်

မိုက်ကန်းကန်းရပ်နှင့် ခေါင်းဆောင်ဖြစ်တဲ့သူက…

''ဟေ့ကောင်…ရှေ့တိုးမလာနဲ့၊ ဒါ ရုပ်ရှင်ရိုက်နေတာ

မဟုတ်ဘူးနော်၊ မင်းက မင်းသားမဟုတ်သလို ငါတို့ကလည်း

လူကြမ်းမဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ညှာနေမှာမဟုတ်ဘူး''

''စကားတွေမများနဲ့၊ အချိန်ကုန်တယ်၊ ငါ့မိန်းမ

ပြန်လွှတ်ပေး''

''ဟား…ဟား ယုံတမ်းတွေ လာမပြောနဲ့၊ ဒါ ငါ

အရင်တွေ့ထားတဲ့ အသနဲ့လေး၊ မင်းတောင်းတာနဲ့ လွယ်လွယ်

ကူပေးရအောင် ငါတို့က အရူးတွေမဟုတ်ဘူး''

ဝီယံက ပတ်ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်သည်။ အ





အညီ ရလိုရငြားဆိုတာ သူ့အတွက်ထက် အခေါင်းညိုအတွက်

စဉ်းစားခြင်းပါ။ သုံးယောက်တစ်ယောက် ရန်ပွဲအတွက် သူ့မှာ

ကြောက်သွေးတော့မရှိ။ ကိုယ်ခံပညာ အတတ်ကြီးမဟုတ်ပေမဲ့

သူက အရှောင်အတိမ်းကျွမ်းသည်။ အုတ်ခဲတွေ့ အုတ်ခဲ၊ သစ်သား

အပိုင်းအစတွေ့လျှင် တွေ့တာနှင့် ကောက်ရိုက်တတ်တာ သူ့အကျင့်။

သွေးဆူလာပြီဆိုကတည်းက ရန်ပွဲမှာ အစိုးကအနိုင်ရဖို့ပဲ သူက

အာရုံစိုက်တတ်တာ။ အခုတော့ တစ်ဖက်လူတွေရဲ့ လက်ထဲမှာ

အခေါင်းညိုက ရှိနေသည်။ ငဲ့ညှာခြင်းတွေ၊ နောက်ဆံတင်းခြင်းတွေ

နှင့် ဖြစ်ရသော ရန်ပွဲမှာ ဝီယံက အရင်လို လွှတ်လွှတ်ကျွတ်ကျွတ်

အာရုံမစိုက်နိုင်။ ဒီကြားထဲ အမြဲတမ်း အပြန်လမ်းအဖြစ် အသုံးပြု

နေကျ ဒီပတ်ဝန်းကျင်က အားကိုးရာဖို့ လမ်းမမြင်။ ဒီဘက်ဘေးမှ

လယ်ကန်သင်းရိုးတွေနှင့် မလှမ်းမကမ်းက ဂိုဒေါင်ဟောင်းကြီး

တစ်ခု ဒါပဲရှိသည်။ လူသွားလူလာလည်း မတွေ့ရ။ ကွင်းပြင်ဆန်

ဆန် ဖြစ်နေသည်မို့ လေကတော့ တဟူးဟူးတိုက်နေသည်။ ညက

မှောင်ရိပ်ပျိုးစလည်း ဖြစ်ကာကြောင့် သူ့ကားမီးတန်းရဲ့ အလင်းရောင်

သာရှိ၏။

''တွေ့ဝေသွားပြီ၊ အဲဒါကြောင့် ပြောတာပေါ့၊ မင်းဉာဏ်

ထို ပုံမှားမရိုက်နဲ့လို့၊ မင်းမိန်းမ ဖြစ်စရာအကြောင်းမှ မရှိတာ၊

ချေခြင်းရှိ မင်းရဲ့ပုံမှန်ဖောက်သည်ဆိုရင်''

''နင် ရိုင်းလှချည်လား''

အခေါင်းက အော်ပြီး ဆောင့်ရုန်းသည်။ သတိလက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတဲ့ ချုပ်ကိုင်သူနှစ်ယောက်လက်ထဲမှ အဆင်း လွတ်ထွက်သွားသည်။

"ယော့...မပြေးနဲ့"

မမှီမကမ်း လိုက်ဆွဲသူရဲ့ မေးဖျားကို ဝီယံခြေထောက်က ဖြောင့်တန်းစွာ ဝင်သွားသည်။ လည်ထွက်သွားတဲ့ သူ့အဖော်ကြောင့် မင်းဉာဏ်ဆိုသူက ကားထဲက သစ်သားတုတ်ပြေးဆွဲသည်။ တစ်ယောက်က သူ့ထံ ပြေးဝင်လာကာ ရင်ဘတ်ကို ခေါင်းနှင့်တိုက်သည်။ ထိုတိုက်ကွက်ကို ဝီယံက မမျှော်လင့်ထားသူမို့ အွတ်ခနဲ အသံထွက်ကာ စူးအောင့်သော ဝေဒနာနှင့် ယိုင်ထွက်သွား၏။ ထိုစဉ် မျက်နှာဘေးဘက်မှ ဝင်လာတဲ့ သစ်သားချောင်းက ရိုပ်ခနဲ ငွဲ့ရှောင်ပေမဲ့ ချိုစောင်းတစ်လျှောက် ပူခနဲဖြစ်သွားသည်။ ရင်ဘတ်ထိုးဝင်ဆောင့်တဲ့ ကောင်က သူ့မေးဖျားကို ပင့်လက်သီးထည့်သည်။

ခေါင်းက အနာရှိန်နှင့် မေးဖျားက အနာကြောင့် သူ ဟန်ချက်မညီတော့။ နားတွေအူကာ လူက မတ်တပ်တောင်မရပ်နိုင်တဲ့အချိန် နားထင်ဆီ ဝင်လာတဲ့ ကန်ချက်များ၊ ရင်ဘတ်ဆီဝင်လာတဲ့ လက်သီးချက်များစွာဟာ သူ့ကို ဖွဲ့အိတ်တစ်အိတ်လို လွင့်စင်သွားစေသည်။ မလွတ်သေးတဲ့ သတိက အဆင်းညိုကို စိုးရိမ်ပြီးစွာ ရှာသည်။ ဝေသီနေတဲ့ မြင်ကွင်းထဲ ဘာမှထင်ရှားစွာ မတွေ့ရ။ ကားအဝါလေးဘေးနားမှာ ခပ်နွဲ့နွဲ့မှီရပ်နေတဲ့ ပုံရိပ်ဟာ သူမလား

ဝေဝါးတဲ့ အသိစိတ်ကို စုစည်းသည်။ ထိုအခိုက်---

"ခွမ်း...ဝုန်း...ခွမ်း"





မှန်ကွဲသံတွေ။ ကားဘောနက်ပေါ် သစ်သားချောင်းနဲ့ ရိုက်နေသံတွေကို ကြားသည်။ ငဲ့စောင်းကြည့်တော့ မယုံချင်စရာ။ အနီရောင်ဆပ်(ဖ်)ကြီးအား သူတို့ကိုယ်တိုင် ဖျက်ဆီးနေသော လူရှုပ်တစ်စု။ ထိုထဲမှ မင်းဉာဏ်ဆိုသူက သူ့ထံ အကြည့်ရောက်လာပြီး

"မင်း သတိမမေ့သေးဘူးလား လူစွမ်းကောင်းကြီးရဲ့၊ လူစွမ်းကောင်းဆိုတာ တိုက်ရဲခိုက်ရဲနေရုံနဲ့ မပြီးသေးဘူး၊ ပြောင်းလဲလာတဲ့ အခြေအနေကို အကဲခတ်နိုင်ဦးမှ"

ခြေတစ်ဖက် ဆန့်ထွက်လာကာ သူ့နားထင်ကို ထိထိမိမိ ဝစ်ကန်လိုက်သည်။ လူက ပက်လက်လန်ထွက်သွားပြီး မိုးကောင်းကင်နှင့် မျက်နှာချင်းဆိုင်။ နံကြားဆီ တရစပ်ထိုးဝင်လာတဲ့ ခြေကန်ချက်တွေကို ဝီယံ မတုံ့ပြန်နိုင်ပေမဲ့ နာကျင်မှုကို ခံစားနေရဆဲ။ ဝါးစပ်ထဲလည်း ငန်ကျိကျိအရသာက စိုးမိုးထားသည်။ တစ်ချက်ကန်တိုင်း စူးအောင့်နေတဲ့ ဝေဒနာကြားမှ သူမကို သတိရမိဆဲ။

"တော်ပါတော့"

စူးရှတဲ့အော်သံကြားမှ ခြေကန်ချက်တွေက ရပ်တန့်သွားသည်။ အသည်းခိုက်မတတ် နာနေတဲ့ နာကျင်မှုကြောင့် ကြားထဲမှာ ဝီယံက သူမကို လိုက်ရှာနေမိ၏။

မင်းဘယ်မှာလဲ အဆင်းညို။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အား...ကျွတ်...ကျွတ်"

တစ်ကိုယ်လုံး နာနေသည့်ကြားမှ ရှေ့ကို ခေါင်းထောင်ကြည့်သည်။ ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိနေပေမဲ့ မြင်ကွင်းက ပြတ်သားစွာ မြင်နေရ၏။

"ပီယံ"

လည်ပြန်အကြည့်နှင့်အတူ လူနှစ်ယောက် ဆွဲခေါ်ရာသို့ တရွတ်တိုက်ပါသွားတဲ့ သူမ။ သူ ကြုံးထသည်။ ရင်ဘတ်ထဲ စူးအောင့်တာတောင် ဂရုမထားနိုင်။

"အဆင်းညို"

အော်သံက အကျယ်ကြီးထွက်သွားသည်။ လူက ဝုန်းခနဲ ထထိုင်မိရက်သား။

"အို...မထနဲ့၊ ရှင် ထလို့မရဘူး၊ ရှင့်မှာဒဏ်ရာတွေနဲ့"





မြင်ကွင်းက ပြောင်းသွားပြီ။ ဒါ သူ့အိပ်ခန်း။ သူ့အိပ်ရာပေါ်မှာ။ သူရယ် သူမရယ်။ ဘေးနားက စိုးရိမ်တကြီး ဝိုင်းကြည့်နေကြတဲ့ ဖေဖေ။ မေထွေးနှင့် ဖမ်မလီဒေါက်တာ ဦးစိုးထွန်း။ ပီယံက အဲဒီလူတွေအားလုံးထက် သူမမျက်နှာပေါ်၌သာ အကြည့်တို့ စူးစိုက်လျက်။

"မင်းဘာဖြစ်သွားလဲ"

"ကျွန်မ ဘာမှမဖြစ်ပါဘူး ရှင်သာ"

နှုတ်ခမ်းကို ဖွဲ့ပိတ်၍ ဘာမှဆက်မပြော။ စကားလုံးထက် ထိရောက်တဲ့ မျက်ဝန်းတွေက သူ့ရင်ဘတ်ဆီ အကြည့်ရွှေ့သည်။ ဒီတော့မှ ကိုယ့်ကိုယ်ကို ငုံ့ကြည့်ရသည်။ အင်္ကျီဝတ်၍ မရသော ရင်ဘတ်မှာ ပတ်တီးတွေ အဖွေးသားစည်းနှောင်ထားသည်။

"နံရိုးက နှစ်ချောင်းအက်သွားတယ်လို့ ထင်ရတယ်၊ ဒီတစ်ည အခြေအနေစောင့်ကြည့်ပြီး မသက်သာရင်တော့ မနက်ဖြန် ဓာတ်မှန်ရိုက်ကြည့်ရမှာပေါ့၊ ခေါင်းကတော့ လေးချက်ချုပ်ထားရတယ်၊ ဘယ်လိုဖြစ်တာလဲ ပီယံ၊ မင်းနွဲ့ခဲ့သမျှ ပွဲတိုင်းမှာ ဒီတစ်ခါ ဒဏ်ရာရတာ အများဆုံးပဲနော်"

ဆရာဝန်က ဆေးပစ္စည်းတွေ ကောက်သိမ်းရင်း သူ့အကြောင်းကို သိနေသဖြင့် အပြုံးနှင့်ပြောသည်။

"ရန်တွေဘာတွေဖြစ်တာ လျှော့တော့ကွ၊ မင်းကို ယူဝင်တဲ့သူ နောက်တစ်ယောက် တိုးလာပြီ၊ လူတွေကို စိုးရိမ်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ မကောင်းဘူး''

ပြန်ခါနီးမှာ ဆုံးမစကားက ပြောသွားသေး၏။ မေထွဋ်နှင့် ဖေဖေကတော့ သူ့ကို ဆူပူခြင်းလည်းမရှိ။ အပြစ်တင်ခြင်းလည်း မတွေ့ရဘဲ မရစဖူး ရလာတဲ့ဒဏ်ရာတွေကြောင့် စိတ်မကောင်းဖြစ်နေဟန်တူသည်။ ဆရာဝန်ပြန်သွားတော့မှ မေထွဋ်က သူ့နဖူးကို ဖွဖွစမ်းရင်း...

''နင်ရန်ဖြစ်လာတိုင်း အလျော်အစား ဘယ်လောက်လုပ်ရလုပ်ရ ငါ့စိတ်ထဲ ဘာမှကျွန်မနေဘူး ပိယံ၊ အခုတော့ တကယ်ပဲမြင်ရတာ စိတ်မကောင်းဘူး၊ ဒဏ်ရာဗလပွနဲ့ နင် ပက်လက်လန်နေတော့လေ နောက်တစ်ခါဆို ဘယ်လောက် လျော်ရလျော်ရ ကိစ္စမရှိဘူး၊ နင် အနိုင်သာချလာခဲ့၊ ဒဏ်ရာတွေတော့ မရစေနဲ့ ပေါ့''

ဟုဆိုလေသည်။ အဆင်းကတော့ ထိုမြင်ကွင်းကို မကြည့်ချင်စွာနှင့် အခန်းထောင့်က ပြတင်းပေါက်ဆီ လျှောက်ခဲ့၏။ မြို့ထဲ စီးမိုးမြင်ရတဲ့ ညအလှကို ငေးရင်း အာရုံက ပြန့်ချင်တိုင်း ပြန့်လွင့်နေသည်။ ရင်ထဲမှာလည်း နာနေတာပဲသိ၏။ နာလွန်း၍ ရင်တစ်ခုလုံး ကွဲကြေတော့မတတ်။ ခံစားတတ်လိုက်ကြတာ။ သူတို့လူသွေးထွက်သံယို ဒဏ်ရာလေးရတာကိုပဲ ချုံးပွဲချငိုတော့မဲ့သူနှင့် မချိတင်ကဲ မျက်နှာနှင့် အစိုးရိမ်ကြီးတဲ့သူနဲ့။ ဟွန်း...နှုတ်ခမ်းတို့ကို အရုပ်ဆိုးအောင် မဲ့ရွဲ့ပစ်ချင်ပေမဲ့ စိတ်ရှိတိုင်းဖြစ်မလာ။ ဝမ်းနည်းစိတ်အခြေခံကြောင့် နှုတ်ခမ်းသားတွေဟာ ကွေးညွှတ်သွားတော





ငိုမဲ့မဲ့ဖြစ်သွားရသည်။

ဒဏ်ရာဆိုတာ ကြေလွယ်ပျောက်လွယ်သည်။ လူကောင်းပကာတိ ဖြစ်နိုင်သေးသည်။ ကိုယ်ဆုံးရှုံးခဲ့ရတဲ့ အရာက နောင်ဘယ်တော့မှ ထပ်မတွေ့ရတော့တဲ့အဖြစ်။ ညီမလေးဟာ နှုတ်မဆက် လက်မပြဘဲ ကိုယ့်ကို ချန်ခဲ့တဲ့အဖြစ်။ ကြည့်စမ်းအဆင်း ခံစားခဲ့ရတဲ့ ဆုံးရှုံးမှုဟာ သူတို့ခံစားနေရတာထက် အဆပေါင်းများစွာ ပိုသည်။ မရှိအတူ လက်တွဲခဲ့တဲ့ ညီမလေးအတွက် ကိုယ့်ဘဝတစ်ခုလုံးကို ပုံချပြီး ပြည့်စုံအောင် ဖန်တီးပေးခဲ့သည်။ အရာရာ အဆင်ပြေအောင်မြင်ပြီဆိုမှ ခံစားမဲ့သူက မရှိတော့တဲ့ဘဝမှာ ဒီပြည့်စုံမှုတွေ၊ ကိုယ်ပုံချထားခဲ့တာတွေက။

''အဆင်းညို''

အတွေးက တိခနဲပြတ်သည်။ လှည့်ကြည့်တော့ အာရုံထဲမှ ညီမလေးပုံရိပ်က ရိပ်ခနဲပျောက်သွားသည်။ ဒဏ်ရာဗလပွနှင့် ခုတင်ပေါ်က ထဟန်ပြင်နေသော သူ့နံဘေး၌ ဝိုင်းဝိုင်းလည်ခဲ့သော လူတွေလည်း ရှင်းသွားပြီ။ ရက်စက်မှုအရင်းမခံတဲ့ နှလုံးသားဟာ ထရဇာတရားကို လှစ်ခနဲ ခိုဝင်လာတာကို အဆင်း မတားနိုင်ခဲ့ပါ။

''ရှင် အရမ်းမထနဲ့လေ၊ ဆရာဝန်က လှုပ်ရှားမှုတွေ မလုပ်ရသေးဘူးလို့ မှာသွားတာ''

''အင်္ကျီဝတ်ချင်လို့''

''အဲဒီမှာပဲနေ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အမိန့်ပေးပြီး သူမပဲ စီရိုဖွင့်သည်။ အင်္ကျီထပ်ထဲက သေချာရွေးပြီး ဆွဲထုတ်လာတော့ ရှပ်လက်တိုတစ်ထည်။

"တီရှပ်တွေ စပို့ရှပ်တွေဆိုရင် ခေါင်းကစွပ်ချရမှာ၊ ရှင့်ဒဏ်ရာတွေနဲ့ မဖြစ်ဘူး"

အနားရောက်လာကာ ဝတ်ပေးဖို့ ပြင်ဆင်တာလည်း သူမကိုယ်တိုင်ပင်။ ဗိုယံရှေ့မှာ ဒူးတုပ်ထိုင်ပြီး ကျောနောက်ကနေ အင်္ကျီလက်သွင်းပေးဖို့ ကြိုးစားသည်။ တစ်ဖက်က အဆင်တပြေဖြစ်သွားပေမဲ့ နောက်တစ်ဖက်ကို သွင်းရန် သူမကြိုးစားစဉ် သူမမျက်နှာလေးက ကိုယ့်မျက်နှာရှေ့ အဝဲ ဗိုယံက ရှေ့ကိုငိုက်ပြီး အင်္ကျီလက်ထဲ လက်အသွင်း သူမပါးပြင်အိအိထဲ ဗိုယံနှာခေါင်းချွန်က တိုးကပ်နစ်မြုပ်သွား၏။

"အို"

အဆင်း နှုတ်ဖျားက တထိတ်တလန့်သံ။

"ဆောရီး"

ဗိုယံကလည်း ချက်ချင်းတောင်းပန်ပြီး ခေါင်းငုံ့ရှောင်သည်။ ဒါပေမဲ့ ထိခတ်မှုက ဖြစ်ပြီးသွားပြီ။ အဆင်းရဲ့ ရင်တစ်ခုလုံးက သိမ့်သိမ့်တုန်ဟည်းလျက်။ မရည်ရွယ်ဘဲ သူ့အနမ်းတစ်ခုမှာ အဆင်းရင်ဘတ်ထဲက အသည်းတွေ ကမြောင်းကပြန်ဖြစ်ကုန်ပြီလားမသိ။ အရင်က ရခဲ့ဖူးသော အနမ်းရိုင်းတွေကို အဆင်းမုန်းပေမဲ့ အခုရရှိသော အနမ်းတစ်ပွင့်ဟာ သူမရင်ခုန်သံကို မြန်အောင် စွဲဆောင်နိုင်ခဲ့တယ်ဆိုရင်။





"ဆောရီး…ငါက မင်းဝတ်ပေးရလွယ်အောင်"

"မပြောပါနဲ့တော့"

တုန်ခိုက်တဲ့အသံလေးနှင့် တားမြစ်သော သူမက ဗိုယံကိုလည်း မော့မကြည့်။ သူမစွမ်းဆောင်နိုင်တဲ့ အင်္ကျီကြယ်သီးလေးတွေကို တစ်လုံးချင်း သေချာတပ်ပေးနေသည်။ ကော့ရှော့တဲ့ မျက်တောင်၊ ချွန်ပြီးလုံးနေတဲ့ နှာတံများနှင့် ခပ်စုစုဖြစ်နေတဲ့ နှုတ်ခမ်းသားတွေကို ဗိုယံက စိုးမိုးကြည့်ရင်း ရင်ထဲတသိမ့်သိမ့် နေရာယူလာတာက သူမကို သိမ်းပိုက်ချင်သည့် အချစ်စိတ်တွေများစွာနှင့်ဖြစ်သည်။ အင်္ကျီကြယ်သီး အဆုံးသတ်ထိ တပ်ပေးပြီးတဲ့ သူမက ခုတင်ပေါ်က လှည့်ဆင်းကာ…

"ဒီည ဒရင်းဘတ်(ထ်)ပေါ်မှာပဲ ကျွန်မ အိပ်လိုက်တော့မယ်၊ ဂွတ်နိုက်"

မနှုတ်ဆက်စဖူး နှုတ်ဆက်ကာ ကျောခိုင်းထွက်သွားပြီ။ ဒရင်းဘတ်(ထ်)ပေါ် သူမ တစောင်းလေးလှဲချလိုက်တဲ့အထိ ဗိုယံက လိုက်ငေးနေမိ၏။ အခုချိန်ထိ ဖွေးတွေးမှုမပြယ်သေးတဲ့ ရင်ဘက်တစ်နေရာမှာ မင်းကိုချစ်တယ်ဆိုတဲ့ အသံတွေ မြည်နေတာကို အသိပေးဖြစ်ခဲ့လျှင်။

မင်းနဲ့ကိုယ့်ကြားက မပြေလည်မှုတွေကို ကျေအေးပေးနိုင်မလား အဆင်းညို။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"မကျေအေးပေးနိုင်ဘူးတဲ့"

မေထွေး့ပြောသော စကားတွေဟာ နားထဲအလုံးအရင်းလိုက် ဆောင့်ဝင်လာသလို။ ပြောခဲ့တာ မနေ့တစ်နေ့ကပေမဲ့ ပြန်ကြားယောင်နေတာ ဒီနေ့ထက်ထိ။

"သူတို့ဘက်က တောင်းတဲ့အတိုင်း မပေးရင် ဒီအမှုကို မကျေအေးပေးနိုင်ဘူးတဲ့"

ကြားခါစက ဒေါ်ရာတွေတစ်ဖက်နှင့် ပီယံက ဒေါသထွက်ခဲ့သေးတာ။

"မကျေအေးပေးနိုင်လည်း လုပ်ချင်ရာလုပ်လို့ ပြောလိုက်ချင်တာမဟုတ်ဘူးနော်၊ တကယ်ပြောတာ၊ သူတို့ကားကို သူတို့ဘာသာ သူတို့ ဖျက်ဆီးတာ၊ သူတို့ကို အသားနာအောင် လုပ်လိုက်ရတာလည်း ဘာမှမရှိဘူး၊ ခံရတဲ့ကျွန်တော်က အလဲလဲအကွဲကွဲ၊ ဒီကြားထဲ အလျော်ပါ ထပ်ပေးရမယ်ဆိုရင်တော့ နားဖားကြီး အတင်းခံဖို့ပဲရှိတော့တယ် မေထွေး့၊ အဲဒီလောက်အထိ အညှံ့ခံစရာမလိုဘူး"





"အညှံ့ခံစရာမလိုပေမဲ့ ဖြစ်ခဲ့ပြီးသား၊ ရုံးပြင်ကနားမှာ ပြောဆိုရှင်းလင်းရတာ ထင်သလောက် မလွယ်ဘူး၊ ပြီးတော့ သူတို့ တပ်ထားတဲ့ ပုဒ်မက မှုးယစ်ရမ်းကားမှုတဲ့၊ သားတို့ ဖြစ်ပျက်ခဲ့တာကို တွေ့ခဲ့တဲ့ မျက်မြင်သက်သေဆိုတာလည်း မရှိတော့"

"ဟာ…ဘာလို့မရှိရမှာလဲ"

ဖေဖေ့စကားကို ဖြတ်ချပြီး အော်ပစ်သည်။ စိတ်ထဲ စိုးမိုးနေတဲ့ဒေါသဟာ ဖခင်ရှေ့မို့ ချုပ်တည်းရမယ်ဆိုတဲ့ ပညတ်ချက်တွေနဲ့ ဆောင်မဝင်ခဲ့တာကြာပြီ။ ပီယံက မလှမ်းမကမ်းမှာ ခြေချိတ်ထိုင်နေတဲ့ အဆင်းညိုထံ လှမ်းကြည့်သည်။ အဆင်းညိုကလည်း သူဘာပြောမလဲ စောင့်စားနေသည့်ဟန်။ ဖတ်လက်စ ဂျာနယ်ကို ပေါင်ပေါ်တင်ပြီး လက်ပိုက်ကာ သူ့ကို စေ့စေ့ပြန်ကြည့်သည်။

"မင်းက အကောင်းဆုံးသက်သေပဲ အဆင်းညို၊ ငါ ရောက်လာတဲ့အချိန်မှာ မူးလည်းမမူးဘူး၊ ပြီးတော့ ရမ်းကားခဲ့တာမှမဟုတ်တာ၊ မင်းသိပါတယ် ငါက"

"ဘာလဲ ရှင့်အရှုပ်ထုပ်ထဲ သက်သေအဖြစ် ကျွန်မကို ဆွဲထည့်ချင်တာလား"

ကြားရတာနှင့် မျှော်လင့်တဲ့စကားဟာ ယုံနိုင်စရာမရှိ။ ဆန့်ကျင်ဘက် အရပ်ကလာတဲ့ မြှားတစ်စင်းလို။ ဆုံမှတ်က ပီယံရင်အုံတည့်တည့်ဆီမှာ ဖြစ်သည်။ သူက အံ့သြစွာ ကြောင်ငေးသွားပေမဲ့ သူမကတော့ ယတိပြတ်ဆုံးဖြတ်ထားတဲ့ မျက်နှာမျိုးနဲ့ အဆင့်ထရပ်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ သက်သေလိုက်ဆိုလည်း လိုက်ပေးမယ်၊ ဒါပေမဲ့ မြင်တဲ့အတိုင်း ပြောမှာပဲ၊ ကျွန်မအဒေါ်အိမ်က ကားယူပြီး ပြန်လာတယ်၊ ရှင်တို့ရန်ပွဲများရောက်တဲ့အချိန်မှာ ဒဏ်ရာဗလပွနဲ့ ရှင်က ဒေါသမပြေနိုင်သေးဘဲ ကားကို ဖျက်ဆီးတယ်"

"အဆင်းညို…မင်း"

သူမကို ထိုးတဲ့လက်သီးဟာ တည့်မတ်စွာ ရပ်တည်မရနိုင်ခဲ့ပါ။ တုန်လှုပ်ခြင်း၊ မယုံနိုင်ခြင်းများစွာနှင့် ဆတ်ဆတ်တုန်ခါလို့။ ဒါကိုပဲ သဘောကျ၍လားမသိ။ သူမနှုတ်ခမ်းထက်မှာ အေးစိမ့်တဲ့ အပြုံးတစ်ခု တွဲခိုလာပြီး…

"သက်သေတဲ့၊ အဟား…သူများတွေအတွက် ဘယ်လိုအဓိပ္ပာယ်ကောက်မလဲ ကျွန်မ မသိပေမယ့် ရှင့်အတွက်ကတော့ ကျွန်မသတ်ရင် သေစေနိုင်တာမျိုးပေါ့၊ ဒါကို ရှင် သဘောပေါက်ဖို့လိုတယ်"

ညှို့ခန်းထဲ လူစုံစုံမှာ ပြောချသွားတာ သူနဲ့ကိုယ့်ရဲ့ ပတ်သက်မှုက ဘာမှန်းမသိအောင်ပင်။ ဖေဖေရော မေထွေးရော မှတ်ချက်ချတာက…

"ဒီမိန်းကလေး ဘာဖြစ်သွားတာလဲ"

ကိုယ်တိုင်လည်း အဲဒီမေးခွန်းရဲ့ အဖြေကို သိချင်မိသည်။ ဒဏ်ရာရခါစညက ပြောင်းလဲလာတဲ့ သိမ်မွေ့ခြင်းတွေဟာ နောက်တစ်နေ့ နံနက်အရောက်မှာ ဝတ်ရုံတစ်ခု ချွတ်ပစ်လိုက်သလိုပင်။ သူမမျက်ဝန်းတွေ၊ အပြုံးတွေထဲမှာ နူးညံ့ခြင်းအရိပ်တွေ ဘာမှ





မတွေ့ရတော့ပေ။ အရင်ထက်ပိုပြီး စိမ်းကားပြတ်တောက်လာတဲ့ စကားသံတွေဟာ ဝီယံနှလုံးသားဆီ ချိန်ရွယ်ပစ်ခတ်နေတဲ့ အဆိပ်လူးမြားတွေအလား။ ဘာကြောင့် ပြောင်းလဲလွယ်ရတာလဲဟု စဥ္စန်မလပ် သူတွေးတောနေမိစဉ်မှာပဲ လူနာသတင်းမေးလာတဲ့ သော်ဇင်က သူ့အတွက် သတင်းတချို့ သယ်ဆောင်လာခဲ့တာဖြစ်သည်။ အိပ်ခန်းထဲ စဝင်လာကတည်းက ဟန်ပြဆွဲလာတဲ့ လက်ဆောင်ခြင်းကြီးကို ဘေးချပြီး…

"အဆင်းညို မရှိဘူးမဟုတ်လား"

စမေးတာပင်။ သူကတော့ ဘာလာကြောင်တာလဲဆိုတဲ့ အကြည့်မျိုးနဲ့ ခပ်စွေစွေစိုက်ကြည့်တော့မှ…

"အဆင်းညိုနဲ့ ပတ်သက်ပြီး ငါသိထားတာတွေ ရှိတယ်၊ ဒါပေမဲ့ ငါမပြောခင် မင်း အရင်လိုက်ကြည့်လိုက်ပါ ဝီယံ၊ မင်း သွားလို့လာလို့ရပြီ မဟုတ်လား"

လေးနက်ခြင်းတစ်မျိုးနဲ့ တည်ကြည်နေသော သော်ဇင့်မျက်နှာကို သူ ငေးခနဲ ကြည့်ဖြစ်သွားသည်။ အံ့ဩသိပ်သည်းလာတဲ့ ပဟေဠိအတွက် သော်ဇင်က အဖြေတချို့ ထုတ်ပေးနိုင်မယ်ဆိုရင် ဆိုမျှော်လင့်ချက်နှင့် သူ သော်ဇင်ခေါ်ရာနောက် လိုက်ခဲ့သည်။ အဆင်းညိုနဲ့ ပတ်သက်ရင် လိုတာထက်ပိုသော သူ့ရင်ခုန်သံကိုတော့ တတ်နိုင်သမျှ သိုဝှက်ထားခဲ့ပါသည်။

"ဟိုးရှေ့က ကော်ဖီဆိုင်ထဲမှာ မင်းရဲ့ အဆင်းညိုရှိတယ် ဝီယံ၊ သူစီးတဲ့ ဖြိုင်ကားလေး ရပ်ထားတာ တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဝီယံ ခေါင်းညိတ်ပြသည်။ သော်ဇင်က ထိုပြိုင်ကားနှင့် မလှမ်းမကမ်းမှာ သူ့ကားကို ပါကင်ထိုးရင်း…

"အဲဒီပြိုင်ကားကို မင်း မမှတ်မိဘူးလား"

"ကျစ်"

ဝီယံက ဝီကေကို မေးဖျားလှုပ်သွားအောင် ခပ်ကျိတ်ကျိတ် ဖိဝါးရင်း…

"ဒီလိုကားမျိုး ရန်ကုန်မြို့မှာ အများကြီး သော်ဇင်၊ ငါ့ကို လာစားမနေနဲ့၊ ဘယ်မှာလဲ အဆင်းညို"

မေးပြီး စိတ်က စောနေတာမို့ ကားတံခါးဖွင့်ကာ လမ်းပေါ် ခြေချသည်။ ထိုအခိုက် တခ်ဖက်လမ်းက ကားလမ်းဖြတ်ကူး လာသူက မကြည့်ရဘဲ ဝီယံမြင်ကွင်းထဲ တိုးဝင်လာ၏။

"ဒီကောင်"

ဆတ်ခနဲ ခေါင်းထောင်ထတဲ့ ဒေါသဟာ မြွေတစ်ကောင် မာန်ဖီနေသလို။ ဝီယံ ဒီမျက်နှာကို ဘယ်တော့မှမမေ့။ ဗလိုင်းကြီး ရန်စကာ လူအုပ်ဖွဲ့၍ သူ့ကို ဒဏ်ရာတွေပေးလိုက်သော မင်းဉာဏ်၊ သူ့ဟာသူ ကားကို ဖျက်ဆီးပြီး လျော်ကြေးမတန်တဆ တောင်းထား တဲ့ ကလိမ်ကကျစ်ကောင်။ ကားထဲက ဝုန်းခနဲထွက်ပြီး သူလိုက်ရှာ ဟန်ပြင်သည်။ သို့ပေမဲ့ ထိုအရေးတွေကို ကြိုမြင်ထားပုံရသော သော်ဇင်က…

"မင်းဒေါသတွေ ခဏသိမ်းထားစမ်းပါ၊ ငါတို့ အခုလာ တာ ရန်ဖြစ်ဖို့မဟုတ်ဘူး၊ အဆင်းညိုရဲ့ သရုပ်မှန် မင်းကိုပြချင်လို့"





သော်ဇင်က သူ့လက်ကိုဆွဲပြီး ခေါ်သွားတာ ကော်ဖီဆိုင် ဆီ။ ကော်ဖီဆိုင်ရဲ့ အတွင်းပိုင်းဟာ တစ်စားပွဲစီကို အုတ်ဆောင် လေးတွေကန့်ပြီး ခြားထားကာ ထိုအုတ်ဆောင်ပေါ်၌ ပန်းအိုးအသေး စားလေးတွေနဲ့ ပန်းပင်မျိုးစုံ စိုက်ပြီးတင်ထားတာကြောင့် ဝင်လာတဲ့ သူနှင့် ထိုင်နေသူချင်းတောင် လှမ်းမြင်ရန် မလွယ်တဲ့ အနေအထား မျိုး။ မင်းဉာဏ်ဆိုတဲ့ ကောင်ကတော့ သူတို့ကို ကျောခိုင်းသွားနေ ရာက တစ်စားပွဲအရောက်မှာ ဝင်ထိုင်သွားတာ တွေ့ရသည်။ သူတို့ နှစ်ယောက်ကလည်း ထိုစားပွဲနှင့်ကပ်လျက်မှာ ဝင်ထိုင်၏။ လူချင်း မမြင်ရပေမဲ့ စကားသံတွေတော့ အတိုင်းသားကြားရမဲ့ အခြေအနေ ဖြစ်သည်။ သော်ဇင်က ထိုင်ထိုင်ချင်း စားပွဲပေါ်က ဂျာနယ်ကို သူ့ထံကမ်းပေးသည်။ ပြီးတော့ တိုးတိုးကပ်ပြောတာက…

"လိုအပ်ရင် အကာအကွယ်ယူလို့ရအောင်"

ဝီယံကတော့ လှို့ဝှက်ခြင်းတွေနှင့် အထာတွေလုပ်နေသည့် သော်ဇင်ကို မျက်ခုံးခပ်တွန့်တွန့်နှင့် ကြည့်သည်။ ထိုအခိုက်မှာပင် ဝီယံနောက်ကျောတည့်တည့်က ကြားလိုက်ရသောအသံ။

"ဒီမှာ…ရှင်တို့တစ်ဖွဲ့လုံးကို ပေးရမဲ့လက်ကျန်ငွေနဲ့ ဘောက်ဆူး၊ တာဝန်ကျေပါတယ် ကိုမင်းဉာဏ်၊ ဒီတစ်ခါရှင်ရတာ နည်းပါဘူးနော်၊ သူတို့ဆီကလည်း လျော်ကြေးတနင့်တပိုး၊ ကျွန်မ ကလည်း ဘောက်ဆူးပေးတဲ့အပြင် လခရိပ်ဆီကလည်း ဆုငွေရဦးမှာ ဆို"

"ဟို…ကျွန်တော်တို့ဘက်ကလည်း ဒါမျိုး တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မစွန့်စားဖူးတော့''

''ရှင်တို့ စွန့်စားရတာနဲ့ တန်ပါတယ်၊ မဟုတ်ဘူးလား''

''ဟုတ်···ဟုတ်ပါတယ် မမအဆင်း''

ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားသည်။ မလွဲနိုင်တဲ့ ဒီအသံ ကြားရတာတောင် နှလုံးသားက မိုက်ရူးရဲဆန်စွာ ငြင်းဆန်ချင်တုန်း။ အခုတော့ နားနဲ့ဆတ်ဆတ်ကြားတဲ့ အမည်က မမအဆင်းတဲ့။ ရင်ဘတ်တစ်ပြင်လုံးကို ဓားထက်ထက်နှင့် ခွဲချပြီး ဆွဲဖွင့်ခံရသလို ဟင်းလင်းပွင့်ထွက်သွားသည်။ သူ့အပေါ်စီး၌ ရှိရှိသမျှအရာတိုင်း ကိုယ်ပေါ် ပြိုကျနေသလို။ ကမ္ဘာပြိုတယ်ဆိုတဲ့ ခံစားချက်ကို သူ မသိခဲ့ပေမဲ့ ပီယံ မျှော်လင့်ခဲ့သော ကမ္ဘာက တကယ်ပြိုကျခဲ့ပြီဖြစ် သည်။ ခံစားနေရတဲ့ ဝေဒနာ ပိုပြင်းလာအောင် ကြားရတဲ့စကား သံတွေက ရှူမီးတို့မီးတွေလား။ ဝေခွဲနိုင်တဲ့ အသိစိတ် ကင်းမဲ့သွား ပေမဲ့ နားကတော့ စွင့်ထားဆဲ။

''ဒီကိစ္စတွေပြီးရင် ရှင်တို့ ကိုယ်ယောင်ဖျောက်ဖို့ လမ်း က စီစဉ်ထားတယ်၊ စင်ကာပူရုံးခွဲကို ခဏသွားနေလိုက်ပေါ့၊ ဖြစ်တယ်မဟုတ်လား''

''ဖြစ်ပါတယ် မမအဆင်းရဲ့၊ ဒီအစီအစဉ်ထက် ကောင်းတဲ့အစီအစဉ် ဘယ်မှာရှိမှာလဲ''

''တစ်ခုတော့သတိထားပါ ကိုမင်းညာဏ်''

''ဟုတ်ကဲ့ ပြောပါ''

''ဒီကိစ္စတွေကို ဒီမှာပဲ မေ့ပစ်လိုက်ပါ''





''စိတ်ချပါ မမအဆင်း''

''ရှင်သွားလို့ရပြီ''

လမ်းခွဲရန် လှုပ်လှုပ်ရှားရှား အသံတွေကြားရပြီး မင်းညာဏ် ဆိုသူက သားရေလက်ကိုင်အိတ်ကြီးကို ဆွဲပြီး သူတို့ခုံဘေးမှ ထွက်သွားသည်။ ဖောင်းကားနေတဲ့ အိတ်ကြီးထဲမှာ သိန်းတစ်ရာ လား။ နှစ်ရာလား။ ပီယံ မခန့်မှန်းနိုင်။ ဒါပေမဲ့ မနည်းမနော ငွေတွေပုံချပြီး သူ့ကို ဒဏ်ရာရစေချင်ခဲ့တာဆိုလျှင်၊ အဲဒီလောက် အထိ မလိုပါဘူး အဆင်းညို။ မင်းလိုချင်တယ်ဆို အသည်းနှလုံး တောင် ထုတ်ပေးဝံ့တဲ့သူကိုမှ။

အတွေးမဆုံးခင် သူ့နောက်ကျောမှ သူမထရပ်သံကို ကြားရသည်။ အဲဒီနောက် ကားသော့ဆွဲယူသံနှင့်အတူ သူတို့စားပွဲ ဘေးက ဖြတ်လျှောက်တော့ သူမက ဘေးဘီဝဲယာလည်း အာရုံ မထား။ ဖုန်းပြောလျက်သားပုံစံနှင့်···

''လရိပ်လား၊ အင်း တို့ရှင်းပေးပြီးပြီ၊ သူတို့ကို စင်ကာပူ ရုံးခွဲပြောင်းဖို့ အဆင်သင့်လုပ်ထား''

အဝါရောင်လည်ပတ်တီရှပ်။ အဝါရောင် သရီးကွာတား ဘောင်းဘီနှင့် ရွှေဝါရောင် ဆံပင်တွေ ပိုင်ရှင်သူမဟာ သူ့အမြင် မှာတော့ ချစ်စဖွယ် ကလေးသာသာ။ အခုမြင်တွေ့ ကြားသိတဲ့ သူမက တကယ့်အရှင်သခင်မကြီးလို။ တင့်တယ်ခမ်းနားခြင်းတွေ ဝန်းရံနေတဲ့ အဆင်းညိုက။

''မင်း အံ့သြနေတာလား၊ ရင်ကွဲနေတာလား ပီယံ''



www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်က အခုထိ ချုပ်ရိုးမဖြည်ရသေးတဲ့ ခေါင်းအုံ ဒဏ်ရာကိုကြည့်ပြီး မေးသည်။ ဒါပေမဲ့ ဝီယံက မဖြေ။ ခေါင်းအုံ နောက်မှီချရင်း မျက်ဝန်းတွေကို မှိတ်ချ၏။ တွန့်ကုပ်နေတဲ့ မျက်နှ တွေဟာ အလိုမကျတဲ့အခါတိုင်း ဖြစ်မြဲဖြစ်ပေမဲ့ ဒီတစ်ခါ အငြိ မကျပုံက ရင်နာခြင်းတွေ ရောစွက်နေသလို။

“သူဘယ်သူလဲ”

မေးတာမဖြေဘဲ သူထင်ရာမေးခွန်း ပြန်ထုတ်တာ ဝီယံ စရိုက်။ ဒါကိုပဲ သော်ဇင်က နားလည်စွာငေးကြည့်နေရင်း…

“အချစ်ပိုရဲ့ အစ်မတဲ့၊ SUNDAY Brand ရဲ့ MD ဆိုပါတော့”

“အော်”

ခံစားနေရတဲ့ ရင်တွင်းဒဏ်ရာဟာ ပေါက်ကွဲဖျက်ဆီး လည်း ပျောက်ပျက်မသွားနိုင်။ ဟိုးနှလုံးသားအတွင်းပိုင်းထိ ရှ အောင် ထုတ်ချင်းပေါက်သွားတဲ့ ဒဏ်ရာက သွေးမထွက်၊ အ မရင်းဘဲ မြုံနေတဲ့ အတွင်းကြေဆိုတာမျိုးလား။ အချစ်ပိုအ သူဘာမှနစ်နာအောင် မဖန်တီးခဲ့တာ အမှန်။ ဒါဆို သူမ ရည်ရွ ခဲ့တာက ဒါမျိုးပဲလား။ အချစ်ပိုကို မချစ်နိုင်တဲ့ ဝီယံနှလုံးသား ဖြားယောင်းပြီးမှ အသည်းခွဲခဲ့တာဆိုလျှင်…

“အချစ်ပို ဆုံးသွားတယ် ဝီယံ”

မှိတ်ထားတဲ့ သူ့မျက်ဝန်းတွေ ပြန်ပွင့်လာသည်။

“ကားအက်ဆီးဒင့်ကြောင့်”





“ငါတောင်မသိလိုက်ဘူး”

“မင်းမသိလို့ ဒီအငြိုးတွေထဲ တိုးဝင်ခဲ့တာပေါ့ ဝီယံ၊ အဆင်းညိုက မင်းဘဝထဲ မရောက်အရောက်ဝင်လာပြီး…”

“ငါ့ကို အလဲထိုးခဲ့တာပေါ့ ဟုတ်လား”

သော်ဇင်က ခေါင်းညိတ်အဖြေပေးသည်။

“တကူးတကကြီး ငါစုံစမ်းခဲ့တာမဟုတ်ဘူး ဝီယံ၊ For Men မှာ ချထားတဲ့ SUNDAY ကာပစ္စည်းတွေအတွက် ငါ စကားပြောဖို့ အဲဒီကုမ္ပဏီကို သွားခဲ့တာ မင်းသိပါတယ်”

သူမှတ်မိနေပါသည်။ သော်ဇင်က ‘မင်းစထားတာ မင်းပဲ သွား’လို့ဆိုခဲ့စဉ်က ဝီယံ ငြင်းခဲ့တာပါ။

“အချစ်ပိုနဲ့တွေ့ရင် ဖယားတွေ ရှုပ်ကုန်မယ်၊ ငါက အိမ်ထောင်သည်ကွ”

ခပ်ကြွားကြွားပြောခဲ့တုန်းက သော်ဇင်က သူ့လက်မောင်း တစ်ဖက်ကို မနာအောင်ပိတ်ထိုးရင်း…

“ဟောကောင်…လေကြီးမနေနဲ့၊ အဲဒါ အတုကြီး”

ပြောခဲ့သေးတာ။ အခုတော့ သော်ဇင်သွားခဲ့တာ သူ့အတွက် ရင်နာဖွယ်အဖြစ်တွေ ဖန်တီးခဲ့တာလား။

“အဲဒီမှာ ငါ အဆင်းညိုကို တွေ့ခဲ့တာ၊ မင်းတို့ခိုးရာ လိုက်တယ်ဆိုတုန်းကပဲ သူက ငါ့ကိုတွေ့ဖူးတာလေ၊ ဘယ်မှတ်မိ တော့မလဲ၊ ပြီးတော့ ငါက ကျကျနန ပြင်ဆင်သွားတော့ သူက လှမ်းသွားပုံပဲ၊ For Men မှာချထားတဲ့ ကောင်တာကို ကြည့်သိမ်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေခါးထဲမှာ သူ့လက်ထောက်ကို ညွှန်ကြားနေတာကွ၊ ငါ့ကို For Men ကလူလို့ သူမသိဘူးလေ''

ပင့်သက်ရှိုက်ထုတ်တော့ လေပူနှင့်အတူ နှလုံးသည်းညှာပါ ပြုတ်ထွက်သွားသလား ထင်ရသည်။ သော်ဇင်ကတော့ သူခံစားနေရတာကို သိမြင်ပုံရသည်။ သူ့ပခုံးကို ဖက်ရင်း...

''ရင်ထဲအကြီးကြီး ခံစားမနေနဲ့ ဟော့ကောင်၊ လောလောဆယ်မှာ သူက ကိုယ့်မိန်းမ၊ မင်းဆန္ဒရှိမယ်ဆို''

''တော်ပြီ သော်ဇင်''

တားမြစ်ရင်း ထရပ်တော့ လူက ယိုင်ခနဲဖြစ်သွားသည်။ သော်ဇင်က ဖမ်းထိန်းပေမဲ့ သူ အထိန်းမခံ။ ရုန်းထွက်၍ ဆိုင်အပြင်ဆီ လျှောက်လာခဲ့သည်။ မကျက်သေးသော ဒဏ်ရာတွေကြောင့်လား၊ ရင်ထဲက ဒဏ်ရာကြောင့်လားမသိ။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေသည်။ အချစ်မှာ ဒီလူကိုချစ်၍ ဟိုလူကိုပစ်စမ်းလို့ အမိန့်ပေးလို့ရပါသလား။ မင်း မခံစားတတ်သေးလို့ပါအဆင်းညို။ အချစ်ဆိုတာ ဝီကေလို အချိုကုန်သွားတိုင်း ထွေးထုတ်လို့မှမရတာ။ မုန်းချင်တာနဲ့ မေ့ပစ်လို့မရတာ အချစ်ဆိုရင်။

သေချာတယ်။ မင်းဘယ်လောက် အငြိုးဖွဲ့ဒဏ်ရာတွေပေးပေး ငါက ချစ်နေမိမှာပဲ။

• • •

### အခန်း (၁၉)

''အချစ်ပိုကိစ္စနဲ့ ပတ်သက်ပြီး တွေ့ကြရအောင်''

ဒါကိုကြည့်ခြင်းအားဖြင့် အဆင်းတို့အကြောင်း ဝီယံသိသွားပြီကို ဖော်ပြနေသည်။ သူ့ဖုန်းဆက်ချိန်းတုန်းက အဆင်းဟာငြင်းတော့မလိုပင်။ သူနှင့်ကိုယ်က တစ်အိမ်တည်းမှာနေပြီး ပန်းခြံထဲထိ တကူးတက သွားပြီး ဆွေးနွေးစရာမှမလိုတာ။ လူကြီးစုံရာရှေ့မှာ ရှင်းကြလင်းကြလည်း ကိစ္စမရှိလို့ အဆင်းက တွေးထားပေမဲ့ ဝီယံ ချိန်းဆိုလာတဲ့အခါ အလိုလိုလက်ခံမိသား ဖြစ်သွားသည်။ ဝီယံနှင့် ကိုယ့်အဖြစ်က ပြည်ဖုံးကားချရန် အချိန်တန်ပြီလို့ ဆုံးဖြတ်မိတာရယ်၊ နောက်ပြီး ကိုရိပ်ကို သူမ ကတိပေးခဲ့သည့် ကာလအပိုင်းအခြားတစ်ခုက ဆိုက်ရောက်လာခဲ့ပြီဖြစ်၏။

''ရှေ့အပတ်ထဲ ပြန်လာခဲ့ပါလား အဆင်း၊ ဒီမှာ လက်ထပ်ဖို့ ကိုယ် စီစဉ်ထားလိုက်မယ်လေ၊ ဒီက မြန်မာဘုန်းကြီးကျောင်း

ဖို : မို : ဏ၇၆ပ

ဖို : မို : ဏ၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ပ်ာစ်ကျောင်းမှာ မင်္ဂလာဆွမ်းကျွေးပြီး ကုမ္ပဏီက လူတွေအတွက် ဒင်နာတစ်ပွဲလောက် ပေးကြတာပေါ့၊ အဆင်း ဆန္ဒရှိရင် မြန်မာပြည်မှာလည်း ဧည့်ခံပွဲလုပ်ကြမယ်လေ၊ ဒါပေမဲ့ လောလောဆယ်တော့ ခွင့်ရက်က ကိုယ့်အတွက် မရှိတော့ဘူးဖြစ်နေတယ် အဆင်းရဲ့ အချစ်ကိစ္စတုန်းက ခွင့်တစ်ခါ ယူထားတော့လေ၊ ဒီနှစ်ကုန်ပိုင်းဆိုရင်တော့ ကိုယ် ခွင့်ရက်ပြန်ရပြီ၊ အဲဒီအခါကျမှ မြန်မာပြည်မှာ ဧည့်ခံပွဲလုပ်ပြီး အဆင်းသွားချင်တဲ့ အထက်မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ကြတာပေါ့''

'လက်ထပ်ကြမယ်'လို့ အပိုင်တွက်ပြီး ကိုရိပ် စီစဉ်ထားသမျှ အဆင်း မငြင်းသာတော့မှာ။ အချိန်ဆွဲခဲ့တာ ဘယ်လောက်ကြာပြီလဲ။ အချစ်တစ်ခုဖြစ်မလားလို့ စောင့်ကြည့်နေခဲ့ပေမဲ့ အချိန်သာ ကုန်သွားသည်။ ရင်ခုန်သံတွေက တိုးတက်မလာခဲ့။ ဖြစ်ချင်တော့ ကိုယ်မုန်းပါတယ်ဆိုတဲ့ ရန်သူကိုမှ ရင်တွေဘာတွေ ခုန်သေးတာ။ ဒဏ်ရာဗလပွ၊ သွေးချင်းချင်းနီအောင် အထိုးအနှက် အကန်အကျောက် ခံနေရတာကို မျက်ဝါးထင်ထင် မြင်ရတဲ့အခါ အဆင်း အသည်းမာနိုင်ခဲ့လို့လား။

''တော်ပါတော့''

အဆင်း မတားခဲ့ရင် သူ့နံရိုးတွေ ကြေမွသွားလောက်ပါသည်။ အဲဒီညက နာကျင်ခြင်းကြားထဲမှ အဆင်းကို စိုးရိမ်ပူပင်စွာ သူ ရှာဖွေနေခဲ့တာ အစအဆုံး မြင်နေခဲ့ရသည်။ သူမက ကားဘေး နား၌ရပ်ပြီး ပွဲကြည့်ပရိသတ်လုပ်ခဲ့တာလေ။ အဲဒီညက သူ သဏ်





လစ်သွားမှ အဆင်းကားပေါ် မင်းဉာဏ်တို့ကို မွေ့တင်နိုင်းခဲ့တာ။ သွေးတွေနဲ့ မြင်မကောင်းအောင် စိုရွှဲနေတဲ့ သူ့ကိုကြည့်ရင်း အဆင်း ရင်ထဲက စိုးရိမ်စိတ်တွေဟာ အခုပြန်တွေး၊ အခုထိ လတ်ဆတ်စွာ ခံစားရတုန်း။

ဒါပေမဲ့ သူဟာ အဆင်းအတွက်တော့ မခံစားထိုက်သောသူ။ သနားငဲ့ညှာခြင်းနဲ့ မထိုက်တန်သောသူ။ တွေးရင်း မျက်ရည်တွေက မျက်ဝန်းထဲ တရိပ်ရိပ်ပြည့်တက်လာတာ သိသည်။ ငိုချင်စိတ်ကို ထိန်းချုပ်ရင်း ကားကို ဆွဲကွေ့တော့ ဟိုရှေ့မြက်ခင်းစိမ်းပေါ်မှ ပီယံကို လှမ်းမြင်နေရပြီ။ အဆင်းက မျက်ရည်တွေကို ဆဘ်ခနဲခါထုတ်ရင်း ကားကက်ဆက်ကို ဖွင့်လိုက်၏။ မြူးကြွတဲ့ တီးလုံးနှင့်အတူ…

'ရင်ခုန်ရတယ်ပြောမှာလား ×××× ရင်နာရတယ်ပြောမှာလား ××× ဘာဖြစ်ဖြစ် ချစ်နေဦးမှာပဲ ××× ဆက်ချစ်သွားနိုင်တယ် ××× မင်းအတွက် ဘဝတစ်ခုလုံးကိုလည်း ပေးဖို့အသင့်ရှိခဲ့ပါတယ် ××× မေ့သွားရက်ဦးမှာလား ××× စွန့်သွားရက်ဦးမှာလား ××××တို့အချစ်ကို မြင်နေပါရက်နဲ့ မဆိုင်သလိုကို နေနိုင်ရက်တယ်''

မမေ့နိုင်တဲ့ သီချင်းသံနှင့်အတူ ပြိုင်ကားအဝါလေးက သူ့ဘေးမှာ ထိုးရပ်သည်။ အစိမ်းရင့်ရောင်ဂါဝန်ဟာ ခါးနားမှာ စည်းပြီး ဒူးအောက်ပိုင်းအထိ ကားကားလေး။ ကြိုးသိုင်းဖိနပ်အမြင့်ကလည်း အစိမ်းရောင်။ နားကွင်းကလည်း အစိမ်းရင့် သူမက



www.burmeseclassic.com

www.burmeseclassic.com



ဘကယ့်စိမ်းကားရက်စက်တော့မည့် အသွင်အပြည့်။ ကားတံခါးကို ဖွင့်ပြီး သူထံ တစ်လှမ်းချင်း လှမ်းလျှောက်လာသည်။ အနားရောက်မှ မျက်နှာကို တစ်ဝက်နီးပါး အုပ်ကျနေသည့် မျက်မှန်ကို ဆွဲချွတ်ရင်း…

"တွေ့ချင်တာ ဘာကိစ္စလဲ ဝီယံ"

သူမအသံဟာ အရင်တုန်းကအတိုင်းပါပဲ။ နူးညံ့ခြင်းကင်းတဲ့ ပြတ်တောင်းတောင်းအသံ။ ဝီယံက ဝီကေတစ်ခုကို ပါးစပ်ထဲ ထည့်ဝါးရင်း အခွံကိုလုံးချေပစ်ရင်း ကန်ရေပြင်ဆီ လွှဲပစ်သည်။ ရည်ရွယ်ရာမဲ့ စက္ကူလုံးလေးဆီ အကြည့်က တောက်လျှောက်ပါသွားပြီးမှ…

"ငါတို့ ပွင့်လင်းသင့်ပြီထင်တယ်"

သူမကိုမကြည့်ဘဲ ကန်ရေပြင်ဆီကြည့်ရင်း ပြောသည်။ အဆင်းက ဟွန်းခနဲရယ်ပစ်ရင်း သူဘက် တစောင်းလှည့်ရပ်သည်။ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်စုံထည့်ပြီး ရပ်နေတဲ့ သူမမျက်နှာဟာ ကြည်လင်ခြင်းမရှိ။ ညို့မှိုင်းနေသည်။

"ရှင် ဒီသီချင်းကို မေ့လောက်ပြီမထင်ဘူး"

"ငါ မမေ့ပါဘူး၊ ဒါပေမဲ့ အမြဲတသသ ဖြစ်ရအောင်လည်း ငါတို့မပတ်သက်ခဲ့ဘူး"

"ဒါပေမဲ့ ရှင့်ကိုတော့ ညီမလေးက သိပ်ချစ်ခဲ့တယ်လေ"

တင်းထားတဲ့အသံရဲ့ အဖျားခတ်ဟာ တုန်ခါနင့်ဝင်သွားသည်။ ဝီယံက သူမကို ငဲ့ကြည့်သည်။ အနီရင့်ရောင်သန်းနေတဲ့





သူမမျက်နှာဟာ မျိုသိပ်ထိန်းချုပ်ထားရလွန်းတာကို အဆင်းအကဲခတ်မိသည်။ ဒါပေမဲ့ သူကိုမြင်တိုင်း ရင်ထဲက အနာကို မမေ့နိုင်။ သူဟာ အဆင်းရဲ့ညီမလေးကို သတ်ခဲ့သူ။ စိမ်းကားရက်ခဲ့သူ။ လှည့်ဖျားရက်သူ။ စွဲချက်တွေ အများကြီးထဲမှာပင် သူအပေါ် နာကြည်းတာသပ်သပ်။ အကင်းမသေသော ဒဏ်ရာရှိဆဲ သူကို သနားတာသပ်သပ်နှင့် စိတ်က ထိန်းမရချင်တော့။ သူရင်ခွင်ထဲ မှီတွယ်ပြီး ငိုချချင်တဲ့စိတ်နှင့်အတူ သူရင်ဘတ်အား စိတ်ကြိုက်ထုရိုက်ပြီး အနားက ထွက်ပြေးချင်နေမိသည်။ သူကတော့ အဆင်းကို ရိုဝေစွာ ဆွေးဆွေးလေးငေးရင်း…

"အဲဒီအတွက် ငါ စိတ်မကောင်းဘူး အဆင်းညို၊ သေချာတာတစ်ခုက သူကို ငါမချစ်ခဲ့ဘူး"

"တော်တော့၊ ရှင်ဆက်မပြောပါနဲ့တော့"

ခေါင်းအငုံ့မှာ မျက်ရည်တစ်စက် လက်ခနဲကြွေသည်။ ပြန်မော့ကြည့်တော့လည်း သူမမျက်ဝန်းထဲ မျက်ရည်တွေ အပြည့်အသိပ်။ မျက်တောင်ဖျားတွေက ဆတ်ဆတ်ခါယမ်းနေပြီး နှုတ်ခမ်းသားတွေ နီရဲတုန်ယင်နေခဲ့သည်။

"ရှင့်နောက်ကို သူလိုက်ရင်း ကားအက်ဆီးဒင့်ဖြစ်သွားခဲ့တယ်၊ ရှင့်ကို သူ အသက်စွန့်ပြီး ချစ်သွားတာ၊ အဲဒါကို ရှင် အသိအမှတ်ပြုဖို့ ကောင်းတယ်၊ ရှင့်လို အသည်းစားဘီလူးအတွက် အချစ်တစ်ခုက အရေးမကြီးပေမယ့် အဖြူထည် ကျွန်မညီမလေးအတွက်ကျတော့"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတို့က မဲ့ကျသည်။ မျက်ရည်တွေက ထပ်ကျပြန်၏။ မြင်ရသူ ပီယံအဖို့ ထိုမျက်ရည်တွေဟာ အက်ဆစ်လို ပူပြင်းခဲ့တယ်ဆိုလျှင်...

"ဖြစ်ခဲ့သမျှ ရည်ရွယ်ပြီး လုပ်ခဲ့တာမဟုတ်ဘူး အဆင်းညို၊ ငါ့ကိုပေးတဲ့ အချစ်တွေ ပေါခဲ့တာမှန်တယ်၊ ဒါပေမဲ့ မင်းညီမအပေါ် ငါ မပြုစားခဲ့ဘူး၊ မင်းတွေးကြည့်ပါ အဆင်းညို၊ အချစ်ပေးတိုင်းသာ ပြန်ချစ်ကြစတမ်းဆို ငါ့ဘေးမှာ မင်းတောင် ရှိမှာမဟုတ်ဘူး"

"ရှင်က"

အံကြိတ်ပြီးမေးလာတဲ့ အကြည့်တွေက စူးစူးရှရှ။

"မပြောနဲ့၊ ငါပြောတာပဲ နားထောင်၊ အချစ်တွေများခဲ့တာ မှန်ပေမဲ့ ငါ အစစ်ကို လိုက်ရှာနေခဲ့တာ၊ ငါတွဲခဲ့တဲ့ မိန်းကလေးတိုင်းဟာ မိတ်ဆွေအဆင့်ပဲ၊ နှလုံးသားချင်း ထပ်တူလဲရအောင် ငါ အဲလောက်ထိ မပေါဘူး၊ မင်းညီမကိုလည်း ဒီအတိုင်း ဆက်ဆံခဲ့တာပဲ၊ ဒါပေမဲ့ ငါ ပေးသလောက် သူမရောင့်ရဲနိုင်ဘူး၊ သူက လောဘကြီးတယ်၊ အချစ်ကို လောဘကြီးလို့ မရဘူး အဆင်းညို၊ ငါချစ်သလို ငါ့ကိုပြန်ချစ်ပါလို့ ပြောရအောင် အချစ်က မိတ္တူမှ မဟုတ်တာ၊ ဒါကို သဘောမပေါက်ခဲ့တာ မင်းညီမပါ"

"ရှင့်မှာအပြစ်မရှိဘူးလို့ ပြောတာပေါ့"

အဆင်းက ရှိုက်သံစွက်ပေမဲ့ အကြည့်တွေက တင်းမာဆဲ။





"ငါရှင်းပြတာပါ၊ အပြစ်မရှိပေမဲ့ မင်းက ဒဏ်ခတ်ခဲ့ပြီပဲ"

"သွားစမ်းပါ၊ လူကြားကောင်းအောင် အသံကောင်းဟစ်မနေနဲ့၊ ရှင်ရတဲ့ဒဏ်ရာငွေအတွက်လား၊ ရှင် လျှော်လိုက်ရတဲ့ငွေအတွက်လား၊ အဟား ရယ်ချင်စရာပဲ"

အဆင်းက ခပ်မဲ့မဲ့ရယ်သည်။ ပြီးမှ သူ့ကို စိမ်းရှရှစိုက်ကြည့်ကာ...

"မတန်သေးဘူး၊ ကျွန်မညီမ အသက်ဆုံးသွားတာနဲ့ယှဉ်ရင် မတန်သေးဘူး၊ ဒီယကန်နက်နဲ့တဲ့ ဒဏ်ရာမျိုး"

"ငါရသွားပြီလို့ ပြောရင် မင်းယုံမလား"

ဝေခွဲမရတဲ့ အကြည့်တွေနှင့် အဆင်းက မျက်လွှာပင့်ကြည့်သည်။ မျက်ဝန်းနှစ်စုံက သက်ရောက်မှုအမျိုးမျိုးနှင့် ဆုံစည်းသွားခဲ့ပြီးမှ ပီယံက အဝေးကို မျှော်ငေးရင်း...

"မင်းပေးခဲ့တာ ငါ့အတွက် သေရာပါမဲ့ ဒဏ်ရာပါ အဆင်းညို၊ မင်းကိုယ်မင်းတောင် မသိဘဲ ငါယူလိုက်ရတာ၊ အဲဒါဘာလဲဆိုတော့"

စိတ်ဝင်စားနေမှန်း သိရက်နှင့် စကားကို ဖြတ်ထားသည်။ သူက ခြေဦးထိပ်က မြက်ပင်ဖျားလေးတွေကို ထိခတ်ဆော့ကစားနေပြီးမှ မျက်နှာပြန်မော့လာသည်။ သူ့မျက်ဝန်းတွေက နီရဲနေပြီး အရည်ကြည်တချို့နဲ့ စွတ်စိုအရောင်တောက်နေသည်။ သူက မြေနီနီးခြင်းများစွာနှင့် အဆင်းမျက်နှာကို တဝကြီးငေးသည်။ မျက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကော့၊ နှာတံချွန်၊ နီရဲပါးလှပ်တဲ့ နှုတ်ခမ်းနှင့် သူ ခဏခဏ ကျူးကျော်ဖူးတဲ့ ပါးပြင်နုဖတ်ဖတ်တွေ။ အားရအောင်ငေးပြီး မျက်ဝန်းတို့ကို မှိတ်ချသည်။ မျက်လုံးထောင့်မှာ စို့စွတ်လာတာ မျက်ရည်တွေဆိုလျှင်။ သူ ပြန်မဖွင့်ပါရစေနဲ့တော့။ ဝီယံဟာ ပင့်သက်တစ်ရှိုက်ကို အင်အားတစ်ရပ်အဖြစ် ရှိုက်သွင်းရင်း…

"ငါ မင်းကို သိပ်ချစ်သွားမိတယ် အဆင်းညို"

ရင်ထဲ ဖျင်းခနဲ ကျဉ်တက်သွားသည်။ ခံစားမှုရောင်စုံ တဖျတ်ဖျတ်ပြောင်းနေတဲ့ ဝီယံမျက်နှာကို အဆင်းက ငေးနေမိသည်။ နှလုံးသားကို ဇဟိုပြု၍ ရေနွေးစီးကြောင်းတစ်ခု ဖြတ်စီးသွားသလို ရင်တစ်ခွင်လုံး ငြိမ့်ငြိမ့်လေး နွေးနေသည်။

"မင်းကျေနပ်ပါတော့၊ ငါ့နှလုံးသားတစ်ခုလုံးကို လျော်ကြေးအဖြစ် ပေးခဲ့တယ်ဆိုရင်လေ၊ မစခင်ကတည်းက ဆုံးခဲ့ရတဲ့ အချစ်တစ်ခုအတွက် မင်းကို ကျေးဇူးတင်ပါတယ်"

သူက ချာခနဲ လှည့်ထွက်သွားသည်။ အဆင်းသည် ဘာခံစားချက်မှမရှိတဲ့ ဗလာရင်ခွင်ကြီးနဲ့ သူ့ကို လိုက်ငေးနေမိတာ မျက်စိတစ်ဆုံး။ နားထဲမှာ ကြားနေတဲ့စကားက

"သိပ်ချစ်တယ်"

မှုသားမဟုတ်လို့ ယုံမိတဲ့နှလုံးသားဟာ ထိုစကားတစ်ခွန်းမှာ သာယာပျော်ဝင်နေမိတာ အမှန်။ ငေးရင်း သူ့ကျောပြင်က ဝါးသထက်ဝါးလာသည်။ ထိုအခိုက် မခြိမ်းဘဲရွာချတဲ့ မိုးစက်တွေက သူ့မထံ ဒရောသောပါး ပြေးဆင်းလာကြ၏။ ဝီယံနှင့်သူ့မကြား





မှာ မိုးမှုန်ကန့်လန့်ကာကြီးက အပြီးတိုင် စည်းခြားသွားပြီ။

ရယူလိုဇောနှင့် ချဉ်းကပ်ခဲ့တာ သူ့မဟာ မတောင်းရဘဲ လွယ်လင့်တကူ ထုတ်ပေးလိုက်တဲ့ သူ့နှလုံးသားကို ရပြီး ဘာကြောင့် မပျော်နိုင်တာလဲ။ ပါးပြင်တစ်လျှောက် ပူနွေးတဲ့ စီးကြောင်းတစ်ခုက လျောတိုက်ဖြတ်ဆင်းသည်။ ဒါ မိုးရေတွေ မဟုတ်ပါ။ မိုးရေနဲ့မရောတဲ့ သီးသန့်မျက်ရည်။ အဆင်းက နေရာမှာ ပဲ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုချမိတာ ရှိုက်ကြီးတငင်။ ညီမလေးအတွက်ကလွဲပြီး သူစိမ်းယောက်ျားတစ်ယောက်အတွက် မျက်ရည်ကျရတာ ပထမဆုံးဆိုလျှင်။

ဟင့်အင်း…ရှင်က ကျောခိုင်းပြီး အဆုံးသတ်သွားပေမဲ့ ကျွန်မ နိဂုံးမချုပ်သေးဘူး ဝီယံ။ သံသရာဆိုတာ တစ်ပတ်လည် ပြီးတာနဲ့ အဆုံးမသတ်သေးနိုင်ဘူး။ ကိုယ်က မပြီးသရွေ့ သံသရာ က မပြီးဘူးဆိုရင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"မင်း အသက်မငယ်တော့ဘူး ပီယံ၊ နင် ထင်ရာတွေ လုပ်လို့ အိမ်ထောင်တစ်ခု ပြိုကွဲပြီးပြီ၊ ဖြစ်ပြီးတာကို ဖြစ်ပြီးခဲ့သလို ထားခဲ့၊ ဒီမှာ ဓာတ်ပုံသုံးပုံကိုကြည့်၊ ချောချောလှလှတစ်ယောက်မှ မပါဘူးဆိုရင် နင်သောက်တဲ့ ကော်ဖီခွက်နဲ့ ထသာပက်ပစ်၊ အရည် အချင်းအရရော၊ ရုပ်ရည်အရရော ဘာမှပြောစရာမရှိဘူး"

ပီယံက ကော်ဖီခွက်ကို ဆောင့်ချသည်။ လိုအပ်တာထက် ပိုသွားတဲ့ အသံကြောင့် ဖေဖေက စားပွဲထိပ်မှ သူ့ကို မျက်လွှာ ကြည့်၏။ ပီယံက ဂုတ်ထောက်နေပြီဖြစ်တဲ့ ဆံပင်အုပ်အုပ်တွေ ကြားထဲ လက်ငါးချောင်းနှင့် ထိုးသွင်းပြီးမှ...

"ကျွန်တော့်ကို မိန်းမပေးစားဖို့ ကိစ္စတွေ မစဉ်းစား တော့၊ မစီစဉ်ပါနဲ့တော့ မေထွဋ်၊ ကျွန်တော် အဲဒါတွေ စိတ် စားဘူး"

"ဒီလို စကားကုန်မပြောနဲ့ သား၊ သားအသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီ၊ ဒီအချိန်မှာ အိမ်ထောင်တစ်ခုနဲ့ တည်





ငြိမ်ငြိမ် ဖြစ်စေချင်ပြီ"

"အခု မတည်ငြိမ်ဘဲ သွက်သွက်ခါနေလို့လား ဖေဖေ"

ကြည့်စမ်း...ပြောပုံကိုက လူကြီးလူကြီးမှန်းမသိလို့ ပြောလို့လည်းမရ။ ကိုယ်မွေးထားတဲ့ ကိုယ့်သားအကြောင်း ဦးကြည်လင်က အသိဆုံး။ ဒီသားဟာ စိတ်ထဲရှိသမျှ စကားလုံး တိုင်းကို တန်ဆာဆင်ပြီး ကွေ့ဝိုက်မနေတတ်။ ပြောစရာရှိရင် ဒဲ့ဒိုး ပြောချတတ်တဲ့လူမျိုးမို့ ဒေါသဖြစ်ရအခက်နှင့် ချက်ချင်းကြီး ပြောစရာစကားမရှိ။ မထွဋ်ကတော့ ဒီလိုမဟုတ်ပေ။

"သွက်သွက်ခါမနေပေမဲ့ နင့်ပုံစံက အသည်းကွဲသမား ဒီဇိုင်းကြီး ပေါက်နေတာကို၊ အဆင်းညိုနဲ့ ကွဲသွားကြတာ ဘယ်လောက်ကြာပြီလဲ၊ အဲဒီကတည်းက ဒီဆံပင်တွေရှည်လာ လည်း မညှပ်၊ ကိုယ့်ကိုယ်ကိုလည်း မပြုမပြင်နဲ့၊ အဲဒီလိုပုံစံတွေ ကို ကြည့်နေ၊ မြင်နေရတဲ့သူတွေက စိတ်မချမ်းသာလို့ စီစဉ်တာ ဒါပဲ၊ နင် မနာခံချင်နေ၊ စေတနာကို စော်ကားတဲ့စကားတွေ ထွက် မလာနဲ့"

ပီယံက မေထွဋ်ကို စူးစူးရဲရဲစိုက်ကြည့်ရင်း ဆံပင်တွေကို စိတ်ရှုပ်သလို ခါထုတ်သည်။ ပြီးစမှ ဖော်တာပ်ထရပ်ကာ ထွက်သွား ရန် ခြေလှမ်းပြင်ပြီးမှ...

"မကြည့်ချင်၊ မမြင်ချင်ဘဲ ဥပေက္ခာပြုထားလိုက်၊ ပြီးတာ ပဲ၊ ကျွန်တော်ကတော့ နောက်ထပ်အိမ်ထောင်ပြုဖို့ စဉ်းစားမှာမဟုတ် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲက ခြေလှမ်းကျဲကျဲနှင့် ထွက်လာခဲ့သည်။ ရင်ထဲ၌ ဖြစ်တည်နေတဲ့ ဒေါသဟာ လေသင့်ရာလွင့်တော့မည့် မီးပွားတစ်စနှယ်။ ကျရာနေရာမှာ မီးလောင်သွားနိုင်သည်။ ဝီယံက ခပ်ရွှတ်ရွှတ်တွေးရင်း ကားမောင်းထွက်လာတာ တရကြမ်း။ ဒီနှစ်နှစ်သုံးနှစ်အတွင်း For Men ဟာ အရင်ထက် ပိုအောင်မြင်တိုးတက်လာခဲ့၏။

"အဲဒါ မင်းရဲ့အသည်းကွဲခြင်း ရလဒ်ပဲ၊ မင်းက အသည်းကွဲတာကို ဝန်မခံချင်တော့ အလုပ်ထဲ ပိုအာရုံစိုက်တယ်၊ မင်းအလုပ်က ပိုအောင်မြင်တယ်၊ ဒါပဲ"

သော်ဇင်က သူ့မကြိုက်မှန်းသိသိကြီးနှင့် ဝေဖန်သည်။ အသည်းကွဲတာကို ဝီယံက ဝန်မခံရဲတာမဟုတ်။ သူ့စိတ်က ဝန်မခံချင်တာမျိုးဖြစ်သည်။ သူ့ရင်ဘတ်တစ်နေရာမှာ တိုးတိတ်သော မျှော်လင့်ချက်တစ်ခုက ကပ်တွယ်နေသည်။ တစ်နေ့တော့ စစ်မှန်သော သူ့အချစ်ကို အဆင်းညို နားလည်ပြီး သူ့ထံ ပြန်လာလိမ့်မည်ဟူ၍ဖြစ်သည်။

အိမ်မှာကတည်းက မကြည်လင်သော စိတ်အခံကြောင့် ဝီယံက ဆိုင်ထဲလှမ်းဝင်တဲ့အထိ သုန်သုန်မှုန်မှုန်။ သော်ဇင်ကတော့ သူဝင်လာတာ တွေ့ကတည်းက…

"ဟာ…မင်းကလည်း နောက်ကျလိုက်တာ၊ ( )ဂျာနယ်က ဒီဆိုင်အကြောင်း အင်တာဗျူးချင်လို့တဲ့၊ ဖုန်းလှမ်းချိတ်ထားတယ်၊ နေ့ခင်းဆယ့်နှစ်နာရီ"





"ငါ မအားဘူး"

ဖုန်းနှင့်ကားသော့ကို စားပွဲပေါ်ပစ်တင်ရင်း သူက တဆက်တည်းပြောသည်။ သော်ဇင်က မျက်မှောင်ကုတ်နှင့် တည်တင်းနေသော သူ့ကို စိုက်ကြည့်ကာ…

"မင်းကလည်း အဲဒီလိုပြောလို့ မရဘူးလေ၊ စာနယ်ဇင်းသမားတွေဆိုတာ ပစ်ပယ်လို့မှ မရတာ"

"ဟာ…ငါက မပစ်ပယ်ဘူး၊ လိုအပ်ရင် ဆက်ဆံမယ်၊ ဒါပေမဲ့ ငါက အောင်မြင်တဲ့ အနုပညာရှင်မှ မဟုတ်တာ"

"ဒီခေတ်က အနုပညာသည်မှ ဘာမှမဟုတ်ပါဘူးကွ၊ စီးပွားရေးသမားတွေကို စာမျက်နှာပေါ်တင်ပြီး မိတ်ဆက်ပေးတာမျိုး"

"ကျစ်…ဒီနေ့ ငါမအားဘူး သော်ဇင်၊ သူတို့သိပ်ဆန္ဒရှိရင် မနက်ဖြန်ကို ရွှေ့ချိန်း၊ အဲဒါမှမရရင် မင်းပဲ ငါ့ကိုယ်စားဖြေလိုက်၊ ဒီနေ့တော့ ဆိုင်မှာပဲ မင်းနေတော့၊ ငါရှိမှာမဟုတ်ဘူး"

"မင်းက ဘယ်သွားမှာလဲ"

ဝီယံက မဖြေ။ စားပွဲပေါ်တင်ထားတဲ့ ပြက္ခဒိန်ကို လှမ်းကြည့်သည်။ ရင်ထဲ ဖျင်းခနဲဖြစ်အောင် နာတာက ဒီနေ့စွဲကို မြင်လိုက်တိုင်းပင်ဖြစ်သည်။ ခံစားရတဲ့ ဝေဒနာဟာ အချိန်ကာလကြာမြင့်တာတောင် ပျောက်ပျက်မသွားနိုင်တဲ့အဖြစ်မို့ ဒီရက်ရောက်တိုင်းလည်း သူဟာ လွယ်လင့်တကူ ဖြတ်ကျော်မရခဲ့တာ အသေအချာ။ သော်ဇင်ကတော့ သူ့အကြည့်အတိုင်း ပြက္ခဒိန်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ မှင်နီကွင်းထားတဲ့ရက်စွဲဟာ ဒီနေ့ရက်စွဲ။

"ဩော်...ဒီနေ့က ရှလိုင်ရှစ်ရက်ကိုး"

သော်ဇင်က သူ့ဟာသူ ရေရွတ်သလိုနဲ့ တိုးတိုးပြောသည်။ ပြီးတော့မှ သူ့အား ငုံ့ကြည့်ပြီး...

"မင်း ကန်တော်ကြီးထဲပဲ သွားမှာပေါ့၊ ဟိုက နှုတ်ဆက်လက်ပြတဲ့ နေရာကိုပဲ မင်းက မမေ့နိုင် တမ်းတမ်းစွဲဖြစ်နေတာလေ"

ဆိုင်အပြင်ဘက်က ဖြူနီပြာဝါ ရောင်စုံပုံရိပ်တွေကို ငေးရင်း ပီယံက ထရပ်သည်။ သွားရန် ခြေလှမ်းပြင်၏။ သော်ဇင့်စကားကို နားထဲ ဝင်မဝင်တော့မသိ။ ဒါကိုပဲ သော်ဇင်က မခံချင်ဖြစ်ကာ အလှမ်းကွာသွားတဲ့ ပီယံကျောပြင်ကို ကြည့်ပြီး ရေရွတ်မိတာက

"ဟွန်း...ပြောတော့လည်း မကြိုက်ဘူး၊ သူကသာ သုံးနှစ်ပြည့်အလွမ်းပြေ ဘာညာနဲ့၊ အဲဒီနေရာကို သွားနေတာ၊ ဟိုကဖြင့် အခုချိန်ဆို နေရိပ်ရောင်နဲ့ လက်ထပ်ပြီးလို့ ကလေးတောင် မွေးနေပြီလား မသိဘူး"

မကြားမှန်းသိလို့ ပြောရဲတာ။ ပီယံအနား အဲဒီလိုသွားပြော ကြည့်ပါလား။ ဟိုကောင့်လက်သီး ကိုယ့်မျက်နှာဆီ တန်းခနဲ ရောက်လာမှာ။ ရောင်ချိန်တောင် ရမည်မထင်။ ပီယံဆိုတာ အဲဒီလို မျိုးကောင်။

ဝန်လည်းမခံ။ ဒါပေမယ့် ဝေဒနာကို မမျိုသိပ်နိုင်တဲ့ အသည်းရိုင်းမို့ သော်ဇင်က နာမည်တပ်ပေးချင်သည်။ ပီယံက အချစ်ရူးလို့လေ။

◆ ◆ ◆



## အခန်း (၂၀)

ရှလိုင်မိုးက မှုန်ဖွဲဖွဲလေးကျနေသည်။ ပီယံက ကန်ရေပြင်ကို မျက်နှာမူထားတဲ့ ခုံတန်းရှည်မှာ ထိုင်နေမိ၏။ သူ့ပါးစပ်အတွင်းမှာ အမြဲမခွာပါတာက ဝါးနေကျ ပီကေတစ်ခု။

ဒီနေရာမှာပဲ သူတို့ လမ်းခွဲခဲ့ကြတာ။ လမ်းခွဲခဲ့တာဆိုတာထက် ပီယံက တစ်ဖက်သတ် စွန့်လွှတ်ခဲ့ရတာပါ။

"SUNDAY Brand က ဦးနေရိပ်ရောင်နဲ့ အဆောင်းညိုတို့က လက်ထပ်ဖို့ စီစဉ်ထားတာကွ၊ သူတို့စေ့စပ်ပြီးသား"

ဆိုတဲ့ သတင်းကိုလည်း သော်ဇင်ပဲ ယူခဲ့တာ။ နောက်ပြီးတော့ အကြံဉာဏ်ပေးခဲ့တာ ရှိသေးသည်။

"သူ... ...တင်၊ မင်းက အခုပိုင်ဆိုင်နေတဲ့လူ ဖြစ်ချင်ရာဖြစ်၊ ချစ်နေ... ...အရှုံးမခံနဲ့၊ မင်း သိမ်းပိုက်လိုက်"

www.burmeseclassic.com



ဝီယံ လက်မခံတော့ သော်ဇင်ကတောင် အံ့ဩနေခဲ့သေးသည်။ အရာရာ၌ ဒီလောက် ရဲရင့်ပြတ်သားတဲ့သူ။ ရယူပိုင်ဆိုင်လိုခြင်းကိုသာ စိတ်ဝင်စားတဲ့သူက အခွင့်ညီကို စွန့်လွှတ်မယ်ဆိုတော့ ကြားထဲက မခံမရပ်နိုင် ထဖြစ်တာ သော်ဇင်ပါ။ သူကတော့ အသည်းကွဲဝေဒနာကို ကျိတ်မှိတ်ခံစားရင်း…

"ချစ်တတ်သွားပြီဆိုတဲ့ ငါ့နှလုံးသားက မာနကြီးသွားပြီ သော်ဇင်၊ ငါ့ကို မချစ်တတ်တဲ့ လူတစ်ယောက်ကို အသည်းနှလုံးမပါဘဲ ငါ မယူထားချင်ဘူး၊ သွားချင်သွားပါစေ သူ့ကိုလွမ်းနေရတာကိုက ငါ့အတွက် အဖိုးမဖြတ်နိုင်တဲ့ အရသာပဲ"

သူပြောခဲ့တာ။ ပြောခဲ့တဲ့အတိုင်း သူက အလွမ်းကို အပတ်တကုတ် မွေးမြူစုဆောင်းခဲ့တာပါ။ သူမနဲ့လမ်းခွဲတဲ့ ဒီနေရာလေးကို တစ်နှစ်တစ်ခါ သူအရောက်လာသည်။ ဒီနေရာရောက်တဲ့ မေ့မရတဲ့ ဝီယံနှင့် အခွင့်ညီရဲ့ ပုံရိပ်တွေဟာ ထင်ရှားဝိပြင်စွာ သရုပ်ပေါ်လာစမြဲ။ သူ ရင်ခုန်ရတဲ့ နှုတ်ခမ်းတွေ၊ ပါးလေးတွေ။ သူ့အနမ်းတွေကြားမှာ ရှန်းမရအောင် ပြုလဲခဲ့တဲ့ သူမကိုယ်ငွေ့နွေးနွေးတွေ။ ဒါတွေဟာ ဘယ်တော့မှ မေ့မရတဲ့ သူ့နှလုံးသားက အိပ်မက်တွေပဲဖြစ်၏။ အိပ်မက်ဆိုတာ နိုးထခြင်းနောက်မှာ ပျောက်ကွယ်သွားရတာပဲ မဟုတ်လား အခွင့်ညီ။ မင်းက ငါ့အတွက် အိပ်မက်ဆိုရင်။

ဝီယံ ဆက်မတွေးချင်တော့။ ပြင်းပြစွာ ခံစားလာရတဲ့ရင်ထဲက အလွမ်းစိတ်ကို ပြေပျောက်စေရန် ထိုင်နေရာမှ ထရပ်မိ



သည်။ ကန်စပ်ဆီ လျှောက်သွားတော့ မိုးစက်တွေက ပိုသည်းကာ ခပ်စိပ်စိပ်ကျလာ၏။ ထိုအခိုက်…

"ဦးဝီယံ"

ခေါ်သံက သူနားကပ်ကပ်လေးက။ ဖျတ်ခနဲ လှည့်ကြည့်တော့ မရင်းနှီးသော မျက်နှာတစ်ခု။ ထီးအကြီးကြီးဆောင်းပြီး မိုးဒဏ်ကို ကာကွယ်ထားသည်။ ထီးအရိပ်အောက်က သူမဟာ ဆံပင်ဖရိုဖရဲ။ ပါဝါမျက်မှန်ထူထူ။ လိုအပ်တာထက် ရှေ့ကိုငေါ်ထွက်နေတဲ့ သွားအကြီးကြီးတွေနဲ့။ ဝီယံက သူမကို အားရအောင် အကဲခတ်ပြီးမှ အလိုမကျသလို မျက်ခုံးနှစ်ခုကို စုကျုံ့ပစ်သည်။ ပြီးမှ မေးဆတ်ကာ…

"မင်းက"

"ကျွန်မက ရှေ့ဆောင်လမ်းပြဂျာနယ်က သတင်းထောက်ပါ"

"ဘာကိစ္စလဲ"

မျက်နှာကို မှုန်တင်းတင်းထားပြီး မေးသည်။ သူမက လက်ထဲက ကက်ဆက်အသေးစားလေးကို မြင်သာအောင် မြှောက်ပြရင်း…

"ဒီနေ့ ဦးဝီယံကို အင်တာဗျူးဖို့ ချိန်းထားတာပါ"

"ကျစ်…ဒီနေ့မအားဘူး၊ မဖြစ်မနေ ဗျူးချင်ရင် မိုင်ကသော်ဇင်ကို ဗျူးလို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးပီယံကိုပဲ မေးချင်တာပါ၊ ဦးသော်ဇင်က ဒီကို လမ်းညွှန်လိုက်လို့ပါ"

"ကျစ်…ဒီကောင်ကွာ"

ပီယံက ဖိနပ်ဦးထိပ်ရှိ မြက်ခင်းတွေကို မကျေမနပ်နှင့် ခြေလှဲကန်ရင်း…

"ကဲ…မေး…မေး ငါ့မှာ အချိန်သိပ်မရှိဘူး"

သူမက ကက်ဆက်ခလုတ်ကို ထောက်ခနဲနှိပ်ပြီး သူ့မျက်နှာနားထိုးကာ…

"ဦးပီယံရဲ့ လတ်တလော လှုပ်ရှားနေထိုင်မှု အခြေအနေ"

သူက 'ဆိုင်လို့လား' ဆိုတဲ့အကြည့်နှင့် သူမကို လှမ်းကြည့်သည်။ သူမက ဖြေပါဆိုပြီး တိုက်တွန်းတဲ့ဟန်ဖြင့် မေးဆတ်ပြ၏။ ပီယံက သက်ပြင်းတစ်ချက်ကို ထိုသတင်းထောက်မ မသိအောင် ဆောင့်ချရင်း…

"ဆိုင်ဖွင့်တယ်၊ ဆိုင်ပိတ်ချိန် အိမ်ပြန်တယ်"

ရွဲ့ဖြေမှန်းသိအောင် အသံက ဘုဆတ်ဆတ်။

"ဦးပီယံ အိမ်ထောင်ကျဖူးတယ်နော်"

"အဲဒါ ကိုယ်ရေးကိုယ်တာလေ"

"ဟုတ်တယ် မဟုတ်ဘူးပဲ ဖြေပေးပါ၊ ပရိသတ်က စိတ်ဝင်စားနေတဲ့ကိစ္စမို့ပါ"





ပီယံက ဆံပင်ရှည်တွေကို လက်နဲ့ထိုးဖွရင်း…

"အင်း"

"အခု အဲဒီတစ်ယောက်ကရော"

"ကွဲ…သွား…ပြီ"

ခပ်ဆောင့်ဆောင့် ပိတ်အော်ပြီးမှ ပီယံက ကက်ဆက်ကို ဆွဲယူသည်။ အသံဖမ်းခလုတ်ပါ ပိတ်ပစ်ရင်း…

"မင်း ဘာရည်ရွယ်ချက်နဲ့ ဒါတွေမေးနေတာလဲ၊ မင်း ဘယ်သူလဲ၊ ဘယ်ကလဲ"

"ရှင့်အကြောင်းကို စိတ်ဝင်စားတဲ့သူ"

"မင်းက စိတ်ဝင်စားတာနဲ့မတူဘူး၊ သူများအတွင်းရေးကို စပ်စုနေတာနဲ့တူတယ်"

"အို…ရှင်ထင်ချင်သလို ထင်၊ ကျွန်မက ကိုယ့်အလုပ် ကိုယ်ဆက်လုပ်မှာပဲ၊ ရှင် အခုချိန်ထိ ဘာလို့ အိမ်ထောင်မပြုသေးတာလဲ"

ပီယံက ဖွဲ့မလျှော့သော ထိုသတင်းထောက်အား စိတ်ပျက်ပျက်နှင့် ခါးထောက်ကြည့်သည်။ မဖြေမချင်း အနားက ထွက်သွားမည့်ပုံမပေါ်သော သူမကြောင့် ပီယံက စိတ်လျှော့လိုက်ရပြီး…

"ငါ ဒီတစ်ခွန်းဖြေပြီးရင် မင်း ငါ့အနားက ထွက်သွားတော့"

ဒါကျတော့ တွေဝေခြင်းမရှိဘဲ သူမက ဆတ်ခနဲခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပြသည်။ ဝီယံက အဝေးကို လှမ်းမျှော်ပြီးငေးသည်။ သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်ခြင်းက ကြီးစိုးသွား၏။ မိုးစက်ကျသံ မှန်မှန်ပဲ ထွက်ပေါ်နေသည့် ကန်ရေပြင်ဟာ သူ့ရင်ထဲက အလွမ်းတွေ ပိုရင့်လာအောင် ပံ့ပိုးပေးနေသလို။

"ငါ သူ့ကို မျှော်နေခဲ့တာ၊ တစ်နေ့နေ့ သူ ငါ့ဆီပြန်လာမလားဆိုတာ မသေချာပေမဲ့ တစ်သက်မှာ တစ်ခါပဲ ချစ်တဲ့အချစ်တစ်ခုအားကိုးနဲ့ သူ့ကိုမျှော်လင့်နေတယ်၊ အဲဒါကြောင့် ငါ အိမ်ထောင်မပြုတာပဲ"

အဖြေအဆုံးမှာ ဝီယံက သတင်းထောက်မလေးကို လှမ်းကြည့်သည်။ သူ့ခံစားချက်တွေ သူမထံ ကူးစက်သွားပြီထင်သည်။ မျက်မှန်အောက်က စီးဝဲလာတဲ့ မျက်ရည်ကြည်တွေဟာ မျက်ခမ်းစပ်နားမှ အောက်သို့ ခုန်ဆင်းရန် အရှိန်ယူနေသလို။ နှုတ်ခမ်းတွေကတော့ မျက်ဝန်းတွေနှင့် ဆန့်ကျင်ဘက်ဖြစ်စွာ တောက်ပစွာပြုံးလို့။ ဝီယံက ထိုအပြုံးတွေကို ဇဝေဇဝါနဲ့ ငေးကြည့်နေဆဲမှာပဲ…

"ရှင့်အချစ်တွေက တကယ်စစ်မှန်လို့နဲ့တူတယ်"

"မင်း မေးခွန်းထပ်မမေးတော့ဘူးလို့ ကတိပြုထားတယ်လေ"

"ကျွန်မက ဖြေမလို့ပါ"

ဝီယံမျက်ခုံးတွေ ဆတ်ခနဲ ပင့်တက်သွားသည်။ သူမထံ ကျလုကျခဲ မျက်ရည်စတွေကို မျက်တောင်များနှင့် ပုတ်ခတ်သိမ်း





ဆည်းရင်းက…

"အဆင်းညိုကလည်း ရှင့်ရဲ့စစ်မှန်တဲ့ ချစ်ခြင်းတွေကို ခံစားရပြီး သူ မြန်မာပြည်ကို ပြန်လာတယ်"

"ဘာ"

အံ့ဩတကြီး ထွက်ကျလာတဲ့ အာမေဋိတ်ကို သူမက ဂရုမထားဘဲ မျက်မှန်ကို ဆွဲချွတ်သည်။ ကျယ်ပြန့်တဲ့ မျက်ဝန်းအိမ်တွေကို သူက အကာအကွယ်မဲ့စွာ တွေ့ရချိန်မှာ ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သည်။

"ရှင်…သူ့ကို မတွေ့ချင်ဘူးလား"

"မင်း…မင်းက"

တုန်လှုပ်မှုနှင့် စိုက်ကြည့်နေတဲ့ တခဏအတွင်းမှာပင် သူမက သွားတုကြီးကို ဆွဲဖြုတ်ပစ်သည်။ ပကတိရုပ်သွင်အမှန်ကို တွေ့ရတဲ့ ဝီယံအတွက် အသက်ရှူရပ်သွားသလို။ တဒင်္ဂကြောင်အမှင်သက်နေပြီးမှ…

"အဆင်းညို"

"ရှင့်ဆီပြန်လာတဲ့သူကို ဒီလိုပဲ ကြိုဆိုတော့မှာလားဟင်"

မော့ကြည့်ပြီး ပြောလိုက်သည့် မျက်ဝန်းလေးတွေမှာ မျက်ရည်ဥတွေအပြည့်။ ဝီယံ အရပ်ကိုမှီအောင် ခြေဖျားထောက်ပြီး ထိုးမိုးပေးထားတဲ့အတွက် သူမမျက်နှာလေးက ထွက်သွက်နေးသွားဟာ သူ့မေးဖျားနဲ့ လည်တိုင်တစ်ဝိုက် ဝဲဝဲလို့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း လက်မထပ်ဘူးလား အဆင်းညို"

တုန်ယင်ခြောက်ကပ်စွာ ထွက်ကျသွားတဲ့ မေးခွန်းဟာ လည်ချောင်းက လာတာမဟုတ်။ ဟိုးရင်ဘတ်ထဲက အတောင့်တဆုံး အသိချင်ဆုံး မေးခွန်းတစ်ခုသာ။ အဆင်းညိုက ငိုချင်စိတ်ကြောင့် တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းတို့ကို စေ့ပိတ်ကာ ပြုံးပေမဲ့ မဲ့တဲ့တဲ့လေးဖြစ်သွားကာ...

"တစ်သက်မှာ တစ်ခါပဲ ကျွန်မလက်ထပ်ဖူးတာပါ ဝီယံ၊ ပြီးတော့ အဲဒီလက်ထပ်ခဲ့တဲ့ ယောကျ်ားကိုပဲ ကျွန်မက"

"သိပ်...ချစ်...တယ် အဆင်းညို"

စကားမဆုံးသေးပေမဲ့ အဆင်းက သူ့ရင်ခွင်ကျယ်ကြီးထဲ ရောက်သွားပြီ။ သူက အဆင်းကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပြီး...

"ကိုယ် မင်းကို စက္ကန့်မလပ် သတိရနေခဲ့တာ၊ ဟိုးအရင်က ရှိခဲ့တဲ့စရိုက်တွေ၊ အမူအကျင့်တွေ အများကြီးပြောင်းလဲသွားခဲ့တာ မင်းကို လွမ်းတဲ့စိတ်ကြောင့်ဆိုရင် မင်းယုံမလားဟင်"

နှုတ်ဖျားက မပြေ။ မျက်ဝန်းတို့ကို မှိတ်ချပြီး ခေါင်းအညိတ်။ မျက်ရည်စက်တွေက လှိမ့်ခနဲ ကြွေသည်။ ထိုမျက်ရည်တို့ စိုလူးသော သူမမျက်နှာကို ဝီယံက မေးဖျားမှ ဆွဲယူပင့်မော့စေရင်း...

"ကိုယ့်အတွက် နောက်ထပ်မျက်ရည်တွေ မကျစေရတော့





ဘူးလို့ ကတိပေးရင်ရော မင်းယုံတယ်မဟုတ်လားအဆင်"

မျက်ခွံတို့ကို မှိတ်ချပြသည်။ သူက နွေးထွေးမြင့်မြတ်သော အနမ်းများဖြင့် အဆင်းရဲ့ မျက်တောင်များကို တောင်နှင့်ချိုင်းရင်း မျက်ရည်တွေကို သွေ့ခြောက်စေခဲ့သည်။ ပါးပြင်စပ်မှတဆင့် လျှောတိုက်လာတဲ့ အနမ်းတွေဟာ နူးညံ့တဲ့ နှုတ်ခမ်းဖျားလေးပေါ်မှာ အချိန်ကြာမြင့်စွာ။ ဒီတစ်ခါ အနမ်းတွေက ရိုင်းစိုင်းကြမ်းတမ်းခြင်းမရှိ။ မခွးရက်၊ မခြွေရက်သော သိမ်မွေ့ခြင်းဆောင်သည့် အနမ်းများသည်။

မိုးစက်များ ကာကွယ်ထားသည့် ထီးအရိပ်အောက်မှာ နှစ်ကိုယ်သစ္စာစကားတို့ကို အသံမဲ့ဖလှယ်ရင်း။

နှလုံးမိတ်ဝင်းငြိမ်းချမ်းပါစေ။
ဆုအလ္လာပ်



www.burmeseclassic.com